www.burmeseclassic.com

တက္ကသိုလ်
နေဝင်း

# နင်ဂျားနှင့် နီကိုလာ



THE NINJA

ERIC VAN LUSTBADER

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် ၄ ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

BURMESE CLASSIC .com

စာအုပ်-၄၂

တက္ကသိုလ်နေဝင်း

# နင်းကျား နှင့် နီကိုလာ

The NINJA

ERIC VAN LUSTBADER

ကျော်မွေး
အမှတ်-၁၂၊ ဘီ၊ တတိယအလွှာ၊ စက်တွင်းလမ်း၊
ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉၅၀၅၇၇၉၁

www.burmeseclassic.com

www.burmeseclassic.com





| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၁၅၀၀၈၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၀၈၇၀၈၀၈ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် ၁၉၈၄အောက်တိုဘာ "သန့်စင်စာပေ" |
| | ဒုတိယအကြိမ် ၂၀၀၈ စက်တင်ဘာ "ကျော့မှူး" |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံး | ကိုစိုင်း (stars) |
| ကွန်ပျူတာစာစီ | ပုံရိပ်ရှင် |
| အတွင်းဖလင် | အောင်ဖော် (ပုံရိပ်ရှင်) |
| ထုတ်ဝေသူ | ဝင်းကျော်ထွန်း (မုံရွေးစာပေ) |
| | ၈၀(ခ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | ၈၀(ခ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ |
| စာအုပ်ချုပ် | ကိုမြင့် |
| တန်ဖိုး | ၂၀၀၀ကျပ် |


## မြန်မာပြန်သူ၏ အမှာ...

ဤစာအုပ်တွင် အဓိက ဇာတ်ကောင်မှာ "နီကိုလာ" ဆိုသူပင်ဖြစ်ပါသည်။

"နီကိုလာ"သည် ဗြိတိသျှစစ်တပ်မှ ဗိုလ်မှူးကြီးတစ်ဦးနှင့် ဂျပန်အမျိုးသမီးတို့ စက်ဘာပူမြို့တွင် အကြောင်းပါရာမှ မွေးဖွားခဲ့သူဖြစ်သည်။ စင်စစ်အားဖြင့် သူသည် "ကပြား" တစ်ဦးဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဖခင်ဗိုလ်မှူးကြီးက ဂျပန်ပြည်တွင် နေထိုင်ခဲ့သဖြင့် ဂျပန်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအတိုင်း ကြီးပြင်းလာခဲ့ရပေသည်။ ထို့ကြောင့် "နီကိုလာ"သည် ဂျပန်လူမျိုးတို့၏ ရှေးဟောင်းသမိုင်းအစဉ်အလာကိုလည်းကောင်း၊ အတွေးအခေါ် အယူအဆများကိုလည်းကောင်း ကျွမ်းကျင်နားလည်နေပေသည်။ ထို့အပြင် ဂျပန်တို့၏ ရိုးရာကိုယ်ခံသိုင်း အတတ်ပညာမျိုးစုံကိုလည်း လေ့လာတတ်မြောက်ခဲ့ပေသည်။

အထူးသဖြင့် ဂျူဒို၊ ကာရာတေးစသော လက်နက်မဲ့ ကိုယ်ခံသိုင်းပညာများအပြင် "ကာတားနား" ခေါ် ဂျပန်ဓားရှည်ဖြင့် ခုတ်ရသည့် ဓားသိုင်းပညာကိုလည်းကောင်း၊ တိုက်ခိုက်သတ်ဖြတ်ရာတွင် သူမတူအောင် ထူးချွန်သောအလွန်ရက်စက်ကြမ်းကြုတ်သည့် "နင်းဂျား" ခေါ် လျှို့ဝှက်အဖွဲ့နှင့် သူတို့၏ အတတ်ပညာကိုလည်းကောင်း လေ့လာတတ်မြောက်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဝတ္ထုဇာတ်လမ်းဖြစ်ပျက်ရာ ဒေသကား အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဖြစ်လေသည်။

"နီကိုလာ"က လူလားမြောက်လာချိန်တွင် နယူးယောက်မြို့၌ လာရောက်နေထိုင်ကာ အလုပ်လုပ်နေစဉ်ဖြစ်သည်။ သို့သော် အတိတ်က ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများက အရိပ်ပမာ "နီကိုလာ" ၏ နောက်သို့လိုက်လာသဖြင့် ယခုဇာတ်လမ်းသည် ဖြစ်ပျက်လာရပေသည်။

အတိတ်က ဇာတ်ကြောင်းကိုလည်း စာဖတ်သူများက သိရှိရန် လိုအပ်သည်ဖြစ်ရာ မူရင်းစာအုပ်ရေးသူက အခန်းစဉ်များ ဖော်ပြရာတွင် မျက်မှောက်ခေတ်ပစ္စုပ္ပန်ကာလကို ဖော်ပြရင်း၊ အတိတ်ကဖြစ်ရပ်များကို တစ်လှည့်စီရေးသားဖော်ပြထားပါသည်။ ဤအချက်ကို စာဖတ်သူများ သိထားခြင်းအားဖြင့် ဇာတ်လမ်းအစီအစဉ်ကို နားလည်သဘောပေါက်မည် ဖြစ်ပါသည်။

နောက်တစ်ချက် သတိပြုသင့်သည်မှာ "နီကိုလာ"သည် အင်္ဂလိပ်အားဖြင့် ဖခင်ဗိုလ်မှူးကြီးနှင့်တူသဖြင့် ဥရောပတိုက်သားတစ်ဦး၏ အသွင်ဖြစ်နေသော်လည်း သူ၏နှလုံးသားအတွင်းမှ အတွေးအခေါ် ခံယူချက်များက မိခင်ဘက်လိုက်ကာ ဂျပန်လူမျိုးတို့၏ လျှို့ဝှက်ဆန်းကျယ်သော အတွေးအခေါ်များအတိုင်း ရှိနေသည်ဟူသော အချက်ပင်ဖြစ်ပါသည်။

ဤအချက်ကို စာဖတ်သူများအနေဖြင့် ကြိုတင်သိရှိထားခြင်းအားဖြင့် "နီကိုလာ"၏ စဉ်းစားတွေးခေါ်ပုံ၊ ပြုမူလှုပ်ရှားပုံများကို နားလည်သဘောပေါက်မည် ဖြစ်ပါသတည်း။

တက္ကသိုလ်နေဝင်း

---



နယူးယောက်မြို့မှ သိုင်းအတတ်ပညာသင်ကျောင်းဆရာ 'တယ်ရီတာနာကား' အသတ်ခံရခြင်း ကိစ္စတွင် အလွန်မကျေမနပ် ဖြစ်နေသူကား၊ ရဲစုံထောက် လက်ဖ်တင်နင် 'ခရီကာ' ဆိုသူပင် ဖြစ်လေသည်။

အသတ်ခံရပုံက ရိုးရိုးလူဆိုးဓားပြတို့၏ လက်ချက်မဟုတ်ကြောင်းကို သေသူ၏ ခန္ဓာကိုယ်မှ ဒဏ်ရာဒဏ်ချက်များကို ကြည့်ခြင်းအားဖြင့် သိသာပေသည်။

ထို့ကြောင့် လက်ဖ်တင်နင် ခရီကာသည် ထိုအမှု အမှန်အတိုင်း မပေါ် ပေါက်အောင် ကြိုးစားထောက်လှမ်းစုံစမ်းရန် ဆုံးဖြတ်ထားခြင်း ဖြစ်လေသည်။

သူ့အနေဖြင့် ပို၍ မကျေမချမ်းဖြစ်မိခြင်းမှာ သိုင်းဆရာ တယ်ရီတာနာကား အသတ်ခံရစဉ်က တယ်ရီ၏ ချစ်သူအိုင်လင်း အမည်ရှိ မိန်းကလေးသည်လည်း ရက်စက်စွာ အသတ်ခံရခြင်း ဖြစ်လေသည်။

အဆိုပါ နှစ်လောင်းပြိုင် လူသတ်မှု၏ နောက်ပိုင်း၌ ထူးခြားသော အကြောင်းရှိရမည်ဟု တထစ်ချယူဆလျက် ခရီကာသည် အမှုကို ဆုံးခန်းတိုင်ရောက်အောင် လိုက်လံစုံစမ်းရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ရဲစုံထောက် ဌာနအကြီးအကဲ ကပ္ပတိန် 'ဖင်နီဂင်' ကမူ ခရီကာကဲ့သို့ လူသတ်မှုများအပေါ် အထူး စိတ်ဝင်စားပုံမရချေ။ နယူးယောက်မြို့၌ နေ့စဉ်နှင့်အမျှ လူသတ်မှုတွေ အမယ်များများ ဖြစ်ပွားနေသည့်ကြားတွင် ဂျပန်သိုင်းဆရာ အသတ်ခံရမှုသည် မည်သို့မျှ ထူးခြားချက်ရှိသည်ဟု မယုံကြည်သဖြင့် ခပ်ပေါ့ပေါ့ပင် သဘောထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ခရိုကာကိုလည်း အဓိပ္ပာယ်မရှိဘဲ ဆက်လက်စုံစမ်း ထောက်လှမ်းခြင်းဖြင့် အချိန်ကို အလဟဿ မဖြုန်းတီးရန်ပင် သတိပေးညွှန်ကြားထားလေသည်။

သို့ရာတွင် လက်ဖ်တင်နင် ခရိုကာသည် သူ့နည်းသူ့ဟန်ဖြင့် ဆက်လက် စုံစမ်းထောက်လှမ်းရန် ဆုံးဖြတ်ပြီး ဖြစ်ပေသည်။

ဤကိစ္စတွင် သူ၏မိတ်ဆွေ 'နီကိုလာ'၏ အကူညီကို ရယူ၍ ထောက်လှမ်းပါက မုခအောင်မြင်နိုင်လိမ့်မည်ဟုလည်း ယုံကြည်နေမိလေသည်။

✦ ✦ ✦

တယ်ရီတာနာကားနှင့် သူ၏ချစ်သူ အိုင်လင်းတို့ အသတ်ခံရခြင်းကိစ္စတွင် အထူးစိတ်မကောင်းဖြစ်နေသူ တစ်ဦးကား ဒေါက်တာ 'ဗင်းဆင့်အီတို' ပင် ဖြစ်လေသည်။

သူ၏ အလုပ်တာဝန်ကလည်း နယူးယောက်မြို့ ဆေးရုံကြီး၏ ရင်ခွဲရုံတွင် အလုပ်လုပ်ရသဖြင့် လူသေအလောင်းများကို ကြည့်ပြီး အလွန်စိတ်ထိခိုက်မိလေသည်။

ဒေါက်တာ ဗင်းဆင့်အီတိုသည် ခေတ်ပညာတတ် ဆရာဝန်တစ်ဦးဖြစ်နေလင့်ကစား ဂျပန်လူမျိုးဖြစ်၍ ဂျပန်တို့၏ ရိုးရာဓလေ့နှင့် အတွေးအခေါ်များကို နားလည်သိရှိနေပေရာ သိုင်းဆရာ 'တယ်ရီတာနာကား'နှင့် 'အိုင်လင်း'တို့၏ ရုပ်အလောင်းများကို စစ်ဆေးကြည့်ရှုရုံနှင့် တရားခံလူသတ်သမားသည် မျက်နှာဖြူ အမေရိကန်လူမျိုးမဟုတ်၊ ဂျပန်အမျိုးသားတစ်ဦးဖြစ်ရ မည်ဟု တစ်ထစ်ချ ရိပ်မိလေသည်။

ထိုအချိန်၌ သူ၏စိတ်ထဲတွင် နှစ်ပေါင်းများစွာက ထွက်ခွာခဲ့သော ဂျပန်ပြည်နှင့်တကွ ဂျပန်လူမျိုးတို့အား အထူးသတိရနေမိလေသည်။

✦ ✦ ✦

နီကိုလာသည် သူနှင့် ရည်ငံနေသော အမျိုးသမီး 'ဂျပ်စတင်'၏ဖခင်၊ သူဌေးကြီး 'တွမ်ကင်'နှင့် စကားပြောနေလေသည်။

တွမ်ကင်ဆိုသူကား သူ့ကိုယ်သူ မည်မျှ ချမ်းသာကြွယ်ဝကြောင်း အတိအကျပင် မသိသူ မိလျှံနာ သူဌေးကြီးတစ်ဦး ဖြစ်နေသည်။ သူ၏သမီး



'ဂျပ်စင်'က နီကိုလာနှင့် ရည်ငံနေကြောင်းကိုလည်း သိနေသဖြင့် ယခု နီကိုလာအား ခေါ်ယူစကားပြောခြင်း ဖြစ်သည်။

အထူးသဖြင့် မကြာသေးမီက ဂျပန်နင်းဂျားတို့ ထုံးစံအရ၊ လူတစ်ယောက်ကို မကွပ်မျက်မီ ကြိုတင်သတိပေးသည့်အနေဖြင့် နင်းဂျားအမှတ်အသားပါသော စာရွက်တစ်ရွက်သူဌေးကြီး တွမ်ကင်ထံသို့ ရောက်လာခဲ့ခြင်းကြောင့် နီကိုလာအား ခေါ်ယူ ဆွေးနွေးခြင်း ဖြစ်လေသည်။

'ဒီမယ်..နီကိုလာ၊ ကျုပ် အဓိကပြောချင်တာက..မောင်ရင့်ကို ကျုပ်ဆီမှာ အလုပ်,လုပ်ဖို့ ပြောချင်တာပါပဲ၊ မောင်ရင် ဂျပန့်လူမျိုးတွေအကြောင်း၊ နင်းဂျားအကြောင်းတွေ ကောင်းကောင်းနားလည်ကျွမ်းကျင်တယ်တို့ ကျုပ်သိရတယ်၊ အဲဒါမှန်တယ်မဟုတ်လား'

တွမ်ကင်က ပြောလိုက်ရာ နီကိုလာကလည်း...

'ဟုတ်ပါတယ်'

ဟုဝန်ခံလိုက်သည်။

(မှတ်ချက်။ တကယ်အားဖြင့်လည်း နီကိုလာသည် ဂျပန်နင်းဂျားတို့အကြောင်း ကောင်းစွာ သိလေသည်။ တစ်ချိန်က နင်းဂျားတစ်ဦးသည် နာမည်ကျော် သိုင်းဆရာကြီး 'မူဆာရှိ'အား စက္ကူယပ်တောင် တစ်ခုကိုသာ လက်နက်အဖြစ်အသုံးပြု၍ တိုက်ခိုက်အနိုင်ယူခဲ့ဖူးကြောင်းကိုလည်း နီကိုလာက မှတ်သားရဖူးသည်။ နင်းဂျားတို့က တိုက်ခိုက် သတ်ဖြတ်ရာ၌ သူမတူအောင် ထူးချွန် အစွမ်းထက်သူများ ဖြစ်သည်မှာ အမှန်ပင်တည်း။)

သူဌေးကြီး တွမ်ကင်က စကားဆက်ပြောလေသည်။

'ကျုပ် တကယ်ပြောတာပါ၊ မောင်ရင့်ကို အခကြေးငွေပေးပြီး ကျုပ်ဆီမှာ အလုပ်,လုပ်ဖို့ ပြောချင်တယ်၊ နောက်ပြီး ဟောဒီစာရွက်ကို မောင်ရင်ပဲ ယူသွားစမ်းပါ၊ ကျုပ်မလိုချင်ဘူး'

ပြောပြောဆိုဆို သူဌေးကြီး တွမ်ကင်သည် နင်းဂျားအမှတ်အသားပါသော စာရွက်ကို နီကိုလာ၏ ရှေ့သို့ ချပေးလိုက်သည်။

သို့သော်...နီကိုလာက လှမ်းမယူဘဲ...

'ခင်ဗျား.. ဒါကိုဘယ်တုန်းက ရတာလဲ'

ဟုပြန်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘လွန်ခဲ့တဲ့ တပတ်လောက်က ကျုပ်ဆီကို ဂျပန်ပြည်က လာခဲ့တဲ့ စာတွေနဲ့အတူ ရောက်လာတာပဲ’

ဤတွင် နီကိုလာသည် ခေတ္တ စဉ်းစားနေမိသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက ‘ဘယ်ရီ’ ဆိုသူ မျက်နှာဖြူ လူမျိုးတစ်ဦး နင်းဂျားလက်ချက်ဖြင့် အသတ်ခံခဲ့ရသည်ကို ပြန်သတိရပြီး ဆက်စပ်မှုရှိနေသလားဟု တွေးမိလေသည်။

ယခု ရောက်ရှိလာသော နင်းဂျား အမှတ်အသားနှင့် စာရွက်သည်လည်း သူဌေးကြီး တွမ်ကင်အား မကြာမီ ပစ်မှတ်အဖြစ် သုတ်သင်ကွပ်မျက်တော့မည့်အကြောင်း ကြိုတင်သတိပေးသည့် သဘောပင် ဖြစ်နိုင်ပေသည်။

ထို့ကြောင့် နီကိုလာသည် တွမ်ကင်အား သတိပေးသည့် အနေဖြင့်···

‘ဒါဟာ ခင်ဗျားကို လုပ်ကြံသတ်ဖြတ်မယ်လို့ ကြိုတင်အသိပေးတဲ့ သဘောပဲ’ ဟု ပြောလိုက်သည်။

သို့သော သူဌေးကြီး တွမ်ကင်သည် စိုးရိမ်တုန်လှုပ်ပုံ မရချေ။

‘ကျုပ်ကို သတ်မယ်လို့ ခြိမ်းခြောက်တာဟာ ရှိနေပါပြီ၊ ခဏခဏ ကြုံဖူးပါတယ်’

‘မဟုတ်သေးဘူးလေ၊ နင်းဂျား တစ်ဦးက သတ်မယ်လို့ ခြိမ်းခြောက်တာမျိုး မကြုံခဲ့ဖူး မဟုတ်လား’

‘နင်းဂျား··ဟုတ်တယ်ပဲ ထားပါဦး၊ ကျုပ်က အမြဲတမ်း ကိုယ်ရံတော် အစောင့်အရှောက်နဲ့ နေတာမို့ နင်းဂျားဆိုတဲ့လူက ဘယ်လိုလုပ်ပြီး ကျုပ်နား ကပ်နိုင်မှာလဲ’

‘အဲဒါ ခင်ဗျား မသိလို့ ပြောတာပဲ၊ ‘နင်းဂျား’ ဆိုတာ လူတစ်ယောက်ကို သတ်ချင်ရင် ဘယ်လိုပဲ အစောင့်အရှောက် ချထားပေမယ့် ရအောင် ဝင်သတ်နိုင်တယ်’

‘ဒါက မောင်ရင်ရဲ့ အစွမ်းကို သိအောင် ထုတ်ပြောနေတာလား··’

‘ကျုပ်က ခင်ဗျားရဲ့ အလုပ်ကို လက်ခံမယ်လို့ မပြောသေးပါဘူး··’

‘ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်နားမှာ ကာကွယ်စောင့်ရှောက်ဖို့ ‘ဖရင့်’နဲ့ ‘ဝီဆယ်’ဆိုတဲ့ လူနှစ်ယောက် အမြဲရှိတယ်၊ ဒါကြောင့် ကျုပ်မစိုးရိမ်ပါဘူး’

‘ဒီမယ် မစ္စတာတွမ်ကင်၊ တကယ်လို့သာ နင်းဂျား တစ်ဦးက ခင်ဗျားကို သတ်ဖို့ ဆုံးဖြတ်ပြီးတယ်ဆိုရင် ခင်ဗျားရဲ့ ကိုယ်ရံတော်နှစ်ဦးကို အသာကလေး အနိုင်ယူပြီး ဝင်သတ်သွားနိုင်တယ်ဗျ၊ သိရဲ့လား’



‘နီကိုလာ’၏ စကားအဆုံးတွင် သူဌေးကြီး တွမ်ကင်က မည်သို့ အချက်ပြလိုက်သည်မသိ။ သူ၏ ကိုယ်ရံတော်နှစ်ဦး ဖြစ်သော ဖရင့်နှင့် ဝီဆယ် ဆိုသူ နှစ်ယောက်သည် ရုတ်တရက် ဝင်လာပြီး နီကိုလာ၏ ဝဲယာ နှစ်ဘက် နှစ်ချက်မှ ရပ်နေကြလေသည်။

ဝီဆယ်ဆိုသူက သူ၏ ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်ဖြင့် နီကိုလာအား ချိန်ရွယ်ထားလေသည်။

မိမိအား လူနှစ်ယောက် ညှပ်တိုက်၍ ပညာစမ်းခြင်း ဖြစ်ရမည်ဟု တွက်လျက် နီကိုလာလည်း ရုတ်တရက် လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

သူသည် ခြေကို တလှမ်းတိုး၍ ညာဘက် ခြေထောက်ဖြင့် ဝီဆယ်၏ လက်ဝဲဘက် ခြေထောက်ပေါ်သို့ တအားဆောင့်နင်းချလိုက်ပြီး တစ်ချိန်တည်း မှာပင် လက်ဝါးစောင်းဖြင့် သေနတ်ပြောင်းကို လှမ်းရိုက်လိုက်သည်။ ဒိုင်းခနဲ သေနတ်ကျည်ဆန် ထွက်သွားပြီး ဝီဆယ်၏ လက်မှ ခြောက်လုံးပြူး သေနတ် သည် လွတ်ကျသွားတော့သည်။

ဝီဆယ်သည် ညာဘက်လက်သီးဖြင့် နီကိုလာအား ထိုးရန်ကြံပြန်သည်။ သို့သော် နီကိုလာက လက်ကို ဖမ်းဆုပ်၍ လိမ်ချိုးယင်း ရင်ဘတ် တည့်တည့်သို့ ဘယ်ဘက် လက်ဝါးဖြင့် တအားပစ်ထိုးလိုက်ရာ၊ ဝီဆယ်သည် သတိမေ့ပြီး လဲကျသွားလေသည်။

ဖရင့်ဆိုသူသည် ရပ်ကြည့်နေရာမှ ယခုမှ နီကိုလာအား တိုက်ခိုက်ရန် ပြေးဝင်လာလေသည်။ သူ၏ ကုတ်အင်္ကျီအတွင်း၌ရှိသော သေနတ်ကို ဆွဲထုတ်ရန် မကြိုးစားဘဲ ‘ကာရာတေး’ သိုင်းပညာနည်းဖြင့် တိုက်ခိုက်ရန် လက်ဝါး နှစ်ဖက်ကို ဖြန့်လျက် ဝင်လာခြင်းဖြစ်သည်။

ဤတိုက်ခိုက်နည်းကိုလည်း နီကိုလာက ကျွမ်းကျင်ပြီးသား ဖြစ်နေပေသည်။

ရပ်နေရာမှ လုံးဝ မလှုပ်ရှားဘဲ ဖရင့် ဝင်အလာကို စောင့်နေကာ အနား သို့ ရောက်တော့မှ ဖရင့်၏ လက်နှစ်ဖက်ကို ဖယ်ရှားရင်း နံရိုးများ ရှိရာသို့ တံတောင်ဆစ်ဖြင့် လျင်မြန်စွာတွက်လိုက်သည်။

ဖရင့်လည်း ပြင်းစွာ နာကျင်ခြင်းဒဏ်ကို မခံနိုင်သဖြင့် ကြမ်းပြင် ပေါ်သို့ လဲကျကာ ငြိမ်နေတော့သည်။

သူဌေးကြီး တွမ်ကင်သည် ပွဲကြည့်သလို ကြည့်နေရာမှ သဘောကျ သွားပုံ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



‘မောင်ရင်က တကယ် အစွမ်းထက်တာပဲကိုး၊ မောင်ရင့်အကြောင်းကို စောစောက ကျုပ်သတင်းကြားနေပေမယ့် တကယ်စွမ်း,မစွမ်း သိရအောင် စမ်းကြည့်လိုက်တာ၊ အခုတော့ ကျုပ် သတင်းကြားတဲ့အတိုင်း မောင်ရင်က တိုက်ရည်ခိုက်ရည်မှာ အံ့သြလောက်ပါပေတယ်၊ ဒါကြောင့် မောင်ရင့်ကို ကျုပ်ဆီ မှာ အလုပ်လုပ်ဖို့ ဖိတ်ခေါ်ပါတယ်’

‘ကျုပ် ပြောခဲ့ပြီး မဟုတ်လား၊ ခင်ဗျားဆီမှာ အလုပ် လုပ်ဖို့ ကျုပ်က စိတ်မဝင်စားပါဘူးလို့၊ ကျုပ်အနေနဲ့ ဘယ်သူ့သြဇာ ပေးတာကိုမှလည်း မခံချင်ဘူး’

‘စဉ်းစားပါဦးလေ’

‘မစဉ်းစားနိုင်ဘူးဗျာ’

‘ဒီမယ်··နီကိုလာ၊ တစ်ခုတော့ စဉ်းစားကြည့်စမ်းပါ၊ အခုစိုးရိမ်ရတယ်ဆိုတာ ကျုပ်ရဲ့ အသက်အန္တရာယ်တစ်ခုတည်း မဟုတ်ဘူး၊ ကျုပ်ရဲ့သမီး ‘ဂျပ်စတင်’ အတွက်လည်း စိုးရိမ်နေရတယ်၊ ဒီ နင်းဂျားဆိုတဲ့ သတ္တဝါက ဂျပ်စတင်ကို ရန်မူရင် ဘယ့်နှယ်လုပ်မလဲ၊ အဲဒါတော့ စဉ်းစားစေချင်တယ်’

တွမ်ကင်က ပြောနေစဉ်မှာပင် နီကိုလာသည် ခါတ်လှေကားရှိရာသို့ လျှောက်ထွက်ခဲ့လေသည်။

သို့ရာတွင် သူ၏ စိတ်ထဲတွင်ကား ဂျပ်စတင်အကြောင်း စဉ်းစားနေမိလေသည်။

အထူးသဖြင့် မိမိနှင့် ဂျပ်စတင်တို့ တစ်ည အတူရှိနေကြစဉ် ‘ကူဂျီကီရီ’ ခေါ် နင်းဂျားအမှတ်အသား တစ်ခု မီးဖိုခန်းထဲသို့ ရောက်နေသည်ကို ပြန်သတိရမိလေသည်။

ဤတွင် သူသည် ဂျပ်စတင်အတွက် စိုးရိမ်လာမိလေသည်။

✦ ✦ ✦

လမ်းမပေါ်သို့ ရောက်သောအခါ နီကိုလာသည် ဖို့ဒ်ဆီဒင်အမျိုးအစားရဲမော်တော်ကားတစ်စီး စောင့်နေသည်ကို တွေ့ရလေသည်။

ကားပေါ်တွင် ထိုင်နေသူကား ရဲစုံထောက် လက်ဖ်တင်နင် ခရိုကာဆိုသူ ဖြစ်နေလေသည်။

ကားပေါ်တက်ရန် ခေါ်သဖြင့် နီကိုလာလည်း နဂိုက ခရိုကာအား



သိနေသူဖြစ်၍ တက်လိုက်သွားလေသည်။

ခရိုကာသည် ကားကို မောင်းထွက်သွားရင်း စကားပြောလေသည်။

‘ခင်ဗျားက ဘာကိစ္စ တွမ်ကင်ရဲ့ ရုံးခန်းကို သွားတာလဲ’

‘ကျုပ်က သွားချင်တာ မဟုတ်ဘူး၊ သူက တွေ့ချင်လို့ ခေါ်သွားတာပါ’

‘ဘာကိစ္စ တွေ့ချင်တာတဲ့လဲ’

‘ဒါတော့ ကျုပ်က ခင်ဗျားကို ပြောပြစရာမလိုပါဘူး’

နီကိုလာက ဘုကျကျ ပြန်ပြောလိုက်ပြီးခါမှ ဆက်လက်၍··

‘ကျုပ်က သူ့သမီးနဲ့ တွဲနေတယ်’

ဟုပြောလိုက်သည်။

‘ဘယ်သမီးလဲ၊ ‘ဂလ်ခါ’လား၊ ဒါမှမဟုတ် နောက်တစ်ယောက်လား’

‘ဂျပ်စတင် ဆိုတဲ့သမီးပါ’

‘ဩော်··သိပြီ၊ ဂျပ်စတင်က တကယ်လှတဲ့ မိန်းကလေးတစ်ယောက်ပါပဲ၊ သူ့အဖေ တွမ်ကင်နဲ့ ဘာမှမဆိုင်ဘူး၊ ဒါထက် တွမ်ကင်ရဲ့ ကိုယ်ရံတော်နှစ်ယောက်နဲ့ တွေ့ခဲ့သေးသလား’

‘တွေ့ရုံတင် ဘယ်ကမလဲ၊ ဖရင့်နဲ့ ဝီဆယ်တို့က နှစ်ယောက်ညှပ်ပြီး ကျုပ်ကို တိုက်ဖို့ကြိုးစားကြတယ်’

‘ဟုတ်လား···ဒါပေမယ့် ခင်ဗျားကြည့်ရတာ ဘာမှလည်း ဖြစ်မလာပါလား’

‘ကျုပ်က ကိုယ့်သဘောနဲ့ကိုယ် ကြံဖန်ထွက်ခဲ့ရတာပေါ့ဗျ··၊ ဟဲ··ဟဲ··’

နီကိုလာက ပြောလိုက်ရာ ခရိုကာသည် သဘောကျဟန်ဖြင့် ရယ်မောလိုက်သည်။

ထို့နောက် ခရိုကာသည် မော်တော်ကားကို ဆေးရုံကြီးရင်ခွဲရုံ ရှိရာသို့ မောင်းထွက် သွားလေသည်။ ရင်ခွဲရုံတွင် ဒေါက်တာ ဇင်းဆင့်အီတိုသည် သူတို့အား ခရီးဦးကြိုပြုပြီးနောက် လူသေအလောင်းများ ထားရှိရာအခန်းသို့ ခေါ် သွားလေသည်။

ရဲစုံထောက် လက်ဖ်တင်နင် ခရိုကာသည် သိုင်းဆရာ ဟယ်ရီတာနာကာ၏ အလောင်းကိုမြင်လျှင် အလွန်အံ့သြသွားပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ဖြင့် ဒီလိုအခြေအနေမျိုး တစ်ခါမှ မမြင်ဖူးပါဘူး၊ တစ်ကိုယ်လုံးကို သစ်သားတင်းဘုတ်ကြီးနဲ့ ရိုက်ထားသလိုပါပဲလား'

သို့သော် ဒေါက်တာ ဗင်းဆင့်အီတိုက ခေါင်းခါလိုက်သည်။

'မဟုတ်ဘူးခင်ဗျ၊ ဘာလက်နက်နဲ့မှ ရိုက်တာ မဟုတ်ဘူး၊ လူရဲ့ခန္ဓာကိုယ်နဲ့ တိုက်ခိုက်တာသာ ဖြစ်တယ်'

ဒေါက်တာက ဤသို့ ပြောသည်ကို ခရိုကာသည် လက်ခံချင်ပုံမရချေ။

'ဟာ··ဟုတ်နိုင်ပါ့မလားဗျ၊ ဟုတ်ရင်လည်း ဒီလူရဲ့ လက်သီးတွေက သံမဏိလိုဖြစ်ရမယ်'

'လက်သီးနဲ့ ထိုးတာလည်း မဟုတ်ဘူး'

ဤတွင်လည်း ခရိုကာ နားလည်ပုံမရသဖြင့် နီကိုလာက ဝင်၍ရှင်းပြလေသည်။

'တယ်ရီတာနာကာ'ဟာ ကရာတေး၊ အာကီဒို သိုင်းပညာဆရာဖြစ်တယ်၊ သူ့ကို တော်ရုံလူက အနားကပ်လို့တောင် မရဘူး၊ အခုက ရှေးခေတ်ဂျပန်သိုင်းဆရာကြီး 'မူဆာရှိ'ရဲ့ တိုက်နည်းတစ်ခုခုဖြစ်တဲ့ 'ကင်ဂျူဆူ' နည်းဖြစ်တယ်၊ လူနဲ့ပခုံးစောင်းကို အသုံးပြုပြီး အတွင်းအားနဲ့ တိုက်ရတဲ့နည်းမျိုးဆိုပါတော့'

လက်ဖ်တင်နင် ခရိုကာသည် အလွန် အံ့ဩနေလေသည်။

'ဒါဖြင့် ဒီလူက အလွန်ဗလကောင်းတဲ့လူ ဖြစ်ရမယ်'

'ဒီလိုလည်း မဟုတ်ဘူးဗျ၊ ကင်ဂျူဆူ တိုက်နည်းဟာ ခွန်အားဗလကောင်းဖို့ မလိုဘူး၊ စိတ်ဓာတ်အင်အား၊ သို့မဟုတ် အတွင်းအားတစ်မျိုးကို အသုံးပြုပြီး တိုက်ခိုက်တဲ့နည်းဖြစ်တယ်'

'ဟာဗျာ··ခင်ဗျားပြောတဲ့ 'အတွင်းအား'ဆိုတာ 'ကွန်ဖူး' တရုတ်သိုင်းရုပ်ရှင်ကားထဲမှာပဲ ကြည့်ဖူးတယ်၊ ကျုပ်တော့ ဇ ကယ်ရှိတယ်လို့ မယုံပါဘူး'

ဤတွင် နီကိုလာက ပြုံးလိုက်သည်။

'ဒီလိုဆိုရင် ခင်ဗျားယုံကြည်အောင် လက်တွေ့ပညာပေးတဲ့ သဘောမျိုးနဲ့ ပြရဦးမှာပေါ့'

ရဲစုံထောက် ခရိုကာသည် ထိုင်ရာမှ ထ,လိုက်ပြီး နီကိုလာအား ပြန်၍မေးခွန်းထုတ်လေသည်။



'ဒါဖြင့် ခင်ဗျားကလည်း ဒေါက်တာ ဗင်းဆင့်အီတို ပြောသလိုပဲ လက်ခံတယ်ပေါ့၊ အခု သေသူနှစ်ယောက်ကို ဂျပန်လူမျိုးတစ်ဦးက သတ်သွားတယ်လို့ ယုံကြည်သလား'

'အနောက်နိုင်ငံသားထဲက ကင်ဂျူဆူအတတ်ကို လေ့လာတတ်မြောက်သူ နည်းနည်းပါးပါးတော့ ရှိပါတယ်၊ ဒါပေမယ့် အခုလို သတ်နည်းမျိုးနဲ့ သတ်နိုင်တဲ့ လူတစ်ယောက်မှ မရှိနိုင်ဘူး၊ အခု သတ်သွားပုံဟာ စိတ်ဓာတ်ရေးရာ ခွန်အားကိုပါ အသုံးပြုသွားတယ်'

ဤသို့ ရှင်းပြပြီးနောက် နီကိုလာသည် ဒေါက်တာဗင်းဆင့်အီတိုဘက်သို့ လှည့်၍···

'တယ်ရီတာနာကာ ရဲ့အိမ်မှာ တခြားလက်နက်များ တွေ့သေးသလား'

ဟုမေးလိုက်သည်။

'တယ်ရီတာနာကာရဲ့ ကိုယ်ပိုင်ကာတားနား ဓားရှည်တလက်ပဲ တွေ့ရတယ်၊ အဲဒါကလည်း သူ့ကိုယ်နားမှာ ရှိတယ်၊ အဲဒီဓားမှာလည်း သွေးစ,သွေးနလုံးဝမရှိဘူး'

ဒေါက်တာက ပြောပြလျှင် ရဲစုံထောက် ခရိုကာသည် ပို၍အံ့ဩနေပုံရသဖြင့် နီကိုလာကပင် ထပ်မံရှင်းပြလေသည်။

'လက်ဖင်တင်နင် ခရိုကာ···ခင်ဗျား ဂျပန်ပြည်မှာက လူသတ်တာဟာ ရှေးနှစ်ပေါင်းများစွာကစပြီး အလွန်အဆင့်အတန်းမြင့်တဲ့ အတတ်ပညာတစ်ခုဖြစ်တယ်၊ တစ်ချိန်က ဂျပန်လူမျိုးမှန်သမျှဟာ လူသတ်နည်းမျိုးစုံကို လေ့လာသင်ကြားကြရတယ်၊ အခုတော့ ဂျပန်ပြည်က ခေတ်မီတိုးတက်တဲ့ နိုင်ငံတစ်ခု ဖြစ်လာတာမှန်ပါယ်။ သို့သော် ရှေးဟောင်းအယူအဆ မလေ့ထုံးစံတွေက ရှိနေတုန်းပဲ၊ ဘူရှီဒိုလို့ခေါ်တဲ့ စစ်သည်သူရဲကောင်း ဝါဒဟာလည်း ဒီနေ့အထိ မတိမ်ကောဘဲ တည်ရှိနေပါတယ်'

'အဲဒီ သဘောတရားကရော ဘယ်လိုလဲ'

'ဒါကိုလွယ်လွယ်နဲ့ တိုတိုတုတ်တုတ် ရှင်းပြလို့ မရဘူးဗျ၊ အလွန်နက်နဲပါတယ်'

'ဒါဖြင့် ကျုပ်တို့ တစ်ခုခုသွားစားသောက်ကြရင်း စကားပြောကြတာပေါ့'

ခရိုကာက ဤသို့ပြောပြီးနောက် ဒေါက်တာဗင်းဆင့်အီတို ယူလာပေး

www.burmeseclassic.com

www.burmeseclassic.com



သော ပုံစံစာရွက်များတွင် လက်မှတ်ရေးထိုးပေးလိုက်သည်။

သေသူများ၏ ကိုယ်တွင် တွေ့ရှိရသော ပစ္စည်းအသုံးအဆောင် စသည်တို့အား ဆေးရုံရင်ခွဲရုံမှစုထားသည်ကို ရဲတပ်ဖွဲ့သို့ လွှဲပေးရန်အတွက် လက်မှတ်ထိုးယူရသည့် ပုံစံများပင်ဖြစ်သည်။

ဒေါက်တာ ဗင်းဆင့်အီတိုသည် အထုပ်နှစ်ထုပ်ကို လက်ဖ်တင်နင်ခရိုကာအား ပေးအပ်လိုက်သည်။

✦ ✦ ✦

ဒေါက်တာ 'ဒီယားဖို့'သည် နီကိုလာက တယ်လီဖုန်း ဆက်လိုက်ချိန်မှ စ၍ စိတ်မကောင်း ဖြစ်နေမိလေသည်။

အမှန်တော့ သူသည် ဆယ့်နှစ်နာရီခွဲအချိန်အထိ လူနာများနှင့် ချိန်းထားပြီးဖြစ်သည်။ သို့သော် ခပ်စောစောပင် အလုပ်ကို ရပ်နားရန် မော်တော်ကားဖြင့် ဂျပ်စတင်၏ အိမ်သို့မောင်းသွားလေသည်။

ဒေါက်တာ ဒီယားဖို့သည် ကားမောင်းသွားရင်းနှင့် နင်းကျားအကြောင်း တွေးနေ မိလေသည်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက အရှေ့ဖျားဒေသ တောထဲတောင်ထဲ ကြုံခဲ့ရသည့် အဖြစ်အပျက်များကိုလည်း ပြန်လည်သတိရနေမိသည်။ ထိုကြောင့်ပင်လျှင် ယခု နင်းကျားအကြောင်း စဉ်းစားရင်း စိုးရိမ်မိခြင်းဖြစ်လေသည်။

အိမ်ရှေ့သို့ ရောက်သွားသောအခါ ဂျပ်စတင် ကိုယ်တိုင် တံခါးဖွင့်ပေးလေသည်။

'ဟဲလို ဒေါက်တာကြီး၊ ဘယ်ကဘယ်လို ပေါက်လာတာလဲရှင့်'

ဂျပ်စတင်က ပြုံး၍ နှုတ်ဆက်လိုက်သည်။

'ဘာရယ်လို့ မဟုတ်ပါဘူး၊ ဒီဘက်က လမ်းကြုံတာနဲ့ ဝင်ခဲ့တာပဲ၊ ဂျပ်စတင်နဲ့ မတွေ့ရတာလည်း အတော်ကြာသွားပြီလို့ တွေးမိတာနဲ့ ဝင်ခဲ့တယ်'

ဒေါက်တာ ဒီယားဖို့သည် အကြောင်းမှန်ကို မပြောဘဲ လိမ်ပြောလိုက်ခြင်း ဖြစ်လေသည်။ သို့သော် ဂျပ်စတင်က ယုံကြည်ဟန်ဖြင့် အိမ်တွင်းသို့ခေါ်ပြီး ယမကာများဖြင့် ဧည့်ခံလေသည်။

ခဏမျှကြာလျှင် ဒေါက်တာ ဒီယားဖို့သည် အိမ်ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ရင်း...



'ဒီနေရာက အလွန်တိတ်ဆိတ်ပြီး အေးချမ်းပုံရတယ်၊ ဒါထက် အခုအတောအတွင်း ဒီကို ဧည့်သည်များ လာသေးသလား'

ဟုမေးလိုက်သည်။

'တခြား ဧည့်သည်တော့ မလာပါဘူးရှင်၊ ဒီကို လာတာဆိုလို့ နီကိုလာတစ်ယောက်တည်းပဲ ရှိပါတယ်'

ဤသို့ပြောရင်း ဂျပ်စတင်သည် ဒေါက်တာ ဒီယားဖို့၏ မျက်နှာကို အကဲခတ်ကြည့်ပြီးမှ ...

'ဒီမယ် ဒေါက်တာကြီး၊ မှန်မှန်ပြောစမ်းပါရှင့်၊ အခု ဒီကိုလာတာဟာ လမ်းကြုံလို့မဟုတ်၊ သက်သက် ဝင်လာတာမဟုတ်ဘူးလို့ ကျွန်မထင်တယ်ဟုတ်လား'

ဟု မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ဂျပ်စတင် ဘယ်လိုနေသလဲလို့ လာဝင်ကြည့်တာပါ'

ဒေါက်တာ ဒီယားဖို့က အမှန်အတိုင်း ပြောလိုက်သည်။

'ကျွန်မက နေထိုင်ကောင်းနေသားပဲရှင့်'

ဂျပ်စတင်က ပြောလိုက်ရာ ဒေါက်တာ ဒီယားဖို့သည် ပြုံးလိုက်သည်။

'ဆရာဝန်တစ်ယောက်အနေနဲ့ ကျန်းမာရေး အခြေအနေကို လာကြည့်တာ မဟုတ်ဘူးကွယ့်'

'သြော်..ဒီလိုကိုး၊ ဒါဖြင့် ဒေါက်တာကြီးကို နီကိုလာက ပြောလို့ လာခဲ့တာများလား'

'နီကိုလာက ဒီနေ့မနက် တယ်လီဖုန်းဆက်ပါတယ်၊ နောက်တစ်ခုက မင်းဟာ ငါ့သမီးအငယ် ဘေဘီနဲ့ အတော်တူတယ်၊ ဒါကြောင့်လည်း အထူးသတိရပြီး လာခဲ့တာပဲ'

'နီကိုလာက ကျွန်မဆီကို တိုက်ရိုက်ဖုန်းဆက်ဖို့ ကောင်းတယ်။ သူက မြို့ထဲသို့သွားတာ ကျွန်မတော့ သဘောမကျဘူး'

'ဒါတော့ သူက မသွားမဖြစ်လို့ သွားရတာပါ၊ နောက်ပြီး သူသွားတဲ့ကိစ္စမှာ မင်းလိုက်သွားလို့ မဖြစ်ဘူး'

'ဟုတ်မှာပါပဲ၊ သူကတော့ အမြဲတမ်း အလုပ်တွေများနေတာချည်းပါပဲ'

ဤသို့ပြောပြီး ဂျပ်စတင်သည် ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလေသည်။

✦ ✦ ✦

ရဲစုံထောက် ခရိုကာနှင့် နီကိုလာတို့သည် စားသောက်ဆိုင် တစ်ဆိုင်သို့ သွား၍လူရှင်းသော စားပွဲတစ်လုံးတွင် ထိုင်ကာ စားစရာမှာရင်း စကားပြောနေကြလေသည်။

'ခင်ဗျားအနေနဲ့ တယ်ရီတာနာကားနဲ့ သိတာ ကြာပလား'

ခရိုကာက စ,တင်၍ မေးလိုက်သည်။

'ခြောက်နှစ်လောက်ရှိပါပြီ၊ ကျုပ်တို့က ကင်ဂျူဆူသိုင်းသင်တန်းမှ စ,ပြီး လူချင်းဆုံခဲ့ကြတယ်'

'အဲဒါက ဘယ်မှာလဲ၊ ဒီ နယူးယောက်မြို့မှာပဲလား'

'ဟုတ်တယ်၊ အခု နေ့လည်စာ စားပြီးရင် ခင်ဗျားကို အဲဒီကျောင်းကို ခေါ်သွားပြီးပြမယ်'

'အင်း…ဒါလည်း မဆိုးပါဘူး၊ ကျုပ်အဖို့ ဗဟုသုတလဲ ဖြစ်တာပေါ့'

ခရိုကာက ပြောနေစဉ်မှာပင် စားသောက်စရာများ ရောက်လာသဖြင့် နှစ်ယောက်သား စားသောက်နေကြပေသည်။

'ဒါထက် တယ်ရီတာနာကားဟာ သိုင်းသင်တန်းကျောင်းဖွင့်တာ ဝင်ငွေ ကောင်းရဲ့လား၊ ကျောင်းဖွင့်ဖို့ ငွေရင်းကရော ဘယ်ကရသလဲ'

ခရိုကာက စားသောက်ရင်း မေးပြန်သည်။

'ဝင်ငွေကောင်းပါတယ်၊ ပြီးတော့ ကျောင်း စ,ထောင်ဖို့ ငွေအရင်းအနှီးကတော့ ဂျပန်ပြည်က လာစဉ်ကပါလာခဲ့တယ်၊ သူ့အမေကြီး သေသွားတော့ အမွေပေးခဲ့တယ်လို့ ဆိုတယ်'

'တော်တော်များသလား'

'ဒါတော့ ကျုပ်မပြောတတ်ဘူး၊ သူတို့ မိသားစုက သားချင်းကိုးယောက်တောင်ရှိတယ်'

'အဲဒီသားချင်းတွေကကော'

'အားလုံးဂျပန်ပြည်မှာ ချည်းပဲ…၊ တယ်ရီတာနာကာ တစ်ယောက်တည်းကသာ ဒီအမေရိကန်ကို ထွက်လာခဲ့တယ်'

'သူ့အဖေကော ရှိသေးသလား'



'စစ်အတွင်းတုန်းကသေသွားတယ်'

'ခင်ဗျားမိတ်ဆွေ တယ်ရီတာနာကာဟာ တကယ်ကော ရှိသေးရဲ့လား၊ သိုင်းသင်တန်းဖွင့်တာအပြင် တခြားနည်းနဲ့ ငွေရှာသေးသလား'

'သူက တကယ်ရိုးသားပါတယ်၊ တရားဥပဒေနဲ့ ဆန့်ကျင်တာဆိုလို့ ဘာမှမလုပ်ခဲ့ဘူး၊ ငွေလိုလို့ ဟိုတလောက ဘဏ်တိုက်ငွေချေးယူခဲ့တယ်၊ အဲဒါလည်း အားလုံးအကြေပြန်ဆပ်ပြီးပြီ'

နီကိုလာ၏ စကားအဆုံးတွင် ခရိုကာသည် ဆက်လက်စားသောက်နေယင်း တစ်စုံတစ်ခုကို စဉ်းစားနေမိလေသည်။ ထို့နောက် သူကပင် စကားစ, ပြောပြန်သည်။

'ဒါထက် နီကိုလာ၊ အခုအသတ်ခံရတဲ့ လူနှစ်ယောက်က ခင်ဗျားရဲ့ မိတ်ဆွေတွေ ဖြစ်ရက်သားနဲ့ ခင်ဗျားကြည့်ရတာ ဘယ်လိုမှ စိတ်ထိခိုက်တုန်လှုပ်ပုံ မရပါကလား'

ထိုစကားကိုကြားလျှင် နီကိုလာသည် မလှုပ်မယှက်ဖြစ်သော်လည်း စိတ်ထဲမှ ထောင်းကနဲ ဖြစ်သွားမိလေသည်။

စားပွဲအောက်ရှိ သူ၏လက်နှစ်ဘက်သည် ကာရာတေး သိုင်းသမားများကဲ့သို့ လက်ဝါးဖြန့်ကား တောင့်ထားပြီးသား ဖြစ်နေသည်။ သူ့အနေဖြင့် ဘယ်လက်နက်မှ မလိုဘဲ လက်နှစ်ဖက်ကို အသုံးပြု၍နှင့် ရဲစုံထောက် ခရိုကာအား အသေသတ်နိုင်ပေသည်။

ခရိုကာသည် နီကိုလာ၏ မျက်လုံးများကို အကဲခတ်ကြည့်ပြီး…

'ကိုင်း…ခင်ဗျားလည်း စားပါဦးဗျ'

ဟု စကားကို တစ်မျိုးလွှဲပြောလိုက်သည်။

သူသည် နီကိုလာက သူ့အား သတ်ပစ်လုဆဲဆဲ ဖြစ်သွားကြောင်းကို မသိရှာချေ။

နီကိုလာသည် သူ၏ဒေါသစိတ်ကို ပြန်ချုပ်ထိန်းလိုက်သည်။ ရဲစုံထောက် ခရိုကာအား အရှေ့တိုင်းမှ အတွေးအခေါ်များအကြောင်း လုံးဝနားမလည်သူ အနောက်နိုင်ငံသားတစ်ဦးအဖြစ် ခွင့်လွှတ်လိုက်သည့် သဘောပင် ဖြစ်သည်။

ထို့နောက်နှစ်ယောက်သား ဆက်လက်စားသောက်နေကြယင်း နီကိုလာ က ဂျပန်လူမျိုးတို့၏ 'ဘူရှီဒို' ဝါဒအကြောင်း၊ တတ်နိုင်သမျှ ကြိုးစားပြီး ရှင်းလင်းပြောပြလေသည်။ သို့သော် ခေတ်ပေါ်သိပ္ပံပညာ

www.burmeseclassic.com

www.burmeseclassic.com



ရှုထောင့်ဖြင့် အရာ ရာကို သုံးသပ်တတ်သူ ခရိုကာအဖို့ ရှေးနှစ်ပေါင်းများစွာက ဂျပန်တို့၏ ရိုးရာ အတွေးအခေါ်များအကြောင်းကို နားလည်သဘောပေါက်ပုံ မရချေ။

ခရိုကာကလည်း သူ၏ကိုယ်ရေးကိုယ်တာ ဘဝအကြောင်းကို ပြောပြလေသည်။ သူသည် တိုက်ခန်းတစ်ခန်းတွင် အဖွားကြီးတစ်ဦးနှင့် အတူနေထိုင်ကြောင်း၊ သို့သော် များသောအားဖြင့် သူက အလုပ်တာဝန် များပြား၍ အိမ်ပြန်သည့်အချိန်က မရှိသလောက် နည်းသဖြင့် အဖွားကြီးက အမြဲတမ်း ဆူပူတတ်ကြောင်း စသည်ဖြင့် ပြောပြလေသည်။

'ဒီလိုဆိုရင်လည်း ခင်ဗျား လက်ရှိအလုပ်ကထွက်ပြီး တခြားအလုပ် တစ်ခု ပြောင်းလုပ်ပါလား'

နီကိုလာက ဤသို့ အကြံပေးလိုက်သောအခါ ခရိုကာက ခေါင်းခါပြလေသည်။

'ကျုပ်က ဒီအလုပ် လုပ်ရတာပဲ သဘောကျတယ်၊ တခြားအလုပ် ပြောင်းမလုပ်ချင်ဘူး'

ထို့နောက်ဆက်လက်၍ အလ္လာပ သလ္လာပ စကားများ ဆက်ပြောနေကြရာ နှစ်ယောက်စလုံး စားသောက်၍ ပြီးသွားကြလေသည်။

ရဲစုံထောက် ခရိုကာသည် ကော်ဖီသောက်ရင်း စကားဆက်ပြောချင်သောပုံရလေသည်။

သို့ရာတွင် နီကိုလာက ဆက်အပြောမခံဘဲ စကားကို ဖြတ်ပစ်လိုက်သည်။

'ကဲ...လာသွားကြမယ်၊ ခင်ဗျားနဲ့ ကျုပ်နဲ့ ဒီကပြီးရင် ဆက်သွားစရာ ရှိသေးတယ်၊ ဒီမှာ ကြာကြာနေရင် နောက်ကျနေဦးမယ်'

❀ ❀ ❀



၂

စားသောက်ဆိုင်မှ လျှောက်ထွက်သွားရင်း နီကိုလာသည် ဂျပန်လူမျိုးတို့၏ ကိုယ်ခံသိုင်းပညာအကြောင်း ဆက်လက်ရှင်းလင်းပြောပြသွားလေသည်။

'လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းက ကျုပ်တို့ အရှေ့တိုင်း ကိုယ်ခံပညာအကြောင်းကို ရုပ်ရှင်နဲ့ ရုပ်မြင်သံကြား ထုတ်လုပ်သူတွေက သိသွားခဲ့ကြတယ်၊ ဒီတော့ သူတို့က အရှေ့တိုင်းက သိုင်းပညာကို ရုပ်ရှင်တွေထဲမှာ ဇွန်နဲ့စားလှုပ်ရှားခန်းသဘော ထည့်ရိုက်ပြီး အပြင်းပြေ ဖျော်ဖြေမှု သက်သက်တစ်ခု အဖြစ် ပြသကြတယ်၊ အမှန်တော့ အရှေ့တိုင်းက သိုင်းပညာရဲ့ နက်နဲမှုကို အမေရိကန် လူမျိုးတွေက သေသေချာချာ နားမလည်ကြဘူး၊ ဂျပန်လူမျိုးတွေရဲ့ တွေးခေါ် ယူဆပုံက တစ်မျိုးခင်ဗျ၊ လူတစ်ယောက်ရဲ့ အသက်ကို သတ်တာဟာ အဓိကမဟုတ်ဘူး၊ အနောက်နိုင်ငံမှာက လူတစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်လိုက်ရင် ပြီးတာပဲ၊ ဂျပန်တွေရဲ့ 'ဘူဂျူဆူ' သဘောတရားက အတွင်းစိတ်ဓာတ်နဲ့ဆိုင်တယ်'

နီကိုလာက ပြောသည်ကို ခရိုကက စိတ်ဝင်စားစွာ နားထောင်နေသဖြင့် စကားဆက်ပြန်လေသည်။

'လက်ဖ်တင်နင် ခရိုကာ ခင်ဗျား ဘူဂျူဆူဆိုတဲ့ အတတ်ပညာကို ပေါ့ပေါ့တန်တန် သဘောထားလို့ မရဘူး၊ ဒီပညာဟာ ခင်ဗျားတို့ အနောက်တိုင်းသားတွေ ယူဆသလို ဖျော်ဖြေတဲ့ နည်းတစ်ခုမဟုတ်ဘူး၊ ဒါဟာလည်း မဆန်းပါဘူး၊ အနောက်နိုင်ငံသား အများစု အနေနဲ့က ဘူဂျူဆူပညာ တကယ်ကျွမ်းကျင်တဲ့ ပါရဂူမျိုးကို တွေ့ဖူး မြင်ဖူးကြတာမှ မဟုတ်ပဲကိုး၊ နောက်တစ်ချက်က ဘူဂျူဆူပညာရဲ့ ဘာသာရေးနဲ့လည်း ပတ်သက်ဆက်စပ်နေတယ်၊ အထူးသဖြင့် 'ရှင်တိုဝါဒ'နဲ့ ဇင်ဗုဒ္ဓဝါဒတို့နဲ့ ဆက်နွှယ်နေတယ်၊ အဲဒီလို ဘာသာရေး အတွေးအခေါ်တွေပါ ဆက်နွှယ်ပတ်သက်ရာက ဘူရှီဒိုဝါဒဟာ ဖြစ်ပေါ်လာတယ်၊ ဒီဝါဒ လက်ခံယုံကြည်သူတစ်ဦးဟာ အလွန်စည်းကမ်းကြီးတယ်၊ ဖျောက်ဖျက်ရမယ်ဆိုရင် သူ့ကိုယ်သူ (ဆေပူကူ)လုပ်ပြီး သတ်သေဖို့ အသင့်ရှိတယ်၊ ဘူရှီဒိုဝါဒဟာ အဲဒီလောက်နက်နဲတယ်၊ အခုကျုပ်ပြောနေတာတွေကို ခင်ဗျားသဘောပေါက်ရဲ့လား'

'သေသေချာချာတော့ သဘောမပေါက်ဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



ခရိုကာက အမှန်အတိုင်း ပြောလိုက်သည်။

"ဒါဟာလည်း မထူးဆန်းပါဘူး၊ ကျုပ်တို့ရဲ့ အတွေးအခေါ်ကို တကယ် နားလည်သဘောပေါက်ဖို့ရာအတွက် အနောက်နိုင်ငံသားတွေဟာ နှစ်နဲ့ချီပြီး ကြိုးစားလေ့လာမှသာ နားလည်နိုင်ပါတယ်၊ ဒါဟာလည်း လူတိုင်းမဟုတ်ဘူး၊ တစ်ချို့လူတွေဆိုရင် ဘယ်လောက်ကြာကြာ လေ့လာပေမယ့် နားကိုမလည်ကြဘူးဗျ"

✦ ✦ ✦

သူဌေးကြီး တွမ်ကင်၏ သမီးတစ်ဦးဖြစ်သူ "ဂယ်လ်ခါ" သည် သူမ၏ တိုက်ခန်းထဲတွင် စိတ်ဓာတ်ကျနေလေသည်။

သူမသည် အရက်ကို အလွန်အကျွံ သောက်တတ်သူ ဖြစ်သည်။ စောစောပိုင်းက အနည်းအကျဉ်းသောက်ရာမှ တဖြည်းဖြည်း ရေချိန်များလာကာ ကြာသော် ဝီစကီအရက်ကို များများသောက်ရမှ တင်းတိမ်သည့် အဆင့်သို့ ရောက်လာခဲ့သည်။ အရက်ကြောင့် စိတ်မတည်ငြိမ်မှု၊ စိတ်ဓာတ်ကျမှုတို့ကိုလည်း ဖြစ်လာတတ်လေသည်။

သူမ၏ ဘဝသည် စိတ်ဓာတ်ကျစရာလည်း ကောင်းသောကြောင့် ဂယ်လ်ခါသည် အရက်များများ သောက်မိလေသလားဟုလည်း ထင်စရာ ရှိပေသည်။

သူမသည် သူဌေးကြီး တွမ်ကင်၏ သမီးတစ်ဦးဖြင့်လင့်ကစား ယခုတော အထက်တန်းလွှာ မိန်းမပျက်တစ်ဦးသဖွယ် ဖြစ်နေပေသည်။

ဂယ်လ်ခါသည် စိတ်ဓာတ်ကျလျက် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေစဉ် တယ်လီဖုန်းလာသဖြင့် စိတ်မပါတပါနှင့်ပင် စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို..."

"ဟဲလို..ဂယ်လ်ခါ၊ ကိုယ်ပါကွ...ပီယဲပါ"

("ပီယဲ"ဆိုသူက ဂယ်လ်ခါ၏ အဆက်တစ်ဦးပင်ဖြစ်သည်။)

"ဘာလဲရှင့်"

"ဩော်..ဂယ်လ်ခါကလည်း မင်း ပေါ်မလာလို့ တယ်လီဖုန်း ဆက်ကြည့်တာပါ၊ နေလို့ကောင်းရဲ့လား"



"ကောင်းပါတယ်ရှင့်"

"ဒါနဲ့များ အခုတလော မင်းကအပြင်သိပ်မထွက်ပါလား၊ အများပရိသတ်က မင်းကို အထူးတောင့်တနေကြတယ်၊ မင်းက ပါတီစည့်ခံပွဲကို မလာတာလည်း အတော်ကြာနေပြီ"

"အခုတလော ကျွန်မက စဉ်းစားနေမိတယ်ရှင့်"

"ဘာတွေများ 'စဉ်းစားနေရသေးသလဲ၊ ငါက မင်းအတွက် ဖောက်သည်အများဆုံး ဆက်သွယ်ပေးခဲ့တယ် မဟုတ်လား၊ ပြီးတော့ တစ်ည,ဒေါ်လာ တစ်ထောင်ဆိုတဲ့ ငွေကလည်း နည်းသလား၊ ကိုင်း..ဘာမှ ဆက်ပြောမနေနဲ့၊ ဒီနေ့ ည မင်းကို သိပ်တောင့်တနေတဲ့ လူတစ်ယောက်ရှိတယ်"

"ဘယ်သူများလဲ"

"ရုပ်ရှင်ပြဇာတ်မင်းသမီး "ဒါရေ"လေကွာ၊ မှတ်မိရဲ့မဟုတ်လား"

"မှတ်မိပါတယ်"

"ဒါဖြင့် ဒီနေ့ည ဆက်ဆက်သာ လာခဲ့ပေတော့၊ ပြီးတော့ မင်းအဖို့ ဒီညက ပျော်စရာလည်း ကောင်းမှာပါ"

ထိုမျှနှင့်ပင် ပီယဲ ဆိုသူက စကားဖြတ်လိုက်လေသည်။

✦ ✦ ✦

သိုင်းသင်တန်းကျောင်းမှာ သစ်သားဖြင့် တည်ဆောက်ထားပြီး၊ လေ့ကျင့်သည့် ခန်းမကြီးမှာလည်း ပျဉ်ခင်း ပျဉ်ကာနှင့် ဖြစ်လေသည်။

အခန်းက ကျယ်ဝန်းပြီး မျက်နှာကြက် ခေါင်မိုးကလည်း အတော်မြင့်လေသည်။ ပုံသဏ္ဌာန် အနေအထားအားဖြင့် အနောက်နိုင်ငံမှ အားကစားလေ့ကျင့်သည့် ရုံတစ်ခုနှင့် တူလေသည်။

အဖြူရောင် ချည်ထည်ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီဝတ်ထားသူ ဆယ့်နှစ်ယောက်သည် တစ်ဖက်ခြောက်ယောက်စီ မျက်နှာချင်းဆိုင်၍ ရပ်နေကြသည်။

သူတို့၏ လက်တွင်ကား ဓားရှည်ပုံသဏ္ဌာန်ပြုလုပ်ထားသော သစ်သားဓားတစ်လက်စီ ကိုင်ထားကြသည်။ လူဆယ့်နှစ်ယောက်စလုံးမှာ ဂျပန်လူမျိုးများဖြစ်ပြီး အသက်နှစ်ဆယ်ကျော် အရွယ်လူငယ်များ ဖြစ်ကြလေသည်။

မျက်နှာချင်းဆိုင်နေသော အုပ်စုနှစ်ခု၏ အလည်တွင်ကား မီးခိုးရောင်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနှင့် လူတစ်ယောက် ရပ်နေသည်။ ကိုယ်လုံးကိုယ်ဟန် မထွားကျိုင်းဘဲ လူခပ်သေးသေးပင် ဖြစ်သည်။ သို့သော် အသက်ကတော့ လေးဆယ်နှင့် ငါးဆယ်ကြား ရှိမည်ဟု လက်ဖ်တင်နင် ခရိကာက ခန့်မှန်းမိလေသည်။

ထိုအခိုက် မီးခိုးရောင် ဝတ်စုံနှင့်လူက အသံစူးရှစွာဖြင့် တစ်စုံတစ်ခု ဟစ်အော်အမိန့်ပေးလိုက်ရာ ခြောက်ယောက်စီ တန်းစီနေသော အုပ်စုနှစ်ခုသည် ရှေ့သို့တိုးလာပြီး တစ်ဖက်နှင့်တစ်ဖက် သစ်သားဓားများဖြင့် ထိုးခုတ် လေ့ကျင့်ကြလေတော့သည်။

'အဲဒါ ကင်ဂျူဒူ သင်တန်းပဲဗျ။ ဒီကျောင်းက အနောက်နိုင်ငံမှာတော့ အကောင်းဆုံး ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်၊ အရှေ့တိုင်းမှာတောင် ဒီကျောင်းလောက်ကောင်းတဲ့ ကျောင်းအတော်ရှားတယ်'

နီကိုလာက ရဲစုံထောက် ခရိကာအား ရှင်းပြလိုက်သည်။

ခရိကာသည် လူငယ်အုပ်စု နှစ်စု အားရ,ပါးရ ထိုးခုတ်လေ့ကျင့်နေကြသည်ကို အထူးစိတ်ဝင်စားစွာ ငေးကြည့်နေမိလေသည်။

သင်တန်းသားများကလည်း တကယ့်တိုက်ပွဲဝင်နေသကဲ့သို့ စိတ်ပါလက်ပါ ထိုးခုတ်လေ့ကျင့်နေကြလေသည်။

အတန်ကြာသော် ခေါင်းလောင်းသံတစ်ခု ကြားရပြီး သင်တန်းဆရာက အမိန့်ပေးလိုက်ရာ သင်တန်းသားအားလုံး လေ့ကျင့်မှုကို ရပ်လိုက်ကြလေသည်။

အုပ်စုနှစ်ခုသည် နောက်သို့ပြန်ဆုတ်ပြီး၊ တစ်ဖက်ကိုတစ်ဖက် ဂျပန်ထုံးစံအရ ဦးညွှတ်အလေးပြုလိုက်ကြသည်။

ထိုနောက် သူတို့သည် လူစုခွဲကာ အချို့က ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ဆက်လုပ်နေကြလေသည်။

နီကိုလာသည် လက်ဖ်တင်နင် ခရိကာအား သိုင်းသင်တန်း ဆရာရှိရာသို့ ခေါ်သွားလေသည်။

နီကိုလာက ဦးညွှတ်အလေးပြုပြီး ဂျပန်ဘာသာဖြင့် တစ်စုံတစ်ခုကို ပြောလိုက်ရာ ဂျပန်ဆရာလည်း ပြန်လည်ဦးညွှတ်ပြီး နောက်ခရိကာဘက်လှည့်၍ လက်ဆွဲနှုတ်ဆက်လေသည်။

ခရိကာလည်း ပြန်၍လက်ဆွဲနှုတ်ဆက်ရာ ဂျပန်ဆရာ၏ လက်သည် အုတ်ခဲကဲ့သို့ ကြမ်းတမ်းမာကျောနေသည်ကို သတိပြုမိလေသည်။

'ဒီလူက သင်တန်းဆရာပါပဲ၊ သူ့နာမည်ကတော့ 'ဖူကာရိုဂီ' လို့ ခေါ်ပါတယ်'



နီကိုလာက မိတ်ဆက်ပေးပြီးနောက် ခရိကာက…

'အခုဘာလုပ်မှာလဲ'

ဟု ပြန်မေးလေသည်။

'ခင်ဗျား စောင့်သာကြည့်ပေတော့…'

နီကိုလာက ပြောရင်း ဂျပန်ဆရာအား တစ်စုံတစ်ခု ပြောလိုက်သည်။

ဂျပန်ဆရာလည်း သူ၏ လက်ဝဲဘက်သို့ လှည့်၍ ဂျပန်ဘာသာဖြင့် အမိန့်ပေးလိုက်ရာ သင်တန်းသားလူငယ်တစ်ဦးသည် ရှေ့သို့ထွက်လာလေသည်။

သူ၏လက်တွင် သစ်သားဓားရှည်နှစ်လက် ပါလာပြီး တလက်ကို နီကိုလာအား ဦးညွှတ်အလေးပြုရင်း လှမ်းပေးလိုက်သည်။

ထိုကျောင်းသားနှင့် နီကိုလာတို့သည် ဓားခုတ်လေ့ကျင့်ရန်အတွက် ပြင်ဆင်နေကြခြင်းပင် ဖြစ်လေသည်။

ကျောင်းသားမှာ ဗလကောင်းပြီး အရပ်မြင့်သူ တစ်ဦးဖြစ်သည့်အပြင် မျက်လုံးများကလည်း အလွန်စူးရှတောက်ပြောင် နေလေသည်။ သင်တန်းသားများအနက် အကောင်းဆုံး ဖြစ်ဟန်တူပေသည်။

ထို့နောက် နီကိုလာနှင့် ထိုကျောင်းသားတို့သည် သစ်သားဓားကိုယ်စီကိုင်ကာ စတင်လေ့ကျင့် ထိုးခုတ်ရန် နေရာယူကြလေသည်။

နီကိုလာသည် မျက်လုံးက ကျောင်းသားကိုသာ အာရုံစိုက်ကြည့်နေရင်း လက်ဖ်တင်နင် ခရိကာအား ရှင်းပြလေသည်။

'ဂျပန်ဓားသိုင်းအတတ်ပညာကို ကင်ဒိုလို့ ခေါ်တယ်၊ ကင်ဒိုနည်းနဲ့ ထိုးခုတ်ရာမှာ အဓိကအားဖြင့် အပိုင်းငါးပိုင်း ရှိတယ်၊ အဲဒါတွေကတော့ အပေါ်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်း၊ လက်ဝဲဘက်နဲ့၊ လက်ယာဘက်တို့ပဲ ဖြစ်တယ်၊ တကယ်တမ်း အရှုံးအနိုင်ကို ဆုံးဖြတ်ပေးတာက ပထမသုံးပိုင်းပဲ၊ ကျန်တဲ့နှစ်ပိုင်းက အခြေအနေအရ လိုအပ်ရင် အသုံးပြုရတယ်၊ ဒီပညာကို ကျွမ်းကျင်နိုင်နင်းဖို့ရာအတွက် လိုအပ်ချက်တစ်ခုက တစ်ပိုင်းကို ဦးတည်တိုက်နေရာက နောက်တပိုင်းကို ရုတ်တရက်ပြောင်းတိုက်ခိုက်ဖို့ စဉ်းစားမနေရဘဲ အလိုအလျောက် လက်ကပြောင်းသွားတတ်တဲ့ အဆင့်မျိုးဖြစ်လာအောင် ကျွမ်းကျင်နိုင်နင်းပြီးမှသာ ကင်ဂျူဒူ အတတ်ပညာကို ကျွမ်းကျင်တတ်မြောက်နိုင်ပါတယ်'

ပြောပြောဆိုဆို နီကိုလာသည် လျှပ်တပြက် လျင်မြန်လှသော အဟုန်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရုတ်တရက် ကျောင်းသားလူငယ်အား ဝင်တိုက်ခိုက်လေရာ၊ လက်ဖ်တင်နှင် ခရိုကာပင်လျှင် လန့်ပြီးခုန်မိလေသည်။

'အဲဒါ အလယ်ပိုင်းကို အခြေခံပြီး တိုက်ခိုက်နည်းပဲ'

နီကိုလာက ပြောရင်း၊ ဒုတိယအကြိမ် သစ်သားဓားဖြင့် ထိုးခုတ်ပြလေသည်။ သည်တခါတော့ သူသည်ရုပ်ရှင်အနှေးပြသလို လက်၏လှုပ်ရှားမှုကို ဖြည်းညင်းစွာပြရင်း သစ်သားဓား၏ ထိပ်ဖျားက ကျောင်းသား၏ မျက်နှာနားဆီသို့ တည့်တည့်ချိန်ပြီးသား အဆင့်အထိ ပြလေသည်။

ထိုအခါ ကျောင်းသားကလည်း သူ၏ဓားဖြင့် တုံ့ပြန်တိုက်ခိုက်ရာ နီကိုလာက အောက်သို့ခုတ်ချရင်း ကာကွယ်လိုက်သည်။

ထိုနောက် နီကိုလာက နောက်ဆုတ်၍ သစ်သားဓားကို ဘေးသို့ချထားလိုက်စဉ် ကျောင်းသားပြေးဝင်လာပြီး အပေါ်ဘက်သို့ ပင့်၍ခုတ်ပြန်သည်။

ကျောင်းသားလူငယ်သည် နောက်သို့ ခြေတစ်လှမ်းဆုတ်၍ လက်ယာဘက်မှ ဝင်တိုက်ခိုက်ပြန်လေသည်။ နီကိုလာက သူ၏ကိုယ်ကို လက်ဝဲဘက်သို့ တစောင်းလှည့်လိုက်ပြီး လျှင်မြန်စွာပြန်ထုတ်လိုက်သည်။ ဤတွင်လည်း နီကိုလာ၏ဓားက ကျောင်းသား၏ ပခုံးကိုတချက်ခုတ်မိပြန်သည်။

ကျောင်းသားလူငယ်သည် တိုက်နည်းတစ်မျိုးပြောင်းလျက် သူ၏ဓားဖြင့် အောက်မှ အပေါ်သို့ပင့်၍ ခုတ်ပြန်သည်။ သို့သော် နီကိုလာက ကျင်လည်ဖျတ်လတ်စွာ တိမ်းရှောင်ရင်း သူ၏ဓားဖြင့် ဝိုက်၍ခုတ်လိုက်သည်။ ထိုအခါ နီကိုလာ၏ ဓားသည် ကျောင်းသား၏ ဦးခေါင်းအား တိကနဲပြတ်အောင် ခုတ် ဖြတ်နိုင်သည့် အနေအထားသို့ ရောက်သွားလေသည်။

ဤတွင် နှစ်ဦးစလုံး တိုက်ခိုက်ခြင်း ရပ်လိုက်ကြပြီးနောက် တစ်ဦးကို တစ်ဦး ခေါင်းငုံ့အလေးပြုလိုက်ကြလေသည်။

'အဲဒါဟာ ကင်ဂျူဆူရဲ့ အခြေခံသဘောတရားပဲ ဖြစ်ပါတယ်'

နီကိုလာက လက်ဖ်တင်နှင် ခရိုကာအား ပြောပြလိုက်သည်။

'ဒါပေမယ့် အနုခင်ဗျားတို့ လေ့ကျင့်နေတာက သစ်သားဓားတွေဆိုတော့ ဘယ်လိုမှ အန္တရာယ်မရှိနိုင်ဘူး မဟုတ်လား'

ခရိုကာက ပြောလိုက်ရာ နီကိုလာက ခေါင်းခါပြလိုက်သည်။

'ဒီလိုလဲ မဟုတ်ဘူးခင်ဗျ။ 'ဟိုကင်'လို့ခေါ်တဲ့ ဒီသစ်သားဓားဟာ ဘယ်လောက်ကြောက်စရာ ကောင်းသလဲဆိုရင်....'



နီကိုလာသည် စကားကို ဆုံးအောင်မပြောဘဲ ချာကနဲလှည့်လိုက်သည်။ အကြောင်းမူကား သူ၏နောက်နားမှ ကျောင်းသားအပြင် သင်တန်းဆရာ 'ဖူကာရှီတာဂီ' နှစ်ဦးစလုံးက တပြိုင်နက် ဝင်တိုက်ခိုက်သည်ကို သိ၍ ပြန်လှည့်ခုခံရန် ပြင်ဆင်လိုက်ခြင်းပင် ဖြစ်သည်။

လက်ဖင်တင်နှင် ခရိုကာသည် နီကိုလာ၏ လျှင်မြန်မှုကို အလွန်အံ့သြမိလေသည်။

ဆရာတပည့်နှစ်ဦး၏ လှုပ်ရှားမှုကို မိမိက အလျင်ဦးအောင် မြင်ပါလျက် နီကိုလာသည် စက္ကန့်၏ဆယ်ပုံ တစ်ပုံခန့်အတွင်း အချိန်မီလှည့်၍ ခုခံရန် အသင့်ပြင်နိုင်ပုံမှာ တကယ်ပင် အံ့သြဖွယ်ကောင်းလှပေသည်။

နီကိုလာသည် ခပ်ပြင်းပြင်း တစ်ချက်ခုတ်လိုက်ရာ ကျောင်းသား၏ လက်မှ သစ်သားဓား (ဟိုကင်) သည် လွတ်ကျသွားသည်။ ထိုနောက် သင်တန်းဆရာ ဖူကာရှီတာဂီနှင့် နီကိုလာတို့နှစ်ဦးသည် အကြိတ်အနယ် ထိုးခုတ်တိုက်ခိုက်နေကြလေသည်။

ဟိုကင်ခေါ် သစ်သားဓားချင်း ထိခိုက်သည့်အသံက အလွန်ကျယ်သလောက် လှုပ်ရှားမှုတွေကလည်း အထူးပင် လျှင်မြန်လှပေရာ လက်ဖ်တင်နှင် ခရိုကာသည် သူ၏မျက်စိဖြင့် မီအောင်ပင်လိုက်မကြည့်နိုင်တော့ချေ။

တစ်ချိန်တွင် ဖူကာရှီဂီသည် သူ၏သစ်သားဓားကို အပေါ်သို့ မြှောက်၍ နီကိုလာအား တအား ခုတ်ချလိုက်သည်။ သို့သော် နီကိုလာသည် တိမ်းရှောင်ရန် နောက်မဆုတ်ဘဲ ငြိမ်လျက်ပင် ပြန်လည်ခုခံလေသည်။ သင်တန်းဆရာက နောက်သို့ခြေတစ်လှမ်းဆုတ်၍ ဒုတိယအကြိမ် တိုက်ခိုက်ရန် ပြင်ဆင်ပြန်လေသည်။ ဤတွင် နီကိုလာကလည်း သူ၏ ဟိုကင်ဓားကို ရှေ့တည့်တည့်သို့ ဆန့် တန်းလျက် လူပါ တိုးဝင်သွားလိုက်သည်။ လှုပ်ရှားပုံက လျှင်မြန်လွန်းသဖြင့် ခရိုကာမှာ အံ့သြနေမိစဉ်မှာပင် နီကိုလာ၏ ဓားဖျားသည် သင်တန်းဆရာ၏ ဦးခေါင်းဆီသို့ ရောက်သွားလေသည်။ သို့သော် တချိန်တည်းမှာပင် သင်တန်းဆရာ၏ လက်ဝဲဘက် လက်သီးက နီကိုလာ၏ မျက်နှာတည့်တည့်သို့ ရောက်နေလေသည်။ တနည်းအားဖြင့် တကယ်သာ တိုက်ခိုက်ခြင်းဖြစ်ပါက သင်တန်းဆရာက နီကိုလာ၏ မျက်နှာကို လက်သီးဖြင့် တအား ပစ်တိုးကာအနိုင်ယူနိုင်သည့် သဘောမျိုး ဖြစ်လေသည်။ ထို့မျှနှင့်ပင် နှစ်ဦးစလုံး ရပ်လိုက်ကာ နောက်ပြန်ဆုတ်လျက် တစ်ဦးကိုတစ်ဦး ဂျပန်ထုံးစံအတိုင်း ဦးညွှတ်အလေးပြုလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



✦ ✦ ✦

ဒေါက်တာ ဒီယားဖို့ ပြန်သွားသောအခါ ဂျပ်စတင်သည် သူ၏ အလုပ်ဖြစ်သော ဒီဇိုင်းပုံစံများ ရေးဆွဲရန် ကြိုးစားလေသည်။ သူမသည် ဒီဇိုင်း တစ်ခုကို စတင်ရေးဆွဲခဲ့သည်မှာ လေးရက်ရှိပြီ ဖြစ်သော်လည်း မပြီးနိုင်သဖြင့် ယခု အပြီးသတ်ရန် ကြိုးစားခြင်းဖြစ်လေသည်။ သို့သော် လုံးဝ စိတ်မပါသ ဖြင့် အလုပ်မဖြစ်ဘဲ အချိန်သာကုန်နေရာ ခဏမျှကြာသော် စိတ်ပျက်ပျက်နှင့် ခဲတံကို ပစ်ချထားလိုက်လေသည်။

ထို့နောက် ဆာသလိုရှိသဖြင့် သူမသည် မီးဖိုခန်းသို့သွား၍ ပေါင်မုန့် နှင့် ငါးသေတ္တာ အနည်းငယ်စားပြီး လီမွှော်ရည်တခွက် သောက်လိုက်သည်။

တဖန် ပျင်းပျင်းရှိလာပြန်သဖြင့် မျက်နှာသုတ်ပုဝါတထည်ကို ယူကာ အိမ်ပြင်ဘက် ရေစပ်ဆီသို့ ဆင်းသွားလေသည်။

ဂျပ်စတင်သည် ရေကူးနေရင်း နီကိုလာအား အထူးသတိရနေမိလေ သည်။ ယခုနေ သူရောက်လာလျှင် ကောင်းမှာပဲဟုလည်း တောင့်တမိသည်။

ထို့ပြင် ဧည့်ခန်းထဲတွင် ချိတ်ဆွဲထားသော နီကိုလာ၏ ဂျပန်ဓားရှည် ကာတားနားကိုလည်း သတိရ မြင်ယောင်လာမိသည်။ ထိုဓားသွား၏ သံမဏိ အသွားသည် တောက်ပြောင်နေသလောက် အလွန်ထက်လှကြောင်းကိုလည်း သူမက သိပြီးဖြစ်ပေသည်။

ထိုအချိန်၌ ဂျပ်စတင်သည် ကမ်းစပ်မှ အတော်လှမ်းသည့် ရေထဲတွင် ရောက်နေရာ ရေကူးနေရင်း ရေအောက်ထဲမှ တစုံတစ်ခုက သူမအား အောက် သို့ဆွဲချနေသလို ခံစားလိုက်ရသဖြင့် အံ့သြသွားမိလေသည်။

သူမသည် ရေကူးကျွမ်းကျင်သူတစ်ဦးဖြစ်ရာ ကမ်းစပ်ဘက်သို့ ပြန်ကူး ရန် ကြိုးစားလေသည်။ သို့သော် ရေအောက်ထဲမှ တစ်စုံတစ်ခုက သူမ၏ ကိုယ်ကို ဆွဲယူသလို ခံစားရပြန်လေသည်။

(အမှန်က ပင်လယ်ရေတွင် "ကာရင်း ခေါ် ဆွဲငင်အားရှိသော ရေစီး ကြောင်းတစ်မျိုး ရှိတတ်လေရာ ရံဖန်ရံခါ ယင်းရေစီးကြောင်း ကာရင်းက ရေကူးနေသူအား "ဝဲကတော့" စုပ်သလို အောက်သို့ ဆွဲချသွားတတ်သည့် သဘောရှိသည်။ ယခု ဂျပ်စတင် ခံစားနေရသော ဆွဲငင်ဓာတ်မှာ အဆိုပါ ကာရင်း ရေစီးကြောင်း၏ ဆွဲအားပင်ဖြစ်လေသည်။)



ဂျပ်စတင်သည် ရေကူးနေရင်း ထိတ်လန့်တုန်လှုပ်လာလေသည်။

ကမ်းစပ်သို့ နီးလာလေ၊ ရေအောက်မှ ဆွဲငင်ဓာတ်က ပြင်းထန်လာလေ ဖြစ်လာရာမှ ခဏမျှကြာလျှင် ရေအောက်ထဲသို့ စုံးစုံးမြုပ်ကျသွားတော့သည်။

ရေက မနက်လှသော်လည်း ပါးစပ်မှတဆင့် ရေများ သူမ၏ကိုယ်တွင်း သို့ ဝင်ကုန်လေသည်။ သို့သော် အထူးသတိထားလျက် ရေအောက်မှ မြေပြင်ကို ခြေဖြင့်ကန်ကာ မျက်နှာပြင်ပေါ်သို့ ပြန်တက်နိုင်အောင် ကြိုးစားလေသည်။

နောက်ဆုံး ရေမျက်နှာပြင်ပေါ်သို့ တစ်ချက် ပြန်ရောက်လာချိန်တွင် သူမသည် ကမ်းစပ်ဘက်ဆီသို့ အမြန်ကြိုးစားကူးသွားလိုက်သည်။

ကမ်းစပ်သို့ ရောက်သောအခါတွင်မူ ခြေထောက်များကိုပင် မသယ် နိုင်အောင် ဖြစ်လာလျက် ရေစပ်အနီးရှိ သဲသောင်ပြင် ပေါ်သို့ လဲကျသွားလေ တော့သည်။

သတိရသလို မရသလို ဖြစ်နေစဉ် နားထဲမှ လူသံများ ကြားမိလေ သည်။ သည်အချိန်၌ ဂျပ်စတင်သည် ပါးစပ်မှ ရေများ အန်ထုတ်လျက်ရှိလေ သည်။

'ဘယ့်နှယ်လဲ နေသာထိုင်သာ ရှိရဲ့လား'

တစ်စုံတစ်ယောက်၏ မေးလိုက်သံကြားရပြီး သူမသည် နောက်ထပ် ရေတွေ အန်နေပြန်လေသည်။

ထို့နောက်သူမအား ပွေ့ချီသွားသည်ကို သိလိုက်ရင်း မျက်စိမှိတ်ထား လိုက်သည်။

အတန်ကြာမှ ဂျပ်စတင်သည် အသက်ကို မှန်မှန်ရှူနိုင်လာလေသည်။

'အိုကေသွားပလား'

တစ်စုံတစ်ယောက်ကမေးရာ ဂျပ်စတင်က ခေါင်းညိတ်ပြလိုက်သည်။

'ဒီအနီးအနားမှာ နေလို့လား'

အမျိုးသမီးတစ်ဦး၏ အသံဖြင့် မေးလိုက်သဖြင့် ဂျပ်စတင်က ခေါင်း ညိတ်ပြလိုက်သည်။

'ဆရာဝန် တစ်ဦးခေါ်ထားလိုက်ပြီ၊ မကြာခင် ရောက်လာပါလိမ့်မယ်'

'ကျွန်မ အခု နေကောင်းသွားပါပြီ'

ဂျပ်စတင်က ကြိုးစား၍ ပြန်ပြောလိုက်ပြီးနောက် မျက်စိမှိတ်ထား လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ သူမသည် အစ်မဖြစ်သူ ဂယ်လ်ခါအား သတိရနေမိလေသည်။

တချိန်က သူတို့ကလေးအရွယ် (သူမက ခြောက်နှစ်၊ ဂယ်လ်ခါက ကိုးနှစ်သမီးအရွယ်)က ရေဆင်းကူးကြရင်း ဂယ်လခါက ကျီစယ်ကစားသလိုနှင့် ဂျပ်စတင်၏ ဦးခေါင်းကို ရေထဲ အတင်းဖိနှိပ်ထားခဲ့၍ ရေနစ်သေရတော့မလိုဖြစ်ခဲ့ရပုံကိုပါ ပြန်လည်သတိရမိလေသည်။

ဂျပ်စတင်သည် စိတ်မောလူမော ဖြစ်နေ၍ အတန်ကြာကြာ ငြိမ်နေရာမှ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဒေါက်တာ ဒီယားဖို့သည် သူမ၏အနီးသို့ ရောက်နေကြောင်း တွေ့ရလေသည်။

✦ ✦ ✦

ရဲစုံထောက် လက်ဖ်တင်နင် ခရိုကာသည် နီကိုလာအား သိုင်းသင်တန်းကျောင်း အပြင်ဘက်တွင် ထားခဲ့ပြီးနောက် သူ၏ရဲကားရေဒီယိုဖြင့် စခန်းသို့ ဆက်သွယ်ပြီး အကြောင်းကိစ္စ အထူးရှိမရှိ မေးကြည့်လေသည်။

စခန်းကလည်း သက်ဆိုင်ရာမှ တိုးတက်မှု အစီရင်ခံစား အမြန်ဆုံးလိုချင်နေပြီဖြစ်ကြောင်း ပြန်ပြောလေသည်။

ခရိုကာသည် အစိုးရရှေ့နေနှင့် လောလောဆယ် စကားမပြောလိုသေးသဖြင့် လေးနာရီခွဲလောက်ကျမှ ပြန်လာနိုင်မည်ဟု အကြောင်းပြန်လိုက်သည်။

ထိုနောက်သူသည် ဒေါက်တာ ဗင်းဆင့်အီတိုထံသို့ တယ်လီဖုန်းဆက်၍ ညစာအတူစားရင်း စကားပြောဆွေးနွေးလိုပါသည်ဟု ဆိုကာ ချိန်းလိုက်သည်။ ဗင်းဆင့်အီတိုကလည်း 'မီချီတာ'အမည်ရှိဆိုင်တွင် ဆုံကြရန် အကြံပေးပြီး ဆိုင်၏ နေရာလိပ်စာကိုပါ ပြောလိုက်သည်။

လက်ဖ်တင်နင် ခရိုကာသည် တယ်ရီတာနာကား၏ သိုင်းသင်တန်းကျောင်းရှိရာသို့ ဆက်သွားပြီးနောက် သင်တန်းဆရာများအား တစ်ဦးစီခေါ်တွေ့ကာ မေးမြန်းစုံစမ်းလေသည်။

တယ်ရီတာနာကားနှင့် သူ၏ချစ်သူ အိုင်လင်းတို့ အသတ်ခံရသည့်နေ့မွန်းလွဲပိုင်းက သင်တန်းကျောင်းသို့ လာသည်ဆိုသော ဂျပန်အမျိုးသား လူစိမ်းတစ်ဦး၏ ပုံပန်းသဏ္ဍာန်ကိုလည်း အသေးစိတ်မေးမြန်းပြီးနောက် ရဲတပ်ဖွဲ့မှ ပန်းချီဆရာတစ်ဦးအား ခေါ်ယူကာ ထိုဂျပန်လူစိမ်း၏ ပုံတူပန်းချီကြမ်း တစ်ခုရေး



ဆွဲခိုင်းလိုက်သည်။

ထိုဂျပန်သည် ဘယ်ကလာသည်ဟုလည်း မည်သူကမှ မပြောနိုင်ကြချေ။ အာကီဒိုသိုင်းပညာ နည်းပြဆရာတစ်ဦးကမူ ထိုဂျပန်က သူ၏အမည် 'ဟီဒေအိုရှိ'ဟု ပြောကြောင်း မှတ်မိသည်ဟု ဆိုလေသည်။

ခရိုကာအနေဖြင့် လူသတ်မှုကို စုံစမ်းထောက်လှမ်းရန် သဲလွန်စ,မရှိသလောက် ခက်နေလေသည်။ တယ်ရီတာနာကာ၏ အိမ်ခန်းတွင်လည်း လူစိမ်းတစ်ဦး၏ လက်ဗွေပုံစံများ လုံးဝမတွေ့ရချေ။

ရဲစုံထောက်ဌာနမှ ရဲကြပ်ကြီးတစ်ဦးကို လှမ်းခေါ်၍သင်တန်းကျောင်းပတ်ဝန်းကျင်တွင် ဂျပန်လူစိမ်းအား မြင်လိုက်မိသူများ ရှိလိုရှိငြား မေးမြန်းစုံစမ်းခိုင်းလိုက်သည်။

စခန်းသို့ ပြန်ရောက်သောအခါ ခရိုကာသည် အသတ်ခံရသော တယ်ရီတာနာကာနှင့် အိုင်လင်းတို့၏ ကိုယ်ပိုင်ပစ္စည်းများ သိမ်းဆည်းထည့်ယူလာသော အထုပ်နှစ်ထုပ်ကို ဖွင့်ကြည့်မည်ပြုစဉ် 'ဗေးဂတ်စ်'ဆိုသူ ရုတ်တရက် ဝင်လာလေသည်။

ဗေးဂတ်စ်သည် ခရိုကာနှင့် အလွန်ခင်မင်ရင်းနှီးသူ ဖြစ်သည့်အပြင် နှစ်ပေါင်းများစွာ အတူတွဲခဲ့သူ မိတ်ဆွေဟောင်းလည်း ဖြစ်သည်။

'ဒီမယ်..ကျုပ်က ဒီလူသတ်မှုခင်း ဌာနမှာ အလုပ်လုပ်ချင်တယ်ဗျ'

ဗေးဂတ်စ်က သူ၏ဆန္ဒကို ပြောလိုက်သည်။

'လက်ရှိလုပ်နေတဲ့ ဒုစရိုက်နှိမ်နင်းရေးဌာနမှာ ဘာဖြစ်လို့လဲ'

ခရိုကာက ပြန်မေးလိုက်သည်။

'ခင်ဗျားသိတဲ့အတိုင်း ကျုပ်က လူမည်း(ကပ္ပလီ)တစ်ဦးဖြစ်တော့ မျက်နှာသာပေး မခံရဘူးဗျ'

'ဒါက အရေးမကြီးဘူး၊ ကျုပ်တို့ရဲ့ အကြီးအကဲ ရဲမှူးကြီး ဖင်နီဂန်က မောင်ရင့်ကို လိုချင်ပါ့မလား မပြောတတ်ဘူး'

'ဒါက အကြောင်းမဟုတ်ဘူး၊ ခင်ဗျားသဘောက ဘယ်လိုလဲ၊ ကျုပ်နဲ့ အတူတွဲပြီး အလုပ်မလုပ်ချင်ဘူးလား'

ဗေးဂတ်စ်က ပြန်မေးလိုက်ရာ ခရိုကာသည် ရယ်မောလိုက်သည်။

'ဟာ...ကျုပ်ကတော့ သိပ်လုပ်ချင်တာပေါ့၊ ဒါပေမယ့်...အခု လောလောဆယ်မှာ အဘိုးကြီးကိုယ်တိုင်က ကျုပ်ကိုတယ်ပြီး သဘောကျပုံ မရဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါအတွက်တော့ မပူပါနဲ့၊ နောက်တစ်ကြိမ် ခင်ဗျားက အမှုကြီးကြီး တစ်ခုပေါ်ပေါက်အောင် စုံစမ်းနိုင်လို့ မြို့တော်ဝန်က ချီးကျူးတယ်ဆိုရင် ရဲမှူးကြီးကလည်း ခင်ဗျားအပေါ် ကျေနပ်လာမှာပါ'

'အင်း…ဒါလည်း ဖြစ်နိုင်တယ် ဆိုပါတော့'

လက်ဖ်တင်နင် ခရိုကာသည် ဗေးဂတ်စ်အား ခင်မင်သည့်အလျောက် 'ဒီဒယွန်'အမှုအကြောင်းနှင့်တကွ သူ့စိတ်ထဲသံသယ ရှိနေပုံများကို ပြောပြလိုက်ချင်သည်။ သို့သော်…လောလောဆယ် ပြောပြရန် မသင့်သေးဟု ဆုံးဖြတ်လိုက်လေသည်။

မည်သို့ပင်ဖြစ်စေ ဗေးဂတ်စ်နှင့် အတူတွဲ၍ အလုပ် လုပ်ချင်သည့် ဆန္ဒကတော့ ရှိနေပေသည်။

'အိုကေ… အချိန်အခါ သင့်တော်တဲ့အခါ ကျုပ်က ရဲမှူးကြီး ဖင်နီဂင် ကို ကျုပ် ပြောပေးပါ့မယ်'

ခရိုကာက ဤသို့ပြောလိုက်ရာ ဗေးဂတ်စ်လည်း သဘောကျဟန်ဖြင့် ပြုံးရယ်ကာ ထိုင်ရာမှ ထ,လိုက်သည်။

'ကျေးဇူးပါပဲခင်ဗျ'

နီကိုလာနှင့် ဒေါက်တာ ဗင်းဆင့်အီတိုတို့သည် ဗဟိုတီရစ္ဆာန် ဥယျာဉ်အတွင်း လမ်းလျှောက်ယင်း စကားပြောနေကြလေသည်။

ဗင်းဆင့်အီတိုသည် စိတ်ကြည်လင်ပျော်ရွှင်ပုံ မရသည်ကို သတိပြုမိသဖြင့် နီကိုလာက…

'ခင်ဗျားအနေနဲ့ ခဏဖြစ်ဖြစ် အပန်းဖြေ ခရီးထွက်တဲ့ သဘောနဲ့ ဂျပန်ပြည်ကို ပြန်သွားဖို့ကောင်းတယ်'

ဟုပြောလိုက်သည်။

သို့ရာတွင် ဗင်းဆင့်အီတိုက ခေါင်းခါပြလိုက်သည်။

'သွားဖို့ကောင်းတာ မှန်ပေမယ့် ကျုပ်က ပြန်သွားလို့မဖြစ်ဘူး၊ ဟိုမှာ ကျုပ်ရဲ့မိသားစု ရှိနေကြတယ်၊ သူတို့နဲ့ ရင်မဆိုင်ချင်ဘူး၊ အထူးသဖြင့် ကျုပ်ရဲ့နှမတွေနဲ့ မတွေ့ချင်ဘူး၊ နောက်တစ်ခုက ကျုပ်ဟာ ဒီအမေရိကန်ကို ရောက်နေတာကြာပြီဖြစ်တော့ ကျုပ်ရဲ့အယူအဆ အတွေးအခေါ်တွေကလည်း တစ်မျိုးဖြစ်လာတယ်၊ ပြောင်းလာတယ် ဆိုပါတော့၊ ဂျပန်ပြည်ရဲ့ ရိုးရာအစဉ်အလာ တွေးအခေါ်တွေလည်း အပြည့်အဝ မရှိတော့ဘူးလို့ ကိုယ့်ဟာကိုယ် သုံးသပ်မိတယ်'



ထိုစကားကို နီကိုလာက လက်ခံချင်ပုံ မရချေ။

'ဒါက ဒါလောက်အရေးမကြီးပါဘူးဗျ၊ ခင်ဗျားလိုပဲ ကျုပ်နဲ့တယ်ရီတာနာကားတို့ဟာလည်း အမေရိကန်ပြည်ကို ရောက်နေတာ ကြာပြီမဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့တစ်တွေဟာ ဂျပန်ပြည်မှာ မွေးဖွားခဲ့တဲ့လူတွေချည်း ဖြစ်တယ်။ ခင်ဗျားဆိုရင် ဂျပန်ပြည်က ထွက်လာတာ ဆယ့်နှစ်နှစ် ရှိသွားပြီ ဖြစ်ပေမယ့် ဘာမှကြီးကြီးကျယ်ကျယ် ပြောင်းလဲလာတာမှ မဟုတ်ဘဲ'

'ဒီလိုလည်း မဟုတ်သေးဘူးဗျ၊ ကျုပ်စိတ်ထဲမှာက ကျုပ်ဟာ အနောက်နိုင်ငံကို လာနေတာ ကြာလာတော့ အရှေ့တိုင်းရဲ့ အယူအဆ အတွေးအခေါ်တွေ တချို့ပျောက်ကွယ် လျော့ပါးသွားသလို ထင်မိတယ်'

ဤသို့ရောက်တတ်ရာရာ ပြောနေကြရင်း ဒေါက်တာ ဗင်းဆင့်အီတိုသည် သူ၏စိတ်ထဲ ခံစားနေရသော အကြောင်းတစ်ခုကို ရင်ဖွင့်သလို ပြောပြလေသည်။

'တယ်ရီတာနာကားနဲ့ အိုင်လင်းတို့ အသတ်ခံရတဲ့ ညက ကျုပ်ဆီ တယ်လီဖုန်း လာတယ်ဗျ၊ ဒါပေမယ့်…ကျုပ်က တယ်လီဖုန်းကောက်ကိုင်နားထောင်လိုက်တော့ တစ်ဖက်က ဘာသံမှမကြားရဘူး၊ ဆက်တဲ့လူက စကားမပြောနိုင်တဲ့ သဘောပဲ၊ အဲဒါ တယ်ရီတာနာကာကိုယ်တိုင် ဆက်တာဖြစ်ရမယ်၊ သူဟာ သေခါနီးမှာ သတ်တဲ့လူ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ကိုပြောမလို့နဲ့ တူတယ်၊ အဲဒီကိစ္စကို ကျုပ်စိတ်ထဲက ဖျောက်ပစ်လို့မရဘူး'

'ဘာလဲ…တယ်ရီတာနာကာဟာ သူ့ကိုလာသတ်တဲ့လူကို သိနေတယ်လို့ ဆိုလိုတာလား'

'ထင်တာကို ပြောရတာပါ၊ ကျုပ်က တထစ်ချပြောလို့တော့ မရဘူးပေါ့၊ အဲဒီညက ခင်ဗျားရှိနေရင် သိပ်ကောင်းမှာပဲ၊ တယ်ရီတာနာကားနဲ့ အိုင်လင်းတို့ဟာ ခင်ဗျားနဲ့အလွန်ခင်တဲ့ မိတ်ဆွေတွေ ဖြစ်တယ်မဟုတ်လား'

ဗင်းဆင့်အီတိုက ပြောလိုက်လျှင် နီကိုလာသည် ရုတ်တရက် ဘာမှ ပြန်မပြောဘဲ စဉ်းစားနေမိလေသည်။ အသတ်ခံရသူ နှစ်ဦးစလုံးမှာ သူနှင့်အလွန် ရင်းနှီးသော မိတ်ဆွေများ ဖြစ်သည်မှာ မှန်ပေသည်။

သူတို့ အသတ်ခံရပုံကလည်း အလွန် နာကျည်းကြေကွဲဖွယ်ရာ ကောင်းလှပေသည်။ အသတ်ခံရခြင်းကို မိမိကတားဆီး ကာကွယ်ခြင်း မပြုနိုင်ခဲ့သည်မှာလည်း ဝမ်းနည်းဖွယ်ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



တဖန် ရှေ့လျှောက် အလားတူ ရက်စက်စွာ သတ်ဖြတ်မှုမျိုးတွေ နောက်ထပ် ဖြစ်လာလေဦးမည်လောဟုလည်း တွေးမိပြန်သည်။

နီကိုလာက ဤသို့စဉ်းစားတွေးတောနေသည်ကို ဗင်းဆင့်အီတိုက အကဲခတ်ပုံရလေသည်။

'သိပ်လည်း စိတ်မကောင်းမဖြစ်ပါနဲ့လေ၊ ဖြစ်ပြီးတာတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါဟာ ခင်ဗျားရဲ့ ချွတ်ယွင်းချက်လည်း မဟုတ်ဘူး၊ ဒါဟာ အနောက်တိုင်းသားတွေရဲ့ အတွေးအခေါ်ပဲလို့ ဆိုချင်ဆိုပေါ့၊ ကျုပ်ကတော့ အနောက်တိုင်းသားတွေရဲ့ အတွေးအခေါ်တွေ ဝင်သင့်သလောက် ဝင်နေပြီလို့ ဝန်ခံရမှာပဲ'

'အိုင်လင်းရဲ့အယူအဆက တစ်မျိုးဗျ၊ သူက ကျုပ်ရယ်၊ ခင်ဗျားရယ်၊ တယ်ရီတာနာကာရယ်၊ ဒီသုံးယောက်ဟာ ရိုးရာဂျပန် စိတ်ဓာတ်အပြည့်အဝ ရှိတယ်လို့ ယုံကြည်ပုံရတယ်၊ ဒါကြောင့်လည်း အိုင်လင်းဟာ ကျုပ်တို့သုံးယောက်ဆုံတဲ့အခါ ရှောင်နေတာများတယ်'

'တကယ်တော့ ကျုပ်ကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကိုယ် ဝေဖန်ကြည့်တော့ ဂျပန်လူမျိုးတို့ရဲ့ ရိုးရာအတွေးအခေါ်နဲ့ စိတ်ဓာတ်အပြည့် မရှိတော့ဘူးလို့ သုံးသပ်မိတယ်'

'ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ကျုပ်တို့က ဂျပန်ပြည်မှာ မွေးဖွားခဲ့တာပဲ မဟုတ်လား'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်က အမေရိကန်ကို ရောက်လာပြီးတော့ တစ်မျိုးပြောင်းလာတယ်၊ အနောက်နိုင်ငံရဲ့ အယူအဆတွေက ကျုပ်ရဲ့ မူလအတွေးအခေါ်တွေကို ပြောင်းလဲပစ်လိုက်သလိုပါပဲ'

'ဒါက ပြန်ပြုပြင်ရင်ရပါတယ်ဗျာ'

နီကိုလာကို ပြောလိုက်ပြီးနောက် ဒေါက်တာ ဗင်းဆင့်အီတိုသည် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် စကားတစ်မျိုး လှည့်ပြောလေသည်။

'စောစောက ကျုပ်ပြောခဲ့တယ်မဟုတ်လား၊ တယ်ရီတာနာကားနဲ့ အိုင် လင်းတို့ အသတ်ခံရတဲ့ညက ကျုပ်ဆီ တယ်လီဖုန်း လာတယ်လို့ သွားကိုင်နား ထောင်လိုက်တော့ တစ်ဖက်ကဘာမှလည်း မပြောဘူး၊ ထူးဆန်းတာ တစ်ခုက တစ်ဖက်က ဘယ်သူမှ စကားမပြောပေမယ့် တယ်လီဖုန်းထဲက တစ်ယောက်ယောက် ခတ်ပြားသီချင်းဖွင့်ထားသလို တီးလုံးသံတစ်ခု ခပ်သဲ့သဲ့



ကြားနေရတယ်လို့ အောက်မေ့မိတယ်'

'ခင်ဗျားစိတ်ထင်လို့ ဖြစ်မှာပါဗျာ'

'ဒါတော့ မပြောတတ်ဘူးလေ၊ ကိုင်း‥ဒီစကားကို ဒီတင်ပဲ ဖြတ်လိုက်ကြစို့၊ ဒီမယ်… လက်ဖင်တင်နင် ခရိုကာက ကျုပ်ကို ညစာစားဖို့ ဖိတ်ထားတယ်၊ ခင်ဗျားပါ အဲဒီ ညစာစားပွဲကို လာခဲ့ပါလား၊ စကားပြောရတာပေါ့'

ဗင်းဆင့်အီတိုက ပြောလိုက်ရာ နီကိုလာသည် ခေတ္တ စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်သည်။

'ကောင်းသားပဲ ကျုပ် လာခဲ့ပါ့မယ်'

ဗင်းဆင့်အီတိုသည် သူ၏ လက်ပတ်နာရီကို ကြည့်လိုက်သည်။

'ကဲ‥အချိန်လည်း နည်းသွားပြီ၊ ကျုပ်တို့ သွားကြမှပဲ'

❁ ❁ ❁

---

## ၃

နီကိုလာသည် ရလမ်းတစ်နေရာမှ ဂျပ်စတင်ထံသို့ တယ်လီဖုန်း လှမ်းဆက်လိုက်ရာ တစ်ဖက်မှ ဒေါက်တာ ဒီယားဖို့က ပြန်ဖြေသဖြင့် အံ့အားသင့်သွားမိလေသည်။

'အလို…ဒေါက်တာက ဘာကြောင့် အဲဒီကို ရောက်နေတာလဲ၊ ဘာဖြစ်လို့လဲ'

နီကိုလာက စိုးရိမ်ဟန်ဖြင့် မေးလိုက်သည်။

'ဩော်‥မတော်တဆ ဖြစ်သွားတာကလေး တစ်ခုဆိုပါတော့၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ ဒါပေမယ့် ခင်ဗျား အချိန်ရမယ်ဆိုရင် ဒီကို လာခဲ့စေချင်တယ်'

ဒေါက်တာ ဒီယားဖို့က ပြန်ပြောလိုက်ရာ နီကိုလာသည် ပို၍ပင် စိုးရိမ်သွားမိလေသည်။

'ဘယ်လို မတော်တဆ ဖြစ်တာလဲ၊ ဘာဖြစ်တယ်ဆိုတာသာ ပြောစမ်းပါဗျ'

'ဂျပ်စတင်က ရေဆင်းကူးရင်း ရေအောက်ထဲကို ပင်လယ်ရေစီးကြောင်းက ဆွဲစုပ်တာ ခံရတယ်၊ အခု သူက ကောင်းနေပါပြီ၊ ဘာမှ မဖြစ်တော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



‘အဲဒါအမှန်ပဲလား…သေချာရဲ့လား’

‘သေချာပါတယ်၊ ဘာဖြစ်လို့ မေးတာလဲ’

‘အနီးအနားမှာ တခြားလူတွေ ရှိသလား၊ မသင်္ကာစရာ တစ်ခုခုများ သတိပြုမိသလား’

‘လူတွေတော့ ရှိတာပေါ့၊ အိမ်နီးချင်းတစ်ဦးကပဲ ဂျပ်စတင်ကို ကူညီပြီး ကမ်းပေါ် ဆွဲတင်ပေးခဲ့တာပဲ’

‘ဒီမယ်…ဒေါက်တာ၊ ခင်ဗျားက အဲဒီမှာပဲ ကျွန်တော်ရောက်လာတဲ့အထိ စောင့်နေနိုင်မလား၊ ကျွန်တော် အမြန်ဆုံးလာခဲ့ပါ့မယ်’

‘စောင့်နိုင်ပါတယ်၊ ကျုပ်ရဲ့အလုပ်ဌာနက အရေးပေါ် ကိစ္စရှိရင် ကျုပ် ဘယ်မှာရှိတယ်ဆိုတာ သိသားပဲ’

‘ကောင်းပါပြီ၊ ကျွန်တော် လာခဲ့မယ်ဆိုတာလည်း ဂျပ်စတင်ကို ပြော ထားလိုက်ပါ’

‘အခုတော့ အိပ်နေပါတယ်၊ သူနိုးလာတော့ ပြောပြလိုက်ပါ့မယ်’

ဒေါက်တာ ဒီယားဖို့က ပြန်ပြောလိုက်ပြီးနောက် နီကိုလာက စကားကိုဖြတ်လိုက်သည်။

ထိုနောက် သူသည် တက္ကစီကားတစ်စီးဖြင့် မီးရထားဘူတာရုံသို့ သွား လေသည်။ ရထားလက်မှတ် ဝယ်ယူပြီးနောက် မိနစ်နှစ်ဆယ်ခန့် စောင့်ရန် လိုနေသဖြင့် နီကိုလာသည် သူဌေးကြီး တွမ်ကင်ထံသို့ တယ်လီဖုန်းဆက်လိုက် လေသည်။

‘ဟဲလို..မစ္စတာ တွမ်ကင်လား၊ နီကိုလာ စကားပြောနေပါတယ်’

‘မောင်ရင်…တယ်လီဖုန်းဆက်တာနဲ့ အတော်ပဲ၊ ကျုပ်က မျှော်နေမိတယ်၊ ဒါထက် ကျုပ်ရဲ့ အလုပ်ကမ်းလှမ်းချက်ကို မောင်ရင် စဉ်းစားပြီးပလား’

သူဌေးကြီး တွမ်ကင်က ဤသို့ ပြောလိုက်သောအခါ နီကိုလာသည် စိတ်ထဲမှ ထောင်းကနဲ ဖြစ်သွားမိလေသည်။ မိမိအား သူ့ထံတွင် အလုပ်,လုပ် ရန် ကမ်းလှမ်းခဲ့ခြင်းကို လုံးဝ သဘောမကျမိ၍ စိတ်မဝင်စားကြောင်း ပြောခဲ့ ပြီးဖြစ်သည်။ ယခုတဖန် တွမ်ကင်က ထပ်မံ၍ မေးနေပြန်လေပြီ။

ခက်နေသည်ကား မိမိ(နီကိုလာ)က တွမ်ကင်၏ သမီးဂျပ်စတင်နှင့် ပတ်သက်နေမိခြင်းပင် ဖြစ်သည်။

နီကိုလာသည် သူ့စိတ်ကိုပြန်၍ ထိန်းချုပ်လိုက်ပြီးနောက် ဆုံးဖြတ် လိုက်လေသည်။



‘ကျွန်တော် စဉ်းစားပြီးပါပြီ၊ ဒီနေ့ကစပြီး ခင်ဗျားဆီမှာ အလုပ်,လုပ် ပါတော့မယ်’

‘ဒါဖြင့် ဝမ်းသာပါတယ်..အိုကေပဲ၊ မောင်ရင်အခုကျုပ်ဆီကို လာခဲ့ ပါလား’

‘မလာနိုင်ဘူးဗျ၊ အခု ကျုပ် ဘူတာရုံမှာ ရောက်နေတယ်၊ ရထားစီးပြီး ကမ်းစပ်ကအိမ်ကို သွားမလို့’

‘ဟင်…ဟုတ်လား၊ ဘာကိစ္စသွားမှာလဲ..ဒီမှာ..’

တွမ်ကင်၏ စကားမဆုံးမီ နီကိုလာက ကြားဖြတ်၍…

‘ဟိုမှာ ဂျပ်စတင် ရောက်နေတယ်ဗျ၊ အလုပ်,လုပ်စရာရှိတယ်၊ နက်ဖြန်ကျမှပဲ ခင်ဗျားနဲ့ ဆက်သွယ်တော့မယ်’

ပြောပြောဆိုဆို နီကိုလာက စကားကို ဖြတ်လိုက်သည်။

✦ ✦ ✦

သူဌေးကြီး တွမ်ကင်၏ လုပ်ငန်းတစ်ခုမှာ အဆောက်အအုံ တိုက်တာကြီးများကို ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်သည့် လုပ်ငန်းတစ်ခုပင် ဖြစ် သည်။ ယင်းတည်ဆောက်ရေး လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သော ‘လူဘင်တည်ဆောက်ရေးလုပ်ငန်း’သို့ လွန်ခဲ့သော တစ်ပတ်ခန့်က အလုပ်သမား လူသစ်တစ်ဦး ဝင်ရောက်အလုပ်,လုပ်ခဲ့လေသည်။

အမှန်အားဖြင့် ထိုလူသည် တယ်ရီတာနာကာ၏ သိုင်းသင်တန်း ကျောင်းသို့ မကြာမီက ရောက်ပြီး သိုင်းလေ့ကျင့်သွားသူ ဂျပန်အမျိုးသားပင် ဖြစ်သည်။

သူသည် တွမ်ကင်၏လုပ်ငန်းတွင် အလုပ်သမားတစ်ဦးအဖြစ် ဝင် ရောက်လုပ်ကိုင်ခြင်းမှာ အကြံရှိ၍ဖြစ်ရာ တကယ်လည်း အလုပ်ကို ကြိုးစား လုပ်ပေးသည်။

ထိုလူသည် ညမှောင်ရိပ်ကို ခို၍ အသာစောင့်နေလေသည်။ နေရာကား မော်တော်ကားများ ထားသည့်နေရာ ဖြစ်သည်။ သူဌေးကြီး တွမ်ကင်၏ကားကို ဒရိုင်ဘာက မောင်းဝင်လာသောအခါ သူသည် သေချာစွာကြည့်နေလေသည်။ ဒရိုင်ဘာက ကားကိုသော့ခတ်၍ ထွက်သွားတော့မှ ထိုလူသည် မော်တော်ကား နားသို့ ချဉ်းကပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သော့တူတစ်ချောင်းဖြင့် ဖွင့်လိုက်ပြီးနောက် မော်တော်ကား၏ နောက်ထိုင်ခုံသို့ ဝင်ထိုင်လိုက်သည်။ အသင့်ပါလာသော လက်နှိပ်ဓာတ်မီး အသေးစားကို အသုံးပြု၍ ကား၏ကြမ်းပြင်၌ ခင်းထားသော ကော်ဇောကို အသာလှန်ကာ အချင်းလက်မဝက်ခန့်သာ ရှိသော အရာဝတ္ထုငယ်တစ်ခုကို ကော်ဇောအောက်တွင် ထည့်ပြီးမှ ကော်ဇောကို မူလအတိုင်း ပြန်ခင်းလိုက်သည်။

ထိုနောက် သူသည် မော်တော်ကားတွင်းရှိ တယ်လီဖုန်း တပ်ဆင်ထားရာ သေတ္တာကိုဖွင့်လိုက်ပြီး ခပ်ဝိုင်းဝိုင်း ပြားပြားအရာဝတ္ထုတစ်ခုကို သေတ္တာ၏ နံရံတွင် ကပ်ထားလိုက်သည်။

ဤသို့ ပြုလုပ်ပြီးနောက် ကားပေါ်မှ ပြန်ဆင်းကာ တံခါးကို နေရာတကျ ပြန်ပိတ်ပြီးမှ လျှောက်ထွက်သွားလေသည်။

✦ ✦ ✦

နေ့လည်စာစားချိန်တွင် ထိုလူသည် သူဌေးကြီး တွမ်ကင်၏ ရုံးခန်းရှိရာသို့ တက်သွားနေသည်။

ရုံးခန်းက အဆောက်အအုံ၏ အပေါ်ဆုံးထပ်တွင် ရှိရာအလုပ်သမားများနှင့် ရုံးအဖွဲ့သားများ ရှိနေကြသည်။

ထိုလူသည် တစ်ယောက်တည်း လှုပ်ရှားသွားလာပါက တစ်စုံတစ်ယောက်က မသင်္ကာဖြစ်မည်စိုးသဖြင့် ထိုအချိန်၌ အလုပ်ဝင်လာသော အလုပ်သမားတစ်စုနှင့် ဝင်ရောနှောကာ လျှောက်သွားလေသည်။

တွမ်ကင်၏ ရုံးခန်းပြင်ဘက်တွင်ကား ဖရင့်အမည်ရှိ ကိုယ်ရံတော်က လုံခြုံရေးတာဝန်ဖြင့် စောင့်နေလေသည်။

ဂျပန်လူငယ်သည် သူ၏ အကြံအစည်အတိုင်း လုပ်စရာရှိသည်တို့ကို ပိယိသေသပ်စွာ လုပ်လေသည်။ ထိုအချိန်၌ လူတွေရှိနေသော်လည်း သူ့အား သာမန် အလုပ်သမားတစ်ဦးအနေဖြင့် မည်သူကမှ ဂရုစိုက် မကြည့်ကြချေ။

ကိစ္စပြီး၍ စင်္ကြံဘက်သို့ လျှောက်ထွက်လာစဉ် ဓာတ်လှေကား တက်လာပြီး အတွင်းမှ တွမ်ကင်နှင့် သူ၏အဖော် ဝီဆယ်လ်ဆိုသူတို့ ထွက်လာလေသည်။

ဂျပန်လူငယ်သည် သူဌေးကြီး တွမ်ကင်အား သေချာစွာ ကြည့်လိုက်သည်။ သူ၏ စိတ်ထဲတွင်ကား တွမ်ကင်အား ယခုပင်လျှင် သုတ်သင်ကွပ်



မျက်၍ ရနိုင်သည်ဟု တွေးမိလေသည်။ အလွယ်တကူပင် သတ်နိုင်မည် ဖြစ်ပေသည်။ သို့သော် အချိန်မတန်သေးဟု ဆုံးဖြတ်ကာ ဘာမှမလုပ်ဘဲ အောက်ထပ်သို့ ပြန်ဆင်းသွားလေသည်။

အောက်ထပ်သို့ရောက်၍ လူရှင်းသော တစ်နေရာသို့သွားပြီး သူသည် နားတစ်ဖက်ထဲသို့ လက်ညှိုးအသာထည့်လိုက်သည်။ နားရွက်အတွင်းဘက်တွင် ပလပ်စတစ် အဝိုင်းကလေးတစ်ခု ကပ်ထည့်ထားသည်။ ရုတ်တရက်ကြည့်လျှင် မမြင်နိုင်အောင် သေသပ်စွာ တပ်ဆင်ထားသော ကိရိယာတစ်ခု ဖြစ်သည်။

ဂျပန်လူငယ်သည် ထိုကိရိယာကို လက်ညှိုးထိပ်များဖြင့် အသာဖိပြီးနောက် သေချာစွာ နားထောင်နေလေသည်။

နီကိုလာသည် မီးရထားဘူတာတွင် ရထားအချိန်ကို စောင့်နေရင်း ရဲစုံထောက် လက်ဖ်တင်နင် ခရိုကာထံသို့ တယ်လီဖုန်းဆက်လိုက်သည်။

'ဟဲလို..ကျုပ်နီကိုလာပါ'

'ဟဲလို..နီကိုလာ ဘာများ အကြောင်းထူးသလဲ'

တစ်ဖက်မှ ခရိုကာက ပြန်မေးလိုက်သည်။

'ကျုပ် အခု ဂျပ်စတင်ဆီ သွားမလို့ဗျ၊ သူက ပင်လယ်ကမ်းစပ်မှာ မတော်တဆ ထိခိုက်မှုတစ်ခုဖြစ်လို့'

'ဟုတ်လား'

'ဟုတ်တယ်၊ နောက်တစ်ခုက ကျုပ်နောက်ကို တစ်ယောက်ယောက်က ခြေရာခံလိုက်နေတယ်ဗျ'

'ဟုတ်ကဲ့လားဗျ၊ ဘယ်သူက လိုက်တာလဲ'

'အခုအချိန်အထိ လူကိုတော့ ကျုပ်က မမြင်သေးပါဘူး'

'ဒါဖြင့် ခင်ဗျားက ဘယ်လိုလုပ်ပြီး သိတာလဲ'

'ကျုပ်ပြောရင် ခင်ဗျား ယုံမှာ မဟုတ်ဘူး'

'ဘယ်လိုလဲဗျ၊ ဆိုစမ်းပါဦး'

'ဂျပန်လိုတော့ 'ဟာရာဂေအိ'လို့ ခေါ်တယ်၊ 'ဘူဂျူဆု' အတတ်ပညာရဲ့ အစိတ်အပိုင်းတစ်ခု ဆိုပါတော့၊ ကြာရှည်လေ့ကျင့်ခြင်းအားဖြင့် လူတစ်ယောက်ဟာ ဒါမျိုးကို စိတ်ကအလိုလို သိနိုင်တယ်'

'ဒီလိုလား၊ ဒါဖြင့် အခု ခင်ဗျားနောက်ကို လိုက်နေတာ ဘယ်သူလို့ ထင်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'နင်းဂျားတစ်ယောက်ပဲ'

'ဟေ..ဟုတ်လား၊ ဒါဖြင့် ခင်ဗျား အဲဒီမှာပဲနေလိုက်ပါ၊ ကျုပ် အခု လာခဲ့မယ်'

'မဖြစ်ဘူးဗျာ၊ ဟိုလူက ကြာကြာနေမှာ မဟုတ်ဘူး၊ နောက်ပြီး ခင်ဗျားလိုက်လာတာနဲ့ သူကချက်ချင်း ရိပ်မိမှာပဲ'

'ဟာဗျာ…၊ ဒီတိုင်းငြိမ်နေလို့ ဘယ်ဖြစ်ပါ့မလဲ'

'ကိစ္စမရှိဘူး၊ ကျုပ်ဟာကျုပ် ကြည့်လုပ်ပါ့မယ်'

'ခင်ဗျား ဘယ်လိုထင်သလဲ'

'ကျုပ်အထင်တော့ နင်းဂျားဟာ သူ့ဒွေးကြီးတွမ်ကင်ကို လုပ်ကြံလိမ့်မယ်ထင်တယ်၊ ပြီးတော့ ဂျပ်စတင်ကိုလည်း ရန်ရှာမယ်ထင်တယ်၊ ဒါကြောင့် အခု ကျုပ်က ဂျပ်စတင်ရှိရာကို လိုက်သွားမလို့ ထွက်ခဲ့တာပဲ'

'နေစမ်းပါဦးဗျ၊ ခင်ဗျား တွမ်ကင်နဲ့ ဘာဆိုင်လို့လဲ'

'ကျုပ်က ဒီနေ့ကစပြီး တွမ်ကင်ဆီမှာ အလုပ် ဝင်လုပ်နေပြီ'

'ဟာဗျာ…ခင်ဗျားကလဲ'

ခရီကာ၏ စကားမဆုံးမီ နီကိုလာက ကြားဖြတ်၍ ဝင်ပြောလိုက်သည်။

'ခင်ဗျား အသာနေစမ်းပါဗျာ၊ ခင်ဗျားက နင်းဂျားအကြောင်း ဘာမှ သိတာမဟုတ်ဘူး၊ ဒီနေ့ပဲ ခင်ဗျားကို ကျုပ်ကသိုင်းသင်တန်းကျောင်း ခေါ်သွားပြီး ဂျပန်လူမျိုးတို့ရဲ့ အတတ်ပညာအကြောင်း နည်းနည်းပါးပါး သဘောပေါက်အောင် ပြခဲ့ရတယ်၊ ရှင်းရှင်းကတော့ အနောက်တိုင်းသားတွေဟာ အရှေ့တိုင်းရဲ့ အတွေးအခေါ်တွေကို နားမလည်ကြဘူး'

ဤသို့ ပြောပြီး နီကိုလာသည် စကားဖြတ်၍ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ထို့နောက် သူသည် မီးရထားပေါ်သို့ တက်၍ ပြတင်းပေါက်အနီး ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ စိတ်ထဲတွင်ကား အန္တရာယ် အလွန်နီးကပ်လျက် ရှိနေပြီဟု သိနေလေသည်။

ထိုအခိုက် ဘူတာရုံအတွင်းရှိ လူအုပ်ကြားထဲမှ လူတစ်ယောက်၏ မျက်နှာကို သတိပြုမိပြီး မှတ်မိသလိုရှိသဖြင့် သေချာစွာပြန်ကြည့်လိုက်သော အခါ လူအုပ်ကြားထဲ ပျောက်သွားသဖြင့် မမြင်ရတော့ချေ။



သူ စိုးရိမ်နေသော နင်းဂျားပင် ဖြစ်သလော။

သို့ဖြစ်လျှင်…နင်းဂျားက ဘာကြောင့် မိမိနောက်သို့ တကောက်ကောက် လိုက်နေရလေသနည်း။

ထိုမေးခွန်း၏ အဖြေတော့ ရှိရပေမည်။ သို့ရာတွင် နီကိုလာအနေဖြင့် ကျေနပ်လောက်သော အဖြေကို စဉ်းစား၍ မရချေ။

ရထားထွက်ရန် ခေါင်းလောင်းထိုးသံ ကြားရပြီး တွဲများတွင် တံခါးများ ပိတ်သွားလေသည်။

နီကိုလာသည် ပြတင်းပေါက်မှနေ၍ ပလက်ဖောင်းပေါ်သို့ လှမ်းကြည့်ရာ မသင်္ကာဖွယ်ရာ ဘာမျှမတွေ့ရချေ။

ရထား စ,ထွက်သောအခါ နီကိုလာသည် ထိုင်ခုံတွင်မှီ၍ အိပ်လိုက်သွားလေသည်။

✦ ✦ ✦

ခြောက်နာရီ ဆယ့်ငါးမိနစ်တိတိ အချိန်တွင် ရဲစုံထောက် လက်ဖ်တင်နင်ခရိုကာနှင့် ဒေါက်တာ ဗင်းဆင့်အီတိုတို့သည် 'မီချီတာ' စားသောက်ဆိုင်၌ ဆုံမိကြလေသည်။

ချောင်ကျကျ စားပွဲတစ်လုံးတွင်ထိုင်၍ ဆာကေအရက်မှာလိုက်ပြီးနောက် ခရိုကာက ဖိုင်တွဲတစ်ခုထုတ်ယူ၍ ဗင်းဆင့်အီတို၏ ရှေ့တွင် ချပြန်လေသည်။

'ခင်ဗျား ဒီလူကို မြင်ဖူးသလားလို့ ကြည့်စမ်းပါ'

ပြောပြောဆိုဆို လက်ဖ်တင်နင် ခရိုကာက ပုံတူပန်းချီကားချပ်များကို ထုတ်ယူ၍ပြလေသည်။

ရဲတပ်ဖွဲ့ပန်းချီဆရာက ရေးဆွဲထားသော ပုံတူပန်းချီကားချပ် 'စကက်ချ်' (ပုံကြမ်း) များဖြစ်ပြီး အသက်သုံးဆယ်အရွယ်ခန့်ရှိ အရှေ့တိုင်းသားတစ်ဦး၏ ပုံများဖြစ်လေသည်။

ဗင်းဆင့်အီတိုသည် ပုံများကို လေ့လာကြည့်ပြီးနောက် ခေါင်းခါလိုက်သည်။

'မမြင်ဖူးပါဘူး၊ ဒါပေမယ့် ဒီလူဟာ တယ်ရီတာနာက အသတ်ခံရတဲ့ရေက သိုင်းသင်တန်း ကျောင်းကို လာတဲ့သူမဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဗင်းဆင့်အီတိုံ စကားကြောင့် ခရိုကာသည် အံ့သြသွားပုံရလေသည်။

'ခင်ဗျား ဘယ်လိုလုပ်ပြီး သိတာလဲ'

'အဲဒီနေ့က ကျုပ်နဲ့တယ်ရီတာနာကားတို့က ညစာအတူစားကြတယ်၊ တယ်ရီက သူ့ကျောင်းက ဂျပန်အမျိုးသားတစ်ယောက် သိုင်းလေ့ကျင့်ဖို့ လာကြောင်းပြောပြတယ်၊ အဲဒီလူဟာ 'ကာရာတေး'၊ 'အာကီဒို'နဲ့ 'ကင်ဒို' သိုင်းအတတ်အားလုံးကို ကျွမ်းကျင်သတဲ့၊ ဒါပေမယ့် 'ကင်ဂျူဆူ' သိုင်းလေ့ကျင့်ဖို့ရာ တယ်ရီတာနာကားကိုယ်တိုင် ဝင်လေ့ကျင့်ပေးမှ ဖြစ်မယ့်အခြေအနေကို ရောက်နေတယ်'

'ဒါက ဘာများဆန်းလို့လဲ၊ ကျုပ် သိရသလောက် တယ်ရီတာနာကား ကိုယ်တိုင်က ကင်ဂျူဆူအတတ်ကို အလွန်ကျွမ်းကျင်တဲ့ နည်းပြဆရာတစ်ယောက်ပဲ မဟုတ်လား'

'မှန်တယ်၊ ဒါပေမယ့် ခင်ဗျားမသိတာက တယ်ရီတာနာကာဟာ ကင်ဂျူဆူပညာကို လုံးဝ မလေ့ကျင့်တော့ဘူး၊ သူ့ရဲ့ ကာတားနား ဓားရှည်ကိုလည်း မကိုင်တော့ဘဲ သိမ်းထားလိုက်ပြီ'

'ဟုတ်လား..ဘယ်တုန်းက သူက ကင်ဂျူဆူကို စွန့်လွှတ်လိုက်ရတာလဲ'

'အတိအကျတော့ မသိဘူး၊ ခြောက်လလောက် ရှိပြီထင်တာပဲ'

'ဒါဖြင့် နီကိုလာက ဘာကြောင့် ကျုပ်ကို ဒီအကြောင်း ပြောမပြတာလဲ မသိဘူး'

'ဒါတော့ နီကိုလာကိုယ်တိုင်က သိချင်မှသိမယ်၊ တယ်ရီတာနာကားကလည်း ပြောချင်မှပြောမယ်၊ ဘာပဲဖြစ်ဖြစ်လေ...ဒီပုံထဲကလူက ရုပ်ဖျက်ထားတယ်ထင်တယ်၊ သူ ဘယ်သူလဲဆိုတာ နီကိုလာနဲ့ ကျုပ်က သိချင်လည်း သိနေမယ်၊ သို့သော်လည်း ဒီပုံကြမ်းကြီးတွေ ကြည့်ရုံနဲ့တော့ တထစ်ချပြောလို့မရဘူး'

'အိုကေ'

လက်ဖ်တင် ခရိုကာက ပန်းချီပုံကြမ်းများကို ပြန်သိမ်းလိုက်ပြီးနောက် ဒေါက်တာ ဗင်းဆင့်အီတိုက ဆက်၍...

'ခင်ဗျား နီကိုလာကို တွေ့အောင်စောင့်လိုက်ပါဦးလား၊ သူ့ကိုလည်း ပုံတွေ ပြကြည့်ဦးပေါ့'ဟု ပြောလိုက်သည်။



'နီကိုလာက ဒီနေ့ နေ့လည်က ကျုပ်ဆီကို တယ်လီဖုန်းဆက်တယ်၊ သူ့အဆက်မိန်းကလေး ဘာထိခိုက်မှု ဖြစ်လို့ဆိုလား လိုက်သွားမလို့တဲ့၊ ဒါထက် ... ကျုပ် နားမလည်နိုင်တာက ဒီမျက်နှာစိမ်း ဂျပန်က သိုင်းသင်တန်းကျောင်းကို ဝင်တာ,ထွက်တာ ဘယ်သူကမှ မမြင်နိုင်ဘူးလို့ ဆိုတယ်၊ တယ်ရီတာနာကားရဲ့ အိမ်ကို လာတာလည်း ဘယ်သူမှ မမြင်လိုက်ဘူး'

'ဒါက မဆန်းပါဘူး၊ ဒီလူက တကယ့် ကြေးစားတစ်ဦး ဖြစ်တယ်၊ ဒီမယ်...ခရိုကာ...ခင်ဗျားအနေနဲ့ ရန်သူရဲ့အင်အားကို ဘာမှ အတိအကျ သိတာ မဟုတ်ဘူး'

'နီကိုလာကလည်း ကျုပ်ကို ဒီအတိုင်းပဲ ပြောတယ်၊ ကျုပ်က ဒီစကားကိုတယ်ပြီး မကြားချင်ဘူး'

'ဒါက အမှန်ပဲဗျ၊ ဒီလူဟာ လူသတ်ချင်ရင် ဘယ်သူ့ကိုမဆို သတ်နိုင်တယ်'

'ဒါဖြင့် သူဌေးကြီး တွမ်ကင်လိုလူကိုတောင် သတ်ချင်ရင်ရနိုင်တယ်ဆိုပါတော့'

'ဟုတ်တယ်၊ သူဌေးကြီး တွမ်ကင်ကိုတောင် သတ်ချင်ရင်ဖြစ်တယ်'

'ဗင်းဆင့်အီတိုက ဤသို့ပြောသည်ကို ခရိုကာသည် လက်ခံချင်ပုံမရချေ။

'တွမ်ကင်ကို သတ်ဖို့ကြံခဲ့ဖူးတာ များပါပြီ၊ တစ်ခါမှ မအောင်မြင်ခဲ့ဘူး'

'အဲဒါက ရိုးရိုးလူဆိုးလူမိုက် သေနတ်သမားတွေ ကြံတာဖြစ်မယ်၊ ဒီလူက ဘယ်သူနဲ့မှ မတူတဲ့ တကယ့်ကြေးစား ကျွမ်းကျင်သူဖြစ်တယ်၊ အမေရိ ကန်မှာရှိတဲ့ ရိုးရိုးလူမိုက်တွေနဲ့ လုံးဝမတူဘူး၊ သူဟာ မျက်လှည့်ပြသလို အလွန်ထူးဆန်းတာတွေ လုပ်နိုင်တယ်'

'ခင်ဗျားတကယ်ပြောတာလား'

'တကယ်ပြောတာပါ၊ အလွန်ကြောက်စရာကောင်းပါတယ်'

ထိုအခိုက် စားပွဲထိုးရောက်လာသဖြင့် စားစရာများနှင့် 'ဆာ[illegible] အရက်ထပ်မှာလိုက်ပြီး စကားဆက်ပြောနေကြလေသည်။

'ဒီနေ့ပဲ နီကိုလာက ကျုပ်ကို ကင်ဂျူဆူ သင်တန်းကျောင်းကို ခေါ်သွားတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



လက်ဖ်တင်နင် ခရိကာက ပြောရာ၊ ဗင်းဆင့်အီတိုက…

'ဘယ်ကျောင်းလဲ'

ဟုပြန်မေးလိုက်သည်။

'ကျောင်းနာမည်ကိုတော့ မသိပါဘူး၊ သင်တန်းဆရာနဲ့တော့ တွေ့ခဲ့ရတယ်၊ သူ့နာမည်က 'ဖူဂါရှီဂီ' ဆိုလားပဲ'

ဤတွင် ဗင်းဆင့်အီတိုသည် အံ့သြသွားပုံရလေသည်။

'အဲဒါဆိုရင် ခင်ဗျားဟာ အထူးအခွင့်အရေးရတာပဲလို့ ဆိုရမယ်၊ ဒီသင်တန်းကျောင်းကို အနောက်နိုင်ငံသားတွေ အနေနဲ့ ဝင်ခွင့်ရဖို့ မလွယ်ဘူး၊ ဒီကျောင်းကို နီကိုလာက ခင်ဗျားကို ခေါ်သွားတယ်ဆိုတော့…'

ဗင်းဆင့်အီတိုက စကားကို အဆုံးမသတ်ပဲ ရပ်ထားလိုက်စဉ် ခရိကာက…

'ဒီနေ့ ကျုပ်က နီကိုလာနဲ့ စကားပြောရင်း အရှေ့တိုင်းသိုင်းပညာအကြောင်း ထိပါးစော်ကားပြီး ပြောလိုက်မိတော့ နီကိုလာက ကျုပ်ကိုလက်တွေ့ပြရအောင် ခေါ်သွားတယ်ထင်တယ်၊ ဒါပေမယ့် နီကိုလာဟာ ကျုပ်ကိုစိတ်ဆိုးပုံမရပါဘူး'

'သူက စိတ်မဆိုးတတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားအဖို့ သိက္ခာတော့ ကျစရာပဲ'

'ဘယ်လိုသိက္ခာကျတာလဲ'

'ကျုပ်တို့ အရှေ့တိုင်းသားတွေက လူတစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရာမှာ တစ်ဦးပေါ်တစ်ဦး လေးစားမှုအပေါ် အခြေပြုပြီး ဆက်ဆံလေ့ရှိကြတယ်၊ ခင်ဗျားတို့ အချင်းချင်း ဘာတွေပြောကြသလဲဆိုတာတော့ ကျုပ်မသိဘူး၊ သိလည်းမသိချင်ပါဘူး၊ ဒါပေမယ့်…တကယ်လို့ ခင်ဗျားက နီကိုလာကို စိတ်ထဲနာကျည်းအောင် လုပ်မိပြောမိတယ် ဆိုရင်တော့ ခင်ဗျားအပေါ် သူ့ရဲ့ လေးစားမှုဟာ လျော့ပါးသွားမှာ သေချာတယ်၊ အထင်လည်း သေးသွားမယ်'

'သူ ဘယ်လိုပဲထင်ထင်၊ ကျုပ်က အရေးစိုက်စရာ မဟုတ်ပါဘူး'

'ခင်ဗျား သဘောထားက ဒီလိုဆိုရင် ပြီးတာပါပဲ၊ ဒီတော့ ကျုပ်တို့ ဒီအကြောင်းကို ဆက်ပြီး ဆွေးနွေးစရာလဲ မလိုတော့ပါဘူး'

ဤသို့ ပြောပြီး ဒေါက်တာ ဗင်းဆင့်အီတိုသည် ဆာကေအရက်ခွက်ကိုယူ၍ မော့သောက်လိုက်လေသည်။



ထိုအခါ ခရိကာက…

'ဆက်ပြောပါဦးဗျ'

ဟု ပြောလိုက်ပြန်သည်။

'ကျုပ် ပြောချင်တာကတော့ နီကိုလာက ခင်ဗျားကို ခွင့်မလွှတ်ဘူးလို့ မထင်ပါနဲ့၊ ခွင့်လွှတ်လို့သာ သူက ခင်ဗျားကို သိုင်းဆရာ 'ဖူဂါရှီတာဂီ'နဲ့ တွေ့ရအောင် ခေါ်သွားတာပဲ၊ အခုခင်ဗျား လုပ်ဖို့က နီကိုလာက ခင်ဗျားကို ပြန်လေးစားလာအောင် ကြိုးစားဖို့သင့်တယ်'

'ကျုပ်က ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'အဲဒီ မေးခွန်းရဲ့ အဖြေ ကျုပ်သာပြောနိုင်ရင် ကျုပ်ဟာဉာဏ် အမြော်အမြင် အလွန်ကြီးမားတဲ့ ပုဂ္ဂိုလ်ဖြစ်မှာပေါ့၊ ဒါပေမယ့် ဒီနေ့အဖို့တော့ ကျုပ်က ဉာဏ်အမြော်အမြင် လုံးဝမရှိသလို ဖြစ်နေတယ်'

❁ ❁ ❁

---

၄

'ဆုရှီ' ဘားနှင့် ဂျပန်စားသောက်ဆိုင်၏ ချောင်ကျကျ တစ်နေရာတွင် လူတစ်ယောက်သည် 'ဆာရှီမီ' ခေါ် ဂျပန်အစားအစာတစ်ခွက်ကို ထိုင်စားနေလေသည်။ သူ၏ မျက်နှာက ရုပ်ဖျက်ထားသည်။ ပါးရိုးများ ပြားနေသည်ကို ချွန်ထက်နေအောင် ပြုလုပ်ထားပြီး နှာခေါင်းကိုလည်း ပုံတစ်မျိုးဖြစ်အောင် ဖန်တီး၍ ရုပ်ဖျက်ထားလေသည်။

မကြာမီ ဒေါက်တာ ဗင်းဆင့်အီတိုနှင့် ရဲစုံထောက် လက်ဖ်တင်နင် ခရိကာတို့ ဆိုင်တွင်းသို့ ဝင်လာရာ ထိုလူက ချက်ချင်းလှမ်းမြင်လိုက်သည်။

ဗင်းဆင့်အီတိုနှင့် ခရိကာတို့ကမူ ထိုလူကို လုံးဝသတိမပြုမိကြချေ။

ခဏမျှကြာလျှင် ထိုလူသည် ထိုင်ရာမှ ထ၍ ရေချိုးခန်းနှင့် အိမ်သာများ ရှိသောအခန်းသို့ လျှောက်ဝင်သွားလေသည်။

သူသည် မျက်နှာသစ်ခွက်တွင် လက်ဆေးရင်း သူ၏မျက်နှာကို မှန်ထဲတွင် သေချာစွာကြည့်လေသည်။

ထိုအခိုက် လူနှစ်ယောက်ဝင်လာရာ ရုပ်ဖျက်ထားသူသည် လျင်မြန်စွာ ပြန်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည်စားပွဲသို့ ပြန်သွားကာ စားပွဲထိုးအား ကျသင့်ငွေကို ရှင်းပေးပြီးနောက် ဆိုင်ပြင်သို့ လျှောက်ထွက်သွားလေသည်။

ပြင်ဘက်သို့ ရောက်သောအခါ တက္ကစီကားတစ်စီးကို ငှား၍တက်စီးသွားလေသည်။

ထိုလူသည် ကားပေါ်တွင် ထိုင်လိုက်သွားရင်း နောက်သို့ မကြာမကြာ လှမ်းကြည့်လေသည်။ လမ်းတစ်လမ်းသို့ ရောက်လျှင် တက္ကစီကို ရပ်နိုင်းပြီး ကျသင့်ငွေ ရှင်းပေး၍ ပြန်လွှတ်လိုက်သည်။ ထို့နောက် အခြားတက္ကစီကားတစ်စီးကို ငှားစီးပြီး တစ်နေရာသို့ အရောက်တွင် ငွေရှင်းပေး၍ ဆင်းလိုက်ပြန်သည်။

ဤသို့လျှင် ထိုလူသည် လေးကြိမ်တိုင်တိုင် တက္ကစီကားကို ပြောင်း၍စီးသွားလေသည်။

ပတ္တရောင်ရဲ 'ပီတာထရာဗင်း' သည် တာဝန်ကျသဖြင့် ရဲပိုင်ယာလက်ကားတစ်စီးဖြင့် ကင်းလှည့်လျက်ရှိလေသည်။

၂၈ လမ်းသို့ ရောက်လျှင် အပ်ချုပ်ဆိုင်၏ ဘေးလမ်းကြား မှောင်ရိပ်၌ မသင်္ကာဖွယ် တစ်စုံတစ်ခု မြင်မိသဖြင့် ကားကိုရပ်ပြီး စုံစမ်းရန် ဆင်းလိုက်လေသည်။

လမ်းကြားထဲသို့ အဝင်တွင်သူသည် ခါးကြားမှ ခြောက်လုံးပြူးသေနတ်ကို အသင့်ဆုပ်ကိုင်ပြီး သတိထားလျက် ဝင်သွားလိုက်သည်။

သူ လှမ်းမြင်လိုက်သော မသင်္ကာဖွယ် ဆိုသည်ကား လမ်းကြားထဲတွင် လဲကျနေသော လူတစ်ယောက်၏ သဏ္ဌာန် ဖြစ်နေလေသည်။

ပီတာထရာဗင်းသည် ထိုလူ၏ လည်ပင်းကို လက်ဖြင့်အသာစမ်းကြည့်လိုက်ရုံနှင့် ထို 'လူ' သေနေပြီဖြစ်ကြောင်း သိရလေသည်။

ရဲသား ပီတာထရာဗင်းသည် အနီးဆုံး တယ်လီဖုန်းမှ သက်ဆိုင်ရာသို့ အကြောင်းကြားလိုက်ပြီးနောက် သေနေသူ၏ ကိုယ်တွင်ရှာဖွေကြည့်ရာ ပိုက်ဆံအိတ်နှင့်တကွ စာရွက်စာတမ်း တစ်ခုတစ်လေမှ မတွေ့ရသဖြင့် အံ့သြသွားမိလေသည်။ ထိုလူ မည်သူမည်ဝါမှန်း မသိရချေ။

မကြာမီ ရဲကားတစ်စီး ရောက်လာလေသည်။

နောက် သုံးနာရီခန့် ကြာသောအခါ လက်ဗွေပုံစံများကို စစ်ဆေးကြည့်ခြင်းအားဖြင့် သေသူသည် မည်သူမည်ဝါဖြစ်ကြောင်း ရဲကသိရလေသည်။



ထိုသူကား တက္ကစီကား ဒရိုင်ဘာတစ်ဦး ဖြစ်သည်။

သို့ဖြစ်လျှင် သူ၏ တက္ကစီကား ဘာဖြစ်၍ ဘယ်ရောက်နေသနည်းဟု ရဲက စဉ်းစားရခက်နေပြန်လေသည်။

✦ ✦ ✦

ဒေါက်တာ ဗင်းဆင့်အီတိုသည် ဂျပန်စားသောက်ဆိုင် မီရှီတာ ပြင်ဘက်သို့ ထွက်လာပြီး တက္ကစီကားတစ်စီးငှားရန် လိုက်ရှာနေလေသည်။

သူသည် ဆာကေအရက် ခပ်များများ သောက်ထားသဖြင့် လမ်းလျှောက်ရာတွင် အနည်းငယ် ဒယိမ်းဒယိုင် ဖြစ်နေလေသည်။ အမှန်တော့ အရက်များများ သောက်ရခြင်းမှာ သူ၏စိတ်တွေ ဂဏာမငြိမ်ဘဲ လှုပ်ရှားနေ၍ ဖြစ်လေသည်။

ဒေါက်တာ ဗင်းဆင့်အီတိုသည် တက္ကစီကား အလွယ်တကူ မရသဖြင့် အနောက်ဘက်သို့ ခြေကျင်လျှောက်ထွက်ခဲ့လေသည်။

၆ လမ်းထိပ်သို့ အရောက်တွင် တက္ကစီကား အလွတ်တစ်စီး မောင်းလာသည်ကို တွေ့ရသဖြင့် လက်ပြ၍ တားပြီး ကားပေါ်တက်လိုက်သည်။

ဒရိုင်ဘာလည်း လျင်မြန်စွာ မောင်းထွက်သွားလေသည်။

ကားက အတွင်း၌ ကျယ်ဝန်းသော ကားကြီးဖြစ်၍ ဗင်းဆင့်အီတိုသည် သဘောကျမိလေသည်။

သူ၏စိတ်ထဲတွင်ကား ဇာတိဌာနေ ဂျပန်ပြည်ကို အထူးသတိရနေမိလေသည်။

ထိုအခိုက် ကား၏နောက်ကြည့်မှန်တွင် တက္ကစီဒရိုင်ဘာကို အမှတ်မဲ့ကြည့်လိုက်မိရာမှ အံ့အားသင့်သွားမိလေသည်။

ကားမောင်းသူက ဂျပန်လူမျိုးတစ်ဦး ဖြစ်နေလေသည်။

ဒေါက်တာ ဗင်းဆင့်အီတိုက ဂျပန်ဘာသာဖြင့် နှုတ်ဆက်စကားပြော ရာ ဒရိုင်ဘာကလည်း ဂျပန်လို ပြန်ပြောလေသည်။

တက္ကစီကားသည် ၄၅ လမ်းကိုဖြတ်၍ အနောက်ဘက်သို့ ဆက်မောင်းနေလေသည်။

'ဒီနေ့ည ရာသီဥတုက ဂျပန်ပြည်လိုပဲနော်'

ဗင်းဆင့်အီတိုက ဂျပန်လို ပြောလိုက်ရာ ဒရိုင်ဘာက...

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တော့ ဒီရာသီဥတုမျိုး သဘောမကျဘူး'

ဟု ပြန်ပြောလေသည်။

ဗင်းဆင့်အီတိုသည် ဒရိုင်ဘာ၏ မျက်နှာကို သေချာစွာ ပြန်ကြည့်လိုက်သည်။ မျက်နှာအနေအထားက တစ်မျိုးဖြစ်နေသည်ဟု ထင်မိလေသည်။ သို့သော် ကားထဲ၌ မှောင်နေသဖြင့် မည်သို့မည်ပုံ ထူးခြားနေသည်ကိုကား မပြောနိုင်ချေ။

ထိုအချိန်၌ ဒေါက်တာ ဗင်းဆင့်အီတိုသည် ဆာကေအရက်ကြောင့် အတော်မူးနေသဖြင့် ဦးနှောက်ထဲ မကြည်မလင် ဖြစ်နေလေသည်။

ထိုအခိုက် ဒရိုင်ဘာက အနောက်သို့ လှည့်ပြီးဘာလုပ်လိုက်သည်မသိ၊ ဗင်းဆင့်အီတို၏ နှာခေါင်းထဲသို့ စူးရှသောဓာတ်ငွေ့လို အခိုးအငွေ့များ ဝင်လာပြီး သတိမေ့သလို ဖြစ်သွားလေသည်။

✦ ✦ ✦

ရဲစုံထောက် ခရိကာသည် ဗင်းဆင့်အီတို ပြန်သွားပြီးနောက် ဆိုင်တွင်း၌ တစ်ယောက်တည်း ထိုင်ကျန်ရစ်လေသည်။ သူ နောက်ထပ် ဆာကေအရက်မှာပြီး သောက်နေလေသည်။

သူ့အနေဖြင့် အိမ်သို့မပြန်ချင်၍ ဆက်ထိုင်သောက်နေခြင်း ဖြစ်သည်။

အရက် 'သောက်ရင်း ခရိကာသည် နင်းဂျားအကြောင်း စဉ်းစားနေမိလေသည်။

အထူးသဖြင့် 'အင်ဂျီလာ-ဒီဒီယွန်'အမည်ရှိ အမျိုးသမီးအသတ်ခံခဲ့ရပုံကို ပြန်သတိရမိသည်။ အမျိုးသမီးသေရပုံနှင့် ပတ်သက်၍ မှုခင်းဆရာဝန်က အလောင်းကို စစ်ဆေးကြည့်ပြီး မည်သည့်လက်နက်မှမသုံးဘဲ လက်ချည်းသက်သက်ဖြင့် သတ်ခဲ့ပါသည်ဟု ထွက်ဆိုခဲ့သည်။ ထို့ကြောင့် လူသတ်သမားသည် အလွန် ခွန်အားကြီးမားသူတစ်ဦး ဖြစ်ရပေမည်။

ခရိကာသည် နင်းဂျားအကြောင်း စဉ်းစားရင်း နီကိုလာကိုလည်း သတိရမိပြန်သည်။

ဒေါက်တာ ဗင်းဆင့်အီတို၏ ပြောပြချက်အရ မိမိသည် နီကိုလာအား စကားပြောရင်း စော်ကားရာရောက်သလို ဖြစ်သွားသည်ဟု ဆိုသည်။

တစ်ခုတော့ရှိသည်။ နီကိုလာသည် နင်းဂျားအကြောင်းကို သူများ



တကာထက်ပို၍ ကောင်းစွာသိသူ ဖြစ်ရပေမည်။

စဉ်းစားရခက်သော အချက်တစ်ခုကား အကယ်၍ နင်းဂျားသည် သူဌေးကြီးတွမ်ကင်အား လုပ်ကြံသတ်ဖြတ်ရန် ကြံနေသည်ဆိုပါက အဘယ်ကြောင့် ဘာမှမဆိုင်သူလေးကို သတ်ဖြတ်ခဲ့သနည်းဟူသော အချက်ပင် ဖြစ်သည်။ ထိုမေးခွန်း၏ အဖြေကို မည်သို့မှ စဉ်းစား၍ မရချေ။

နီကိုလာကတော့ အဖြေကို သိကောင်း သိပေမည်။

ခရိကာသည် သူ၏ လက်ပတ်နာရီကို ကြည့်လိုက်သည်။ နီကိုလာထံသို့ တယ်လီဖုန်း ဆက်မည်ဟု စိတ်ကူးလိုက်ပြီးမှ မဆက်ရန် ဆုံးဖြတ်လိုက်ပြန်သည်။ သူပြောလိုသည့် စကားမျိုးက တယ်လီဖုန်းဖြင့်ပြောရန် မသင့်ဟု စဉ်းစားမိ၍ မဆက်ဘဲ 'နေလိုက်ခြင်း ဖြစ်သည်။

နောက်တစ်ချက်က ခရိကာသည် ဆာကေအရက်တွေ အလွန်အကျွံသောက်ထားသဖြင့် မူးနေပြီ ဖြစ်လေသည်။

✦ ✦ ✦

ဗင်းဆင့်အီတိုသည် အသက်ရှူ၍ မရသလို ဖြစ်နေသော်လည်း သတိမမေ့သေးချေ။

တက္ကစီကားပေါ်တွင်ဆက်နေ၍ မဖြစ်တော့ဟု စဉ်းစားမိသဖြင့် မီးပွိုင့်တစ်ခုမှအထွက်တွင် သူသည် ရုတ်တရက် တံခါးကိုဖွင့်ပြီး ကားပေါ်မှ ခုန်ဆင်းလိုက်လေသည်။

တက္ကစီကားဒရိုင်ဘာလည်း ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်ပြီး...

အရက်သောက်ရင်း ခရိကာလည်း ကားကိုလမ်းဘေးတွင် ထိုးရပ်လိုက်ပြီး..

'ဟေ့လူ..ပြန်လာခဲ့ပါ၊ ကားခ ပေးဦးဗျ'

ဟု လှမ်းအော်လေသည်။

သို့သော် ဗင်းဆင့်အီတိုက ဂရုမစိုက်ဘဲ အတင်းထွက်ပြေးလေသည်။

သူ့အဖို့ အသက်ဘေး အန္တရာယ် နီးကပ်နေပြီဟုလည်း စိတ်ထဲမှ စိုးရိမ်မိသဖြင့် ခြေဦးတည့်ရာသို့ ဇွတ်ပြေးသွားလေသည်။

လက်ယာဘက်သို့ ချိုးကွေ့၍ ပြေးနေချိန်တွင် နောက်မှ တစ်စုံတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က ပြေးလိုက်လာသည့် ခြေသံကြားရသဖြင့် ဗင်းဆင့်အီတိုသည် ပို၍ပင် ကြောက်လာကာ ခြေကုန်သုတ်ပြေးလေသည်။

နောက်မှ လိုက်လာသူသည် မိမိအားသတ်ရန် လိုက်နေခြင်းဖြစ်ရမည်ဟုလည်း တစ်ထစ်ချတွက်မိလေသည်။

သူ့ကို ရုတ်တရက် မမြင်နိုင်ရန် မှောင်ရိပ်ကောင်းကောင်း ရှာကြည့်ရင်း ရုပ်ရှင်ရုံတစ်ရုံကို သွားတွေ့သဖြင့် ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ရုံဝရှိ လက်မှတ်ရောင်းသောနေရာသို့ ရောက်လျှင် ငွေစက္ကူ တစ်ရွက်ကို ထုတ်ပေးလိုက်ပြီး ပြန်အမ်းငွေကိုပင် မယူတော့ဘဲ ရုံတွင်းသို့ လျင်မြန်စွာ ဝင်လိုက်သည်။

ရုံတွင်း၌ကား မှောင်မည်းနေသဖြင့် အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

သူသည် ဘေးနံရံကိုကပ်၍ လျှောက်ဝင်သွားပြီး မျက်လုံးများက အမှောင်ကို ကျင့်သားရလာသောအခါ ဝင်ပေါက်တံခါးဆီသို့ လှမ်းကြည့်နေလေသည်။

သူ့အား သတ်ရန် နင်းဂျားသည် အနီးအနားတွင် ရောက်ရှိနေပြီဟုလည်း ထင်မိသဖြင့် ဗင်းဆင့်အီတိုသည် ခုံတန်းတစ်တန်းတွင် ဝင်ထိုင်နေလိုက်သည်။

ခဏမျှကြာသော် လူတစ်ယောက်သည် သူထိုင်နေသော ထိုင်ခုံတန်းဆီသို့ ခပ်ဖြည်းဖြည်း လျှောက်ဝင်လာသည်။

နင်းဂျားက မိမိနေရာကိုသိ၍ လိုက်လာခြင်းပေလော။

ထိုလူသည် ဗင်းဆင့်အီတို၏ ဘေးခုံမှ လူတစ်ယောက်အား တစ်စုံတစ်ခုကပ်ပြောလိုက်ရာ ထိုင်နေသူက ထ,ပြီး အခြားထိုင်ခုံတစ်ခုံတွင် ပြောင်းထိုင်လိုက်သည်။ ဤတွင် ဝင်လာသူက ဗင်းဆင့်အီတိုနှင့် ကပ်လျက်ခုံတွင် ဝင်ထိုင်လိုက်သည်။

ထိုလူ၏ မျက်လုံးများကို ရုပ်ရှင်ပိတ်ကားပေါ်မှ အလင်းရောင်တွင် အမှတ်မဲ့ကြည့်လိုက်ရာ၊ နင်းဂျားဖြစ်နေကြောင်း သိရလေသည်။

ဗင်းဆင့်အီတိုသည် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကာ မတ်တတ် ထ,ရန် ကြိုးစားလိုက်သည်။ သို့သော် ခြေထောက်များက လေဖြတ်သလို လှုပ်၍မရဘဲ ဖြစ်နေပြန်သည်။



လက်တစ်ဖက်ကို မြှောက်ကြည့်ရာ မြှောက်၍မရဘဲ ဖြစ်နေပြန်သည်။

သည်တော့မှ ဗင်းဆင့်အီတိုသည် တက္ကစီကားပေါ်မှ အဖြစ်ကို ပြန်စဉ်းစားမိတော့သည်။ မိမိ၏နှာခေါင်းသို့ ပက်ဖျန်းလိုက်သော ဓာတ်ငွေ့တစ်မျိုးမှာ ခြေလက်အင်္ဂါများ လေဖြတ်သလို မလှုပ်ရှားနိုင်အောင် စီရင်ထားသည့် ဆေးတစ်မျိုးဖြစ်ရပေမည်။

ဤသို့ စဉ်းစားမိသောအခါ ဗင်းဆင့်အီတိုသည် ကြောက်ရွံ့ထိတ်လန့်သည့်စိတ် လုံးဝမရှိတော့ချေ။ သူသေရတော့မည်ဟူသော အချက်ကို လက်ခံကာ မိခင်နိုင်ငံ ဂျပန်ပြည်၏ ရှုခင်းများကိုသာ စဉ်းစားနေမိလေသည်။

သူ၏ဘေးမှ နင်းဂျားသည် ဗင်းဆင့်အီတို၏ လက်မောင်းတစ်ဖက်ကို အသာဖမ်းကိုင်ပြီး မြှောက်လိုက်သည်။ သို့သော် ခွန်အားအလွန်ကြီးမားသူ ဖြစ်ကြောင်း သိသာထင်ရှားလေသည်။

ဒေါက်တာ ဗင်းဆင့်အီတိုသည် မြန်မြန်သေရင် အေးတာပဲဟုသာ စိတ်လျှော့ထားလိုက်ပြီး ဖြစ်လေသည်။

## ၁

တိုကျိုမြို့၏ ဆင်ခြေဖုံး။

၁၉၆၃ ခုနှစ်၊ ဆောင်းရာသီ။

နီကိုလာ၏ မိခင် 'ချီယွန်'သည် အနောက်ဘက် မိုးကုတ်စက်ဝိုင်း၌ နေဝင်လုဆဲ ရှုခင်းကိုသားဖြစ်သူနှင့် အတူကြည့်ယင်း စကားပြောနေလေသည်။

'အခု နေဝင်ချိန် ရှုခင်းဟာ အလွန်လှပတယ်သားရဲ့၊ သားက မကြာခဏ ကြည့်ဖို့ကောင်းတယ်'

'ဒါပေမယ့် အမေရယ်၊ ကျွန်တော့်အဖို့က ကင်ဂျူဆု သင်တန်းတက်ရတာ အလွန်အချိန်ကုန်လှပါတယ်'

နီကိုလာက ပြန်ပြောလိုက်ရာ ချီယွန်က နားလည်သည့်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒါကိုလည်း အမေသိပါတယ်ကွယ်၊ ဒါပေမဲ့ သားကို အမေတစ်ခု ပြောရဦးမယ်၊ အမေတို့ရဲ့ အဖေကြီး 'ပိုဆင်' ပြောဖူးတဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ သားရဲ့ဘိုးဘေးဘီဘင်တွေ ရှိခဲ့တယ် မဟုတ်လား၊ သူတို့ရဲ့စိတ်ဓာတ်ဟာ ငါ့သားရဲ့ခန္ဓာကိုယ် သွေးသားထဲမှာ အမြဲကိန်းအောင်းနေတယ်၊ အဲဒါကို မြဲမြဲ မှတ်ထားပါ'

'ဒါတော့ ကျွန်တော်မသိဘူးအမေ၊ ကျွန်တော့်ရဲ့ အမေရိကန် မိတ်ဆွေ တချို့ကတော့ မျိုးရိုးစဉ်ဆက်က ရှိခဲ့တဲ့ အတွေးအခေါ် အယူအဆတွေကို စွန့်ပယ်ဖျောက်ပစ်လို့ ရတယ်တဲ့'

'ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ အမေဆိုရင် မင်းရဲ့အဘိုးမှာရှိတဲ့ စိတ်ဓာတ် အပြည့်အဝ ရှိနေတယ်'

'အဘိုးရဲ့အကြောင်းကို ကျွန်တော်က ဘာမှ ပြည့်ပြည့်စုံစုံ မသိဘူး အမေ'

'နောက်တော့ သိလာမှာပေါ့ကွယ်၊ သားက အခု ငယ်ပါသေးတယ်'

'အမေကတော့ အသက်ငယ်ငယ် အရွယ်ထဲက ဒါမျိုးတွေ နားလည် သဘောပေါက်ခဲ့တယ် မဟုတ်လားဟင်'

'ဒါတော့ ဟိုအချိန်က အခြေအနေက တစ်မျိုးဖြစ်ခဲ့တယ်'

မှတ်ချက်။ ။ ချီယွန်က 'အဖေကြီး ပိုဆင်'ဟု ပြောလိုက်သူကား သူတို့ စက်ဘပူတွင် နေထိုင်စဉ်က အမြဲစောင့်ရှောက်ခဲ့သူ အဘိုးကြီး ပိုဆင်ကို ဆိုလိုခြင်းဖြစ်သည်။

ချီယွန်က စကားဆက်ပြောလေသည်။

'အမေ့အနေနဲ့ ဒီလိုစိတ်ဓာတ်နဲ့ အတွေးအခေါ်တွေကို သားရဲ့အဖေနဲ့ အတူ အမေတို့ စက်ဘပူက ထွက်မလာခင်ကတည်းက ရှိခဲ့တယ်၊ ဒါဟာ အမေတို့ မျိုးရိုးအနွယ်ရဲ့ အမွေအနှစ်ပဲဖြစ်တယ်၊ သားရဲ့ဖခင်ကြီးတောင်မှ နိုင်ငံခြားသား ဖြစ်ပေမယ့် အာရှတိုက်ကို သူ့ရဲ့ဇာတိနေရပ်လို့ သဘောထား တယ်၊ ဒါကြောင့် အမေရော သားရဲ့အဖေပါ အရှေ့တိုင်းသားတွေပဲလို့ ဆိုနိုင် တယ်'

'အမေပြောတာတွေကို ရှုပ်ထွေးနေတာပဲ'

နီကိုလာက ပြန်ပြောလိုက်ရာ မိခင် 'ချီယွန်'က ပြုံးလိုက်သည်။

'အမေတို့ကတော့ ဒီလို အတွေးအခေါ်မျိုးနဲ့မှ နေတတ်တယ် သားရဲ့'

✦ ✦ ✦



နီကိုလာ၏ အဒေါ် 'အီတာမီ' နှင့် 'ဆာဆူကိုင်' တို့သည် မကြာခဏ ဆိုသလို ညစာ လာရောက် စားသောက်လေ့ရှိရာ နီကိုလာသည် ဆာဆူကိုင် ပြောပြသောစကားများကို အထူးစိတ်ဝင်စားမိလေသည်။ ဆာဆူကိုင် ပြောပြ၍ လည်း ဂျပန်ပြည်သည် ဒုတိယကမ္ဘာစစ်ကြီးကို စတင်တိုက်ခိုက်ခဲ့ရပုံ၊ စစ်မက် ဖြစ်ပွားအောင် 'ဗိုင်ဘက်ဆူ' ခေါ် ဂျပန်စီးပွားရေး လောဘသမားတို့၏ အဖွဲ့ အစည်းက ကြိုးကိုင်ဖန်တီးခဲ့ပုံများကို သိရလေသည်။ စင်စစ်အားဖြင့် ဂျပန် တို့ မရှုမလှ အရေးနိမ့်ခဲ့ရသော ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်သင့်ဘဲ ဖြစ်ပွား ခဲ့ရသည်ကိုလည်း နီကိုလာက နားလည် သဘောပေါက်လာမိလေသည်။

ဆာဆူကိုင်ကိုယ်တိုင်က ဂျပန်စီးပွားရေး အဖွဲ့အစည်း ဗိုင်ဘက်ဆူ အဖွဲ့ဝင်တစ်ဦး ဖြစ်လေသည်။

တစ်ခါသော ဆာဆူကိုင်သည် နီကိုလာ၏ ဖခင် ဗိုလ်မှူးကြီးနှင့် ဂျပန်ပြည် ကွန်မြူနစ်ပါတီ၏ အကြောင်းကို စကားစပ်ဆွေးနွေးလေသည်။

ဗိုလ်မှူးကြီးက ဂျပန်ပြည်တွင် ကွန်မြူနစ်ပါတီ၏ အင်အားက ပြောပ,လောက်အောင် မရှိကြောင်း ထောက်ပြသောအခါ ဆာဆူကိုင်က…

'ဒါပေမယ့် သူတို့ဟာ ကျွန်တော်တို့ ဂျပန်ပြည်အတွက် အန္တရာယ် ဖြစ်နေတယ်၊ ပြဿနာလည်း ရှုပ်တယ်၊ ကွန်မြူနစ်တွေဟာ အယူသည်းဝါဒ သမားတွေဖြစ်တဲ့အပြင် ကမ္ဘာတစ်ခုလုံးကို ကွန်မြူနစ်ဩဇာ လွှမ်းမိုးနိုင်အောင် ကြိုးစားဖို့ ကြံနေကြတယ်၊ ဒါကြောင့် ကွန်မြူနစ်အန္တရာယ်ကို အထူးသတိထား ဖို့ လိုတယ်'

ဟု ပြန်ပြောလေသည်။

ဗိုလ်မှူးကြီးကမူ မည်သို့မှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။

သူသည် ဆာဆူကိုင်၏ အတွေးအခေါ်၊ အယူအဆများ အကြောင်းကို ဆင်ခြင်သုံးသပ်နေမိလေသည်။

ဆာဆူကိုင်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ဂျပန်စစ်မက် ဝါဒကို လှုံ့ဆော်ဖန်တီးခဲ့သော ဗိုင်ဘက်ဆူအဖွဲ့ကို အလွန်အထင်ကြီးနေပုံရသည်။ ယခု စစ်ပြီးခေတ် ဂျပန်ပြည်တွင်လည်း ကွန်မြူနစ်အန္တရာယ်ကို ကာကွယ်ရန် ဗိုင် ဘက်ဆူ အဖွဲ့သည် လိုအပ်သည်ဟု ယူဆလေသည်။

ဆာဆူကိုင် ကိုယ်တိုင်က 'ကျူရှူကျွန်း'တွင် အခြေစိုက်ထားသော 'ဂင်ယိုရှာ' ခေါ် အဖွဲ့တွင် ခေါင်းဆောင်တစ်ဦး ဖြစ်နေကြောင်းကိုလည်း ဗိုလ်မှူးကြီး သိထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နီကိုလာ၏ဖခင် ဗိုလ်မှူးကြီးသည် စစ်ပြီးခါစ (၁၉၄၆)က ဖြစ်ရပ်တစ်ခုကိုလည်း ပြန်လည် သတိရမိပြန်သည်။ ထိုအချိန်က ဂျုယ်နိပြည်ရှိ အမေရိကန်စစ်တပ်က ဆာဆူဂိုင်အား ဖိုင်ဘက်ဆူအဖွဲ့၏ ခေါင်းဆောင်တစ်ဦးအဖြစ် ဖမ်း ဆီးခဲ့သည်။

ဤတွင် ဆာဆူဂိုင်နှင့် ဆွေမျိုးတော်သူ ဇနီးသည် ချိုယွန် (နီကိုလာ၏ မိခင်) က ဗိုလ်မှူးကြီးအား ဆာဆူဂိုင်လွတ်မြောက်ရေးအတွက် ဝင်ရောက်ကူညီရန် တောင်းပန်ခဲ့သည်။ သို့သော် ဗိုလ်မှူးကြီးက မကူညီခဲ့ချေ။

နောက်ပိုင်းတွင်မူ ခိုင်လုံသော အထောက်အထား မရှိသဖြင့် ဆာဆူဂိုင်အား ဆိုင်ရာမှ ပြန်လွှတ်လိုက်ခဲ့သည်။

သို့သော် ဗိုလ်မှူးကြီး၏ စိတ်ထဲတွင်ကား ဆာဆူဂိုင်၏ အတွေးအခေါ်၊ အယူအဆတို့သည် အလွန် အန္တရာယ်ကြီးမားကြောင်း သိရှိထားသဖြင့် ထိုအန္တရာယ်ကို တားဆီးကာကွယ်ရန် မိမိတွင် တာဝန်ရှိသည်ဟု ကောက်ချက်ချမိလေသည်။

✦ ✦ ✦

နီကိုလာသည် အသက်ငယ်လှသေးသော်လည်း 'ဒိုဂျို'ခေါ် သိုင်းသင်တန်းကျောင်းတွင် လေ့လာသင်ကြားရာ၌ အလွန်ထူးချွန်သော သင်တန်းသားတစ်ဦး ဖြစ်နေလေရာ သင်တန်းဆရာ 'ကန်ဆတ်ဆူ'ဆိုသူက သဘောကျမိလေသည်။

နီကိုလာအနေဖြင့် အထူး စိတ်ဝင်စားစွာ လေ့လာခဲ့သည်မှာ ရှေးခေတ်ဂျပန်ပြည်မှ သိုင်းဆရာကြီး 'မူဆာရှိ'၏ သင်ကြားချက်များပင်ဖြစ်သည်။ အထူးသဖြင့် ကိုယ်ခံသိုင်းပညာကို စိတ်ဓာတ်ပိုင်းဆိုင်ရာ စိတ်တန်ခိုးအင်အားဖြင့် ဖြည့်စွက်ပေါင်းစပ်ခြင်းအားဖြင့် အလွန်ထိရောက်ထက်မြက်ကြောင်း ဆရာကြီး မူဆာရှိ၏ သင်ကြားချက်များကို နီကိုလာက လက်ခံယုံကြည်လျက် ကြိုးစားလေ့လာခဲ့လေသည်။

တစ်နေ့သ၌ သင်တန်းကျောင်းဆရာ ကန်ဆတ်ဆူက နီကိုလာအားခေါ်၍ စကားပြောလေသည်။

'နီကိုလာ…မင်းကတော့ ဒီကျောင်းမှာ နောက်ထပ်ပညာ သင်ကြားစရာ ကုန်သလောက် ဖြစ်နေပြီ၊ မင်းရဲ့ တိုက်ခိုက်နည်းတွေက ဘာမှ အပြစ်ဆိုစရာမရှိအောင် ကောင်းမွန်ပြည့်စုံနေတယ်၊ ငါကိုယ်တိုင်က မင်းကို နောက်ထပ် သင်ပေးစရာ မရှိတော့ဘူး'



'ဒါဖြင့် ကျွန်တော်က ဒီကျောင်းက ထွက်သွားရတော့မယ်လို့ ဆိုလိုပါသလား'

နီကိုလာက ပြန်မေးလိုက်ရာ ကန်ဆတ်ဆူက ခေါင်းခါပြလေသည်။

'ဒီလိုလဲ မဟုတ်ပါဘူး၊ မင်း ဒီကျောင်းမှာ နေချင်သလောက် ဆက်နေနိုင်ပါတယ်'

ပြောရင်းနှင့် ကန်ဆတ်ဆူသည် ထိုင်ရာမှ ထ,လိုက်လေသည်။

'ဒီနေ့အဖို့တော့ မင်းကို သင်ခန်းစာပေးမယ့်အစား မင်းကတခြားကျောင်းသားတွေရှေ့မှာ ပညာစွမ်းပြတာကို ကြည့်ချင်တယ်၊ ကဲ··လာလိုက်ခဲ့'

ဤသို့ပြောပြီး နီကိုလာအား သိုင်းသင်တန်းခန်းမသို့ ခေါ်သွားလေသည်။

ခန်းမအတွင်း၌ကား နည်းပြဆရာများနှင့် ကျောင်းသားများသည် ဟိုကင်ခေါ် သစ်သားဓားဖြင့် သိုင်းပညာလေ့ကျင့် နေကြလေသည်။

ကန်ဆတ်ဆူသည် လက်ခုပ်တီး၍ အချက်ပေးလိုက်ရာ ရှိသမျှအားလုံးသည် လှုပ်ရှားမှုများ ရပ်လိုက်ကြပြီး တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ဆရာကြီးကန်ဆတ်ဆူဘက်သို့ လှည့်ကြည့်နေကြလေသည်။ တစ်စုံတစ်ရာ အမိန့်ပေးမည်ကို နာခံရန် စောင့်နေကြခြင်း ဖြစ်လေသည်။

ကန်ဆတ်ဆူသည် ကျောင်းသားထဲမှ ထွားကျိုင်းပြီး ဗလကောင်းသူလေးဦးကိုရွေး၍ နီကိုလာထက် အသက်ကြီးကြသည့်အပြင် ဤကျောင်းသို့လည်း ယမန်နှစ်ကပင် ရောက်ရှိနေကြသူများ ဖြစ်ကြသည်။

ကန်ဆတ်ဆူသည် နီကိုလာအား ရှေ့တိုးလာခဲ့ရန် လှမ်းခေါ်လိုက်လေသည်။

နီကိုလာလည်း သစ်သားဓားတစ်လက်ကိုင်လျက် ရှေ့သို့ထွက်သွားလိုက်သည်။

ထိုအခါ ကန်ဆတ်ဆူက ကျောင်းသားလေးဦးအား နီကိုလာကို ဝိုင်းထားခိုင်းလိုက်သည်။ တစ်ချိန်တည်းမှာပင် သူသည် နည်းပြဆရာတစ်ဦးထံမှ ဟိုကင်တလက်ကို တောင်းယူ၍ နီကိုလာအား လှမ်းပေးလိုက်သည်။

ဟိုကင် (သစ်သားဓား)နှစ်လက်ကို လက်တစ်ဖက်စီတွင် ကိုင်ထားလိုက်သည်။ ကျောင်းသားလေးဦးကတော့ ဟိုကင်တစ်လက်စီသာ ကိုင်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နီကိုလာလည်း ကန်ဆတ်ဆူသည် နီကိုလာအနီးသို့ ကပ်လာပြီး…

'ကိုင်း…မင်းက ဆရာကြီး မူဆာရှိရဲ့ သင်ကြားချက်တွေကို ဘယ်လောက် ကျေညက်အောင် လေ့လာထားတယ်ဆိုတာ လက်တွေ့ကြည့်ချင်တယ်'

ဟုခပ်တိုးတိုးပြောရင်း နောက်ဆုတ်သွားလေသည်။

ခန်းမဆောင်၏ အလယ်တွင် နီကိုလာအား ဝါရင့်ကျောင်းသားလေးဦးက ဝိုင်းထားလျက်ရှိပြီး သူတို့လေးဦးစလုံးက နီကိုလာအား ဝိုင်း၍တိုက်ကြတော့မည် ဖြစ်သည်။ နီကိုလာလည်း အသင့်ပြင်ထားလိုက်သည်။ စတင်လှုပ်ရှားမှသာ သူတို့၏ နည်းပရိယာယ်ကိုကြည့်ပြီး အခြေအနေအရ တုံ့ပြန်တိုက်ခိုက်ရန် စောင့်ကြည့်နေလေသည်။

ကျောင်းသားနှစ်ဦးက စတင် လှုပ်ရှားလိုက်သည်။

နီကိုလာအား ဝဲယာနှစ်ဘက်မှ ညှပ်လျက်သူတို့၏ သူတို့၏ ဟိုကင်ဓားများကို ကင်ဂျူဆူသိုင်းနည်းဖြင့် လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်မြှောက်ကာ တစ်ပြိုင်နက် ပြေးဝင်လာကြလေသည်။

ယင်း တိုက်ခိုက်နည်းကို နီကိုလာသည် လိပ်ပြာတောင်တိုက်နည်း အမည်ဖြင့် လေ့လာသိရှိထားပြီး ဖြစ်သည်။

ထို့ကြောင့် သူသည် ခန္ဓာကိုယ်ကို ချာကနဲ လှည့်လိုက်ယင်း ညာဘက်လက်မှ ဟိုကင်ဖြင့် ကျောင်းသားတစ်ဦး၏ ပေါင်ကို တအားလွှဲခုတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် လက်ဝဲဘက်လက်မှ ဟိုကင်ဓားဖြင့် ဒုတိယကျောင်းသား၏ လည်ပင်းကို ခုတ်လိုက်သည်။

ညာခြေကို နောက်သို့ တစ်လှမ်းဆုတ်လိုက်ပြီး ကိုယ်ကိုဘေးသို့ တစ်စောင်းလှည့်ရင်း ကျင်လည်စွာ ရှောင်တိမ်းလိုက်သဖြင့် ဆိုင်ဂို၏ ဓားချက်သည် လူကိုလုံးဝမထိဘဲ လေကိုသာ ခုတ်မိလေသည်။ ထိုအချိန်၌ နီကိုလာက ကိုယ်ကို တပတ်လှည့်လိုက်ပြီး သူ၏ 'ဟိုကင်'ဓားဖြင့် ဆိုင်ဂို၏ ကိုယ်ကို လျင်မြန်စွာ လှမ်းခုတ်လိုက်သည်။ ဟိုကင် ဓားချက်ကြောင့် ဆိုင်ဂိုလည်း ကြမ်းပြင်ပေါ် လဲကျသွားလေရာ နီကိုလာက လက်တစ်ဖက်စီတွင် ဟိုကင်ဓားတစ်လက်စီ ကိုင်ကာ ရပ်စောင့်ကြည့်နေလိုက်၏။

ခန်းမဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

နီကိုလာသည် လဲကျနေသူ အစ်ကိုဝမ်းကွဲ ဆိုင်ဂို၏ မျက်နှာကိုလှမ်းကြည့်လိုက်ရာ မိမိအား အလွန်စက်ဆုပ် မုန်းတီးသည့်ဟန်ဖြင့် ကြည့်နေသည်ကို သတိပြုမိလေသည်။



ဆိုင်ဂိုအနေဖြင့် အကြီးအကျယ်ရှက်ပြီး စိတ်နာမုန်းတီးခြင်းပင် ဖြစ်လေသည်။ မိမိလို ဝါရင့်သိုင်းသမား တစ်ဦးအား သင်တန်းသားမျှသာ ဖြစ်သူ နီကိုလာက အနိုင်ယူလိုက်ခြင်းမှာ လူအများရှေ့တွင် အလွန်ရှက်စရာ ကောင်းလှသဖြင့် ဆိုင်ဂိုသည်အလွန် နာကျည်းမိလေသည်။

ထိုအခိုက် သိုင်းဆရာ ကန်ဆတ်ဆူက လက်ခုပ်နှစ်ချက်တီး၍ ထိုနေ့အဖို့ ကျောင်းသင်တန်းပြီးဆုံးကြောင်း အချက်ပေးလိုက်သည်။

နီကိုလာသည် စိတ်လှုပ်ရှားနေသဖြင့် တကိုယ်လုံး ဆတ်ဆတ်တုန်နေလေသည်။ သိုင်းအတတ်ပညာကို အစမ်းလေ့ကျင့် ပြသရခြင်း ဖြစ်သော်လည်း တကယ့်တိုက်ပွဲဝင်သည့် ပုံမျိုးဖြင့် တိုက်ခိုက်ရသဖြင့် စိတ်အာရုံ အထူးစူးစိုက်ရခြင်းကြောင့် စိတ်လှုပ်ရှားကာ အသက်ရှူ၍ မဝ,သလို ဖြစ်နေခြင်းပင်တည်း။

✦ ✦ ✦

ထိုနေ့ညနေဘက် နီကိုလာသည် အိမ်သို့ပြန်သွားသောအခါ တံခါးဖွင့်ပေးသူမှာ မိခင်ချိုယွန် မဟုတ်ဘဲ 'ယူကီအို' အမည်ရှိ မိန်းကလေးဖြစ်နေသဖြင့် အံ့အားသင့်မိလေသည်။

နီကိုလာသည် ယူကီအိုနှင့် မတွေ့ဆုံခဲ့သည်မှာ သုံးနှစ်နီးပါး ရှိနေပြီဖြစ်သည်။

ယူကီအိုသည် ဂျပန်လူမျိုးတို့ ထုံးစံအတိုင်း နီကိုလာအား ဦးညွှတ်အလေးပြု၍ နှုတ်ဆက်လေသည်။

'ရှင်…ကျွန်မကို ရုတ်တရက် မြင်လိုက်ရလို့ အံ့သြနေတယ်ထင်တယ်'

'အေးကွယ့်..မင်းနဲ့ မတွေ့ရတာ ကြာလှပြီကိုး..'

နီကိုလာက ပြန်ပြောရင်း သူ၏ လွယ်အိတ်ကို ချလိုက်ပြီး ယူကီအိုအား ရွှန်းရွှန်းစားစား ငေးကြည့်နေမိလေသည်။

'ဒီနေ့..နေ့လည်ဘက်က ရှင်က 'ဒိုဂျို' ကျောင်းကို သွားနေတုန်း အန်တီ အီတာမီက ကျွန်မကို ဒီအိမ် ခေါ်လာပါတယ်..'

ယူကီအိုက ဤသို့ ပြောလိုက်ပြီးနောက် နီကိုလာသည် သူမအား အိမ် ဘေးရှိ ပန်းခြံထဲသို့ ခေါ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ဦးယံအချိန်တွင် ယူကီအိုသည် အထူးလှပနေသည်ဟု ထင်ရပေသည်။

ယူကီအိုသည် ကျိုတိုမြို့တွင် နေထိုင်လေရာ နီကိုလာက‥

'ငါက ကျိုတိုမြို့ကို တစ်ခါမှ မရောက်ဖူးသေးဘူး'

ဟုပြောလိုက်သည်။

'ရှင်တစ်ခေါက်တော့ အလည်သွားဖို့ ကောင်းတယ်၊ ကျိုတိုမြို့က အလွန်သာယာလှပတယ်ရှင့်'

ယူကီအိုက ပြောလိုက်ချိန်တွင် နီကိုလာသည် သူမ၏လှပသော မျက်နှာလေးကိုသာ ငေးစိုက်ကြည့်နေမိလေသည်။

'ဟိုတစ်ခါတုန်းက ညှော်ခံပွဲမှာ ဖြစ်ခဲ့တာကို ငါ့တော့ သတိရနေမိသေးတယ်'

'သြော်‥ဒါလား၊ ကျွန်မဖြင့် မေ့တောင်နေပြီရှင့်'

ယူကီအိုက ရယ်မောရင်း ပြောလိုက်သည်။

ထိုနောက် သူမကပင် ဆက်၍…

'ဒီနေ့ သင်တန်းကျောင်းမှာ ဆိုင်ဂိုနဲ့ တွေ့ခဲ့သေးသလား'

ဟု မေးလိုက်သည်။

'တွေ့ခဲ့တယ်၊ သူက တခြား သင်တန်းကျောင်းတစ်ခုမှာ သင်ခဲ့တယ် ထင်တယ်'

'ဟုတ်ပါလိမ့်မယ်၊ ဒါကြောင့် သူဟာ ကျူရှူကျွန်းကို ခဏ ခဏ သွားတာထင်တယ်'

'ဟင်‥ဆိုင်ဂိုက ကျူရှူကျွန်းကို ခဏခဏသွားသလား'

နီကိုလာက အံ့အားသင့်စွာ ပြန်မေးလိုက်ရာ ယူကီအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ရှင့်၊ ဒါဟာလဲ အန်ကယ် ဆာဆူဂိုင်ရဲ့ အစီအစဉ်နဲ့ တူပါတယ်၊ သူတို့နှစ်ယောက်ဟာ ဘာတွေ ကြိတ်ကြံနေတယ် မသိဘူး၊ အမြဲတမ်း တီးတိုးစကား ပြောလေ့ရှိတယ်၊ လျှို့ဝှက်ကိစ္စတစ်ခုခု သူတို့ကြံစည်နေကြသလိုပဲရှင့်'

'ဒါတွေကို မင်းက ဘယ်လိုလုပ်ပြီး သိတာလဲ'

'တစ်ခါက ကျွန်မ အန်တီ အီတာမီကို မေးကြည့်ဖူးတယ်၊ သူက ဒီ



အကြောင်းကို လုံးဝ လက်ခံမပြောဘဲ ပြောရမှာ ကြောက်သလိုဟန်မျိုး ဖြစ်နေတယ်၊ ကိုင်း…လာပါ၊ အိမ်ထဲဝင်ပြီး တစ်ခုခုစားကြရအောင်'

နှစ်ယောက်သား အိမ်ထဲသို့ ပြန်ဝင်လိုက်ကြပြီးနောက် နီကိုလာသည် ရေချိုးခန်းသို့ ဝင်၍ ရေနွေးပူပူဖြင့် ရေချိုးနေလေသည်။

သူသည် တစ်ယောက်တည်း လွတ်လပ်စွာ ရေချိုးနေစဉ် ယူကီအိုသည် မျက်နှာသုတ်ပုဝါ တစ်ထည်လာပေးရင်း ရေချိုးခန်းထဲ ဝင်လာသဖြင့် နီကိုလာသည် အံ့အားသင့်သွားမိလေသည်။

'ရှင်က လူချောလူလှ တစ်ယောက်ပဲရှင့်'

ယူကီအိုက ပြောလိုက်ချိန်တွင်

နီကိုလာသည် ရင်ထဲမှ ဖိုလှိုက်သွားမိလေသည်။

ထိုအချိန်က နီကိုလာသည် အသက် ဆယ့်ခြောက်နှစ်သား အရွယ်သာ ရှိသေးရာ ယူကီအိုက သူ့ထက် နှစ်နှစ်ခန့် ကြီးပြီး ဆယ့်ရှစ်နှစ်သမီးအရွယ် ဖြစ်လေသည်။

သူမ၏ ခန္ဓာကိုယ် သဘာဝ အလှကို ပကတိအတိုင်း မြင်ရသောအခါ နီကိုလာသည် လူငယ်ဘာဝ စိတ်တွေလှုပ်ရှား တက်ကြွလာတော့သည်။

'ယူကီအို ဒီနားကို လာစမ်းပါဦး'

နီကိုလာက ပြောပြောဆိုဆို သူမအား လှမ်းဆွဲ၍ သိမ်းကျုံးပွေ့ဖက်လိုက်သောအခါ ယူကီအိုကလည်း လုံးဝမငြင်းဆန်ဘဲ နီကိုလာအား ပြန်၍ အားရပါးရ ပွေ့ဖက်ထားလိုက်လေသည်။

✦ ✦ ✦

ဂျပန်ပြည်၏ ထင်ရှားကျော်ကြားသော ဖူဂျီတောင်ကြီးသည် ညနေခင်း၏ နေရောင်တွင် အထူး လှပတင့်တယ်နေလေသည်။ ကောင်းကင်မှ တိမ်လိပ်ကြီးများသည်လည်း နေရောင်ကြောင့် အထူးပင်လှပ၍ ကြည့်ကောင်းနေပေသည်။

'ဒိုဂျို'ခေါ် သိုင်းပညာသင်တန်းကျောင်း အတွင်း၌ ဆရာကြီး ကန်ခင်ဆူသည် တင်ပလ္လင်ခွေ၍ ငြိမ်သက်စွာ ထိုင်နေလေသည်။

သူ၏ မျက်နှာချင်းဆိုင်တွင် နီကိုလာသည်လည်း အလားတူ ထိုင်နေလေသည်။ ထိုအချိန်၌ အခြား ကျောင်းသားများနှင့် နည်းပြဆရာများသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့အဖို့ အလုပ်တာဝန်ပြီးဆုံး၍ ပြန်သွားကြပြီ ဖြစ်သည်။

ကန်ဆတ်ဆူနှင့် နီကိုလာတို့သည် တစ်ယောက်ကိုတစ်ယောက် ဘာမှ မပြောဘဲ ငြိမ်သက်စွာထိုင်နေကြသည်။ သူတို့သည် ထွက်သက်ဝင်သက်ကိုသာ အာရုံစိုက်၍ ရှုမှတ်နေရသော 'သမထ' လေ့ကျင့်ခန်း ပြုလုပ်နေကြခြင်းဖြစ်သည်။

အတန်ကြာမှ ကန်ဆတ်ဆူက စကားစ,ပြောလေသည်။

'နီကိုလာ..ဆရာကြီး မူဆာရှိရဲ့ သင်ကြားချက်ထဲမှာ မင်းဘာတွေများ လေ့လာမှတ်သားခဲ့သလဲ'

'ဟုတ်ကဲ့...ဆရာကြီးရဲ့ သင်ကြားချက်ထဲမှာ ကောင်းတာတွေ ပါသလို မကောင်းတာလဲ ပါတာကို သတိပြုမိပါတယ်၊ လူ့ဘဝဆိုတာ အကောင်းချည်းလို့ ယူဆလို့မရသလို မကောင်းဘူးလို့လဲ ယူဆလို့မရပါဘူး'

နီကိုလာက ပြန်ပြောလိုက်ရာ ကန်ဆတ်ဆူက ခေါင်းညိတ်လိုက်သည်။

'အေး..မင်းကတော့ အမှန်ကို လေ့လာနိုင်ပါတယ်၊ စည်းကမ်းတို့ နည်းပရိယာယ်တို့ဆိုတာ တစ်မျိုးတည်းကို အားကိုးလို့မရဘူး၊ အဲဒါ အရေးကြီးတယ်'

နီကိုလာက စိတ်ဝင်စားဟန်ဖြင့် နားထောင်နေရာ ကန်ဆတ်ဆူကပင် ဆက်ပြောလေသည်။

'သတိပြုဖို့က အခြေအနေကို မျက်ခြေမပြတ်ဖို့ လေ့လာကြည့်ပြီး အခြေအနေအရ ပြုမူလှုပ်ရှားရမယ်၊ ဒီလိုမှမလုပ်ရင် မင်းဟာအရေးနိမ့်နိုင်တယ်၊ နည်းပရိယာယ်တစ်မျိုးတည်းကို အားကိုးလေ့ရှိတဲ့ အမှားကို ကျောင်းသား အတော်များများနဲ့ နည်းပြဆရာတစ်ချို့တောင် မကြာခဏ မှားတတ်တယ်ကွယ့်'

'ကျွန်တော်တော့ အတော်ပြည့်စုံအောင် လေ့လာပြီးပါပြီ'

'ဒီတော့ မင်း ဘယ်လိုထင်သလဲ'

'ဘယ်လိုထင်ရမှန်း မသိပါဘူး'

'ဒီမယ်..နီကိုလာ၊ မင်း အနေနဲ့ နင်းဂျားကို စိတ်ဝင်စားမိသလား'

'ဟုတ်ကဲ့..စိတ်ဝင်စားမိပါတယ်'

'ဒါဖြင့် ဘာကြောင့် မင်းက စောစော မပြောတာလဲ'

'ပြောသင့်မပြောသင့် ဝေခွဲလို့မရလို့ပါ၊ နင်ဂျူဆိုတဲ့ အတတ်ပညာ အကြောင်း ဆွေးနွေးပြောဆိုခွင့် မရှိဘူးလို့ ကျွန်တော်ထင်မိပါတယ်'



'ဒီလိုလဲ မဟုတ်ပါဘူး၊ မှန်တာပြောရရင် ဒီဂျပန်ပြည်မှာတောင် နင်းဂျားအကြောင်း သိသူဆိုလို့ အလွန်နည်းတယ်၊ လူအများစုက မသိကြဘူး၊ နင်ဂျူဆိုတဲ့ အတတ်ပညာဟာ အလွန်ရှေးကျပြီး မူလက တရုတ်ပြည်ကတစ်ဆင့် ဂျပန်ပြည်ကို ရောက်လာတယ်လို့ အဆိုရှိတယ်၊ နင်းဂျားတွေဟာ သမားရိုးကျ ဂျပန်စစ်သည်သူရဲကောင်းများရဲ့ စည်းကမ်းဘောင်တွေကို လိုက်နာဖို့ မလို ဘူး၊ 'ဘူရှီဒို' ဝါဒကိုလည်း သူတို့က ဂရုမစိုက်ဘူး၊ လွတ်လပ်စွာ လှုပ်ရှားလေ့ ရှိကြတယ်၊ သူတို့ရဲ့ နည်းဗျူဟာ နည်းပရိယာယ်တွေကလည်း အလွန်ထိရောက် ထက်မြက်တယ်၊ ဒါကြောင့် သူတို့ဟာ အောင်မြင်မှု ရရှိလာတယ်၊ နောက်ပိုင်း ကျတော့ 'ဆာမူရိုင်း' သူရဲကောင်းတွေ ကိုယ်တိုင်က နင်းဂျားတွေဆီမှာ ချဉ်း ကပ်ပြီး တပည့်ခံ ပညာယူခဲ့ကြရတယ်၊ တချို့ကတော့ နင်းဂျားတွေကို အောက် တန်းကျတယ်ဆိုပြီး ရှုတ်ချတတ်ကြတယ်၊ သူတို့ဟာ အမှောင်ထဲကလူတွေလို့ သတ်မှတ်ကြတယ်၊ ဒါပေမယ့် နီကိုလာ..တိုက်ခိုက်နည်း အတတ်ပညာမှာ တကယ့်ချန်ပီယံ (လူစွမ်းကောင်း) ဖြစ်ချင်ရင်တော့ အဲဒီအမှောင်ကိုလည်း လေ့လာသင့်တယ်'

ထိုနေ့ညနေဘက်တွင် မိခင်ချီယွန်သည် နီကိုလာအား ဖခင်ဗိုလ်မှူးကြီး၏ စာကြည့်ခန်းထဲသို့ ခေါ်သွားပြီး စကားပြောလေသည်။

'ယူကီအိုတစ်ယောက် ဒီအိမ်မှာ လာနေတာကို သားကစိတ်ကျေနပ် ပျော်ရွှင်ရဲ့လား'

'ဟုတ်ကဲ့...အမေ၊ ကျွန်တော် ကျေနပ်သဘောကျပါတယ်'

နီကိုလာက အမှန်အတိုင်း ပြောလိုက်သည်။

ဤတွင် မိခင်ချီယွန်က ပြုံးလိုက်သည်။

'ငါ့သားက လူလားမြောက်ပေမယ့် အမေ့စိတ်ထဲမှာတော့ ကလေးငယ် တစ်ယောက်လိုပဲ အောက်မေ့မိတယ်၊ ဒါပေမယ့် သားနဲ့ ယူကီအိုတို့ ဆက်ဆံရေးက ဘယ်လိုပဲဖြစ်ဖြစ် အမေက ဘာမှ မပြောလိုပါဘူး၊ သားရဲ့ အဖေကြီးကတော့ သဘောတူချင်မှ တူလိမ့်မယ်၊ သူက စစ်သားတစ်ယောက်ဆိုတော့ ဘယ်သူ့ကိုမှ မယုံကြည်ဘူးကွယ့်'

'ဟင်..အဖေက ဘာကြောင့် ယူကီအိုကို မယုံကြည်တာလဲ'

နီကိုလာက အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်သည်။

'ဒါက အရေးမကြီးပါဘူးကွယ်၊ သားရဲ့အဖေက ဒီလိုပါပဲ၊ အမေ

www.burmeseclassic.com

www.burmeseclassic.com



အထင်တော့ စောစောပိုင်းက သူဟာ အဖေကြီးပိုဆင်ကိုတောင် ယုံကြည်ပုံ မရဘူး'

ပြောပြောဆိုဆို ချီယွန်သည် အဘိုးကြီးပိုဆင်က သူတို့ဇနီးမောင်နှံအား စကားပူမှ မထွက်ခွာမီ လက်ဆောင် ပေးလိုက်သော 'နဂါး'နှင့်'ကျား' ရုပ်ပါသည့် သေတ္တာကို အံဆွဲတစ်ခုထဲမှ ဆွဲထုတ်ယူလိုက်သည်။

သေတ္တာကို ဖွင့်လိုက်သောအခါ အတွင်း၌ 'မြ' ရတနာများ ရှိနေလေသည်။

'မူလက ဒီသေတ္တာထဲမှာ 'မြ' ရတနာ ဆယ့်ခြောက်လုံးရှိတယ်၊ အခု ဆယ့်ငါးလုံးပဲရှိတယ်၊ တစ်လုံးကိုရောင်းပြီး ဒီအိမ်ကို ဝယ်ခဲ့တယ်၊ ဒီလက်ဆောင်ရခဲ့တာကို မင်းအဖေက ပြောပြခဲ့ပြီးပြီလို့ ထင်ပါတယ်၊ ဒါပေမယ့် သူက တကယ့်အဓိပ္ပာယ်ကိုတော့ ပြောပြမှာ မဟုတ်ဘူး'

ပြောရင်းနှင့် ချီယွန်သည် ရတနာသေတ္တာကို နီကိုလာ၏ ပေါင်ပေါ်သို့ တင်ပေးလိုက်သည်။

'သားအနေနဲ့ ဒီထဲက ကျောက်ခြောက်လုံးကို အသုံးပြုနိုင်ပါတယ်၊ လိုအပ်ရင် ငွေဖြစ်အောင် လုပ်လိုက်ပေါ့၊ တစ်ခုရှိတာက သေတ္တာထဲမှာ 'မြ' ရတနာကိုးလုံးထက် ဘယ်တော့မှ လျော့နည်းမနေအောင် သတိထားရတယ်၊ ဘာကြီးဖြစ်ဖြစ်၊ ကျောက်ခြောက်လုံးထက် ပိုပြီး မသုံးရဘူးကွယ့်၊ နောက်ပြီး ဒီသေတ္တာထဲမှာ ထူးဆန်းတဲ့ အစွမ်းသတ္တိတွေ ရှိတယ်၊ အဖေကြီး ပိုဆင်ဟာ အင်မတန် ဉာဏ်အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်၊ အာရှတိုက်မှာ ဘယ်လိုမှ နားမလည်နိုင်အောင် ထူးဆန်းနက်နဲတဲ့ အကြောင်းအရာတွေ ရှိတယ်ဆိုတာ သူကကောင်းကောင်း သိခဲ့တယ်၊ အမေလည်း ဒါကို ယုံကြည်မိတယ်..'

တစ်ညသ၌ နီကိုလာသည် သူ၏အခန်းထဲတွင် တစ်ယောက်တည်း တင်ပလ္လင်ခွေထိုင်၍ စိတ်တည်ငြိမ်အောင် အာရုံဂိုက်လေ့ကျင့်နေစဉ် ယူကီအိုသည် အခန်းတွင်းသို့ ဝင်လာလေသည်။

ကျန်းမာသန်စွမ်းသော လူငယ်များအနေဖြင့် ဆိတ်ငြိမ်ရာတွင် နှစ်ယောက် ချင်း တွေ့ဆုံကြရသဖြင့် လူငယ်တို့ဘာဝ ဖို-မ စိတ်ဓာတ်များ ဖြစ်ပေါ်တက်ကြွကာ နှစ်ယောက်သား အားရပါးရ ချစ်တင်းနှီးနှောမိကြပြန်လေသည်။ နောက်တော့ သူတို့သည် စကားထိုင်ပြောနေကြလေသည်။

ယူကီအို၏ ပြောပြချက်အရ ဆိုင်ဂိုသည် ကျူရှူကျွန်းသို့ မကြာခဏ



သွားလေ့ရှိကြောင်း၊ ဘာသွားလုပ်သည်ကိုလည်း မသိရဘဲ လျှို့ဝှက်ထားကြောင်း သိရသောအခါ နီကိုလာသည် စိတ်ဝင်စားမိလေသည်။

'ဟိုက သိုင်းပညာကျောင်းတစ်ကျောင်းကို သွားတာလို့လည်း ပြောတယ်...ရှင့်'

'ဒါပေမယ့် တိုကျိုမြို့တစ်ဝိုက်မှာ သိုင်းသင်တန်းကျောင်းတွေ အများကြီးရှိသားပဲ မဟုတ်လား'

'သူက တခြားကျောင်းတွေထက် ထူးခြားတဲ့ သင်တန်းကျောင်းတစ်ခုကို သွားတာဖြစ်မှာပေါ့'

'ဒီမယ်..ဆိုင်ဂိုက ကျူရှူကျွန်းသွားတယ်ဆိုတာ ဘယ်မြို့ကို သွားသလဲလို့ သိချင်တယ်'

'ဒါကိုလည်း ကျွန်မစုံစမ်းရင်ရပါတယ်၊ ဒီနေ့ညပဲ ဆိုင်ဂိုဟာ ခရီးထွက်လိမ့်မယ်၊ သူ့ရဲ့ မီးရထားလက်မှတ်ကို ကျွန်မက တိတ်တိတ်ခိုးကြည့်လိုက်ရင် ဘယ်မြို့ကို သွားမယ်ဆိုတာ သိရမှာပဲ..'

'အေး..ဒါဖြင့် စုံစမ်းပေးစမ်းပါ'

နီကိုလာက စကားကိုအဆုံးသတ်လိုက်သည်။

❁ ❁ ❁

---

၆

နယူးယောက်မြို့

မျက်မှောက်ကာလ..

နီကိုလာနှင့် ဂျပ်စတင်တို့သည် ပင်လယ်ကမ်းစပ်ရှိ သာယာသော သဲသောင်ပြင်ပေါ်ဝယ် နှစ်ယောက်သား ပျော်ရွှင်ကြည်နူးစွာ စကားပြောနေကြလေသည်။

သူတို့သည် လွတ်လပ်စွာ ရေကူးလိုက်၊ ပြေးလွှားကစားလိုက်နှင့် အလွန်စိတ်ပေါ့ပါးကြည်လင်စွာ မြူးထူးကစားပြီးနောက် ထိုင်စကားပြောနေကြခြင်းဖြစ်သည်။

'ဒီမယ်..နီကိုလာ၊ ကျွန်မလေ..ရှင့်ကို တကယ် လိုက်လိုက်လှဲလှဲ

www.burmeseclassic.com

www.burmeseclassic.com



ချစ်နေမိပြီရှင့်၊ ရှင်ကကော ကျွန်မကို ချစ်ရဲ့လားဟင်၊ ကျွန်မ အမှန်အတိုင်း သိချင်တယ်၊ ရှင်က ကျွန်မကို တကယ်ပဲ ချစ်ရဲ့လားလို့'

ဂျပ်စတင်က ဤသို့ မေးလိုက်သောအခါ နီကိုလာသည် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသလို ဖြစ်သွားလေသည်။ ဂျပ်စတင်က မိမိအား တကယ်ပင် လှိုက်လှိုက်လှဲလှဲ ချစ်နေကြောင်းကတော့ ထင်ရှားနေပြီဖြစ်သည်။ နီကိုလာကသာ အမှန်အတိုင်းဖွင့်ပြောရန် ခက်နေပေသည်။ သူ အရွယ်ရောက်ခါစက လွန်လွန်ကျူးကျူး ချစ်ခဲ့ရသော ဂျပန်အမျိုးသမီးကလေး ယူကီအိုကို မေ့ပျောက်၍ မရသေးသည်မှာ အမှန်ပင်ဖြစ်သည်။ ယခုမိမိသည် ဂျပန်ပြည်နှင့် ဝေးကွာနေပြီဖြစ်သော်လည်း ယူကီအိုကိုတော့ သတိရနေဆဲပင် ဖြစ်လေသည်။

ထို့ကြောင့် သူ့ကိုယ်သူ ပြန်၍ ဝေဖန်သုံးသပ် ကြည့်မိလေသည်။

ရဲစုံထောက် ခရိကာနှင့် ပြောဆို ဆွေးနွေးခဲ့ရသည်ကိုလည်း ပြန်သတိရမိသည်။ သိုင်းသင်တန်းဆရာ တယ်ရီတာနာကာနှင့် သူ၏ချစ်သူ အိုင်လင်းတို့ အသတ်ခံရပြီးနောက် သူ၏စိတ်တွေ ထိခိုက် လှုပ်ရှားနေခဲ့သည်မှာ သူ၏ နှလုံးသားထဲ စွဲမြဲနေသော အရှေ့တိုင်းသား ဂျပန်လူမျိုးတို့၏ အတွေးအခေါ် အယူအဆများအတိုင်း ဖြစ်နေသည်ဟု ရဲစုံထောက် ခရိကာက ပြောခဲ့ပေသည်။ ဤသို့ ပြန်လည်သုံးသပ်ရင်း စိတ်ကူးတစ်မျိုးကို စဉ်းစားမိလာပြန်သည်။

ဤသို့ ဆင်ခြင်သုံးသပ်မိနေစဉ်···

'ရှင်ဘာတွေများ စဉ်းစားနေတာလဲရှင့်'

သည်တော့မှ နီကိုလာလည်း စဉ်းစားခန်းကို ရုတ်တရက်ရပ်ပစ်လိုက်ပြီး ဂျပ်စတင်အား ပြန်ကြည့်လိုက်မိသည်။

'ဒီမယ်··ဂျပ်စတင်၊ မင်းကို တစ်ခုပြောချင်တယ်၊ မင်းအနေနဲ့ ငါ့အတွက် ဘာမှ အနစ်နာမခံစေချင်ဘူး၊ သူတစ်ပါးအတွက် အနစ်နာခံခြင်းအားဖြင့် မင်းအတွက် အလွန်အန္တရာယ်များနိုင်တယ်'

'ဘာပဲဖြစ်ဖြစ် ကျွန်မက ရှင့်ကို ချစ်တယ်၊ ရှင်နဲ့ ချစ်ရတာကို ကျွန်မ ကျေနပ်တယ်၊ ဒါဟာ ကျွန်မစိတ်ထဲက ခံစားချက်အမှန်ပဲ၊ ရှင်ကသာ ရှင့်ခန္ဓာကိုယ်ကို ယုံကြည်စိတ်ချမှုမရှိသလို ဖြစ်နေတယ်'

'လူရဲ့ စိတ်နဲ့ခန္ဓာကိုယ် ဆက်စပ်နေပုံနဲ့ ပတ်သက်လို့ မင်းက ဘာမှ မသိသေးပါလား ဂျပ်စတင်ရယ်'

နီကိုလာက သူနားလည်သော စိတ်ပိုင်းဆိုင်ရာ အယူအဆကို ထုတ်ဖော် ပြောလိုက်ခြင်းဖြစ်သည်။



'ဒါဖြင့် ကျွန်မနားလည်သဘောပေါက်အောင် ရှင်ကရှင်းပြပါလား'

'ဒီလိုလည်း မလွယ်လှပါဘူးကွယ့်'

နီကိုလာက ဤသို့ပြောလိုက်သည်ကို ဂျပ်စတင်သည် သဘောကျပုံ မရချေ။

'မလွယ်မှန်းသိလို့ ရှင့်ကိုရှင်းပြခိုင်းနေတာပေါ့'

'တစ်ခုမင်းသိထားဖို့က မင်းဟာ ငါ့ကို မပိုင်ဆိုင်ဘူး'

'ဪ···ဒီလိုလား'

'မင်းက အမှန်အတိုင်းပြောပါဆို၊ အမှန်ကိုပြောပြမယ်၊ ဒီနေ့ပဲ မြို့ထဲမှာ မင်းရဲ့အဖေကြီးနဲ့ ငါ တွေ့ဆုံခဲ့ရတယ်'

ဤတွင် ဂျပ်စတင်သည် အလွန် အံ့အားသင့်သွားလေသည်။

'ဟင်··ရှင်က ကျွန်မရဲ့ အဖေကြီးနဲ့ တွေ့ခဲ့တယ်လား···၊ ဘယ်လိုလုပ် ပြီး တွေ့တာလဲဟင်'

'လမ်းလျှောက်သွားရင်း မင်းရဲ့အဖေက ငါ့ကို သူ့ကားနဲ့ တင်ခေါ်သွားတယ်၊ သူက ကောင်းကောင်းမွန်မွန်ပဲ ဆက်ဆံပါတယ်'

နီကိုလာက ဤသို့ပြောလိုက်သည်တွင် ဂျပ်စတင်သည် သဘောမကျဟန်ဖြင့် ရုတ်တရက် ထိုင်ရာမှ ထလိုက်သည်။ သူမ၏ မျက်နှာသည်လည်း တင်းမာလာလေသည်။

'ဒီအကြောင်းကို ကျွန်မလုံးဝမကြားချင်ဘူး'

ဤသို့ပြောရင်းနှင့် သူမ၏စိတ်ထဲတွင် ဒေါသဖြစ်လာမိလေသည်။

'ဘာပဲဖြစ်ဖြစ် မင်း နားထောင်ဖို့ သင့်တယ်လို့ ထင်တယ်'

'အို··နားမထောင်ချင်ဘူး၊ လုံးဝ မကြားချင်ဘူး'

ပြောပြောဆိုဆို သူမသည် သဲသောင်ပြင်ပေါ်သို့ လျှောက်ထွက်သွားလေရာ နီကိုလာကလည်း သူမ၏နောက်သို့ ပြေးလိုက်သွားလေသည်။

'ဒီမယ် မင်းရဲ့အဖေကြီးက ငါ့ကို သူ့ဆီမှာ အလုပ်လုပ်ဖို့ ကမ်းလှမ်းစကားပြောတယ်၊ အခုငါက မင်းအဖေကြီးဆီမှာ အလုပ်ဝင်လုပ်နေပြီကွ'

နီကိုလာ၏ စကားကိုကြားလျှင် ဂျပ်စတင်သည် ပို၍ပင် ဒေါသထွက်လာဟန်ဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျရင်း အတင်းထွက်ပြေးကာ အိမ်ပေါ်သို့တက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နီကိုလာလည်း စိတ်ထဲမှ ထိခိုက်သွားကာ ဝမ်းနည်းကြေကွဲမိလေသည်။

✦ ✦ ✦

နယူးယောက်မြို့ ၈-လမ်းနှင့် ၃-လမ်းထောင့်ရှိ အများပြည်သူသုံး တယ်လီဖုန်းရုံ တစ်ခု၌ ဂျပန်အမျိုးသားတစ်ဦးသည် တယ်လီဖုန်းဆက်နေလေသည်။

တစ်ဖက်မှ တစ်စုံတစ်ယောက် ပြန်ဖြေသောအခါ ထိုလူသည် ဂျပန်ဘာသာဖြင့် စကားပြောလေသည်။

'အခြေအနေကောင်းပါတယ်'

'သေချာရဲ့လား'

တစ်ဖက်လူမှ ပြန်မေးလိုက်သည်။

'သေချာပါတယ်၊ ကျုပ်ရဲ့တာဝန်ကိုတော့ စိတ်ချပါ'

'ကိစ္စကို အမြန်ဆုံး ပြီးအောင်လုပ်ဖို့ အရေးကြီးတယ်၊ အဲဒါကို သတိပြုပါ'

'ကျုပ်ကလည်း ကျုပ်နည်းကျုပ်ဟန်နဲ့ လုပ်နေပါတယ်'

'အခု အခြေအနေအရ ကျုပ်ပြောသလိုကို အမြန်ဆုံးလုပ်ဖို့ လိုနေပြီ၊ ခင်ဗျားအတွက် ပေးတဲ့ငွေကိုလည်း နှစ်ဆတိုးပေးပါ့မယ်၊ ဒါပါပဲ'

ထိုမျှနှင့်ပင် တစ်ဖက်လူမှ စကားကို ဖြတ်လိုက်လေတော့သည်။

✦ ✦ ✦

နယူးယောက်မြို့ တရုတ်တန်းရပ်ကွက်တစ်နေရာတွင် 'အာမား' အမည်ရှိ အသက်ခြောက်ဆယ်အရွယ် တရုတ်အမျိုးသမီးကြီးတစ်ဦး ရှိလေသည်။ သူမသည် မိန်းကလေး ငယ်ငယ်ချောချော ကလေးများကို လက်သပ်မွေးကာ ခိုင်းစားသည့် အလုပ်လုပ်သူ ဖြစ်သည်။ အရှေ့တိုင်းသူ မိန်းကလေးများနှင့် ပျော်ပါးလို သူများအတွက် သီးသန့် ဖန်တီးထားသော 'ဆောင်ကြာမြိုင်' တစ်ခုကို စနစ်တကျ ဖွင့်လှစ်ထားခြင်းပင် ဖြစ်သည်။

ယခုတလော အာမား၏အိမ်သို့ ဖောက်သည်တစ်ဦးမှာ ဂျပန်အမျိုးသား တစ်ယောက် ဖြစ်လေသည်။ အဘွားကြီး အာမားသည် ဂျပန်လူမျိုးတို့ကို စက်ဆုပ် မုန်းတီးသူဖြစ်သည်။ သို့သော် စီးပွားရေးလုပ်ငန်းသဘောအရ



ငွေကောင်းကောင်းပေးသူ ဖောက်သည်တစ်ဦးအဖြစ် ထိုဂျပန်အမျိုးသားအား လက်ခံနေရခြင်းဖြစ် လေသည်။

ထိုဂျပန် အမျိုးသားလာသည့် အခါများတွင် မိန်းကလေးတစ်ယောက် စီစဉ်ပေးရုံနှင့် မပြီးသေး၊ 'ဆာကေ'ခေါ် ဂျပန်အရက်လည်း ဖန်တီးပေးရသည်။ ထို့ပြင် တရုတ်လူမျိုးတို့ ဘိန်းရှူသည့်ပြောင်းနှင့် ဘိန်းမည်းကိုလည်း ရှာပေးရသည်။ ဂျပန်အမျိုးသား ဖောက်သည်သည် အာမား၏ အိမ်သို့လာတိုင်း ခေတ္တ ဘိန်းရှူလေ့ရှိသည်။

ထိုဂျပန်အမျိုးသားမှာ စောစောက တယ်လီဖုန်းဆက် စကားပြောခဲ့သူပင် ဖြစ်သည်။ သူ၏အလုပ်တာဝန်ဆိုသည်ကား အခြားမဟုတ်၊ သူဌေးကြီး တွမ်ကင်အား လုပ်ကြံသတ်ဖြတ်ရန်ပင် ဖြစ်သည်။ သည်လိုအလုပ်မျိုးကို စိတ်အာရုံ စူးစိုက်နေရချိန်တွင် သူသည် စိတ်ကို အပန်းဖြေသည့်အနေဖြင့် တရုတ်တန်းရပ်ကွက်ရှိ အာမား၏အိမ်သို့ လာတတ်လေသည်။ နောက်သုံးရက်အတွင်း သူသည် တွမ်ကင်အား မလွဲမသွေ သတ်ရန်ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ထို့ကြောင့် သူသည် ယခု အဘွားကြီး အာမား၏အိမ်သို့ လာခြင်းဖြစ်လေသည်။

ထိုဂျပန်အမျိုးသားသည်ကား သူဌေးကြီးတွမ်ကင်အား သတ်ရန် တာဝန်ယူ ထားသူ နင်းဂျား ပင်တည်း။

သတ်ရန်နည်းကိုလည်း သူကစဉ်းစားထားပြီး ဖြစ်သည်။ အနောက်နိုင်ငံသားများ သုံးလေ့ရှိသည့် သေနတ်၊ ဗုံးစသော လက်နက်များကို အသုံးပြုရန် မရည်ရွယ်ချေ။ ထိုလက်နက်များသည် သတ္တိမရှိသူများသာ သုံးသည့် လက်နက်များဟု သူကယူဆလေသည်။ သူတို့၏ နင်းဂျားနည်းအတိုင်းသတ်ရန် ဆုံးဖြတ်ထားလေသည်။ ထို့ပြင် သူဌေးကြီးတွမ်ကင်အား သူ၏ရုံးခန်း အဆောက်အအုံ အပေါ်ဆုံးထပ်တွင် သတ်ရန်လည်း ရည်ရွယ်လေသည်။

ဒေါက်တာ ဗင်းဆင့်အီတိုကို သတ်ခဲ့သူမှာလည်း သူပင်ဖြစ်သည်။

ဂျပန်အမျိုးသား နင်းဂျားသည် အဖွားကြီး အာမားအိမ်သို့ရောက်သော အခါ ထုံးစံအတိုင်း ဆာကေ (ဂျပန်အရက်) သောက်ပြီး ဘိန်းကိုလည်း အနည်း ငယ် ရှူလိုက်သည်။

ထို့နောက် အဖွားကြီး အာမားစီစဉ်ပေးသော မိန်းကလေး တစ်ဦးအား ခေါ်၍ အိပ်ခန်းတစ်ခန်းအတွင်းသို့ ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



✦ ✦ ✦

အချိန်မှာ နံနက် ခုနစ်နာရီ မထိုးသေးချေ။

ဒေါက်တာ ဒီယားဖို့သည် တစ်ယောက်တည်း ကော်ဖီထိုင်သောက်ရင်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းက သူ၏ အတွေ့အကြုံများအကြောင်း ပြန်လည်စဉ်းစားနေမိလေသည်။

ထိုနောက် တစ်စုံတစ်ခုကို သတိရမိသဖြင့် ရဲစခန်းရှိ 'ဖလိုရမ်' ဆိုသူထံသို့ တယ်လီဖုန်း လှမ်းဆက်လိုက်သည်။ သို့သော် တစ်ဖက်မှ တယ်လီဖုန်း ကို မည်သူမှ ပြန်မဖြေသဖြင့် ဖလိုရမ်၏ သီးသန့်တယ်လီဖုန်းနံပါတ်သို့ ဆက်ကြည့်ပြန်သည်။ ထိုတယ်လီဖုန်းကိုလည်း မည်သူမှ ပြန်မဖြေသဖြင့် ဒေါက်တာ ဒီယားဖို့သည် စိတ်ပျက်ပျက်နှင့် လက်လျှော့လိုက်ရတော့သည်။

ခဏအကြာတွင် အိမ်ရှေ့တံခါးပွင့်လာပြီး နီကိုလာ ဝင်လာလေရာ ဒေါက်တာ ဒီယားဖို့သည် အံ့အားသင့်သွားလေသည်။

'ဟဲလို..နီကိုလာ၊ စောစောစီးစီး ဘာကိစ္စများရှိလို့ လာခဲ့တာလဲ၊ မောင်ရင်နေလို့တော့ ကောင်းပါတယ်နော်၊ ကဲ..လာပါ ထိုင်ပါဦး'

''ကျွန်တော်က ညက လုံးလုံးမအိပ်ရသေးဘူးခင်ဗျ''

နီကိုလာကပြောလိုက်ရာ ဒေါက်တာဒီယားဖို့သည် ရယ်မောလိုက်သည်။

''ဟော..ဟုတ်လား၊ ဒါဖြင့် မောင်ရင် မနက်စာ ကောင်းကောင်းစား လိုက်ရင် ဟန်ကျသွားပါလိမ့်မယ်၊ ကျုပ်က ကြည်ဥကြော်၊ ဝက်ပေါင်ခြောက် ကောင်းကောင်းနဲ့ ကော်ဖီများများ တိုက်ပါ့မယ်''

ပြောပြောဆိုဆို ဒေါက်တာကြီးသည် သူကိုယ်တိုင် ကော်ဖီတစ်အိုး ထပ်နှပ်ပြီး ကြက်ဥကြော်ရန် စီစဉ်နေလေသည်။

''ရဲစခန်းက ဖလိုရမ်အနေနဲ့က အမှုကို ဘယ်လိုစ,လိုက်ရမှန်း မသိအောင် သဲလွန်စ,ရှာမရဖြစ်နေတယ်ကွယ့်၊ ဒါထက် မောင်ရင် ဘယ်လိုသဘောရသလဲ၊ ဒီနင်းဂျားဟာ သူဌေးကြီး တွမ်ကင်ကို လုပ်ကြံဖို့ လိုက်နေတယ်ထင်သလား''

ဒေါက်တာ ဒီယားဖို့က စကားစ,ပြောလိုက်ရာ နီကိုလာက ခေါင်းညိတ်လိုက်သည်။



'ကျွန်တော်တော့ ဒီအတိုင်းထင်ပါတယ်'

'ဒါဖြင့် တခြားသူတွေ အသတ်ခံရတာကကော ဘယ်လိုလဲ၊ အခုအသတ်ခံရတဲ့ လူတွေက တွမ်ကင်နဲ့ ဆက်စပ်ပတ်သက်တဲ့ လူတွေမှမဟုတ်ဘဲ'

'ဒါတော့ ဟုတ်ပါတယ်'

'ဒါဖြင့်လည်း ဒီနင်းဂျားဟာ သူဌေးကြီး တွမ်ကင်ကို မသတ်ဘဲ ဘာကြောင့် တခြားလူတွေကို လိုက်သတ်တာလဲ'

'ဒီလိုရှိတယ်ခင်ဗျ၊ သူဌေးကြီး တွမ်ကင်လို ပုဂ္ဂိုလ်မျိုးကို လုပ်ကြံသတ်ဖြတ်ဖို့က မလွယ်လှဘူး၊ အချိန်ကြာကြာယူပြီး ကြိုတင်ကြံစည်ပြင်ဆင်ဖို့လိုတယ်'

'အဲဒီလို မလွယ်ကူဘူးဆိုရင် ဒီနင်းဂျားဟာ ပိုပြီးတောင် ငြိမ်နေဖို့ကောင်းတယ် မဟုတ်လား၊ သူ့ကို လူသတ်သမား တစ်ယောက်အဖြစ် ဘယ်သူကမှ မရိပ်မိအောင် နေသင့်တယ်မဟုတ်လား'

ဒေါက်တာ ဒီယားဖို့သည် စကားပြောရင်း ကြက်ဥကြော်ကို အပြီးသတ်ကြော်နေလေသည်။

နီကိုလာကလည်း နင်းဂျားအကြောင်း ဆက်၍ ရှင်းပြလေသည်။

'ဒေါက်တာ ပြောတာဟာ သာမန်လူတစ်ယောက်အဖို့တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် နင်းဂျားဆိုတာ သာမန်လူမဟုတ်ဘူး၊ သူဌေးကြီး တွမ်ကင်ကို အရင်ကလုပ်ကြံဖို့ ကြံစည်ခဲ့ဖူးသော်လည်း မအောင်မြင်ခဲ့ဖူးဆိုတာလည်း ဒီလူကသိထားတယ်၊ ဒါကြောင့် သူ့အနေနဲ့ အလွန်ပိုင်နိုင်ပိယိတဲ့ နည်းသစ်တစ်ခု ကြံစည်တီထွင်ရလိမ့်မယ်၊ နောက်ပြီး နင်းဂျားဆိုတာ သူများကို အားမကိုးဘဲ သူကိုယ်တိုင်လုပ်ကြံလိမ့်မယ်၊ တစ်ခုတော့ သေချာတယ်၊ လုပ်ကြံရမှာက နင်းဂျားဟာ သေနတ် လက်နက်ကိုအသုံးပြုမှာ မဟုတ်ဘူး'

'ဒါတော့ ကျုပ်လည်းသိပါတယ်၊ အခုမောင်ရင် ပြောတဲ့အတိုင်းဆိုရင် နင်းဂျားပြော သူတို့ရဲ့လုပ်ငန်း လုပ်ဟန်အတိုင်း ကြံစည်နေတယ်လို့ ဆိုလိုတာပေါ့'

'ဟုတ်ပါတယ်'

'သူတို့လုပ်ကြံ သတ်ဖြတ်နည်းတွေကတော့ အမျိုးမျိုးပဲ ရှိမှာပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့..ကျွန်တော်ကိုယ်တိုင် ဂျပန်ပြည်မှာ ရှိစဉ်တုန်းက လေ့လာသိရှိခဲ့ပါတယ်၊ တစ်ခုသိထားဖို့က နင်းဂျားတွေဟာ သာမန်လူတွေနဲ့ မတူဘူးခင်ဗျ၊ အလွန် လျှို့ဝှက်ဆန်းကြယ်တယ်၊ လှုပ်ရှားတဲ့နေရာမှာ သိပ်ပြီး ပိယိကျစ်လျစ်တယ်၊ ရိပ်မိဖို့က မလွယ်ဘူး၊ တစ်ချို့က နင်းဂျားတွေဟာ ထူးဆန်းတဲ့အစွမ်းရှိသူ မကောင်းဆိုးရွားတွေလို့တောင် ယူဆကြတယ်'

နီကိုလာက ပြောလိုက်ရာ ဒေါက်တာဒီယားဖို့သည် ခေါင်းညိတ်လိုက်သည်။

ထိုနောက် ဒေါက်တာကြီးကပင် ဆက်လက်၍ သူ၏ စစ်အတွင်းက အတွေ့အကြုံအကြောင်း ပြောပြလေသည်။

'ကျုပ်တို့တပ်တွေ ပစိဖိတ်သမုဒ္ဒရာ စစ်မျက်နှာမှာ တာဝန်ကျစဉ်က တောထဲတောင်ထဲ စခန်းချနေရတော့ ရန်သူကို ဘယ်မှာရှာရမှန်း မသိဘူး၊ ရန်သူကို မမြင်ရတော့ ဘယ်လိုတိုက်ရမှန်း မသိဘူး၊ ဒါပေမယ့် ည,ညကျရင် ကျုပ်တို့ တပ်သားတွေဟာ မကြာခဏ အသတ်ခံကြရတယ်၊ အသတ်ခံရပုံကလည်း အလွန်ထူးဆန်းတော့ သာမန်ဂျပန်ရန်သူမဟုတ်ဘဲ.. မကောင်းဆိုးရွားတွေက လာသတ်သွားသလားလို့တောင် အောက်မေ့ရတယ်၊ အထူးဆန်းဆုံးက ညဘက် ဆိုရင် စခန်းရဲ့အပြင်ဘက်မှာ ညလုံးပေါက် လက်နက်ကိုင်ကင်းချထား တဲ့ကြားကို ရန်သူက ရအောင်ဝင်ပြီး သတ်သွားနိုင်တာဟာ ဘယ်လိုမှ စဉ်းစားလို့ မရအောင်ဖြစ်ခဲ့တယ်၊ ကြာတော့ ကျုပ်တို့တပ်သားတွေဟာ အလိုလိုစိတ်ဓာတ် ကျလာကုန်တယ်၊ ဒါကကျုပ်တို့တစ်တွေ ဖိလစ်ပိုင်နိုင်ငံမှာ ကြုံခဲ့ရတဲ့ အတွေ့ အကြုံဖြစ်တယ်၊ ဂျပန်လူမျိုးတွေရဲ့ စိတ်ဓာတ်နဲ့ ပတ်သက်ပြီး နောက်တစ်ခု ကြုံတွေ့ခဲ့ရသေးတယ်၊ ပင်လယ်ပြင်မှာရှိတဲ့ ကျုပ်တို့အမေရိကန်ရေတပ်က စစ်သင်္ဘောတွေကို ဂျပန်လေယာဉ်တွေက တိုက်ခိုက်ခဲ့ပုံကို ပြောတာပါ..

'သူတို့လေယာဉ်တွေက ဗုံးကြဲ၊ စက်သေနတ်ပစ်လိုက်တာမျိုး မလုပ်ဘဲ၊ ဗုံးပါတဲ့ တိုက်လေယာဉ်တွေကို ကျုပ်တို့သင်္ဘောပေါ် တိုက်ရိုက်အတင်း ထိုးဆင်းချလိုက်တယ်၊ သူတို့ လေယာဉ်မှူးအတွက် အသေခံပြီး လေယာဉ်နဲ့ဗုံးတွေပါ အတင်းထိုးဆင်းတဲ့ သဘောပဲ၊ ကျုပ်တို့ စစ်သင်္ဘောတွေ ထိခိုက်ပျက်စီးကုန်တယ်၊ ကျုပ်နားမလည်တာက ဒီဂျပန်လေယာဉ်မှူးတွေဟာ ဘာကြောင့်တစ်ယောက်ပြီးတစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေသလို လူရော‌လေယာဉ်



ပါ အတင်းထိုးချ အသေခံကြရတာလဲဆိုတဲ့ အချက်ပဲ'

'သာမန်လူသားတွေအနေနဲ့ ဒါမျိုးလုပ်ဖို့က မဖြစ်နိုင်ဘူး၊ သူတို့ရဲ့ စိတ်ဓာတ်က သာမန်လူသားတွေရဲ့ စိတ်ဓာတ်နဲ့ မတူဘူးလို့ပဲ ကောက်ချက်ချမိတယ်၊ နောက်ပြီး.. ကျုပ်တို့တပ် 'လေတီ' ကျွန်းမှာ စခန်းချထားတုန်းက အဖြစ်အပျက်ကလည်း ရှိသေးတယ်၊ လုံခြုံရေးအတွက် ကင်းတွေ စနစ်တကျချထားပါလျက်နဲ့ နောက်တစ်နေ့ မိုးလင်းတော့ ကျုပ်တို့တပ်သား သုံးဦးဟာ သေဆုံးနေတယ်၊ ဒါကြောင့် စခန်းတစ်ခုလုံးမှာရှိတဲ့ ကျုပ်တို့လူတွေဟာ စိတ်တုန်လှုပ်ချောက်ချားနေကြတယ်၊ နောက်တစ်ခုပြောပြရဦးမယ်၊ ကျုပ်က စစ်တပ်ထဲက ဆရာဝန်ဖြစ်ကြောင်း၊ ရန်သူဂျပန်တွေက ဘယ်လိုသိထားတယ် မပြောတတ်ဘူး..

'တစ်ည ကျုပ်အိပ်နေတုန်းမှာ တစ်ကိုယ်လုံး ဝတ်စုံအနက် ဝတ်ထားတဲ့ ဂျပန်လူမျိုးတစ်ယောက်ဟာ ကျုပ် အိပ်ရာထဲကို ရောက်လာတယ်၊ ဘယ်လိုလုပ်ပြီး ဝင်လာမှန်းမသိပါဘူး၊ ကျုပ်လည်း အံ့အားသင့်နေတုန်းမှာပဲ အဲဒီဂျပန်က ကျုပ်ရဲ့ပါးစပ်ကို အသံမထွက်နိုင်အောင် အဝတ်နဲ့စည်းပြီး လူကိုပါ သူ့ပခုံးပေါ်ထမ်းတင်လိုက်တယ်။ ပြီးတော့ သူဟာ စခန်းအပြင်ဘက် တောထဲကို ပြေးသွားတယ်၊ ပြေးပုံကလည်း လုံးဝ ခြေသံမကြားအောင် ပြေးတာ..အံ့ဩစရာပါပဲ၊ ဒီဂျပန်ရဲ့ လှုပ်ရှားမှုဟာ အလွန်ပေ့ါပါး ဖျတ်လတ်တယ်၊ ကျုပ်တို့ တပ်သားတွေ ညဘက် အသတ်ခံခဲ့ရတာဟာ ဒီလို ဂျပန်မျိုး လူမသိအောင် ဝင်လာသတ်တာဖြစ်မှာပဲလို့ စဉ်းစားရင်း ကျုပ်ကိုတော့ ဘာကြောင့် ချက်ချင်း မသတ်တာပါလိမ့်လို့ အံ့ဩနေမိတယ်..

'ဒီလိုနဲ့ပဲ တောထဲမှာ နာရီဝက်ကျော်ကျော်လောက် ဆက်သွားကြရပြီး. တစ်နေရာရောက်တော့ ဂျပန်ဘာသာနဲ့ စကားပြောသံတွေ ကြားရတယ်၊ ကျုပ်က ဂျပန်စကား မပြောတတ်ပါဘူး၊ သို့သော်လည်း သူတို့ပြောတာကိုတော့ နည်းနည်းပါးပါး နားလည်တယ်၊ ဂျပန်စစ်သားတွေရဲ့ စခန်းတစ်ခုကို ရောက်သွားတာကိုတော့ ကျုပ်သိတယ်၊ အဲဒီမှာ အင်္ဂလိပ်စကားကောင်းကောင်း ပြောတတ်တဲ့ ဂျပန်တစ်ယောက်လည်း ရှိတယ်၊ သူဟာ ခြေထောက်တစ်ဖက် ဒဏ်ရာရလို့ ဒူးဆစ်က ဖြတ်ထားပြီး ချိုင်းထောက်နဲ့ သွားလာရတယ်၊ ဒီလူက ကျုပ်ကို အင်္ဂလိပ်လိုပြောပြီး ကျုပ်က ဆရာဝန်တစ်ယောက်အနေနဲ့ မကျန်းမမာ ဖြစ်နေတဲ့ ဂျပန်စစ်သားတွေကို ကြည့်လိုက်တော့ သူတို့ဟာ အဓိကအားဖြင့် အာဟာ

www.burmeseclassic.com

www.burmeseclassic.com



ရခဲတတ် ချို့တဲ့ပြီး အလွန်အားနည်းနေတာ တွေ့ရတယ်၊ ငှက်ဖျားရောဂါ ဖြစ်သူတွေကလည်း ဖြစ်နေကြတယ်၊ ကျုပ်မှာ ဆရာဝန်ပစ္စည်းနဲ့ ဆေးဝါးဆိုလို့ ဘာမှမပါတော့ ဘယ်လိုမှ ကုသပေးလို့ မရဘူးပေါ့..

ကျုပ်က ဘာမှမတတ်နိုင်တဲ့ အကြောင်းနဲ့ လူနာတွေကို အစာအာဟာရကောင်းကောင်း ကျွေးဖို့လိုကြောင်း ပြောလိုက်တယ်။ ဒီတော့ ဂျပန်တစ်ယောက်စိတ်ဆိုးပြီး ကျုပ်ကိုလက်ဝါးစောင်းနဲ့ ရိုက်လိုက်တာ ကျုပ်ဟာ တချီတည်း မြေကြီးပေါ်လဲကျသွားတော့တယ်၊ လက်ဝါးစောင်းနဲ့ ရိုက်လိုက်တာက ဘယ်လောက်ပြင်းထန်သလဲဆိုရင် ကျုပ်ဟာနာကျင်တဲ့ ဝေဒနာကို မခံနိုင်ဘဲ သတိမေ့သွားတယ်၊ သတိပြန်ရလာတော့ ကျုပ်ဟာ ရွက်ထည်တဲတစ်ခုထဲ ရောက်နေတယ်၊ မကြာခင် ဂျပန်တစ်ယောက်ဝင်လာပြီး ကျုပ်ကိုစစ်ဆေးမေး မြန်းတယ်၊ ကျုပ်တို့ရဲ့ တပ်အင်အား ရှေ့ဆက်ပြီး ဘယ်လိုလှုပ်ရှားပြီး ဘယ်စခန်း ကို ဦးတည်တိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကအစ ကျုပ်ကိုမေးတယ်၊ ကျုပ်က သူမေးတာတွေကို မဖြေဘဲ ကျုပ်ရဲ့နာမည်၊ ရာထူးအဆင့်နဲ့ ကိုယ်ပိုင်နံပါတ်ကို ပဲ ပြောလိုက်တယ်၊ ဂျပန်ဟာ စိတ်ဆိုးလာပြီး ကျုပ်ကို ဆက်လက် ညှင်းပန်းတော့တာပဲ၊ သူဟာ ဘာလက်နက်မှ မသုံးဘဲ သူ့ရဲ့လက်နှစ်ဖက်ကိုသာ အသုံးပြုပြီး ကျုပ်ကိုနှိပ်စက်ညှင်းပန်းပုံက ဘယ်လိုမှ ပြောပြလို့မရအောင် နာကျင်လှတယ်၊ သူ့ရဲ့လက်ချောင်းတွေနဲ့ နှိပ်စက်တာဟာ မခံနိုင်လောက်အောင် နာကျင်ရုံမက ကျုပ်ရဲ့ အာရုံကြောတွေပါ ထိခိုက်လာတယ်..

တစ်ညလုံးလုံး အဲဒီဂျပန်က ကျုပ်ကို ညှင်းပန်းနှိပ်စက်ပြီး နောက်ဆုံး ကျုပ်လည်း သတိမေ့သွားပြန်တယ်၊ မနက်လင်းအားကြီး အချိန်ကျမှ ပြန်သတိရလာတယ်၊ အဲဒီအချိန်မှာ လူတစ်ယောက်က ကျုပ်နားကို လာပြီး ခပ်တိုးတိုး စကားပြောတယ်၊ သူကထွက်ပြေးဖို့ ကျုပ်ကိုလာကူညီတာကိုး၊ ဒီလူဟာ တခြားမဟုတ်ဘူး၊ အင်္ဂလိပ်စကား ကောင်းကောင်းပြောတတ်တဲ့ ခြေတစ်ဖက်ပျက်နေတဲ့ ဂျပန်ဖြစ်နေတယ်၊ ကျုပ်က ထွက်ပြေးရင် ဂျပန်တွေ လိုက်ဖမ်းမှာပေါ့လို့ ပြောတော့ သူကနေ့ဘက်ဆိုရင် သူတို့လိုက်မှာ မဟုတ်ဘူးဆိုပြီး ကျုပ်ကို မြန်မြန်ပြေးခိုင်းတယ်၊ အဲဒီအင်္ဂလိပ်လိုတတ်တဲ့ ဂျပန်က ကျုပ်ကိုတစ်ခု ပြောလိုက်သေးတယ်၊ သူက ကျုပ်ကို ညှင်းပန်းနှိပ်စက်တဲ့ ဂျပန်တွေဟာ နင်းဂျားလို့ ပြောလိုက်တယ်၊ ဒါနဲ့ပဲ ကျုပ်ဟာ လွတ်မြောက်လာတယ်ဆိုပါတော့၊ ဒီအကြောင်းကို ကျုပ်ကဘယ်သူ့ကိုမှ ပြောမပြခဲ့ဘူး၊ အခုမှ မောင်ရင့်ကို ပြော



ပြတာက မောင်ရင်ကတော့ နားလည်လိမ့်မယ် ထင်လို့ပြောပြတာပဲ'

ဒေါက်တာ ဒီယားဖို့က စကားကို အဆုံးသတ်လိုက်ရာ နီကိုလာသည် သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့..နားလည်ပါတယ်၊ နင်းဂျားတွေဟာ သူတို့ရဲ့ လေ့ကျင့်သင်ကြားမှုကို အထူးလျှို့ဝှက်ထားတယ် အင်မတန်မှလဲ ပြင်းထန်တယ်၊ ဆာမူရိုင်းတွေ လေ့ကျင့်တာထက်တောင် ပိုပြီးပြင်းထန်တယ်၊ ဒါဟာ သူတို့ရဲ့ အစဉ်အလာပဲ'

'ဟုတ်မှာပါပဲ၊ ဒါကြောင့်လဲ အခု ဒီနယူးယောက်မြို့မှာ နင်းဂျားတစ်ဦး ရောက်နေတယ်ဆိုတော့ ကျုပ်က စစ်အတွင်းက အဖြစ်ကို ပြန်သတိရမိတယ်၊ နင်းဂျားရဲ့ရန်သူကို ရဲကလည်း ကာကွယ်နိုင်မှာ မဟုတ်ဘူး'

'ဟုတ်ပါတယ်၊ သူတို့အနေနဲ့ တတ်နိုင်မှာ မဟုတ်ဘူး'

'ဒါကြောင့်..ကျုပ်က မောင်ရင့်ကိုပဲ အားကိုးမိတယ်၊ ဒီအချိန်မှာ မောင်ရင် ရှိနေတာဟာ ကျုပ်တို့အဖို့ ကံကောင်းတယ်လို့ ဆိုရမယ်'

ဒေါက်တာ ဒီယားဖို့က သူ၏ ဆန္ဒကို ထုတ်ဖော်ပြောလိုက်သည်။

✦ ✦ ✦

နီကိုလာသည် ဂျပ်စတင်၏ အိမ်သို့ ကားမောင်း ပြန်လာခဲ့ရာ အိမ်ရှေ့လှေကားမှ တက်အသွားတွင်..

'အမျိုးသမီးကတော့ မရှိဘူးဗျ'

ဟု တစ်စုံတစ်ယောက်၏ လှမ်းပြောသံကို ကြားရသဖြင့် အံ့အားသင့်ပြီး လှည့်ကြည့်လိုက်ရာ ရဲစုံထောက် ခရိုကာ ဖြစ်နေကြောင်း တွေ့ရလေသည်။ ခရိုကာကို ကြည့်ရသည်မှာ ဆက်တိုက်အိပ်ရေးပျက်ပြီး ပင်ပန်းနွမ်းနယ်နေဟန် ဖြစ်နေပေသည်။

'မော်တော်ကားလည်း မရှိဘူး'

ခရိုကာကပင် ဆက်ပြောပြန်ရာ နီကိုလာက..

'နေပါဦး ခင်ဗျားက ဒီမှာ ဘာလာလုပ်နေတာလဲ'

ဟု ပြန်မေးလိုက်သည်။

ထိုမေးခွန်းကို ခရိုကာက မဖြေဘဲ..

'လာဗျာ..ခင်ဗျားနဲ့ ကျုပ်နဲ့လမ်းလျှောက်ရအောင်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ နီကိုလာအား ရေစပ်သဲသောင်ပြင်ဘက်သို့ ခေါ်သွားလေသည်။

'ခင်ဗျားရဲ့အဝတ်အစားတွေက သဲသောင်မှာ လမ်းလျှောက်လို့ ဘယ်ကောင်းမလဲ'

နီကိုလာက ပြောလိုက်ရာ ခရိုကာသည် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် ကိစ္စမရှိဘူး၊ ကျုပ်ဖိနပ်ထဲ သဲတွေဝင်ရုံပဲ ရှိတယ်၊ ကျုပ်က ငယ်ငယ်ကတည်းက သဲသောင်ပြင်မှာ ကစားရတာ အလွန်ပျော်တယ်'

ထိုအခိုက် မလှမ်းမကမ်းတွင် ရေကူးဝတ်စုံနှင့် အမျိုးသမီးတစ်ဦးကို သတိပြုမိကြလေသည်။

ဤတွင် နီကိုလာသည် ဂျပ်စတင်ကို သတိရမိကာ ဘယ်များသွားနေပါလိမ့်ဟု စဉ်းစားမိလေသည်။

ရဲစုံထောက် ခရိုကာက စကားဆက်ပြောလေသည်။

'ကျုပ်မနေ့ညက အယ်လီဆင်ကို အိမ်ကမောင်းချလိုက်တယ်'

(အယ်လီဆင်မှာ ခရိုကာ၏ ဇနီးဖြစ်သည်)

နီကိုလာက ဘာမှမပြောဘဲနေလျှင် ခရိုကာကပင် ဆက်ပြောလေသည်။

'ကျုပ်တို့ နှစ်ယောက်က ကြာရှည်ဆက်စခန်းသွားလို့ မဖြစ်တော့ဘူး၊ အယ်လီဆင်ကိုယ်တိုင်ကလည်း ဆက်နေချင်ပုံမရပါဘူး။ ဒါကြောင့် နှစ် ဦးစလုံးက နားလည်မှုရှိကြပါတယ်'

ဤသို့ သူ၏ ကိုယ်ရေးကိုယ်တာအကြောင်း ပြောပြီးနောက် ခရိုကာက အရေးကြီးသည့် စကားကို ပြောလေသည်။

'ဒီမယ်··နီကိုလာ၊ ဒေါက်တာ ဗင်းဆင့်အီတိုတော့ သေသွားရှာပြီ၊ မနေ့ညကပဲ သူ့အလောင်းကို တွေ့တယ်၊ သူဟာ ဇက်ကျိုးပြီး သေနေတယ်'

နီကိုလာသည် ရုတ်တရက် ဘာမှပြန်မပြောဘဲ သဲသောင်ပြင်ပေါ်တွင် ထိုင်ချလိုက်သည်။ သူသည် စိတ်လှုပ်ရှားနေ၍ ဘာမျှမပြောဘဲ နေလိုက်ခြင်းဖြစ်သည်။

သိုင်းဆရာ တယ်ရီတာနာကာနှင့် သူ၏ချစ်သူ အိုင်လင်းတို့ အသတ်ခံရပြီး သူတို့အား မသင်္ဂြိုဟ်ရသေးမီပင် ဒေါက်တာ ဗင်းဆင့်အီတိုက အသတ်ခံရပြန်လေပြီ။



ရဲစုံထောက် ခရိုကာလည်း နီကိုလာ၏ ဘေးနားတွင်ထိုင်ချလိုက်သည်။

'ကျုပ်က အဲဒီသတင်းကို ပြောချင်လို့လာခဲ့တာပဲ၊ ဒီအကြောင်းကို တယ်လီဖုန်းနဲ့လည်း မပြောချင်ဘူး'

ခရိုကာက ပြောလိုက်ရာ နီကိုလာလည်း နားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ သူသည် ခရိုကာနှင့် ဒေါက်တာ ဗင်းဆင့်အီတိုတို့ ယမန်နေ့ညက ညစာ အတူစားခဲ့ကြကြောင်းကို သိထားပေသည်။

နီကိုလာသည် ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေလေရာ ခရိုကာက··

'ဒီမယ်··နီကိုလာ ဘာတွေဖြစ်ကုန်သလဲဆိုတာ ခင်ဗျားက ကျုပ်ကို ပြောပြရင်ကောင်းမယ်'

ဟု ပြောလိုက်ပြန်သည်။

'အခုနေတော့ ကျုပ်လည်း မပြောတတ်သေးဘူးဗျ၊ ဒီကိစ္စမှာ သူဌေးကြီးတွမ်ကင်လည်း ပတ်သက်တာ သေချာတယ်၊ လွန်ခဲ့တဲ့ အပတ်လောက်က သူ့ဆီကို နင်းဂျားက ခြိမ်းခြောက်သတိပေးတဲ့ စာတစ်စောင်ရောက်လာတယ်၊ ကျုပ်သိထားတာက မစ္စတာတွမ်ကင်ဟာ ဂျပန်ကုမ္ပဏီ အတော်များများနဲ့ ဆက် သွယ်ပြီး စီးပွားရေးလုပ်ငန်းကြီးတွေ လုပ်နေတယ်၊ သူဟာ နင်းဂျားတွေ မကျေနပ်စရာတစ်ခုခု လုပ်ခဲ့မိတယ်ထင်တာပဲ၊ ဒါ့ကြောင့် သူဌေးကြီးတွမ်ကင်ကို လုပ်ကြံသတ်ဖြတ်ဖို့ နင်းဂျားတစ်ယောက် လွှတ်လိုက်တာဖြစ်ရမယ်'

'ဒါတော့ မလွယ်ပါဘူး၊ အရင်ကလည်း သူဌေးကြီးတွမ်ကင်ကို သတ်ဖို့ကြံစည်ခဲ့တာတွေ ရှိတာပဲ၊ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး၊ မစ္စတာ တွမ်ကင်က ဒါမျိုးအတွေ့အကြုံရှိပြီးသားပဲ၊ ဒါကြောင့် သူ့အနေနဲ့ ခင်ဗျားရဲ့ အကူအညီတောင် လိုမှာမဟုတ်ဘူး'

ခရိုကာက ပြောလိုက်လျှင် နီကိုလာက သဘောတူဟန်ဖြင့် ခေါင်းခါလိုက်သည်။

'အဲဒါ ခင်ဗျားမှားတာပဲ၊ ကျုပ်သာမရှိရင် သူဌေးကြီးတွမ်ကင်ဟာ အသတ်ခံရဖို့ သေချာတယ်'

'ဒါပေမယ့် လက်ရှိဖြစ်ပျက်နေပုံကို ကျုပ် နားမလည်နိုင်အောင် ဖြစ်နေမိတယ်။ အခုအသတ်ခံရတဲ့ လူသုံးယောက်ဟာ သူဌေးကြီးတွမ်ကင်နဲ့ ဘယ်လိုမှ မပတ်သက်ဘူး'

'ဒါတော့ တစ်နည်းနည်းနဲ့ ပတ်သက်နေတာ ရှိလိမ့်မယ်၊ နင်းဂျားက

www.burmeseclassic.com

www.burmeseclassic.com



ဂျပ်စတင်ကိုတောင် ခြိမ်းခြောက်ခဲ့သေးတယ်'

နီကိုလာက ဂျပ်စတင်၏ အိမ်မီးဖိုခန်းထဲသို့ သားမွေးတစ်ခု ပစ်သွင်းလိုက်၍ ဂျပ်စတင်ထိတ်လန့် သွားခဲ့ရပုံကို ပြောပြလိုက်လေသည်။

'အဲဒီ ခြိမ်းခြောက်သတိပေးတာက ဂျပ်စတင်အတွက် ဟုတ်ချင်မှ ဟုတ်မှာပေါ့'

ခရိုကာက သူ၏ထင်မြင်ချက်ကို ပြောလိုက်သည်။

'ခင်ဗျားက ဘာကိုဆိုလိုတာလဲ'

'နှင်းဂျားက သတိပေးတာဟာ ခင်ဗျားကို သတိပေးတာလဲ ဖြစ်နိုင်တာပဲ မဟုတ်လား'

'မဖြစ်နိုင်ပါဘူး…၊ ကျုပ်ကို ခြိမ်းခြောက်သတိပေးဖို့ အကြောင်းမှမရှိဘဲ'

'အကြောင်းရှိလိမ့်မယ် ထင်တယ်ဗျ၊ အခု အသတ်ခံရတဲ့ လူတွေကို ကြည့်လိုက်ရင် တယ်ရီတာနာကားနဲ့ သူ့ချစ်သူ အိုင်လင်းရယ်၊ အခုတစ်ခါ ဒေါက်တာဗင်းဆင့်အီတိုတို့ရယ်..၊ ဒီလူတွေက ခင်ဗျားနဲ့ နီးစပ်ပတ်သက်နေတဲ့ လူတွေ ဖြစ်တယ်မဟုတ်လား'

'ဒါတော့ သူတို့မှာ တခြားမိတ်ဆွေတွေလည်း ရှိတာပဲ'

'ဒါပေမယ့် အသတ်ခံရသူ သုံးဦးစလုံးနဲ့ ရင်းနှီးတာက ခင်ဗျားသာ ဖြစ်တယ်'

ခရိုကာက ဤသို့ပြောလိုက်သော်လည်း နီကိုလာသည် လက်မခံဟန် ဖြင့် ခေါင်းခါလိုက်သည်။

'နှင်းဂျားက ကျုပ်ဟာ ဂျပ်စတင်နဲ့ ပတ်သက်နေတာကိုလည်း သိရမယ်။ သူက သူဌေးကြီးတွမ်ကင်ရဲ့ အနားက ကိုယ်ရံတော် (ဘော်ဒီဂတ်) တွေကို မကြောက်ဘူး၊ ကျုပ်ကသာ သူ့အတွက် ခနှောင့်အယှက်ဖြစ်နိုင်တယ်လို့ ယူဆလိမ့်မယ်၊ နှင်းဂျားရဲ့ အဓိကပစ်မှတ်ဟာ သူဌေးကြီးတွမ်ကင်ဖြစ်တယ်၊ ဒါကြောင့် သူဟာ တွမ်ကင်ကို သတ်ဖို့ကြိုးစားလိမ့်မယ်'

'ဘာပဲဖြစ်ဖြစ်ဗျာ၊ ဗင်းဆင့်အီတို အသတ်ခံရတာကို ကျုပ် စိတ်မကောင်း ဖြစ်မိတယ်'

နီကိုလာသည် ရဲစုံထောက်ခရိုကာ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်မိသည်။ ခရိုကာသည် ဒေါက်တာ ဗင်းဆင့်အီတိုအပေါ် တကယ်ခင်မင်သော



မိတ်ဆွေကောင်းတစ်ဦးဖြစ်ကြောင်း သိသာထင်ရှားနေသဖြင့် သဘောကျသွားမိလေသည်။

'ခင်ဗျားဒီလို သဘောထားတာကို ကျေးဇူးတင်ပါတယ်၊ ကျုပ်အဖို့လည်း အများကြီး အားတက်သွားမိတယ်'

ယို့နောက် သူတို့သည် ခရိုကာ၏ မော်တော်ကားရပ်ထားရာ နေရာသို့ ပြန်လျှောက်လာကြလေသည်။

ခရိုကာက ကား၏တံခါးကို ဖွင့်ပေးရာ နီကိုလာသည် ကားပေါ်တက်ထိုင်လိုက်သည်။ ထိုနောက် ခရိုကာလည်း ယာဉ်မောင်းနေရာသို့ တက်ထိုင်လိုက်ပြီး ကားကို စက်နှိုးကာ စတင်မောင်းထွက်လေသည်။

လမ်းခုလတ်တွင် ခရိုကာသည် ကားမောင်းနေရင်း..

'ဒါထက် နီကိုလာ၊ ခင်ဗျားအနေနဲ့ ဒီဒီယွန်လူသတ်မှု အကြောင်း သိသလား'

ဟု မေးလိုက်သည်။

နီကိုလာသည် အံ့အားသင့်သွားမိလေသည်။ ရဲစုံထောက်ခရိုကာက ဘာကြောင့် ထိုကိစ္စအကြောင်း မေးလိုက်ပါလိမ့်ဟု အံ့ဩမိခြင်းဖြစ်သည်။ သို့သော် မေးခွန်းကိုတော့ ပြန်ဖြေလိုက်သည်။

'ကိုယ်ဟန်ပြမယ် အမျိုးသမီး အသတ်ခံရတဲ့ အမှုကို ပြောတာမဟုတ်လား၊ သတင်းစာတွေထဲမှာ အကျယ်တဝင့် ပါခဲ့တာပဲ၊ ကျုပ်က အမှုအကြောင်းကို သတင်းစာထဲ ပါသလောက်ပဲ သိပါတယ်'

'ဟုတ်ပါတယ်၊ အဲဒီမိန်းကလေးဟာ အတော်ကို ချောလှတဲ့ မိန်းကလေး တစ်ယောက်ပဲဗျ၊ အလွန်လူချစ်လူခင် ပေါသူလည်း ဖြစ်တယ်၊ သူ့ခမျာ အိပ်ခန်းထဲမှာ သေနေရှာတာကို ကျုပ် ကိုယ်တိုင်မြင်ခဲ့ရတယ်။ သူ့ကို ဘယ်သူက သတ်တာလဲလို့ ကျုပ် သိချင်တယ်၊ ခက်တာက အဲဒီ လူသတ်မှုမှာ သဲလွန်စ လုံးဝရှာမရဘဲ ဖြစ်နေတယ်၊ အခင်းဖြစ်ပွားတဲ့ညက အသတ်ခံရသူ 'အင်ဂျီလာ-ဒီဒီယွန်'ရဲ့အိမ်ကို အမျိုးသမီးတစ်ယောက် လာတယ်လို့ သိရတယ်၊ ဒါပေမယ့် အဲဒီအမျိုးသမီးကိုလည်း ရှာလို့မတွေ့ဘူး၊ ရဲကတော့ နီးစပ်ရာလူတွေကို လိုက်ပြီး စစ်မေးကြည့်ပါတယ်၊ အိမ်နီးချင်း အမျိုးသမီးကြီး တစ်ဦးကတော့ လွန်ခဲ့တဲ့ ခြောက်လလောက်ကစပြီး ယောက်ျားဇည့်သည် တစ်ယောက်ဟာ သေသူ အင်ဂျီလာ-ဒီဒီယွန်ဆီကို မကြာခဏ လာတာမြင်တယ်လို့ ထွက်ဆိုသတဲ့ဗျ'

www.burmeseclassic.com

www.burmeseclassic.com



ခရိကာက စကားပြောရင်း ကားကို ဆက်မောင်းလာရာ မြို့တွင်းသို့ ရောက်လာကြလေသည်။

ထို့နောက် သူတို့သည် လူသေအလောင်းများ မြေမြှုပ်သင်္ဂြိုဟ်ခြင်း မပြုမီ ထားရှိပြီး၊ ဈာပနအစီအစဉ်များ ပြုလုပ်ပေးသည့် အိမ်သို့သွားကြလေသည်။

ရဲစုံထောက် ခရိကာသည် လူသတ်မှုအကြောင်း ဆက်ပြောပြန်သည်။

'သေသူမိန်းကလေးအိမ်ကို မကြာခဏ လာတတ်တဲ့ ဧည့်သည်ယောက်ျားရဲ့ ပုံပန်းသဏ္ဌာန်ကို အိမ်နီးချင်း အမျိုးသမီးကြီးရဲ့ ပြောပြချက်အရ ဆိုရင် အဲဒီလူ ပုံပန်းက သူဌေးကြီးတွမ်ကင်နဲ့ တူနေတယ်ဗျ၊ ဒီတော့ မစ္စတာ တွမ်ကင်ဟာ သေသူမိန်းကလေးနဲ့ ရှုပ်နေတယ်လို့ ယူဆရမယ်'

'ဒါတော့ ခင်ဗျားရဲ့ အယူအဆသာ ဖြစ်တယ်၊ ခိုင်လုံတဲ့ အထောက်အထားမရှိဘူးဗျ'

နီကိုလာက ထောက်ပြလိုက်သော်လည်း ခရိကာက··

'ဘာမှ သဲလွန်စမရှိတာထက်တော့ တော်သေးတာပေါ့'

ဟု ပြန်ပြောလိုက်သည်။

ထိုအချိန်၌ တယ်ရီတာနာကားနှင့် အိုင်လင်းတို့၏ ရုပ်ကလာပ်ကို လာကြည့်သူ သိုင်းသင်တန်းကျောင်းမှ နည်းပြဆရာများလည်း ရောက်ရှိနေကြလေရာ၊ သူတို့သည် နီကိုလာကို မြင်လျှင် နှုတ်ဆက်ကြလေသည်။

နီကိုလာကလည်း ပြန်လည် နှုတ်ဆက်စကား ပြောလိုက်သည်။

ရဲစုံထောက် ခရိကာကမူ သူ ပြောလက်စ လူသတ်မှုအကြောင်းကိုပင် ဆက်ပြောပြန်လေသည်။

'အခုအတိုင်းဆိုရင် အင်ဂျီလာ-ဒီဒီယွန် အသတ်ခံရတဲ့ အမှုကို လက်သည်မပေါ်တဲ့ အမှုအဖြစ် ပိတ်ထားသလို ဖြစ်နေတယ်၊ ကျုပ်ကတော့ ဒီအမှုမှာ သူဌေးကြီး တွမ်ကင်ဟာ တစ်နည်းနည်းနဲ့ ပတ်သက်နေတယ်လို့ ယုံကြည်မိတယ်၊ အမှုကို ဆက်ပြီးမစုံစမ်းဘဲ ထားတာဟာလည်း မစ္စတာ တွမ်ကင်ရဲ့ ဩဇာကြောင့်လို့ ကျုပ် ထင်တယ်၊ ဒါပေမယ့် ကျုပ်က လုံးဝ မကျေနပ်ဘူး၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် လူသတ်မှုဖြစ်တဲ့ညက လာတယ်ဆိုတဲ့ အမျိုးသမီးရဲ့ နာမည်နဲ့ နေရပ်လိပ်စာကို ဆက်စုံစမ်းနေတယ်'

သိုင်းဆရာ တယ်ရီတာနာကားနှင့် အိုင်လင်းတို့၏ ဈာပနအခမ်းအနား



သို့ နီကိုလာနှင့် ခရိကာတို့လည်း တက်ရောက်ကြရာ၊ ထိုအခမ်းအနားတွင် နီကိုလာအား လူအများက ဂုဏ်ပြုစကားပြောခိုင်းသဖြင့် နီကိုလာက ဂျပန်ဘာသာဖြင့် အနည်းငယ်ပြောလိုက်ရသည်။ ထို့နောက် ပန်းစည်းများ ချပေးလိုက်သည်။

မြေမြှုပ်သင်္ဂြိုဟ်ပြီးနောက် သင်္ချိုင်းမှ ပြန်ထွက်လာချိန်တွင် ရဲစုံထောက် ခရိကာက ထူးထူးဆန်းဆန်းမေးခွန်းတစ်ခု မေးလေသည်။

'ဒါထက် ဂျပန်နာမည် ဟီဒေအိုရှီ၊ ယိုဒိုဂီမီ၊ မီဆူနာရီ ဆိုတာတွေအကြောင်း ခင်ဗျား ဘာသိသလဲ'

'ဂျပန်ပြည်ရဲ့ အတိတ်ကာလ သမိုင်းထဲက ထင်ရှားတဲ့ နာမည်တွေပဲ၊ ခင်ဗျားက ဘာကြောင့်မေးတာလဲ'

နီကိုလာက ပြန်ပြောလိုက်သည်။

'အဲဒီ နာမည်နဲ့ အသက်ရှင်နေတဲ့ လူတွေကော မရှိနိုင်ဘူးလား'

'ရှိနိုင်တာပဲ၊ နာမည်တွေက မိသားစုနာမည်တွေ ဖြစ်လေတော့၊ မူလလူတွေရဲ့ သားစဉ်မြေးဆက်ထဲက အဲဒီနာမည်တွေကို ဆက်အသုံးပြုတာမျိုး ရှိနိုင်တာပေါ့'

'ဒီလိုရှိတယ်ဗျ၊ တယ်ရီတာနာကားနဲ့ အိုင်လင်းတို့ အသတ်ခံရတဲ့နေ့က သိုင်းသင်တန်းကျောင်းကို ဂျပန်လူမျိုး တစ်ယောက်လာတယ်လို့ သိုင်းနည်းပြဆရာနှစ်ဦးက ပြောပြလို့ ကျုပ်သိခဲ့ရတယ်၊ ဒီဂျပန်အမျိုးသား ကသိုင်းလေ့ကျင့်ချင်တယ် ဆိုပြီး တယ်ရီတာနာကားနဲ့ ကင်ဒို ဓားသိုင်း လေ့ကျင့်ကစားကြတယ်၊ နည်းပြဆရာနှစ်ဦးအဆိုက ဒီဂျပန်အမျိုးသားဟာ သူတို့တွေ့ဖူးတဲ့ လူတွေအနက် သိုင်းပညာအတော်ဆုံးပဲလို့ ဆိုတယ်၊ အဲဒီနေ့က တယ်ရီတာနာကားဟာ အတော်ပဲ စိတ်အနှောင့်အယှက် ဖြစ်သွားသတဲ့၊ ဒီဂျပန်အမျိုးသားက သူ့နာမည် ဟီဒေအိုရှီ ဖြစ်တယ်လို့လည်း ပြောသွားတယ်တဲ့'

ထိုအခါ နီကိုလာက ဂျပန်ပြည်၏ အတိတ်ကာလသမိုင်းထဲမှ ဟီဒေအိုရှီ ဟူသော နာမည်နှင့် ပတ်သက်သည့် ဇာတ်ကြောင်းကို ခရိကာအား ပြောပြလေသည်။

'သက္ကရာဇ် ၁၅၉၈ ခုနှစ်က ဂျပန်ပြည်က 'ဒိုင်မီယို'နယ်စားတွေအပေါ် ကြီးကြပ်ကွပ်ကဲတဲ့ ဟီဒေအိုရှီ ဆိုသူဟာ သေဆုံးသွားတယ်၊ ဟိုတစ်ချိန်ကတော့ လူအများက နားလည်ခဲ့ကြတာက ဟီဒေအိုရှီဟာ သူ့ရဲ့ အရိုက်အရာ

www.burmeseclassic.com

www.burmeseclassic.com



ကို အုပ်ချုပ်မှုကောင်စီဝင်တစ်ဦးဖြစ်တဲ့ 'အိယာဆု' ဆိုသူကို လွဲအပ်ခဲ့တယ်လို့ သိကြတယ်၊ အိယာဆုဆိုသူကလည်း အင်အားကြီးမားတဲ့ လူတစ်ယောက်ပဲကိုး၊ ဒါပေမယ့် အမှန်က ဟီဒေအိုရှီဟာ တစ်မျိုးစီစဉ်ခဲ့တယ်၊ ဟီဒေအိုရှီဟာ သူ အလွန်ချစ်မြတ်နိုးတဲ့ အပျော်မယားတစ်ယောက် ရှိခဲ့တယ်၊ နာမည်က 'ယိုဒိုဂီမီ' လို့ခေါ်တယ်၊ အဲဒီ အမျိုးသမီးမှာ သားယောကျ်ားကလေးတစ်ဦး ထွန်းကားခဲ့တယ်၊ ဟီဒေအိုရှီဟာ ဇနီးနဲ့သားငယ်ကို အလွန်ချစ်တော့ သူ့သားကလေးကြီးလာရင် သူ့လိုပဲ ဂျပန်ပြည်မှာ ဩဇာကြီးမားပြီး ခြယ်လှယ် ကွပ်ကဲနိုင်တဲ့ နေရာကိုရစေချင်တယ်၊ ဒါကြောင့် သူဟာ သေခါနီးဆဲဆဲမှာ သူနဲ့ရင်းနှီးတဲ့ မိတ်ဆွေရဲ့အရာရှိ 'မိဆူနာရီ' ဆိုသူကို ခေါ်တွေ့ခဲ့တယ်၊ သူ့ဇနီး ယိုဒိုဂီမိနဲ့ သားကလေးကို အထူးကာကွယ်စောင့်ရှောက်ဖို့လည်း မှာကြားတာဝန်ပေးခဲ့တယ်။ အထူးသဖြင့် အိယာဆုဆိုသူက နောက်ပိုင်းမှာ အာဏာအရှိဆုံး 'ရှိုးဂန်း' ဖြစ် လာအောင် ကြိုးစားပြီး၊ ကျုပ်ရဲ့ဇနီးနဲ့ သုတ်သင်ကွပ်မျက်ပစ်ဖို့ ကြိုးစားမှာမို့ အစွမ်းကုန် သားကလေးကို ကာကွယ်တားဆီးပေးပါလို့.. မိဆူနာရီကို မှာကြားခဲ့တယ်။ ခေါ်တွေ့ပြန်တယ်။ တွေ့ပြီးတော့ သူသေဆုံးသွားတဲ့အခါ နောက်တခါ ဟီဒေအိုရှီဟာ အိယာဆုကိုလည်း အိယာဆုက အာဏာကို သိမ်းယူပါလို့ မြှောက်ပေးခဲ့ပြန်တယ်၊ တစ်နည်းအားဖြင့် ဟီဒေအိုရှီဟာ သူသေသွားတဲ့နောက်ပိုင်း ဂျပန်ပြည်မှာ အုပ်စုချင်း ပဋိပက္ခ ဖြစ်ရာက ပြည်တွင်းစစ်ဖြစ်အောင် လှုံ့ဆော်ဖန်တီးခဲ့တာပဲ'

'ဟီဒေအိုရှီရဲ့ အကြံအစည်က အောင်မြင်ခဲ့သလား'

ခရိုကာက ပြန်မေးလိုက်သည်။

'မအောင်မြင်ခဲ့ဘူးဗျ၊ အိယာဆုက သူ့ဘက်က အင်အားကြီးမားသလောက် အလွန်ဉာဏ်များသူဖြစ်တယ်၊ တစ်ဖက်ကလည်း မိဆူနာရီက ဒိုင်ဗီယိုနယ်စား တချို့ကို စည်းရုံးပြီး ယိုဒိုဂီမိနဲ့ သားကလေးကို ကာကွယ်စောင့်ရှောက်ခဲ့တယ်၊ သူတို့က အိုဆာကာမြို့က ရဲတိုက်ကြီးမှာ ခံတပ်အဖြစ် ခိုင်ခိုင်မာမာ အကာအကွယ်တွေ တည်ဆောက်ပြီး နေခဲ့တယ်၊ ၁၆၁၅ ခုနှစ်ကျတော့ အိယာဆုက စစ်သည် အလုံးအရင်းနဲ့ ဝင်တိုက်ခိုက်ခဲ့တယ်၊ သူတို့တပ်တွေက အိုဆာကာရဲတိုက်ကြီးမှာ ကာကွယ်ခုခံနေသူတွေကို နိုင်အောင်တိုက်ပြီး ဝင်လာနိုင်ခဲ့တယ်၊ ဒါပေမယ့် အဲဒီအချိန်ကျတော့ အမျိုးသမီး ယိုဒိုဂီမိနဲ့ သားကလေးဟာ သေနေပြီဖြစ်တယ်။ ယိုဒိုဂီမိဟာ သူ့ သားကလေးကို သတ်လိုက်ပြီး



သူကိုယ်တိုင် လည်း 'ဆေပွကု' လုပ်ပြီး သတ်သေသွားတယ်'

'အဲဒီဇာတ်လမ်းမှာ လူကြမ်း လူဆိုးက ဘယ်သူလဲဗျ'

ရဲစုံထောက် ခရိုကာက ပြန်မေးလိုက်သည်။

'ဒါတော့ ခင်ဗျား သုံးသပ်ကြည့်တဲ့ ရှုထောင့်အပေါ် တည်တယ်လို့ ဆိုရမယ်၊ တစ်ခုသေချာတာကတော့ အိယာဆုဟာ အတိတ်ကာလ ဂျပန်ပြည်သမိုင်းမှာ အလွန်ထူးချွန်တဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့တာကိုတော့ ငြင်းလို့မရဘူး၊ ဒီလူရဲ့ အရည်အသွေး ထူးချွန်ထက်မြက်တာကို ဟီဒေအိုရှီက နားလည်သဘောပေါက်ခဲ့သလား ဆိုတာတော့ မပြောနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်တုန်းကတော့ ဒီလူနှစ်ဦးစလုံးဟာ ဂျပန်နိုင်ငံသမိုင်းမှာ အရေးပါတဲ့ ပုဂ္ဂိုလ်နှစ်ဦး ဖြစ်ခဲ့တာအမှန်ပဲ'

'နောက်ဆုံးကျတော့ ဟီဒေအိုရှီက အရေးနိမ့်ခဲ့တာပဲ မဟုတ်လား၊ သူမချစ်မြတ်နိုးတဲ့ သားလေးကလည်း သေသွားလေတော့ ဟီဒေအိုရှီရဲ့ မျိုးဆက်ပြတ်သွားတယ်'

ခရိုကာက ထောက်ပြလိုက်ရာ နီကိုလာသည် ရုတ်တရက် ဘာမှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။

ဤတွင် ခရိုကာကပင် ဆက်လက်၍ မေးခွန်းထုတ်ပြန်လေသည်။

'ဒါထက် တယ်ရီတာနာကားရဲ့ သိုင်းသင်တန်းကျောင်းကို လာတဲ့ ဂျပန်အမျိုးသားက ဘာကြောင့် သူ့နာမည် ဟီဒေအိုရှီလို့ ပြောခဲ့တာလဲ၊ တကယ်တော့ သူ့နာမည် အမှန်က ဘယ်နည်းနဲ့မှ ဟီဒေအိုရှီ မဖြစ်နိုင်ဘူး မဟုတ်လား၊ အထူးသဖြင့် ဟီဒေအိုရှီဆိုသူဟာ သူ့အကြံအစည် မအောင်မြင်ခဲ့တဲ့အတွက် သူ့နာမည်ကို ယူစရာအကြောင်းမရှိဘူး'

ဤတွင် နီကိုလာသည် ပြုံးလိုက်လေသည်။

'ဒါကတော့ ခင်ဗျားက အနောက်နိုင်ငံသားတို့ရဲ့ အတွေးအခေါ်ပုံနဲ့ သမိုင်းကို သုံးသပ်ကြည့်တာပဲ၊ ဂျပန်ပြည်မှာက အကြံအစည် တစ်ခုလုပ်လို့ မအောင်မြင်တာကိုပဲ မြတ်တယ်လို့ ယူဆတတ်တဲ့သဘော တစ်မျိုးရှိတယ်၊ ခင်ဗျားတို့ အနောက်တိုင်းမှာက အောင်မြင်မှုကိုသာ လေးစားချီးကျူးလေ့ပြုလေ့ရှိတယ်'

'ဒါဖြင့် ဟီဒေအိုရှီကို သူရဲကောင်းတစ်ဦးကို ဆိုလိုချင်တာလား'

'ဟုတ်တယ်..'

www.burmeseclassic.com



'ဒါဖြင့် စောစောက ကျုပ်ပြောခဲ့တဲ့ တခြား ဂျပန်နာမည်တွေကကော ဘယ်လိုလဲ၊ ဒီနာမည်တွေကို တယ်ရီတာနာကားက စာရွက်တစ်ရွက်မှာ ရေးမှတ်ထားတာကို သူသေပြီးမှ သူ့အင်္ကျီအိတ်ထဲက စာရွက်တွေ့ခဲ့တယ်ဗျ'

'ဒါတော့ တယ်ရီတာနာကားက စိတ်ကူးရတာ လျှောက်ရေးခဲ့တာလဲ ဖြစ်နိုင်တာပဲ'

'ဘာကြောင့် ဒီနာမည်တွေ ရေးမှတ်ခဲ့တာလဲဆိုတာ ကျုပ်တော့ နားမလည်နိုင်အောင် ဖြစ်နေတယ်'

ခရိကာက ဤသို့ ပြောလိုက်ပြီးနောက် နီကိုလာသည် စိတ်ကူးတစ်မျိုး ရလာဟန်ဖြင့် သူ၏ခံစားချက်ကို ဖွင့်ပြောလေသည်။

သူသည် ရဲစုံထောက် ခရိကာအား တကယ် ခင်မင်ရင်းနှီးသော မိတ် ဆွေတစ်ဦးအဖြစ် ဖွင့်ပြောခြင်းဖြစ်လေသည်။

'ကျုပ်က ဒီအမေရိကန်ပြည်ကို စ,ရောက်လာပြီးတော့ ကျုပ်ရဲ့ဘဝ တစိတ်တဒေသကို လုံးလုံးမြှုပ်ထားပစ်လိုက်တယ်၊ ဒါဟာ ဂျပန်ပြည်မှာ ကြီးပြင်းလာတဲ့ ကျုပ်လို လူတစ်ယောက်အနေနဲ့ မလွယ်ကူလှဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ ဖခင်ကြီးက အနောက်တိုင်းသား ဖြစ်လေတော့ သူ့ကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ကျုပ်ဟာအနောက်တိုင်းရဲ့ လူနေမှုစနစ် အတွေးအခေါ် အယူအဆတွေကို လက်ခံကျင့်သုံးခဲ့တယ်၊ လက်ခံကျင့်သုံးဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ကျုပ်ဟာ အဲဒီအတွေးအခေါ် ယူဆပုံတွေကို ဖျောက်ပစ်လိုက်ပြန်တယ်၊ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးဝေဖန်သုံးသပ် ဆန်းစစ်ကြည့်လိုက်တော့ ကျုပ် ကြိုးစားခဲ့တာတွေဟာ ဘာမှ အကျိုးမထူးပါကလားလို့ မြင်လာတယ်၊ အချိန်တွေ ကုန်ခဲ့တာသာ အဖတ်တင်တယ်'

'ဒါဖြင့် အခု ခင်ဗျား စိတ်ထဲမှာ ဘယ်လိုနေသလဲ'

'ဘယ်လိုနေသလဲဆိုတော့ ကမ္ဘာလောကကြီးဟာ စောက်ထိုးပြောင်းပြန် ဖြစ်သလို ထင်ရတယ်'

ထိုမျှနှင့်ပင် နီကိုလာက စကားဖြတ်လိုက်ပြီးနောက် နှစ်ယောက်သား ဘာမှမပြောဘဲ ဆိတ်ဆိတ်နေကြလေသည်။

ခဏမျှကြာသော် ခရိကာသည် စိတ်ကူးတစ်မျိုးရလာဟန်ဖြင့်··

'ဒါထက် ခင်ဗျားအနေနဲ့ ဂျပ်စတင်ရဲ့ အဖေကြီးကို ဘယ်လိုသဘောရသလဲ'



ဟု မေးလိုက်သည်။

'ရှင်းရှင်းပြောရရင် ဒီလူကြီးကို မြင်မြင်ချင်း ကျုပ်မုန်းမိတယ်၊ ဂျပ်စတင် ကိုယ်တိုင်ကလည်း သူ့အဖေကြီးအကြောင်းပြောထားလို့ ကျုပ်က သိနေတယ်၊ သူကဩဇာအာဏာ ကြီးမားသူ ဖြစ်လေတော့ ဘာမဆို သူလိုချင်တာရနိုင်ရမယ်လို့ ယူဆတယ်၊ မာန်မာနကြီးတယ်၊ ဒါတွေကို ကျုပ်က သဘောမတူဘူး'

'ဒီလူကြီးဟာ လူသတ်သမားပဲဗျ'

ခရိကာက သူယုံကြည်သည့်အတိုင်း ပြောလိုက်သည်။

'အင်း··ဖြစ်နိုင်ပါတယ်'

'နောက်ပြီး သူ့ဌေးကြီး တွမ်ကင်ဟာ သူ့မှာ အန္တရာယ်ရှိနေတဲ့အတွက် ခင်ဗျားရဲ့ အကူအညီ ရယူလိုက်တယ်၊ ဒါက သူလူလည်ကျတာပဲ'

'ခင်ဗျားက ပြဿနာကို ရှုထောင့်တစ်ခုတည်းက ကြည့်ပြီးပြောနေတာကိုး··'

'ဒီလိုလည်း မဟုတ်ပါဘူး၊ ကျုပ်က ဒီလူကြီးကို ခင်ဗျားမသိခင်ကတည်းက ကောင်းကောင်းသိခဲ့လို့ ပြောတာပါဗျ'

ခရိကာက သူ၏ အယူအဆကို ထပ်၍ပြောလိုက်လေသည်။

✦ ✦ ✦

မြို့တွင်းသို့ ဆက်၍ အသွားတွင် ရဲစုံထောက် ခရိကာက ဒေါက်တာဗင်းဆင့်အီတို သေဆုံးခဲ့ရပုံအကြောင်းကို နီကိုလာအား ပြောပြလိုက်လေသည်။

ထို့နောက် သူသည် နီကိုလာအား သူဌေးကြီးတွမ်ကင်၏ အဆောက်အအုံတွင် ချထားခဲ့ပြီးနောက် ရုံးသို့ဆက်သွားလေသည်။

ရုံးသို့ရောက်သောအခါ သေသူဒေါက်တာဗင်းဆင့်အီတိုနှင့် ပတ်သက်၍ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်ကြီး၏ အစီရင်ခံစာ ရောက်ရှိနေသည်ကို တွေ့ ရလေသည်။

ထိုအစီရင်ခံစာကို ဖတ်ကြည့်မိလိုက်သည်နှင့် ခရိကာမှာ ဇောချွေးများ ပြန်လာလေတော့သည်။

ထို့နောက်သူသည် ချက်ချင်း တယ်လီဖုန်းကို ကောက်ကိုင်၍ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်၏ ရုံးသို့ လှမ်းဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို..ကျုပ်ခရိကာပါ၊ ဗင်းဆင့်အီတိုနဲ့ ပတ်သက်လို့ အစီရင်ခံစာ ရလို့ ကျေးဇူးတင်ပါတယ်၊ အခြေအနေက တော်တော်ဆိုးတာပဲကိုးဗျ'

'ဟုတ်ပါတယ်၊ ကျုပ်တို့အားလုံးလည်း အလွန်အံ့အားသင့်နေမိကြပါတယ်'

တစ်ဖက်မှ 'ဂရီမန်' ဆိုသူက ပြန်ပြောလေသည်။

'ကျုပ်က ဒီအမှုနဲ့ပတ်သက်ပြီး ဆက်စုံစမ်းနေတယ်'

'ဟုတ်လား..'

'ဟုတ်ပါတယ်၊ သဲလွန်စ ရမယ်လို့တော့ မယ်မယ်ရရ မရှိသေးပါဘူး။ ဒါပေမယ့် ဒေါက်တာဗင်းဆင့်အီတို သေရတာဟာ တယ်ရီတာနာကားနဲ့ အိုင်လင်းတို့ အသတ်ခံရတာနဲ့ ဆက်စပ်နေတယ်လို့ ကျုပ်ယူဆတယ်'

'တယ်ရီတာနာကာနဲ့ အိုင်လင်းတို့ရဲ့ အလောင်းကို ဒေါက်တာဗင်းဆင့် အီတိုကိုယ်တိုင် ခွဲစိတ်စစ်ဆေးခဲ့တာပဲဗျ၊ သေရပုံချင်းတော့ မတူဘူးထင်တယ်'

'ဒါက သိပ်အရေးမကြီးပါဘူး'

'ဟုတ်လား၊ နောက်တစ်ခုက ကျုပ်က ဒေါက်တာ ဒီယားဖို့ဆီကို တယ်လီဖုန်းဆက်လိုက်တယ်'

'သူက ဘာပြောသလဲ'

'သူလည်း အလွန် စိတ်မကောင်း ဖြစ်သွားပုံရတယ်၊ ဒါထက်.. ဒေါက်တာဗင်းဆင့်အီတိုအတွက် ဈာပနကိစ္စကို ဘယ်လိုလုပ်မလဲ'

'ခင်ဗျားပဲ ကြည့်စီစဉ်ထားလိုက်ပါ၊ ကျုပ်လည်း လာခဲ့ပါ့မယ်၊ နောက်တစ်ခုက အလောင်းကို ခင်ဗျား ခွဲစိတ်စစ်ဆေးကြည့်တော့ ဓာတုဗေဒ ဆေးတစ်မျိုး တွေ့တယ်ဆိုတာ သေချာတယ်နော်'

ဤတွင် ခရိကာသည် စားပွဲပေါ်မှ အစီရင်ခံစာကို ပြန်ကြည့်ပြီးမှ..

'အဲဒီ ဓာတုဗေဒဆေးက လူရဲ့အာရုံကြောတွေ ထုံထိုင်းစေပြီး မလှုပ်ရှားနိုင်အောင် ဖြစ်စေတဲ့ အာနိသင်မျိုးရှိတာကိုး..'

ဟု ပြောလိုက်သည်။

'ဟုတ်တယ်၊ တကယ်တမ်း အသတ်ခံရတဲ့အချိန်မှာ ဗင်းဆင့်အီတိုဟာ လုံးဝ မလှုပ်ရှားနိုင်တော့တဲ့ အခြေအနေမျိုး ဖြစ်နေလိမ့်မယ်'

'အဲဒီဆေးကို ဆေးထိုးအပ်နဲ့ ထိုးတာ မဖြစ်နိုင်ဘူးလား'



'မဖြစ်နိုင်ဘူး၊ ဆေးထိုးအပ်နဲ့ထိုးလို့ အာနိသင်မရှိနိုင်ဘူး၊ ကျုပ်အထင်တော့ ရေမွှေးပက်ဖျန်းမှုတ်တဲ့ မှုတ်ဆေးကိရိယာ တစ်ခုခုနဲ့ အနီးကပ် ပက်ဖျန်းမှုတ်လိုက်တာလို့ ထင်မိတယ်၊ ဒီလိုဆိုတော့ လူသတ်သမားဟာ အနီးမှာ ရှိနေရမယ်၊ တစ်နည်းအားဖြင့် လူသတ်သမားဟာ ဒေါက်တာဗင်းဆင့်အီတို သိနေတဲ့ လူတစ်ယောက်ဖြစ်ရမယ်'

'ကောင်းပြီလေ၊ အကြောင်းထူးရင် ကျုပ်ပြန်ပြီးဆက်ပါ့မယ်'

ခရိကာက စကားဖြတ်၍ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ထိုအချိန်၌ သူ၏တပည့်ကျော် 'ပေးဂတ်စ်' ဆိုသူက လာခေါ်သဖြင့် ခရိကာလည်း လိုက်သွားရလေသည်။

လာခေါ်သည့် အကြောင်းကတော့ သူတို့ရဲ့တွေက ဒုစရိုက်မှုဖြင့် ဖမ်းလာသော အမျိုးသမီးအား ပြလို၍ဖြစ်သည်။

ခရိကာလည်း လိုက်သွားကြည့်သောအခါ အမျိုးသမီးမှာ သူဌေးကြီး တွမ်ကင်၏ သမီးအကြီး 'ဂယ်လ်ခါ' ဆိုသူဖြစ်နေလေသည်။ သူမ၏ အကျင့်စာရိတ္တနှင့် ပတ်သက်၍ ခရိကာက သိထားပြီးဖြစ်သည်။

'ဟဲလို..ဂယ်လ်ခါ..ဒီတစ်ခါတော့ မင်းက ဘာတွေလုပ်ပြန်လို့လဲ'

ခရိကာက စတင်နှုတ်ဆက်လိုက်ရာ ဂယ်လ်ခါသည် မျက်နှာထားတင်းတင်းဖြင့်..

'ရှင်က ဘယ်သူလဲ'

ဟု ပြန်မေးလေသည်။

'ကျုပ်က ရဲစုံထောက် ခရိကာလေဗျာ၊ မှတ်မိတယ်မဟုတ်လား၊ မင်းကိုတော့ ကျုပ် တစ်ခါတွေ့ခဲ့ဖူးတယ်။ အင်ဂျီလာ ဒီဒီယွန်ဆိုတဲ့ အမျိုးသမီး အသတ်ခံရတဲ့ အမှုတုန်းက မင်းကိုကျုပ်စစ်ဆေးခဲ့ဖူးတယ်'

'အခု ဘယ်လိုလဲ၊ ကျွန်မကို အမှုဖွင့်ပြီး ဖမ်းချုပ်မှာလား'

'နေဦး၊ မင်းကို စစ်ဆေးကြည့်ရဦးမယ်'

ပြောပြောဆိုဆို ခရိကာသည် ရုတ်တရက် ဂယ်လ်ခါ၏ လက်မောင်းကို ဖမ်းချုပ်ကိုင်လိုက်ပြီး မူးယစ်ဆေးဝါး သုံးစွဲထားသည့် အထောက်အထား (ဆေးထိုးအပ်ရာ)များ ရှိမရှိစစ်ဆေးကြည့်လေသည်။

ဘာမျှ မတွေ့တော့မှ လက်ကိုပြန်လွှတ်လိုက်သည်။

'ဒါဖြင့် ကျွန်မ သွားနိုင်ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'နေဦး၊ မင်းနဲ့ စကားပြောစရာ ရှိသေးတယ်'

'ဘာများ ပြောစရာရှိလို့လဲရှင့်'

'မင်းက ဘာကြောင့် ကြေးကြီးစား မိန်းမပျက်တစ်ယောက်လို လုပ်နေရတာလဲ'

'ဒါတော့ ကျွန်မစိတ်ထဲက သဘောကျလို့ပဲလို့ ရှင်းရှင်းပြောရလိမ့်မယ်၊ ကျွန်မရဲ့ဘဝကို ကျွန်မကြိုက်သလို နေနိုင်ခွင့်ရှိတာပဲ'

'ဒီမယ်‥ဂယ်လ်ခါ၊ မင်းကို ငါ ကူညီနိုင်တယ်'

'ရှင်က ဘာကိုဆိုလိုတာလဲ'

'မင်းရဲ့ဘဝဟာ တဖြည်းဖြည်း နစ်မွန်းနေတယ်၊ အခြေအနေ သိပ်ဆိုးမလာခင် မင်းဟာ တစ်နေရာရာကို ထွက်သွားဖို့ကောင်းတယ်'

ခရိုကာက စေတနာဖြင့် ပြောလိုက်သော်လည်း ဂယ်လ်ခါသည် လက်မခံဘဲ စိတ်ဆိုးလာပုံရလေသည်။

'ကျွန်မရဲ့ဘဝကို ကျွန်မ ကြိုက်သလို နေမှာပဲ၊ ကျွန်မမှာ တွယ်တာရမယ့်လူလည်း မရှိဘူး၊ ကျွန်မအဖေကိုလည်း မချစ်ဘူး၊ သိပ်မုန်းတယ်'

ဤတွင် ခရိုကာသည် ရုတ်တရက် စိတ်ကူးရလာသဖြင့်‥

'မင်းရဲ့အဖေဟာ အင်ဂျီလာ ဒီဒီယွန်ဆိုတဲ့ မိန်းကလေးကို သတ်ခဲ့တယ်လို့ ကျုပ်ထင်တယ်'

ဟု ပြောလိုက်သည်။

'ဟုတ်လား၊ ကျွန်မကတော့ သူ့ကိုမုန်းပေမယ့် သူဟာ ကျွန်မရဲ့အဖေဖြစ်နေတယ်'

'မင်းရဲ့ ထင်မြင်ချက်ကို ပြောပါဦး၊ မင်းရဲ့ ဖခင်ဟာ လူသတ်မှုကျူးလွန်မယ်ဆိုရင် ဖြစ်နိုင်တယ်လို့ ထင်သလား'

'မှန်တာပြောရရင် ကျွန်မအဖေဟာ ၈ သတ်မယ်ဆိုရင် သတ်နိုင်တဲ့လူတစ်ယောက်ပါပဲ နောက်တစ်ချက်က ကျွန်မအဖေက တရားဥပဒေတွေ၊ ဘာတွေကိုလည်း ဂရုစိုက်တာ မဟုတ်ဘူး'

'အင်ဂျီလာ ဒီဒီယွန်ဆိုတဲ့ အမျိုးသမီးကိုရော မင်းသိသလား'

'သိတာပေါ့၊ ကျွန်မရဲ့အဖေက အဲဒီအမျိုးသမီးနဲ့ ရှုပ်နေတာလည်း ကျွန်မ သိတယ်၊ တစ်နေ့ သူက ကျွန်မတို့အိမ်ကိုတောင် ပိုင်စိုးပိုင်နင်းနဲ့ လာဖူး သေးတယ်'



'မင်းနဲ့ သူနဲ့ စကားပြောကြသေးသလား'

'မပြောပါဘူး၊ ကျွန်မတို့ နှစ်ယောက်စလုံးက တစ်ယောက်ကို တစ်ယောက်‥'

'မင်းက မင်းရဲ့အဖေကြီးနဲ့ ဆက်ဆံရေး အဆင်မပြေဘူးဆိုပါတော့'

'ဟုတ်တယ်ရှင့်၊ ဖအေနဲ့ သမီးဖြစ်ပေမယ့် ကျွန်မက သူ့ကို လုံးဝမချစ်ဘူး၊ ရှင်းရှင်းပြောရရင် ကျွန်မရဲ့ဘဝဟာ မိဘနှစ်ပါးရဲ့ ချစ်ခင်ယုယမှုကို မခံစားခဲ့ရဘူး၊ ကျွန်မရဲ့ မိခင်ကလည်း ကျွန်မအသက် ဆယ့်ခုနစ်နှစ် သမီးအရွယ်မှာ ကွယ်လွန်သွားတယ်၊ ဒါကြောင့် ကျွန်မဟာ ချစ်ခင်ယုယမှုကို မွတ်သိပ်ပြီး နေခဲ့ရတယ်၊ ဒါကြောင့်လည်း ကျွန်မဟာ အခုလို ဘဝမျိုး ရောက်လာရတယ်လို့လည်း ဆိုနိုင်ပါတယ်'

ပြောရင်း စိတ်ထိခိုက်လှုပ်ရှားလာဟန်ဖြင့် ဂယ်လ်ဒါသည် ချုံးပွဲချငိုကြွေးလေသည်။

❋ ❋ ❋

---

၇

နီကိုလာသည် သူဌေးကြီး တွမ်ကင်၏ ရုံးခန်းသို့ ဓာတ်လှေကားဖြင့် တက်သွားရင်း ရဲစုံထောက် ခရိုကာ ပြောလိုက်သော ဂျပန်နာမည် သုံးခုကို စဉ်းစားနေမိလေသည်။

'ဟီဒေအိုရှိ'

'ယိုဒိုဂီမိ'

'မီဆူနာရီ'

ယင်း ဂျပန်နာမည်သုံးခုကို သိုင်းဆရာ တယ်ရီတာနာကားသည် စာရွက်တစ်ရွက်တွင် ရေးမှတ်ထားခဲ့သည်ဟု ဆိုသည်။ မည်သည့်အဓိပ္ပာယ်ဖြင့် ရေးမှတ်ခဲ့လေသနည်း။

သိုင်းသင်တန်းကျောင်းသို့ လာရောက်လေ့ကျင့်သူ ဂျပန်အမျိုးသားက သူ့နာမည် ဟီဒေအိုရှိဟု ပြောခဲ့သည်ဆိုလျှင် ထိုလူသည် နင်းဂျား ဖြစ်ရပေမည်။

သို့ဖြစ်ပါမူ ယိုဒိုဂီမိနှင့် မီဆူနာရီတို့က မည်သူတွေ ဖြစ်လေသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ယခု သတ်ဖြတ်မှုများတွင် လူသုံးဦး ပါဝင်ပတ်သက်နေ၍ပေလော။

ဤနာမည်များနှင့် ပတ်သက်၍ အတိတ်ကာလသမိုင်းမှ ဖြစ်ရပ်များကိုတော့ နီကိုလာက သိပြီးဖြစ်သည်။ သို့သော် နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော အတိတ်ကာလမှ ဂျန်နာမည်များမှာ ယခု ဘာကြောင့် ပြန်ပေါ်ပေါက်လာရလေသနည်း။

ဤတွင် ဂျပန်ပြည်မှာရှိစဉ် ငယ်ရွယ်စဉ်က လေ့လာခဲ့ဖူးသော သင်ကြားချက်တစ်ခုကို သတိရမိပြန်သည်။ ယင်းသင်ကြားချက်ကား 'ပစ္စုပ္ပန်ကာလသည် အတိတ်နှင့် အမြဲတမ်း ဆက်စပ်နေသည်။ အတိတ်နှင့် ခွဲခြား၍မရ' ဟူသော သင်ကြားချက်ပင်ဖြစ်သည်။

ဤသို့ ဆင်ခြင်သုံးသပ်ရင်း နီကိုလာသည် သူဌေးကြီး တွမ်ကင်၏ ရုံးခန်းရှိရာ အပေါ်ဆုံးထပ်သို့ ရောက်လာလေသည်။

ရုံးခန်းအပြင်ဘက်တွင် သူဌေးကြီး တွမ်ကင်၏ ကိုယ်ရံတော် (ဘော်ဒီဂတ်) ဖရင့်ဆိုသူက စောင့်နေလေသည်။

နီကိုလာသည် ရုံးခန်းဆီသို့ လျှောက်သွားရာ ဖရင့်က 'ဟေ့လူ … ခင်ဗျား ဒီတိုင်းဝင်သွားလို့ မရဘူးဟု ဟန့်တားလေသည်။

သို့သော် နီကိုလာက ဂရုမစိုက်ဘဲ ဆက်လျှောက်သွားပြီး ရုံးခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

သူဌေးကြီး တွမ်ကင်သည် စားပွဲတွင် ထိုင်နေရာမှ နီကိုလာကိုမြင်လျှင် သူ၏ ကိုယ်ရံတော်ဖရင့်အား လှမ်း၍

'ဟေ့ … ကိစ္စမရှိပါဘူး၊ အခု နီကိုလာက ငါတို့ဆီမှာ အလုပ်လုပ်နေပြီ'

ဟု ပြောလိုက်သည်။

သူ၏ရုံးခန်းမှာ ကျယ်ဝန်းသလောက် ထည်ဝါခန့်ညားလှပေသည်။ အလွန်ကောင်းမွန်သော ပရိဘောဂများဖြင့်လည်း တန်ဆာဆင်ထားလေသည်။ ရုံးခန်းဆိုသော်လည်း လူနေတိုက်ခန်းကဲ့သို့ သီးခြားအခန်းငယ်များလည်း ဖန်တီးထားရှိလေသည်။ စာကြည့်တိုက်၊ ထမင်းစားခန်း စသည်ဖြင့် ဖန်တီးထားလေသည်။

သူဌေးကြီးတွမ်ကင်သည် နီကိုလာအား သူ၏ စားပွဲရှေ့မှ ကုလားထိုင်တစ်လုံးတွင် ထိုင်ခိုင်းလိုက်ပြီးနောက် တယ်လီဖုန်းဆက် စကားပြောနေသည်။



နီကိုလာလည်း အခြားတယ်လီဖုန်းတစ်လုံးမှ ဂျပ်စတင်၏ အိမ်ဖုန်းနံပါတ်ကို ဆက်လိုက်သည်။ သို့သော် တစ်ဘက်မှ မည်သူမှ တယ်လီဖုန်းကို လာမကိုင်သဖြင့် ထပ်ကာ ထပ်ကာ ဆက်ကြည့်ပါသော်လည်း မရသောအခါ လက်လျှော့၍ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ထို့နောက် သူသည် ဆောက်လုပ်ရေးလုပ်ငန်းမှ အလုပ်သမားကို ကြီးကြပ်ကွပ်ကဲသူ 'ရဆို'အမည်ရှိ ဖိုမင်ထံသို့ တယ်လီဖုန်း ဆက်လိုက်ပြန်သည်။ သူတို့ကုမ္ပဏီမှ လက်ရှိ တာဝန်ယူ ဆောက်လုပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းမှ အလုပ်သမားများအနက် အရှေ့တိုင်းသား အလုပ်သမားများ၏ အမည်စာရင်းကို အမြန်လိုချင်သည်ဟု ပြောလိုက်လေသည်။

တစ်ဘက်မှ ဖိုမင်ရဆိုက သူ အလုပ်များနေပါသည်ဟု ဆိုကာ…

'လူ နာမည်စာရင်း အပြည့်အစုံပြုစုဖို့က အချိန်တော်တော် ကြာလိမ့်မယ်ဗျ'

ဟု ပြန်ပြောလေသည်။

နီကိုလာသည် ထိုစကားကို လက်မခံဘဲ

'ဒီမယ်… အဲဒီ လူစာရင်းကိုမရရင် ခင်ဗျား အလုပ် လုပ်နေတဲ့ ဆောက်လုပ်ရေး စီမံကိန်းတစ်ခုလုံး ရပ်ပစ်လိုက်ရလိမ့်မယ်'

ဟု ခပ်တည်တည် ပြောလိုက်တော့မှ ဖိုမင်က …

'ကောင်းပြီ… အမြန်ဆုံး ပို့ပေးလိုက်ပါ့မယ်'

ဟု ပြောလေသည်။

'ကောင်းပြီ… ကျေးဇူးပါပဲ၊ တစ်ခု ခင်ဗျားကို ပြောရဦးမယ်။ အဲဒီ လူစာရင်းပြုစုတဲ့အခါ ခင်ဗျားတစ်ယောက်တည်းက ကိုယ်တိုင်လုပ်ပါ။ ဘယ်သူမှ မသိပါစေနဲ့။ နောက်ပြီး အရှေ့တိုင်းသား အလုပ်သမားတွေရဲ့ စာရင်း ရခဲ့ပြီးတဲ့အခါ ကျုပ်က အဲဒီလူတွေအားလုံးကို တွေ့ချင်တယ်။ ဒါကိုလဲ ကြိုတင် အသိပေးမထားရဘူး။ ဒီအကြောင်းကို လုံးဝမပေါက်ကြားပါစေနဲ့။ အရေးကြီး လို့ပါ။ ကိုင်း… ဒါပါပဲ'

နီကိုလာက စကားဖြတ်၍ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

သူဌေးကြီးတွမ်ကင်သည် နောက်ထပ် ဆယ်မိနစ်ခန့် ကြာအောင် တယ်လီဖုန်း စကားပြောနေလေသည်။

တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် တွမ်ကင်သည် နီကိုလာအား

www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲနှုတ်ဆက်လေသည်။

'တွေ့ရတာ ဝမ်းသာပါတယ်။ ကျုပ်က မောင်ရင့်ကို ဘယ်တော့မှ ပေါ်လာမလဲလို့ မျှော်နေမိတယ်။ ဒါ့ထက် မောင်ရင်ဘာများ သိခဲ့ရသလဲ'

'ဘာကို ဆိုလိုတာလဲ ခင်ဗျာ'

နီကိုလာက ပြန်မေးလိုက်သည်။

'ဘာများ သတင်းထူးသလဲလို့ မေးတာပါ။ မောင်ရင်က ဂျပ်စတင် နေတဲ့အိမ်ကို ထွက်သွားတာ ဟိုမှာ နင်းဂျားများရှိနေမလားဆိုပြီး သွားကြည့်တာ မဟုတ်လား။ ကျုပ်က ဒီလိုပဲ နားလည်မိတယ်'

'ဟိုမှာ နင်းဂျား မရှိပါဘူး'

'ဂျပ်စတင်တစ်ယောက်ကော ကောင်းကောင်းမွန်မွန် ရှိရဲ့လား'

'ကောင်းကောင်းမွန်မွန် ရှိပါတယ်'

'ကျုပ်က မောင်ရင်ရဲ့ လုပ်နည်းလုပ်ဟန်က ဘယ်လိုများလဲလို့ စိတ်ဝင်စားနေမိတယ်။ လုံခြုံရေးအတွက်ကတော့ ကျုပ်အနားမှာ ကိုယ်ရံတော် ဖရင့်က အမြဲရှိနေတာပဲ'

'ဖရင့်က နင်းဂျားနဲ့ ယှဉ်လိုက်ရင် အလကားပဲ။ သူရှိနေပေမယ့် နင်းဂျားက ခင်ဗျားဆီကို အလွယ်နဲ့ ရောက်အောင် ဝင်လာနိုင်တယ်'

'အဲဒီဝင်လာဖို့က ဖရင့်ရဲ့ ခြောက်လုံးပြူးသေနတ်ကျည်ဆန် ထိမှန်ပြီးမှသာ ဝင်လာနိုင်မယ်'

'ခင်ဗျားနဲ့ ကျုပ်နဲ့ ဒီကိစ္စ အငြင်းပွားနေလို့ အပိုပဲ'

'ကဲ… ဒါဖြင့် ထားပါတော့။ လောလောဆယ် မောင်ရင်က ဘာလုပ်မယ် စိတ်ကူးသလဲ'

'ဖိုမင်ရှဆိုကို ခေါ်ထားတယ်။ သူက ဒီကို တက်လာပါလိမ့်မယ်။'

'ဘာလုပ်ဖို့ ခေါ်လိုက်တာလဲ။ ရှဆိုက ဒီအချိန်မှာ သိပ်ပြီး အလုပ်များနေတယ်'

တွမ်ကင်က နားမလည်ဟန်ဖြင့် မေးလိုက်သဖြင့် နီကိုလာသည် သူ၏ ရည်ရွယ်ချက်ကို ရှင်းပြလေသည်။

'နင်းဂျားတွေရဲ့ တိုက်ခိုက်နည်းတစ်ခုက သူတို့ရဲ့ပစ်မှတ်ရှိရာကို နီးနီးကပ်ကပ် ဝင်ရောက်နိုင်အောင် ထိုးဖောက်ချဉ်းကပ်တဲ့နည်းကို အသုံးပြုလေ့ ရှိတယ်။ သူက ခင်ဗျားကို သတ်မယ်ဆိုရင် ခင်ဗျားရဲ့အနားကို ရောက်အောင်လာ



ဖို့ လိုတယ်။ ဒါကြောင့် ဒီအဆောက်အအုံမှာ နင်းဂျားရှိမရှိ ဆိုတာကို ဖိုမင်ရှဆို ရောက်လာရင် သိရလိမ့်မယ်'

'ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ'

'နင်းဂျားဟာ ဒီအဆောက်အအုံထဲ ဝင်ရောက်ဖို့အတွက် ဆောက်လုပ်ရေးအလုပ်သမားတစ်ယောက်အဖြစ် ဝင်နေဖို့များတယ်။

နီကိုလာက ပြောလိုက်စဉ်မှာပင် ဖိုမင်ရှဆိုသည် ရုံးခန်းအတွင်းသို့ ဝင်လာလေသည်။ သူ၏လက်တွင်လည်း စာရွက်များ ကိုင်ထားလေသည်။

'စာရင်းကတော့ ဟောဒါပါပဲ။ အလုပ်သမားတွေထဲမှာ အရှေ့တိုင်းသားတွေရဲ့ နာမည်ကို ကျုပ်က ခဲတံဝိုင်းထားပါတယ်။ အရှေ့တိုင်းသား အားလုံး စုစုပေါင်း သုံးဆယ့်တစ်ယောက်ရှိတယ်'

ပြောရင်း ရှဆိုက စာရွက်ကို စားပွဲပေါ်သို့ ချပေးလိုက်ရာ နီကိုလာလည်း လူနာမည်စာရင်းကို ကြည့်နေလေသည်။

'မောင်ရင်က ဘာကိုရှာနေတာလဲ။ ဒီလူရဲ့နာမည်ကို မောင်ရင်က သိလို့လား'

သူဌေးကြီးတွမ်ကင်က မေးလိုက်ရာ နီကိုလာက ခေါင်းခါလိုက်သည်။

'သူ့နာမည်ကို ကျုပ်က သိရင်တောင်မှ ဒီလူက အဲဒီနာမည်ကို သုံးမှာမဟုတ်ဘူး'

နီကိုလာက ဤသို့ပြောပြီး ဖိုမင်ဘက်သို့လှည့်၍

'ဒါဟာ စာရင်းအပြည့်အစုံပဲလား'

ဟု မေးလိုက်ပြန်သည်။

'ဟုတ်ပါတယ်။ နှစ်ဆယ့်ငါးယောက်က နေ့ဘက် တာဝန်ကျတယ်။ ကျန်လူတွေက ညတာဝန်ကျတယ်'

'ဒါဖြင့်… ဒီနေ့ လူနှစ်ဆယ့်ငါးယောက်စလုံး ရှိနေတယ်ပေါ့။ နေထိုင်မကောင်းလို့ ပျက်ကွက်တဲ့လူ မရှိဘူးလား'

'မရှိဘူး ခင်ဗျ။ အားလုံးလာပါတယ်'

'ဒီကိစ္စကို ဘယ်သူမှ မသိဘူးနော်'

'မသိပါဘူး။ ကျုပ်က ဘယ်သူ့ကိုမှ အသိမပေးဘူး'

'အိုကေ… ဒါဖြင့်လာ… သွားကြမယ်'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို နီကိုလာသည် ထိုင်ရာမှ ထလိုက်သည်။

'ဘယ်သွားမလို့လဲ။ ဘာလုပ်မှာလဲ'

သူဌေးကြီးတွမ်ကင်က မေးလိုက်ရာ နီကိုလာက

'ကျုပ်အနေနဲ့ ဒီလူတွေအားလုံး တစ်ယောက်စီလိုက်ပြီး ကြည့်မယ်။ ဒီလူတွေအနက် တစ်ယောက်ယောက်က နင်းဂျားဖြစ်နိုင်တယ်။ ဒါကြောင့် ကျုပ်ကြည့်ဖို့လိုတယ်'

ဟု ပြောလိုက်သည်။

ဖိုမင်ရှဆိုသည် နီကိုလာအား လုပ်ငန်းခွင်ရှိရာသို့ ခေါ်သွားပြီး လူနာမည်စာရင်းထဲပါသော အရှေ့တိုင်းသား အလုပ်သမားများကို တန်းစီ ခေါ်တွေ့ပေးလေသည်။

နီကိုလာသည် တစ်ယောက်ပြီးတစ်ယောက် တွေ့ဆုံမေးမြန်းပြီး စာရင်းထဲတွင် ကြက်ခြေအမှတ်အသားဖြင့် ဖျက်လိုက်သည်။

လူဆယ့်နှစ်ယောက်ကို တွေ့ဆုံမေးမြန်းပြီးနောက် ဆယ့်သုံးယောက်မြောက် လူ၏နာမည်က 'ရစ်ချက်ယို'ဟူ၍ တရုတ်ခရစ်ယာန်နာမည် ဖြစ်နေလေသည်။

ထိုလူ အလုပ်လုပ်နေသည့်နေရာကို ဖိုမင်ရှဆိုက အတိအကျမသိသဖြင့် လိုက်ရှာကြည့်ရလေရာ 'ဝယ်လ်ဒင်' (သံဂဟေ)ဌာနတွင် တာဝန်ကျ ကြောင်း သိရလေသည်။

သို့ရာတွင် ထိုနေရာသို့ သွားစုံစမ်းကြည့်သောအခါ ယင်းဌာန 'အလုပ်ကြပ်'က

'ဒီလူက အခုပဲ ပြန်သွားပြီဗျ'

ဟု ပြောလေသည်။

'ဘာကြောင့် ပြန်သွားတာလဲ'

ဖိုဖင်က မေးလိုက်ရာ အလုပ်ကြပ်က

'နေမကောင်းလို့ဆိုပြီး ပြန်သွားတာပဲ'

ဟု ပြန်ပြောလေသည်။

ဤတွင် နီကိုလာက ဝင်၍

'အဲဒါ ဘယ်လောက်ကြာသွားပြီလဲ'

ဟု မေးလိုက်သည်။



'အလွန်ဆုံး မိနစ်နှစ်ဆယ်လောက် ရှိဦးမယ်။ ဘာများဖြစ်လို့လဲ ခင်ဗျာ။ ဒီလူက အလုပ်လုပ်တဲ့နေရာမှာ လူတော်တစ်ယောက်ပဲ'

သို့သော် ဖိုမင်က ထိုစကားကို မဖြေဘဲ နောက်ထပ်အလုပ်သမား တစ်ဦး လူစားပို့ပေးလိုက်ပါမည်ဟု ပြောကာ နီကိုလာနှင့်အတူ ပြန်ထွက်ခဲ့ လေသည်။

အပေါ်ထပ်ရုံးခန်းသို့ ပြန်တက်လာကြစဉ် ဖိုမင်ရှဆိုက.

'မစ္စတာ နီကိုလာ... ဘယ်လိုသဘောရပါသလဲ'

ဟု မေးလေသည်။

'ကျုပ်တို့ ရှာချင်တဲ့လူက ဒီလူပဲ ဖြစ်လိမ့်မယ်လို့ ထင်တယ်'

နီကိုလာက ပြန်ပြောလိုက်လျှင် ဖိုမင်သည် အလုပ်သမားစာရင်း စာရွက်ကို ပြန်ကြည့်ပြီး

'ဟောဒီမယ်... ဒီလူရဲ့ လိပ်စာလည်းရှိတယ်။ ဟာ... နေဦးဗျို့ သူပေးထားတဲ့ လိပ်စာက ဒီနေရာကဆိုရင် ဝေးလွန်းနေတယ်။ ကျွန်တော် ဒီလိပ်စာက အမှန်မဟုတ်ဘူး ထင်တယ်'

ဟု ပြောလေသည်။

'ဒါလဲ ကျုပ်အနေနဲ့ မထူးဆန်းလှဘူးလို့ ထင်တယ်။'

နီကိုလာက ပြန်ပြောလိုက်ပြီးနောက် သူဌေးကြီးတွမ်ကင်၏ရုံးခန်းသို့ ရောက်လာသဖြင့် အတွင်းသို့ တောက်လျှောက်ဝင်သွားလေသည်။

ထိုအချိန်၌ တွမ်ကင်သည် တယ်လီဖုန်းစကားပြောနေရာ နီကိုလာက

'တယ်လီဖုန်း ပြန်ချလိုက်ပါ'

ဟု ပြောလိုက်သည်။

တစ်ချိန်တည်းမှာပင် နီကိုလာသည် သူဌေးကြီးတွမ်ကင်၏ စားပွဲတွင် တစ်စုံတစ်ခု ရှာဖွေဟန် သူ၏ လက်ဖြင့် လိုက်စမ်းနေလေသည်။

သူဌေးကြီးတွမ်ကင်သည် နီကိုလာ၏ အပြုအမူကို နားမလည်ဘဲ အံ့အားသင့်နေပုံရလေသည်။

သူသည် တယ်လီဖုန်းထဲသို့ တစ်စုံတစ်ခုပြောပြီးနောက် စကားပြော ခွက်ကို ပြန်ချလိုက်သည်။

'အိုကေ... ကျုပ် ခင်ဗျားနဲ့ စကားပြောစရာရှိတယ်'

နီကိုလာက ပြောလိုက်ရာ တွမ်ကင်က

www.burmeseclassic.com

www.burmeseclassic.com



‘ဘာလဲ အောက်ထပ်မှာ ကြုံတွေ့ခဲ့ရတာနဲ့ ပတ်သက်လို့ ပြောမှာ လား’

ဟု ပြန်မေးလေသည်။

‘ဟုတ်တယ် အောက်ထပ်ကအကြောင်း ပြောမလို့ပဲ’

ပြောရင်းနှင့် နီကိုလာသည် သူဌေးကြီး၏ စားပွဲအောက်သို့ ဒူးထောက် ဝင်ပြီး ရှာဖွေနေပြန်လေသည်။

သူသည် စားပွဲအောက်ရှိ ဝါယာကြိုးများ ဆက်သွယ်ထားပုံကို သေချာစေ့စပ်စွာ လျှောက်ကြည့်နေလေသည်။ ယင်းသို့ ကြည့်နေရင်း သူဌေးကြီး အား လှမ်းစကားပြောလေသည်။

‘ကျုပ်တို့ရှာတဲ့လူက အလုပ်သမားစာရင်းထဲက နံပါတ်ဆယ့်သုံး လူပဲလို့ ထင်တယ်။ နာမည် ‘ရစ်ချတ်ယို’လို့ ပေးထားတယ်။ ဒီလူဟာ ‘ဘရွတ်ကလင်း’နယ်ကတစ်ဆင့် ဒီကိုရောက်လာတယ်။ သူ့ကို ကြီးကြပ်ရတဲ့ အလုပ်ကြပ်ကပြောတော့ ဒီလူဟာ အလုပ်လုပ်ရာမှာ တော်တယ်လို့ဆိုတယ်’

‘ဒါကို ကျုပ်သိအောင် ပြောနေလို့ ဘာထူးမှာလဲ’

‘ဘာပဲဖြစ်ဖြစ် ဒီလူကို ကျုပ်တော့ မသင်္ကာဘူး။ ကျုပ်က ဖိုမင်ရှဆို ဆီကို အရှေ့တိုင်းသား အလုပ်သမားတွေရဲ့ နာမည်စာရင်းလိုချင်တယ်လို့ တောင်းလိုက်ပြီး မကြာခင်မှာပဲ ဒီလူက ထွက်သွားတယ်လို့ ဆိုတယ်။ ဒီကိစ္စ အကြောင်းကို ဖိုမင်ရှဆိုက ဘယ်သူမှလည်း မပြောဘဲနဲ့ ဒီလူက ဘယ်လိုလုပ်ပြီး သိသလဲဆိုတာ စဉ်းစားစရာဖြစ်နေတယ်။ တစ်ခုတော့ရှိတယ်...။ ဒီရုံးခန်းက တယ်လီဖုန်းက ကြားဖြတ်နားထောင်လို့ရအောင် လုပ်ထားတာ ဖြစ်နိုင်တယ်...။ ဒါပဲ ဖြစ်ရမယ်’

ဤသို့ပြောရင်း နီကိုလာ စားပွဲအောက်၌ ဝါယာကြိုးများ တပ်ဆင် ထားသော အချင်းတစ်လက်မခန့်ရှိ ပလပ်စတစ်အပြားကလေးတစ်ခုကို ဆွဲထုတ် ပြီး စားပွဲပေါ် တင်ထားလိုက်သည်။

ထိုပလပ်စတစ်အပြားမှာ ရုံးခန်းထဲမှ စကားပြောသံများကို ကြားဖြတ် နားထောင်နိုင်အောင် တပ်ဆင်ထားသည့် လျှို့ဝှက် အသံဖမ်းကိရိယာဖြစ်ကြောင်း ထင်ရှားနေပေသည်။

သူဌေးကြီးတွမ်ကင်သည် ထိုပစ္စည်းကို ကောက်ယူလိုက်ပြီး မျက်နှာ နီမြန်းကာ ဒေါသထွက်လာလေသည်။ ထို့နောက် သူ၏ ကိုယ်ရံတော်



(ဘော်ဒီဂတ်)ဖရင့်အား ဆူပူကြိမ်းမောင်းပေတော့သည်။

‘ဟေ့ကောင်... ဖရင့် မင်းကို ငါကငွေပေးပြီး ငှားထားတာ။ မင်းက ဘာလုပ်နေသလဲ။ နည်းနည်းမှ အသုံးမကျဘူး။ ဒီမှာ ကြည့်စမ်း... လူစိမ်း တစ်ယောက်က ငါ့ ရုံးခန်းထဲဝင်ပြီး ဒီအသံဖမ်းကိရိယာကို လာတပ်ဆင်သွားနိုင် တာဟာ မင်းပေါ့လျော့လို့ပဲ ဖြစ်ရမယ်’

ဖရင့်ဆိုသူလည်း အံ့အားသင့်ပြီး ငေးကြည့်နေစဉ် နီကိုလာက သူဌေးကြီး တွမ်ကင်အား

‘ဒါဟာ သူ့အပြစ်မဟုတ်ပါဘူး။ သူက ဒါမျိုး မကျွမ်းကျင်တော့ ဘာပစ္စည်းကို ရှာရမှန်း မသိရှာဘူး’

ဟု ဝင်ပြောလိုက်သည်။

သို့ရာတွင် တွမ်ကင်သည် မကျေနပ်နိုင်ဘဲ ဆက်လက်ကြိမ်းမောင်း နေပြန်သည်။

‘ဒီမယ် ဖရင့်... မင်းဟာ အလွန်ညံ့တယ်။ ဒီပစ္စည်းကို လူစိမ်း တစ်ယောက်က ဝင်တပ်ဆင်နိုင်လောက်အောင် မင်းကဘယ်သွားနေလို့လဲ ပြောစမ်း’

‘မစ္စတာတွမ်ကင် ခင်ဗျား... ကျွန်တော်က ဒီမှာ တစ်ချိန်လုံး ရှိနေပါ တယ်။ လူကြီးမင်းက နေ့လယ်စာစားဖို့ ထွက်သွားတော့လဲ ကျွန်တော် ဒီမှာပဲ တောက်လျှောက်ရှိနေပါတယ်။ ဘယ်မှမသွားပါဘူး။ ဒီပစ္စည်းလာတပ် တဲ့လူဟာ ညဘက် လူကြီးမင်းနဲ့ ကျွန်တော်တို့ ပြန်သွားပြီးတော့မှ လာဝင် တပ်သွားတာ ဖြစ်ပါလိမ့်မယ်’

ဖရင့်ဆိုသူက ပြောသော်လည်း သူဌေးကြီးတွမ်ကင်သည် ကျေနပ်ပုံ မရချေ။

‘ဟေ့ကောင်... မင်းပြောသလို မဖြစ်နိုင်ဘူး။ ဒီရုံးခန်းထဲ ညဘက် တစ်ယောက်ယောက်က ဖောက်ထွင်းဝင်ရင် နောက်တစ်နေ့မနက်ကျတော့ ငါသိရမှာပဲ။ အခုဟာက ညဘက်မဟုတ်ပဲ နေ့ဘက် လာဝင်တပ်သွား ဖြစ်ရမယ်။ မင်းက ဘာကြောင့် မမြင်လိုက်တာလဲ’

‘ကျွန်တော်က ဘယ်သူ့ကို မသင်္ကာဖြစ်ပြီး တားဆီးရမယ် ဆိုတာမှ မသိပဲခင်ဗျ’

‘တော်စမ်းကွာ၊ မင်းက နည်းနည်းမှအသုံးမကျဘူး’

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သူဌေးကြီးတွမ်ကင်က ဆက်လက်ကြိမ်းမောင်းနေချိန်တွင်ပင် နီကိုလာ အခန်းတွင်း၌ ထပ်မံလိုက်ရှာရင်း ထိုင်ခုံတစ်ခု၏အောက်မှ နောက်ထပ် အသံဖမ်းဓာတ် ခွက်ငယ်တစ်ခုကိုရှာ၍ တွေ့ပြန်လေသည်။

'ကိုင်း… ကျုပ်တို့ အောက်ထပ်ဆင်းကြရင် ကောင်းမယ်'

နီကိုလာက ပြောလိုက်ရာ သူဌေးကြီးတွမ်ကင်သည် နားမလည်ဟန် ဖြင့်

'ဘာလုပ်ဖို့ အောက်ထပ်ဆင်းမှာလဲ။ အခုဆိုရင် ဒီရုံးခန်းထဲမှာ စိတ်ချလက်ချ စကားပြောနိုင်ပြီ မဟုတ်လား'

ဟု ပြန်မေးလေသည်။

'လိုက်သာလာခဲ့ပါဗျာ။ အောက်ထပ်ဆင်းရင်း လမ်းကျတော့ ပြောပြပါ့မယ်'

ပြောပြောဆိုဆို နီကိုလာက ရှေ့ဆောင်၍ ထွက်သွားလေရာ တွမ်ကင်လည်းနောက်မှ လိုက်ပါလာရလေသည်။

ဓာတ်လှေကားဖြင့် အောက်ထပ်သို့ ဆင်းသွားကြစဉ် သူဌေးကြီး တွမ်ကင်သည် နီကိုလာအားဖွင့်၍ ချီးကျူးလေသည်။

'မောင်ရင်က စိတ်ကူးရပြီး လျှို့ဝှက်အသံဖမ်းကိရိယာကို ရှာလို့ တွေ့တာဟာ အံ့သြစရာပဲ။ ကျုပ်က ခြောက်လတစ်ကြိမ်လောက်တော့ ကျုပ်ရုံးခန်းမှာ ဒါမျိုးရှိမရှိ စစ်ကြည့်လေ့ရှိတယ်။ အခုတော့ ကျုပ်က အငိုက် မိသွားတာပဲ။ မောင်ရင့်ကို ချီးကျူးပါတယ်'

နီကိုလာက ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။ ထိုအချိန်၌ အောက်ထပ်သို့ရောက်၍ ဓာတ်လှေကားတံခါးလည်း ပွင့်လာလေသည်။

'ဒါထက် ဒီနင်းဂျားက အခုဒီအဆောက်အအုံထဲမှာ ရှိနေတယ်လို့ ထင်သလား'

တွမ်ကင်က မေးမြန်းရာ နီကိုလာက ခေါင်းခါပြလိုက်လေသည်။

'မရှိနိုင်တော့ဘူး။ သူက ကျုပ်နဲ့ဖိုမင်ရှဆိုတို့ တယ်လီဖုန်း စကား ပြောတာကို ကြားတာနဲ့ ဒီလူက အခြေအနေ မဟန်တော့ဘူး ဆိုတာသိလို့ ထွက်သွားတာ ဖြစ်ရမယ်။ အခု လောလောဆယ်တော့ သူကရှောင်နေမှာပဲ'

ထို့နောက် သူတို့သည် အောက်ထပ်တွင် အသင့်ရှိနေသော သူဌေးကြီး တွမ်ကင်၏ မော်တော်ကားဆီသို့ သွားကြလေသည်။



နှစ်ယောက်သား ကားပေါ်တက်၍ ယာဉ်မောင်းသူက စက်နှိုးမောင်း ထွက်သွားစဉ် နီကိုလာသည် စကားမပြောရန် လက်ဟန်ပြပြီးနောက် မော်တော် ကားအတွင်း၌ လိုက်ရှာဖွေစစ်ဆေးကြည့်ပြန်သည်။

မော်တော်ကားထဲတွင် တယ်လီဖုန်းရှိရာ နီကိုလာသည် တယ်လီဖုန်း ကိုဖြုတ်၍ သေချာစွာ စစ်ဆေးကြည့်လေသည်။ ထို့နောက် မော်တော်ကား၏ နောက်တံခါးမှန်အတွင်းဘက်သို့ လက်ဖြင့်နှိုက်ပြီး ရှာကြည့်သောအခါ လျှို့ဝှက် အသံဖမ်းကိရိယာကလေးတစ်ခု ထွက်လာလေသည်။

'အိုကေ… အခုတော့ စိတ်ချရပါပြီ။ စကားပြောနိုင်ပါပြီ'

နီကိုလာက အသံဖမ်းကိရိယာကို အပြင်ဘက်သို့ လွှင့်ပစ်လိုက် ပြီးနောက် ပြောလိုက်သည်။

'ကျုပ်ဖြင့် အလွန်အံ့သြမိတယ်။ ယုံနိုင်စရာတောင် မရှိဘူး။ ဒီတိုင်း ဆိုရင် ကျုပ်ပြောတဲ့စကားတွေကို တစ်ယောက်ယောက်က ကြားဖြတ်နားထောင် လို့ ရနေတာပေါ့။ အရေးထဲ ကျုပ်က စီးပွားရေးနဲ့ပတ်သက်ပြီး အလွန်ကြီးကျယ် တဲ့ အလုပ်တစ်ခု လုပ်နေဆဲဖြစ်တယ်။ လုပ်တာကလည်း ဂျပန်ကုမ္ပဏီတွေနဲ့ ပတ်သက်တယ်။ ဒါပေမယ့် စည်းကမ်းချက်တွေကို မကြိုက်လို့ ကျုပ်က အလုပ်ဆက်မလုပ်နိုင်ဘူးလို့ ခပ်ပြတ်ပြတ်ပဲ ငြင်းလိုက်သည်။ ဒါကြောင့် ဂျပန် တွေက မကျေမနပ်ဖြစ်ပြီး နင်းဂျားကို လွှတ်လိုက်တာ ထင်တယ်'

သူဌေးကြီးတွမ်ကင်က ဤသို့ပြောရာ နီကိုလာသည် ငြိမ်၍ နားထောင် နေလိုက်သည်။

ထို့နောက် တွမ်ကင်ကပင် ဆက်၍

'တစ်နေရာရာ သွားစားသောက်ကြရအောင်။ ကျုပ်က ဗိုက်ဆာ တယ်။ မောင်ရင်ကော'

ဟု မေးလေသည်၊

'ကောင်းသားပဲ။ တစ်ခုခု စားကြတာပေါ့'

နီကိုလာက ပြန်ပြောလိုက်သည်။

သူဌေးကြီးတွမ်ကင်သည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်

'ဒါထက် ကျုပ်သမီးတွေတော့ ဘာအန္တရာယ်မှ မရှိစေချင်ဘူး'

ဟု ပြောပြန်လေသည်။

နီကိုလာက ဘာမှပြန်မပြောပဲနေရာ တွမ်ကင်ကပင် ဆက်၍

www.burmeseclassic.com

www.burmeseclassic.com



'မောင်ရင့်စိတ်ထဲမှာတော့ ကျုပ်ဟာ ကျုပ်သမီးတွေကို လုံးဝ ဂရုမစိုက်ဘူးလို့ ထင်နေမှာပဲ။ ဂျပ်စတင် ကိုယ်တိုင်ကလဲ မောင်ရင့်ကို ကျုပ်အကြောင်းတွေ ပြောထားလိမ့်မယ် ထင်တယ်'

ဟု ပြောလိုက်သည်။

'ဂျပ်စတင်ကတော့ ခင်ဗျားအကြောင်း သိပ်များများ မပြောပါဘူး'

'ဒါဖြင့် သူကကျုပ်အကြောင်းတွေ အကုန်ပြောမပြဘူးနဲ့တူတယ်။ ဘာပဲဖြစ်ဖြစ်လေ ကျုပ်ဟာ သမီးနှစ်ယောက်စလုံးကို ချစ်ပါတယ်။ သူတို့က ချစ်ဖို့လည်း ကောင်းပါတယ်။ ကျုပ်ကသာ ဖခင်ကောင်းတစ်ယောက် မပီသဘဲ ဝတ္တရားပျက်ခဲ့တယ်'

ဤသို့ စကားတပြောပြောနှင့် သွားကြရင်း သူတို့၏ မော်တော်ကားသည် ၅-လမ်းကိုဖြတ်၍ အနောက်ဘက်သို့ ဆက်သွားကြရာ ယာဉ် အသွားအလာ ရှုပ်ထွေးသဖြင့် ခပ်ဖြည်းဖြည်းပင် သွားရလေသည်။

အတန်ကြာမှ သူတို့သည် လမ်းထောင့်ရှိ 'ဝုလ်ဖ်'စားသောက်ဆိုင်သို့ ရောက်သွားကြလေသည်။

နီကိုလာအနေဖြင့် လုံးဝမသိလိုက်သော အချက်တစ်ခုကား မော်တော်ကား ကြမ်းပြင်တွင် ခင်းထားသော ကော်ဇော၏အောက်၌ လျှို့ဝှက် အသံဖမ်းကိရိယာတစ်ခု တပ်ဆင်ထားခြင်းပင် ဖြစ်လေသည်။

✦ ✦ ✦

ရဲစုံထောက် ခရိုကာသည် ဂယ်လ်ခါအား အိမ်ထိအောင် လိုက်ပို့ပေးပြီးနောက် ခေတ္တထိုင် စကားပြောနေလေသည်။

ထိုအချိန်၌ ဂယ်လ်ခါ၏မိတ်ဆွေ 'ဖီးလစ်' အမည်ရှိ လူငယ်တစ်ဦး ရောက်လာရာ သူတို့နှစ်ဦး အချင်းချင်း စကား ပြောနေသည်ကို အမှတ်မဲ့ နားထောင်နေရာမှ ခရိုကာသည် ရုတ်တရက် စိတ်ဝင်စားမိလေသည်။

'အဲဒီညက ကျွန်တော် လူထူးလူဆန်းတစ်ယောက် တွေ့ခဲ့တယ်။ အားမားဆိုတဲ့ တရုတ်မကြီးအိမ်မှာပါ။ ဒီလူက ဂျပန်လူမျိုးဖြစ်တယ်။ သူရဲ့ မျက်လုံးတွေက လူသေမျက်လုံးလိုပဲဗျ'

ဤသို့ ဖီးလစ်က ပြောနေစဉ် ခရိုကာသည် ရှေ့သို့တိုးသွားပြီး···

'ဒီမယ် ဖီးလစ် မင်းတွေ့ခဲ့တယ်ဆိုတဲ့ ဂျပန်လူမျိုးအကြောင်း ငါ့ကို



အပြည့်အစုံပြောပြစမ်းပါကွာ။ ငါသိချင်တယ်'

ဟု ပြောလိုက်လေသည်။

✦ ✦ ✦

နီကိုလာနှင့် သူဋ္ဌေးကြီး တွမ်ကင်တို့ စားသောက်ဆိုင်မှ ထွက်လာသော အခါ အပြင်ဘက်၌ စောင့်နေသူ ခရိုကာနှင့် ဆုံမိကြလေသည်။

'အလို··· ရဲစုံထောက်ကြီးပါလား။ ကင်းလှည့်နေတုန်းပဲ ထင်တယ်'

တွမ်ကင်က သရော်သလို ပြောလိုက်ရာ ခရိုကာက

'နယူးယောက်မြို့ကြီးဟာ တချို့လူတွေအဖို့ အန္တရာယ် အလွန်များတယ်ဗျ'

ဟု ပြန်ပြောလိုက်သည်။

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'ဒါတော့··· ကိုယ့်ဟာကိုယ် စဉ်းစားကြည့်ပေါ့'

ခရိုကာက ဘုကျကျ ပြန်ပြောလိုက်သည်ကို တွမ်ကင်သည် သဘော မကျဘဲ

'ဘာလဲ··· ခင်ဗျားက ကျုပ်ကို သွယ်ဝိုက်ပြီး ခြိမ်းခြောက်တာလား'

ဟု ပြောလိုက်သည်။

ဤတွင် ခရိုကာက···

'ကျုပ်ဒီကိုလာတာဟာ ခင်ဗျားကို ကာကွယ်စောင့်ရှောက်ဖို့ဖြစ်တယ်။ နောက်ပြီး ခင်ဗျားကို လုပ်ကြံဖို့လာမယ့် နင်းဂျားကို ကျုပ်က အမိဖမ်းချင် တယ်'

ဟု ပြောလိုက်သည်။

သူဋ္ဌေးကြီးတွမ်ကင်သည် ခရိုကာအား လှမ်းကြည့်လိုက်သည်။ အင်ဂျီလာ-ဒီဒီယွန် အမည်ရှိ မိန်းကလေး အသတ်ခံရမှုတွင် ခရိုကာက မိမိအား သင်္ကာမကင်းဖြစ်နေကြောင်းကိုလည်း တွမ်ကင်က သိထားပေသည်။

ထို့ကြောင့် သူသည် ခရိုကာအား စကားကောင်းကောင်းမပြောဘဲ ဘုကျကျပြောခြင်း ဖြစ်သည်။

ထို့နောက် တွမ်ကင်နှင့် နီကိုလာတို့သည် ထွက်လာကြလေသည်။

နီကိုလာသည် စကားများများမပြောဘဲ စဉ်းစားနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်ထဲတွင် အတိတ်ကာလ ဖြစ်ရပ်များကို သတိရနေမိလေသည်။ အတိတ်ကို မည်သို့ပင်မေ့ပျောက်ရန် ကြိုးစားစေကာမူ လုံးလုံး မေ့ပျောက်၍ မရနိုင်ပါတကားဟုလည်း ဆင်ခြင်သုံးသပ်မိလေသည်။

နီကိုလာအနေဖြင့် စိတ်ထဲ ဘဝင်မကျနိုင်သော အချက်တစ်ခုမှာ ရဲဗိုလ်ထောက် ခရိုကာက ဂျပန်နင်းဂျားအား မရရအောင် ဖမ်းဆီးချင်စိတ် ပြင်းထန်နေခြင်းပင် ဖြစ်လေသည်။

❋ ❋ ❋

---

၈

ဂျပန်ပြည်။

၁၉၆၃ ခု၊ ဆောင်းရာသီ။

ဤအချိန်၌ ဂျပန်ပြည်၏ ဆောင်းရာသီမှာ 'ဂနိုး'ခေါ် မိုးပွင့်တွေ မကျရောက်သေးသော်လည်း ပတ်ဝန်းကျင်ရှုခင်းများ အနေဖြင့် နွေရာသီကဲ့သို့ ကြည်လင် တောက်ပခြင်း၊ သာယာလှပခြင်း မရှိတော့ချေ။

နီကိုလာနှင့် ယူကီအိုတို့သည် တိုကျိုမှ အိုဆာကာမြို့သို့ အမြန်ရထားပေါ်တွင် ထိုင်ကာ ရထားပြတင်းမှ ပြင်ဘက်ရှုခင်းများကို ကြည့်နေကြလေသည်။

သူတို့နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင်ကား ဂျပန်အမျိုးသားတစ်ဦး ထိုင်၍ သတင်းစာဖတ်နေလေသည်။ ထိုသူသည် ဥရောပတိုက်သားဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားလျက် ခေတ်မီ လက်ဆွဲသားရေအိတ်တစ်လုံးကို ဘေးနားတွင် ချထားပုံအရ ဂျပန်စီးပွားရေး ကုမ္ပဏီတစ်ခုမှ အကြီးအကဲတစ်ဦး ဖြစ်မည်ဟု ခန့်မှန်းရပေသည်။

ထိုလူသည် ဇိုင်ဘက်ဆူခေါ် ဂျပန်စီးပွားရေး အဖွဲ့အစည်းကြီးတစ်ခု၏ အဖွဲ့ဝင်ဖြစ်ရမည်ဟု နီကိုလာက ခန့်မှန်းမိသည်။ 'မစ်ဆူဘီရှိ'၊ 'မစ်ဆူအီ' စသော ကုမ္ပဏီကြီးတစ်ခုခုကပေလော။ တိုရှိကာ၊ ဟီတာချီ၊ မက်ဆူရှိကာ စသော လျှပ်စစ်ပစ္စည်း အကြီးအကျယ်ထုတ်လုပ်သည့် ကုမ္ပဏီများက ပေလော။ 'တိုယိုတာ' မော်တော်ကား ကုမ္ပဏီများကတော့ မဟုတ်ဟု ထင်ရပေသည်။

မည်သည့်ကုမ္ပဏီကမှန်း အတိအကျ မပြောနိုင်သော်လည်း ထိုလူ



သည် ဂျပန်ပြည်၏ စီးပွားရေးကို ကြိုးကိုင်ခြယ်လှယ်သည့် ဇိုင်ဘက်ဆူ အဖွဲ့ဝင်တစ်ဦး ဖြစ်ကြောင်းကား သေချာသည်ဟု နီကိုလာက တွက်မိလေသည်။

တစ်ချိန်တည်းမှာပင် နီကိုလာသည် ဂျပန်လူမျိုးတို့၏ စိတ်ဓာတ် အကြောင်း တွေးနေမိလေသည်။

စီးပွားကုန်သွယ်ရေးနယ်ပယ်တွင် ဂျပန်တို့သည် အနောက်နိုင်ငံကြီးများနှင့် ယှဉ်ပြိုင်၍ စက်မှုလက်မှုလုပ်ငန်းများ အကြီးအကျယ် တိုးတက်အောင်မြင်အောင် စွမ်းဆောင်နိုင်ပြီးနောက် အနောက်နိုင်ငံသားတို့၏ အတွေးအခေါ် အယူအဆများကို စွန့်ပယ်ကာ မိမိတို့၏ရိုးရာ ဂျပန်ဓလေ့ထုံးစံများ အတွေးအခေါ် အယူအဆများကိုသာ ပြန်လည်ဦးစားပေး လိုက်စားကြလိမ့်မည်ဟု ထင်မိလေသည်။

နီကိုလာက ဤသို့ စဉ်းစားနေခိုက် ယူကီအိုက

'ဒီမယ် ကျွန်မတို့ အိုဆာကာမြို့မှာ ညအိပ်ရင် ကောင်းမယ်။ ကျွန်မက မီးရထားစီးရတာ နည်းနည်းမှ မကြိုက်ဘူး'

ဟု ပြောလေသည်။

ထိုအကြံသည် မဆိုးလှဟု နီကိုလာက တွေးမိလေသည်။

အိုဆာကာမြို့၏ ညဘက်ရှုခင်းသည် အလွန်သာယာလှပပြီး ပျော်စရာကောင်းသည်ဟု သူသိထားပေသည်။

ယခု သူတို့ ဤအမြန်ရထားနှင့် လိုက်လာကြသည့်အကြောင်းကား 'ဆိုင်ဂို'ကြောင့်ပင် ဖြစ်သည်။ ဆိုင်ဂို ခရီးထွက်လျှင် မည်သည့်အရပ်ကို သွားကြောင်း သိလိုသဖြင့် ယူကီအိုက ဆိုင်ဂို၏ မီးရထားလက်မှတ်ကို ခိုးကြည့်ရန် စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် ဆိုင်ဂိုကိုယ်တိုင်က နီကိုလာထံသို့ စာတစ်စောင်ပေးပို့ခဲ့သည်။ စာတွင်ကား နီကိုလာအား ကျူးရှူး ကျွန်းရှိ 'ကူမာမိုတို' ခေါ် မြို့သို့လာရောက်ရန် နီကိုလာအား ဖိတ်ခေါ်ထားလေသည်။ မည်သည့် အကြောင်းကိစ္စကြောင့် ဖိတ်ခေါ်ရကြောင်းကိုကား ဖော်ပြမထားပေ။

နီကိုလာသည် ထိုစာကိုဖတ်ပြီး လေးနက်စွာ စဉ်းစားနေသည်။ မိမိက ဆိုင်ဂို၏ လှုပ်ရှားသွားလာပုံကို ခြေရာခံလိုက်လံစုံစမ်းခြင်းကို ကြိုတင်၍ သိရှိလေရော့သလားဟုပင် ထင်ရပေသည်။

သိုင်းသင်တန်းကျောင်းမှ ဆရာကြီး ကန်ဆတ်ဆူက မိမိအား ပြောခဲ့သည့် စကားကိုလည်း ပြန်သတိရမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကျောင်းမှာတော့ မင်းကို သင်ပေးစရာပညာကုန်နေပြီ။ ဒါထက် ပိုပြီးလေ့လာချင်သေးတယ် ဆိုရင်တော့ မင်းဟာမင်း ဆုံးဖြတ်ပြီး မင်းကိုယ်တိုင် ပညာသွားရှာရလိမ့်မယ်။ အဲဒီအခါကျရင် ငါကလည်း မင်းကို လမ်းညွှန် သင်ကြား ပြသပေးနိုင်မှာ မဟုတ်ဘူး'

ဤသို့ ဆရာကြီး ကန်ဆတ်ဆူက ပြောခဲ့ခြင်းမှာ သိုင်းပညာနှင့် ပတ်သက်၍ နောက်ထပ်လေ့လာသင်ကြားချင်ပါက မိမိဘာသာ တစ်ယောက်တည်း စွန့်စား၍ ပညာကိုရှာရမည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။

နီကိုလာသည် ထိုစကားနှင့် ယခုမိမိခရီးသွားနေခြင်းကို ဆက်စပ်၍ စဉ်းစားမိခြင်း ဖြစ်လေသည်။

အမြန်ရထား၏ ပြင်ဘက်တွင်ကား တောတောင်ရှုခင်းတို့သည် လျင်မြန်စွာ လှုပ်ရှားပြေးလွှားနေလေသည်။

သူ၏ဘေးမှ ယူကီအိုကမူ မီးရထားစီးရခြင်းကို မကြိုက်ကြောင်း ဆက်ပြောနေပြန်သည်။

'အထူးသဖြင့်··· ဟောဒီ ရထားကို ကျွန်မတော့ သဘောမကျဘူး။ ထိုင်ခုံတွေ ကောင်းတာတို့ ရိုးရိုးရထားတွေလို အသံမဆူညံတာတို့တွေကို တခြားလူတွေအဖို့ သဘောကျပေမယ့် ကျွန်မက အသံမမြည်ဘဲ တိတ်ဆိတ်နေတာကို မကြိုက်ဘူး'

'အေးပါကွာ နောက်ပိုင်းကျရင် မင်းကြိုက်သလို စီစဉ်ပါ့မယ်'

နီကိုလာက နှစ်သိမ့်သလို ပြောလိုက်သည်။

သူ၏ စိတ်ထဲတွင်ကား ယခုခရီးထွက်လာရာသို့ ယူကီအိုအား ခေါ်လာခဲ့ခြင်းမှာ မှန်ကန်သင့်လျော်ပါ၏လောဟု ပြန်တွေးနေမိသည်။ အမှန်တော့ သူသည် ယူကီအိုအား အတူလိုက်ပါရန် စတင်ခေါ်ခဲ့ခြင်း မဟုတ်ပေ။ ဆိုင်ဂိုက ကူမာမိုတိုမြို့သို့ လာရန် ဖိတ်ခေါ်ချက်ကို နီကိုက လက်ခံရန် ဆုံးဖြတ်လိုက်ချိန်မှ စ၍ ယူကီအိုက သူပါလိုက်ခဲ့ချင်သည်ဟု ပြောခဲ့သည်။ နီကိုလာအနေဖြင့် ငြင်းရန် ခက်သဖြင့် ခေါ်လာခဲ့ရခြင်း ဖြစ်လေသည်။

သူသည် ယူကီအိုအပေါ် သံယောဇဉ် အထူးတွယ်နေပြီ ဖြစ်သည်။ ထို့ကြောင့် မိမိခရီးသွားရာတွင် ဘေးအန္တရာယ် ကြုံတွေ့ရပါက ယူကီအိုအတွက် စိုးရိမ်မိလေသည်။

ထိုအချိန်၌ သူတို့၏ ရှေ့ထိုင်ခုံမှ ဂျပန်ကုန်သည်ကြီးသည် သတင်းစာ



ကို ဘေးချပြီး အသင့်ပါလာသော အသားညှပ် ပေါင်မုန့်ကို ထုတ်ယူ စားနေလေသည်။

✦✦✦

အိုဆာကာမြို့သို့ ရောက်သောအခါ သူတို့သည် ခေတ်မီ ဟိုတယ် တစ်ခု၌ တည်းခိုကြလေသည်။

ယူကီအိုက အိုဆာကာ ရဲတိုက်ကြီးသို့ သွားရောက်၍ လေ့လာကြည့်ချင်ပါသည်ဟု ပြောလေသည်။ ထိုရဲတိုက်ကြီးကား ၁၆၀၃ ခုနှစ် ဂျပန်ပြည်တွင် ရှိုးဂန်းဘွဲ့ခံရသူ 'တိုကူဂါဝါ'ခေတ်က သမိုင်းဝင်ရဲတိုက်ကြီးပင် ဖြစ်သည်။ ရဲတိုက်ကြီးကို ၁၅၈၆ ခုနှစ်ကပင် တည်ဆောက်ပြီးစီးခဲ့သည်ဟု အဆိုရှိလေသည်။ နီကိုလာသည်လည်း ယူကီအို၏ အလိုကိုလိုက်၍ အိုဆာကာ ရဲတိုက်ကြီးသို့ ခေါ်သွားရလေသည်။

ယူကီအိုကိုယ်တိုင်ကလည်း ရဲတိုက်ကြီးကို ကြည့်ရင်း အတိတ်ကာလ ဂျပန်ပြည်သမိုင်းကို ပြန်လည်သတိရနေပုံရသည်။

တစ်ချိန်တုန်းက ကျွန်မစိတ်ထဲမှာ လေဒီ-ယိုဒိုဂီမီဆိုတဲ့ အမျိုးသမီးကို အလွန်လေးစားမိတယ်။ အားလည်းကျမိတယ် ရှင့်'

အိုဆာကာ ရဲတိုက်ကြီးသို့ လာရောက်လေ့လာသူ ပရိသတ်ကလည်း အတွေပင် စည်ကားများပြားလျက်ရှိလေသည်။

ယူကီအိုသည် အတိတ်ကာလသမိုင်းကို ဆက်လက်ပြောလေသည်။

ယိုဒိုဂီမီတာ တကယ်ချီးကျူးထိုက်တဲ့ အမျိုးသမီးတစ်ဦးပါပဲ။ ဟီဒေအိုရှီ ကွယ်လွန်ပြီးတဲ့နောက် သားကလေးကို အထူးစောင့်ရှောက်ခဲ့တယ်။ ဟီဒေအိုရှီရဲ့ ဆန္ဒပြည့်ဝအောင်လဲ ကြိုးစားခဲ့တယ်'

'ဟုတ်ပါတယ်။ ယိုဒိုမီဟာ မိဆူနာရီနဲ့အတူ ပူးပေါင်းပြီး သူတို့အကြံ အောင်မြင်အောင် ကြိုးစားခဲ့တယ်'

နီကိုလာကလည်း ဝန်ခံလိုက်သည်။

'သူတို့ အကြံဆိုတာကလဲ ဟီဒေအိုရှီရဲ့ ရင်သွေးဖြစ်တဲ့ သားကလေး ကို အန္တရာယ်မရှိအောင် ကာကွယ်စောင့်ရှောက်ဖို့သာ ဖြစ်တယ်မဟုတ်လားရှင့်'

'တစ်ခုတော့ရှိတာပေါ့၊ ယိုဒိုဂီမီဟာ ရှိုးဂန်-ဟီဒေအိုရှီရဲ့ တရားဝင် ဇနီး မဟုတ်ဘူး။ အပျော်မယားသာ ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံး ကျတော့ အီယာဆုက သူတို့ထက်ပိုပြီး ဉာဏ်သာသွားခဲ့တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



နီကိုလာက ဤသို့ ပြောသည်ကို ယူကီအိုသည် သဘောကျပုံမရချေ။

'ရှင်ပြောနေပုံက ယိုဒိုဂီမီဟာ ပုံဝတ္ထုထဲက လူကြမ်းတစ်ယောက်လို ဖြစ်အောင် ပြောနေပါကလားရှင့်'

'မင်း တစ်ခုသတိပြုဖို့က ယိုဒိုဂီမီရဲ့ လုပ်ရပ်က ဂျပန်ပြည်ရဲ့ အကျိုးစီးပွားအတွက် မဟုတ်ဘူးဆိုတဲ့ အချက်ပဲ'

'ဒါပေမယ့် သူ့သားကလေးသာ ကြီးပြင်းလာခဲ့ရင် အလွန်ထူးချွန်တဲ့ နိုင်ငံခေါင်းဆောင်တစ်ယောက် ဖြစ်လာနိုင်ပါတယ်'

ထိုအချိန်၌ နီကိုလာသည် လက်ဝဲဘက်ရှိ အဆောက်အအုံတစ်ခုဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအဆောက်အအုံကား သမိုင်းဝင် အဆောက်အအုံတစ်ခုပင် ဖြစ်လေသည်။

ယိုဒိုဂီမီသည် သူတို့၏ အကြံမအောင်ဘဲ အရေးနိမ့်ရန် သေချာသောအခါ ထိုအဆောက်အအုံသို့ သူ၏သားကလေးကို ခေါ်ဆောင်လာခဲ့သည်။ သူမကိုယ်တိုင်က ရန်သူ့လက်သို့ မကျရောက်လိုသဖြင့် သားကလေးကို ဦးစွာသတ်လိုက်ပြီးနောက် သူ့ကိုယ်သူလည်း အဆုံးစီရင်ခဲ့သည်။

ထို့နောက် နီကိုလာသည် အတိတ်က သမိုင်းအကြောင်းကို ဆက်ပြောလေသည်။

'မင်းပြောသလို ယိုဒိုဂီမီရဲ့ သားကလေး ကြီးပြင်းလာခဲ့ရင်လည်း မင်းထင်သလို ဖြစ်မှာမဟုတ်ပါဘူး။ ရှိုးဂန်းနေရာယူလောက်အောင် အရည်အချင်းပြည့်ဝတဲ့ ဒိုင်မီယိုနယ်စားတစ်ဦးမှ မရှိတဲ့အတွက် ဂျပန်ပြည်မှာ ပြည်တွင်းစစ်ဖြစ်လာမှာ သေချာတယ်။ ဒါကြောင့် တကယ်တမ်း အင်အားရှိတဲ့ အိယူဆုရဲ့ ခေါင်းဆောင်မှုကသာ ဂျပန်ပြည်ရဲ့ အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့တယ်'

'ဘာပဲဖြစ်ဖြစ်ရှင်၊ ယိုဒိုဂီမီဟာ အလွန်သတ္တိကောင်းတဲ့ အမျိုးသမီးတစ်ဦးဖြစ်တယ်။ သစ္စာလည်းရှိတယ်။ ကိုယ်ကျိုးကို မကြည့်ဘူး။ ဒါကြောင့် ကျွန်မတော့ သူ့ကို အလွန်လေးစားမိတယ်'

'ကိုင်း… လာပါကွာ။ ဟိုတယ်တွေ လျှောက်ကြည့်ကြရအောင်'

ဤသို့ပြောပြီး နီကိုလာသည် ရဲတိုက်ကြီး၏ အခြားနေရာများဘက်သို့ ယူကီအိုအား ခေါ်သွားလေသည်။



ရဲတိုက်ကြီးမှ ပြန်လာကြပြီးနောက် သူတို့သည် စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာ ဝင်စားကြလေသည်။

စားသောက်နေစဉ်တွင်လည်း ယူကီအိုသည် သူ့ကိုယ်သူ ပြန်ဝေဖန်နေပြန်သည်။

'ကျွန်မက ဂျပန်လူမျိုးဖြစ်ပေမယ့် အလွန် သတ္တိကြောင်တယ်။ ပြီးတော့ ကျွန်မမှာ တွယ်တာစရာ မိသားစုလဲ မရှိဘူး'

'မင်းမှာ ဦးလေးတော် တစ်ယောက်ရှိသေးတယ် မဟုတ်လား'

နီကိုလာက ပြောလိုက်လျှင် ယူကီအိုသည် ခေါင်းခါလိုက်သည်။

'ရှင်က ဆာဆူကိုင်ကို ပြောတာ မဟုတ်လား။ ဦးလေးတော်ပေမယ့် ကျွန်မက သူ့ကို လုံးဝသဘောမကျဘူး အလွန်မုန်းတယ်၊ သူဟာ တူမတစ်ယောက်ကို သူနဲ့အတူ ခေါ်မထားချင်ဘူး။ ကျွန်မအပေါ်လည်း လုံးဝစေတနာ မရှိဘူး။ ဒါကြောင့် ကျွန်မမှာ တွယ်တာစရာ ဆွေမျိုးမိသားစု မရှိဘူးလို့ ပြောတာပေါ့'

'ဒါပေမယ့်ကွာ… တစ်နေ့ကျရင်တော့ မင်းအနေနဲ့ တွယ်တာစရာ တစ်ယောက်ယောက် တွေ့လာပါလိမ့်မယ်'

'ကျွန်မတော့ မျှော်လင့်ချက်မထားပါဘူး။ ကျွန်မရဲ့ ဘဝကြမ္မာကိုလည်း ပြောလို့မရဘူး၊ တစ်နှစ်အတွင်း ကျွန်မဟာ သေချင်လဲ သေသွားနိုင်တယ်'

'တော်ပါတော့ကွာ။ စိတ်ဓာတ်ကျစရာ စကားတွေ ဆက်ပြောမနေပါနဲ့တော့။ ကဲ… ရော့ ဆာကေ နည်းနည်း ထပ်သောက်လိုက်ဦး'

နီကိုလာက စကားဖြတ်၍ သူမအား ဆာကေအရက်ခွက်ကို ပေးလိုက်သည်။

✦ ✦ ✦

ထို့နောက် သူတို့သည် ဂျပန်ရုပ်သေးဇာတ်ပွဲတစ်ခုသို့ သွားကြည့်ကြလေသည်။ သို့သော် ယူကီအိုသည် ရုပ်သေးဇာတ်ပွဲကို စိတ်ဝင်စားပုံမရချေ။

သူမသည် မိမိ၏ဘဝကို မကျေမနပ်ဖြစ်ပြီး စိတ်ဓာတ်ကျနေပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် သူတို့သည် အိုဆာကာမြို့မှ မီးရထားဖြင့် ခရီးဆက်ထွက်ကြလေသည်။ ရထားမှာ စစ်မဖြစ်မီက ရထားဟောင်းကြီးဖြစ်၍ အလွန်ဆူညံပြီး နားငြီးဖွယ်ကောင်းလှသည်။ နီကိုလာသည် ရထားပြတင်းပေါက်မှ အပြင်ဘက်ရှုခင်းများကို ငေးကြည့်နေလေသည်။ ရာသီဥတု အခြေအနေသာယာသဖြင့် နံနက်ခင်း၏ နေရောင်သည် အလွန်ကြည်လင်တောက်ပနေလေသည်။

တဖြည်းဖြည်းနှင့် မီးရထားသည် ကိုဘေမြို့နှင့် ယိုကိုဟားမားမြို့များကို ကျော်လွန်လာခဲ့ပြီဖြစ်သည်။

နီကိုလာသည် ရထားနှင့် လိုက်ပါလာသူ အခြားခရီးသည်များကို လေ့လာအကဲခတ် ကြည့်နေပြန်လေသည်။

ခရီးသည် အများစုမှာ တိုကျိုမြို့မှ ထွက်လာစဉ် ရထားပေါ်ပါလာသော ခရီးသည်များနှင့် မတူကြချေ။

သူတို့၏ ရှေ့တည့်တည့်ထိုင်ခုံမှ လူတစ်ယောက်ဆိုလျှင် အလုပ်သမားဝတ်စုံ ဝတ်ထားပြီး ထိုင်ခုံနောက်မှီတွင် ဦးခေါင်းမှီကာ ငိုက်နေလေသည်။ သူသည် စက်မှုလယ်ယာအလုပ်သမားတစ်ဦး ဖြစ်ဟန်တူပြီး အလုပ်ခွင်မှ အိမ်ပြန်လာသည်ဟု ထင်ရပေသည်။

မလှမ်းမကမ်းတွင် အနီရောင် ကီမိုနိုဝတ်စုံနှင့် အမျိုးသမီးတစ်ဦးက နှစ်ခြိုက်စွာ အိပ်ပျော်နေလေသည်။ သူမ၏ ဘေးမှ ထိုင်ခုံတွင်ကား အနောက်တိုင်းဝတ်စုံဝတ်ထားသူ ကလေးငယ်နှစ်ယောက် ထိုင်နေကြလေသည်။

နီကိုလာသည် ခရီးသည်များကို စိတ်ဝင်စားစွာ ကြည့်နေသဖြင့် သူ၏ဘေးမှ ယူကီအိုက စကားတွေ အဆက်မပြတ်ပြောနေသည်ကိုပင် ကောင်းစွာမကြားဘဲ ဖြစ်နေလေသည်။

ယူကီအိုကတော့ ရောက်တတ်ရာရာ စကားတွေ ဆက်ပြောနေလေသည်။

ထိုအခိုက် မီးရထားလမ်းဘေး၌ မြို့တစ်မြို့၏ ရှုခင်းကို လှမ်းမြင်လိုက်ရလေသည်။ နီကိုလာက သူ၏ လက်ပတ်နာရီကိုကြည့်၍ ခန့်မှန်းတွက်ကြည့်ရာ 'ကူရာရှိကီ'မြို့ ဖြစ်ရမည်ဟု ယူဆမိလေသည်။

တဖန် မီးရထားသည် ထင်းရှူးတောကြီးများကိုဖြတ်၍ ဆက်လက်ခုတ်မောင်းနေပြန်သည်။



နီကိုလာသည် ရှုခင်းများကိုကြည့်ရင်း တစ်နေ့ကျလျှင် သူသည် တစ်နေရာတည်း အတည်တကျမနေဘဲ အမြဲတမ်း ခရီးလျှောက်သွားနေရလျှင် ကောင်းမည်ဟုလည်း စဉ်းစားမိလေသည်။

သူတို့၏ မီးရထားသည် ဟီရိုရှီးမားမြို့၏ ဘူတာရုံသို့ ဆိုက်ရောက်လာပြီဖြစ်သည်။

တစ်ချိန်က အနုမြူဗုံး ကြဲချခံရ၍ ပျက်စီးနေခဲ့သော်လည်း ယခုတော့ ဟီရိုရှီးမားမြို့ အဆောက်အအုံကြီးများ အသစ်ပြန်လည် တည်ဆောက်ထားပြီး ဖြစ်နေပေသည်။

နီကိုလာတို့၏ ရှေ့တည့်တည့်မှ ထိုင်ခုံတစ်ခုသည် လူမရှိဘဲ လွတ်နေရာ ဟီရိုရှီးမား ဘူတာတွင် အညိုရောင်ကီမိုနိုဝတ်စုံဝတ်ထားသူ ထိပ်ပြောင်ပြောင်နှင့် လူကြီးတစ်ယောက် တက်လာပြီး ထိုင်လိုက်သည်။ ထိုလူ၏ မျက်လုံးများသည် အထူးပင်တောက်ပြောင်စူးရှကြောင်း နီကိုလာက သတိပြု မိလိုက်သည်။

မကြာမီ မီးရထားသည် ဟီရိုရှီးမားဘူတာမှ ဆက်လက်ထွက်ခွာလာခဲ့လေသည်။

'မောင်ရင်တို့··· အရင်က ဟီရိုရှီးမားမြို့ကို ရောက်ဖူးပါသလား'

'မရောက်ဖူးပါဘူး'

နီကိုလာက ပြန်ပြောလိုက်စဉ် ယူကီအိုကလည်း ခေါင်းခါပြလိုက်သည်။

'ကျုပ်လဲ ထင်သားပဲ။ မောင်ရင်တို့က အသက်ငယ်လွန်းတော့ ဟီရိုရှီးမားမြို့ကြီး ဖျက်ဆီးမခံရခင်က ရှုခင်းကို သိမှာမဟုတ်ဘူး'

လူကြီးက ပြောလိုက်ရာ ယူကီအိုက

'ရှင်တော့ မြင်ဖူးခဲ့လို့လား'

ဟု ပြန်မေးလိုက်သည်။

ဤတွင် အဘိုးကြီးက ပြုံးလိုက်သည်။

'မြင်ဖူးခဲ့တာပေါ့။ ကျုပ်က ဟီရိုရှီးမားမြို့မှာ နေခဲ့တာပဲ။ ဒါပေမယ့် အဲဒီခေတ်က အဝေးကြီး ကျန်ရစ်ခဲ့ပြီ ဆိုပါတော့'

'အဲဒီတုန်းက ခင်ဗျားက ဘယ်ရောက်နေသလဲ၊ ဘယ်လိုဖြစ်ခဲ့တာလဲ'

နီကိုလာက ထပ်၍ မေးလိုက်ပြန်သည်။

'အဲဒီတုန်းက ကျုပ်က မြို့အပြင်ဘက် တောတောင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေလို့ လွတ်ခဲ့တယ်။ ကောင်းကင်က မီးလုံးကြီးတွေကျသလို ဖြစ်ခဲ့ပုံက အလွန်ကြောက်စရာကောင်းတယ်။ အဝေးကြီးက သစ်ပင်တွေတောင် သွက်သွက်ခါအောင် တုန်လှုပ်သွားပြီး မြေကြီးကလည်း ငလျင်လှုပ်သလို တုန်လှုပ်တယ်။ စကြာဝဠာတစ်ခုလုံးမှာ အလွန်ပြင်းထန်တဲ့ ဒဏ်ရာတစ်ခုရခဲ့ သလိုပါပဲ'

'အဲဒီအချိန်က ခင်ဗျားဟာ မြို့ထဲမှာ မရှိခဲ့တာ ကံကောင်းတာပေါ့'

ယူကီအိုက ဝင်ပြောလိုက်သည်။

'အင်း… ကံကောင်းသလား မကောင်းသလားတော့ မပြောတတ်ဘူး။ တကယ်တော့ လူမှန်သမျှ ကံကြမ္မာက ဖန်တီးသလို နာခံနေရတာချည်းပါပဲ။ စစ်မဖြစ်မီက ကျုပ်က ကုန်သည်လုပ်နေတဲ့အတွက် နိုင်ငံခြားကို မကြာခဏ ရောက်ခဲ့တယ်။ များသောအားဖြင့် ကျုပ်ရဲ့ ကုန်ပစ္စည်းတွေ ရောင်းချတဲ့ တရုတ်ပြည် 'ရှန်ဟဲ'မြို့ကို ရောက်နေတတ်တယ်'

ဤသို့ အစချီကာ အဘိုးကြီးသည် တရုတ်ပြည်အကြောင်းနှင့် တရုတ်လူမျိုးတို့၏ အတွေးအခေါ်နှင့် ယဉ်ကျေးမှုအကြောင်းတွေ ဆက်လက်ပြောပြလေသည်။ အထူးသဖြင့် တရုတ်ပြည်၌ နေထိုင်ရသည်မှာ ပျော်စရာကောင်းပုံများကို ပြောပြသည်။ ထို့ပြင် သူသည် တရုတ်ပြည်၌ ရှိစဉ်က လူတစ်ယောက်နှင့် တွေ့ဆုံးဖူးကြောင်း ထိုလူက မြို့ကြီးတစ်မြို့လုံး ကျေမွပျက်စီးသွားစေနိုင်သည့် ဗုံးလက်နက်ဆန်းတစ်ခု မကြာမီဖြစ်ပေါ်လာလိမ့် မည်ဟု ပြောခဲ့၍ မိမိပင်လျှင် အလွန် အံ့သြမိကြောင်းကိုပါ ပြောပြလေသည်။

နီကိုလာသည်လည်း အံ့အားသင့်သွားလျက်

'ဒီလူက ဘယ်လိုလုပ်ပြီး အနုမြူဗုံးအကြောင်း ကြိုတင်သိနေတာလဲ' ဟု မေးလိုက်သည်။

'ဒါတော့ ကျုပ်လဲ ပြောတတ်ဘူး'

ထိုအချိန်၌ ရထားသည် ဘူတာတစ်ခုသို့ရောက်ရန် တဖြည်းဖြည်း အရှိန်လျော့လာပြီဖြစ်သည်။

'ကဲ… စကားပြောလို့တော့ ကောင်းပါရဲ့။ ကျုပ်ဆင်းရမယ့် ဘူတာ ရောက်ပြီ။ သွားမယ်နော်'

အဘိုးကြီးက နှုတ်ဆက်ပြီး ထဆင်းသွားသည်။

နီကိုလာသည် အဘိုးကြီးအား လူငယ်တစ်ယောက်၏ ဝတ္တရားအရ ရှိသေလေးစားစွာ နှုတ်မဆက်လိုက်ရသည်ကို စိတ်မကောင်းဖြစ်ရင်း ကျန်ရစ်လေသည်။



ရထားသည် ဘူတာမှ ပြန်၍ ထွက်ခွာနေပြီဖြစ်သည်။

ယူကီအိုကမူ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေကာ ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေးကြည့်နေလေသည်။

ရထားကြီးသည် ဂျပန်ပြည်၏တောင်ဘက် 'ရှီမိုနိုဆေကီ'မြို့ဆီသို့ ဆက်လက်ခုတ်မောင်းနေလေသည်။

အတန်ကြာမှ ယူကီအိုသည် နီကိုလာအား လှမ်း၍ စကားပြောလေသည်။

'ဟိုအဘိုးကြီး ပြောသွားတာ ရှင်က ဘယ်လိုသဘောရသလဲ'

'ဘာကို ဆိုလိုတာလဲ'

'သူပြောသွားတာတွေကို ရှင်က ယုံသလား'

'ငါတော့ ယုံတယ်'

နီကိုလာက ဤသို့ ပြောလိုက်စဉ် သူ၏စိတ်ထဲ၌ မိခင်ကြီးပြောပြဖူးသော တရုတ်အဘိုးကြီး 'ပိုဆင်'ကို သတိရနေမိလေသည်။

'ကျွန်မတော့ မယုံဘူးရှင့်၊ သူပြောသွားတာတွေ မဖြစ်နိုင်ဘူး'

✦✦✦

ထိုနေ့ညအဖို့ သူတို့သည် ရှီမိုနိုဆေကီမြို့တွင် ညအိပ်ကြလေသည်။ ယူကီအိုသည် နီကိုလာနှင့်အတူ အိပ်ရသည်ကို အလွန်ကျေနပ် သဘောကျနေလေသည်။ နောက်တစ်နေ့နံနက်တွင် သူတို့တည်းခိုသော ဟိုတယ်၌ နံနက်စာစားကြပြီး နှစ်ယောက်သား အပြင်ဘက်သို့ထွက်ကာ မြို့၏ရှုခင်းများကို လျှောက်ကြည့်ကြလေသည်။

ဘူတာရုံတွင်ကား သူတို့စီးလာခဲ့သော ရထားသည် အိုဆာကာမြို့သို့ ပြန်လည်ထွက်ခွာရန် အသင့်ဖြစ်နေလေသည်။

မြို့၏အနေအထားက ကမ်းစပ်၌ဖြစ်၍ လှမ်းကြည့်လိုက်လျှင် ပင်လယ်ငါးဖမ်းထွက်သည့် လှေကြီးများမှ ရွက်များလွှင့်ထားသည်ကို မြင်ရလေသည်။

'ဒီမှာက သိပ်ပြီး သာယာအေးချမ်းတာပဲနော်။ တိုကျိုနဲ့ အိုဆာကာကို မြို့ကြီးတွေနဲ့ သိပ်ကွာခြားတယ်။ ဒီနေရာက ခေတ်မီ စက်မှုလုပ်ငန်းမြို့တွေက သဘာဝအလှကို မဖျက်ဆီးသေးဘူး။ ကျွန်မစိတ်ထဲမှာ ဆယ့်ခုနစ်ရာစုခေတ်ကို ပြန်သွားရသလိုပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



ယူကီအိုက မြို့၏ရှုခင်းကိုကြည့်ပြီး ပြောလိုက်ရာ နီကိုလာက…

'ဆာမူရိုင်းစစ်သည်တွေ သိပ်များတဲ့ခေတ်ကို ပြောတာလား…'

ဟု ပြန်မေးလိုက်သည်။

'ဒီလိုရယ်လို့ မဟုတ်ပါဘူး။ ဒီအရပ်က သာယာအေးချမ်းတာကို သဘောကျလို့ ပြောတာပါ။ ဒီမယ် နီကိုလာ ကျွန်မတို့ ဒီမှာပဲ နေလိုက်ကြရင် မကောင်းဘူးလား'

'ဒီမှာ အမြဲတမ်းနေဖို့ ပြောတာလား'

'ဟုတ်တယ်။ ဒီမှာဆိုတော့ ကျွန်မတို့ အတိတ်ကိုလုံးလုံးမေ့ပစ်ပြီး ဘဝသစ်တစ်ခု ပြန်ပြီးထူထောင်သလို အေးအေးဆေးဆေး နေနိုင်မယ် မဟုတ်လားရှင့်'

'မင်းကလဲကွာ၊ စိတ်ကူးယဉ်စကားတွေ ပြောမနေစမ်းပါနဲ့၊ လက်တွေ့ကျကျ စဉ်းစားမှပေါ့'

'မဟုတ်ဘူးရှင့်၊ ကျွန်မက ရှင် အခုလုပ်နေတာကို သဘောမကျဘူး၊ ရှင်က ဆိုင်ဂိုနောက်ကို ခြေရာခံလိုက်ပြီး သူ့ရဲ့လျှို့ဝှက်ချက်တွေကို လိုက်စုံစမ်းနေတာ မဟုတ်လား၊ ဒါကိုပဲ ရှင်က သဲသဲမဲမဲ စိတ်ဝင်စားနေတယ်။ ကျွန်မက အဲဒီကိစ္စထဲ ဝင်မပါချင်ဘူး၊ ဒါကြောင့် ကျွန်မက ရှင့်ကို တောင်းပန်ချင်တယ်၊ ရှင်သွားချင်တဲ့ ကျူရှူးကျွန်းကို ဆက်မသွားဘဲ ဒီမှာပဲ နေလိုက်ကြရအောင်လို့'

'ယူကီအိုကလဲကွာ။ အခုကျမှ ပြောမနေပါနဲ့တော့။ ဒီခရီးထွက်မလာခင်က မင်းကိုငါ အတင်းခေါ်ခဲ့တာ မဟုတ်လူး။ မင်းကိုယ်တိုင်က လိုက်ချင်လှပါတယ်ဆိုပြီး လိုက်လာခဲ့တာ မဟုတ်လား။ ပြီးတော့ ငါကလဲ မင်းနဲ့ အတူနေချင်ပါတယ်။ ငါဟာမင်းကို တကယ်ချစ်တယ်'

'ဘာပဲဖြစ်ဖြစ် ကျွန်မရှေ့ဆက်ပြီး မသွားချင်တော့ဘူး'

'ငါကလဲ အလုပ်တစ်ခု စမိရင် ဆုံးခန်းတိုင်ရောက်အောင် ဆက်လုပ်မှဖြစ်မယ်။ ဆိုင်ဂိုဟာ ကူမာမိုတိုအရပ်မှာ ဘာလာလုပ်တယ်ဆိုတာ သိဖို့လိုတယ်'

'ဒါက ဘာများအရေးကြီးလို့လဲရှင့်။ သူဘာပဲလုပ်လုပ် ကျွန်မတို့နဲ့ ဘာဆိုင်လို့လဲ။ ကျွန်မသိတာက ရှင်တို့နှစ်ယောက် သိုင်းသင်ကျောင်းမှာ ယှဉ်တိုက်ခဲ့ကြပြီးတော့ တစ်ယောက်ကိုတစ်ယောက် သိပ်ပြီး မုန်းတီးလာကြတယ်။ တစ်ယောက်ယောက်သေမှ အေးမယ်ဆိုပြီး ဆက်တိုက်ကြဖို့ ဆန္ဒပြင်းထန်နေတယ် မဟုတ်လား'

BURMESE CLASSIC .com



'ဒါတော့ ယောကျ်ားဆိုတာ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ လိုအပ်တယ်။ ဆိုင်ဂိုဟာ ငါ့ကို အလွန်စက်ဆုပ်မုန်းတီးနေတယ်။ ငါ့ရဲ့ အင်္ဂါရုပ်က အနောက်တိုင်းသားရဲ့ အင်္ဂါရုပ်ရှိတဲ့ ကပြားဖြစ်ပြီး ဂျပန်ပြည်ကို အလွန် ချစ်သူဖြစ်တယ်။ ဒါကိုပဲ ဆိုင်ဂိုက သိပ်ပြီးမုန်းနေတယ်'

'ကျွန်မကတော့ ရှင့်ကိုချစ်လို့ပြောတာပါ နီကိုလာရယ်'

ယူကီအိုက ဤသို့ပြောလိုက်သည်တွင် နီကိုလာသည် သူမအား ယုယစွာ ပွေ့ဖက်၍ နမ်းရှုပ်လိုက်လေသည်။

ထို့နောက် သူတို့သည် ရှီမိုနိုဆေကီမြို့မှ တစ်ဘက်ကမ်းသို့ ကူးတို့သင်္ဘောဖြင့် ကူးသွားကြလေသည်။

သင်္ဘောပေါ်တွင် ယူကီအိုသည် အကြောင်းအရာတစ်ခုကို စကားစပ်၍ ပြောပြန်လေသည်။

'ဒါထက် ဆာဆူကိုင်ကာ ရှင့်အဖေ ဗိုလ်မှူးကြီးကို ဘာကြောင့် ကြောက်တာလဲ'

'ဟုတ်လို့လား…။ ငါတော့ အဲဒါကို မသိပါလား'

'ဟုတ်တယ်ရှင့်။ သူတို့နှစ်ယောက်ဟာ မကြာခဏ ငြင်းခုံစကား ပြောတတ်တာလဲ ကျွန်မက သိတယ်။ ကျွန်မက သူတို့နဲ့ အချိန်ကြာကြာ နေခဲ့ရလို့ သိရတယ်'

'တစ်ခုတော့ရှိတယ်။ ဆာဆူကိုင်နဲ့ ငါ့အဖေဟာ နိုင်ငံရေးအရ အယူအဆ သဘောထားချင်း ဆန့်ကျင်ဘက်ဖြစ်တယ်။ ဆာဆူကိုင်က ဂျပန်ပြည်ရဲ့ စီးပွားရေးအဖွဲ့အစည်း ဆိုင်ဘက်ဆူ အဖွဲ့ဝင်တစ်ဦးဖြစ်တယ်။ စစ်ပြေးခါစ အမေရိကန်တွေက သူ့ကို စစ်တရားခံတစ်ဦးအဖြစ် အရေးယူဖို့တောင် ကြံခဲ့သေးတယ်။ ငါ့အဖေကြီးက ဆာဆူကိုင်ဘက်က ဝင်ကူညီထောက်ခံခဲ့လို့ ဘာမှမဖြစ်ခဲ့တာပဲ။ ဒါဟာပဲ နိုင်ငံရေးနဲ့ ပတ်သက်လို့ ဆိုရမယ်'

ဤသို့ စကားအချေအတင် ပြောသွားကြရင်း ကူးတို့သင်္ဘောသည် တစ်ဘက်ကမ်းသို့ ရောက်သွားလေသည်။

✦ ✦ ✦

တစ်ဘက်ကမ်းမှ သူတို့သည် ကူမာမိုတိုမြို့သို့ မီးရထားဖြင့် ဆက်သွားကြလေရာ မွန်းလွဲပိုင်းတွင် ရောက်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကူမာမိုတိုသည် တိုကျို၊ အိုဆာကာတို့ကဲ့သို့ ခေတ်ဆန်ဆန်မြို့ မဟုတ်ဘဲ ရှေးခေတ်ဂျပန်ပြည်၏ ရိုးရာအစဉ်အလာများပေါ်တွင် ထင်ရှားနေပေသည်။ မြို့တည်ရှိရာ ကျူရှူကျွန်းသည် တောင်များရှိသည့်အလျောက် ကူမာမိုတိုမြို့၏ အပြင်ဘက်ဆင်ခြေဖုံးတွင်လည်း တောင်များမြင်နေရလေ သည်။ မြို့နှင့်အနီးဆုံး ‘အာဆိုတောင်’ ဆိုလျှင် မီးတောင်ဟောင်တစ်ခု ဖြစ်ကြောင်း သိရလေသည်။

နီကိုလာနှင့် ယူကီအိုတို့သည် ဟိုတယ်တစ်ခုတွင် တည်းခိုကြလေသည်။

ဟိုတယ်မှတစ်ဆင့် နီကိုလာက ဆိုင်ဂိုထံသို့ တယ်လီဖုန်းဆက်ကြည့်ရာ လူမရှိကြောင်း သိရသဖြင့် သူတို့ တည်းခိုနေသော ဟိုတယ်၏နံပါတ်ကို ပြန်ဆက်ရန် ပြောလိုက်လေသည်။

ထို့နောက် သူတို့သည် မြင်းစီးထွက်ချင်သဖြင့် မြင်းငှားရန် မြင်းဇောင်းလိုက်ရှာရာ ထိုအရပ်တွင် မြင်းစီးသူမရှိ၍ မြင်းဇောင်းလည်း မရှိကြောင်း သိရလေသည်။

နီကိုလာနှင့် ယူကီအိုတို့သည် စားသောက်ဆိုင် တစ်ဆိုင်သို့ဝင်၍ နေ့လယ်စာ စားကြသည်။ အစားအစာက ကောင်းသော်လည်း နီကိုလာသည် စိတ်တွေ လှုပ်ရှားနေသဖြင့် အနည်းငယ်မျှသာ စားနိုင်သည်။ သူသည် သွားလာလှုပ်ရှားနေချင်စိတ်သာ ဖြစ်ပေါ်နေမိသည်။

နေ့လယ်စာ စားကြပြီးနောက် သူတို့သည် မြို့တွင်းသို့ လမ်းလျှောက်ကြည့်ကြပြန်သည်။

ဟိုတယ်သို့ ပြန်ရောက်လာကြသောအခါ ညနေစောင်းနေပြီ ဖြစ်သည်။

ဟိုတယ်၏ ဧည့်ခံဌာနတွင် ဆိုင်ဂိုထံမှ အကြောင်းကြားစာတစ်စောင် ရောက်နေလေသည်။ စာထဲတွင် ဆိုင်ဂိုက သူသည်ည ၉ စာ စားချိန်တွင် ဟိုတယ်သို့ လာခဲ့ပါမည်ဟု ဆိုထားသည်။

ထို့နောက် သူတို့ အခန်းသို့တက်ပြီး အဝတ်အစားလဲနေကြစဉ် ယူကီအိုက

‘ဒါထက် ကျွန်မတို့ ဒီမှာ ဘယ်လောက်ကြာကြာ နေကြမှာလဲ’

ဟု မေးလိုက်သည်။

‘မပြောတတ်သေးဘူး။ ဘာဖြစ်လို့လဲ’



‘ကျွန်မ ဒီမှာ ကြာကြာမနေချင်ဘူး။ ဒီက ထွက်သွားချင်တယ်’

‘တို့က အခုမှ ဒီကို ရောက်ခါစရှိသေးတယ်လေကွာ’

‘ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ကြာလှပြီလို့ ထင်မိတယ်။ ဒီမြို့က နေရတာတစ်မျိုးကြီးပဲ…ရှင့်’

ဤတွင် နီကိုလာက ရယ်မောလိုက်သည်။

‘မင်းကလဲကွာ။ ဒီလို သဘောမထားစမ်းပါနဲ့’

‘ဒီမယ်…ရှင့်။ ဒီမြို့ရဲ့ အခြေအနေက တစ်မျိုးကြီး ဖြစ်နေတာကို ရှင်သတိမထားဘူးလား။ အသက်ရှူရတဲ့ လေကိုက တစ်မျိုးကြီးပဲ’

‘အဓိပ္ပာယ် မရှိတာတွေ ပြောမနေစမ်းပါနဲ့ကွာ’

နီကိုလာက စကားကို ဖြတ်လိုက်သည်။

ညနေ ခြောက်နာရီသာသာတွင် ဆိုင်ဂို ရောက်လာလေသည်။

‘ဟဲလို… နီကိုလာ’

ဆိုင်ဂိုလာ နှုတ်ဆက်ရင်း ယူကီအိုကို မြင်လျှင် အံ့အားသင့်သွားရာမှ ဒေါသထွက်သလို ဖြစ်လာလေသည်။

‘ယူကီအိုက ဒီမှာ ဘာလာလုပ်တာလဲ’

‘ဩော်… ယူကီအိုက ကျုပ်နဲ့ ဒီကို လိုက်လာချင်လို့ လာခဲ့တာပဲ’

နီကိုလာက ခပ်အေးအေး ပြန်ပြောလိုက်ရာ ဆိုင်ဂိုသည်ပို၍ပင် ဒေါသထွက်လာပုံရလေသည်။

‘ဒီမယ် နီကိုလာ။ ကျုပ်ကို မလိမ်ပါနဲ့။ မှန်မှန်ပြောစမ်းပါ။ ယူကီအိုက ခင်ဗျားကို အားလုံးဖွင့်ပြောပြတယ်…မဟုတ်လား’

ဤတွင် ယူကီအိုက ဝင်၍

‘ကျွန်မက နီကိုလာကို ဘာမှ ပြောမပြပါဘူး’

ဟု ခပ်တည်တည် ပြောလိုက်သည်။

ဆိုင်ဂိုသည် ယူကီအိုအား စိတ်တိုတိုနှင့် တစ်စုံတစ်ခု ပြုလုပ်မည့်ဟန်ဖြင့် ရှေ့သို့တိုးသွားရာ နီကိုလာက လျှင်မြန် ဖျက်လတ်စွာသူ၏ ရှေ့မှဝင်ရပ်၍ တားဆီးလိုက်သည်။

ဆိုင်ဂိုလည်း နီကိုလာအား ရန်မူရန် သူ၏ညာဘက် လက်ဝါးစောင်းနှင့် ရွယ်လိုက်စဉ် နီကိုလာက ထိုအတွက်ကိုမြင်သဖြင့် ဆိုင်ဂို၏ လက်ကောက်ဝတ်ဆီသို့ လက်ဝါးစောင်းဖြင့် တအားခုတ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဂို၏လက်မှ အာရုံကြောများ ထိခိုက်သွားသဖြင့် ရုတ်တရက် လက်ကို မလှုပ်ရှားနိုင်အောင် ဖြစ်သွားတော့သည်။

ဤတွင် ဆိုင်ဂိုသည် ကာရာတေး သိုင်းပညာနည်းဖြင့် နီကိုလာအား ခြေထောက်ဖြင့်ကန်ရန် ကြိုးစားပြန်သည်။ သို့သော် နီကိုလာက လျင်မြန်စွာ တိမ်းရှောင်လိုက်သဖြင့် ဆိုင်ဂို၏ ခြေထောက်သည် အခန်းတံခါးတို့သာ ထိလေသည်။

ဆိုင်ဂိုသည် ချာခနဲလှည့်၍ စင်္ကြံသို့ လျင်မြန်စွာ ပြန်သွားလေသည်။

နီကိုလာသည် ရုတ်တရက် ဘာလုပ်မှန်းမသိသလို ခေတ္တငြိမ်နေပြီးမှ ချက်ချင်းသတိရပြီး ဆိုင်ဂိုနောက်သို့ လိုက်သွားလေသည်။

ယူကီအိုလည်း စိုးရိမ်ဟန်ဖြင့် နောက်မှ ပြေးလိုက်လာလေသည်။

❋ ❋ ❋

---

## ၉

အပြင်ဘက်လမ်းမတွင် မှောင်နေလေသည်။

နီကိုလာသည် ဆိုင်ဂိုနောက်သို့ လိုက်သော်လည်း မမီတော့ချေ။ သို့သော် ဆိုင်ဂိုသည် ငါးရောင်းသော ဆိုင်တစ်ဆိုင်၏အနီးတွင် ပျောက်သွား သည်ဟု ထင်မိသဖြင့် ထိုဆိုင်တွင်းသို့ ဝင်သွားခြင်း ဖြစ်မည်ဟု ယူဆမိ လေသည်။

ထို့ကြောင့် ဆိုင်ရှေ့တစ်နေရာတွင်ရပ်၍ အကဲခတ်ကြည့်နေစဉ် ယူကီအိုလည်း လိုက်လာလေသည်။

နီကိုလာသည် ယူကီအို၏ လက်ကိုဆွဲ၍ ထိုဆိုင်တွင်းသို့ ဝင်သွား လေသည်။

ဆိုင်တွင်း၌ လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရသဖြင့် နီကိုလာက ထိုဆိုင်တွင် နောက်ဖေးတံခါးပေါက်ရှိသလားဟု မေးကြည့်ရာ ထိုလူက ခေါင်းညိတ်ပြလေသည်။

ဆိုင်ဂိုသည် ဆိုင်တွင်းသို့ဝင်ပြီး နောက်ဖေးပေါက်မှ ထွက်သွားခြင်း ဖြစ်ကြောင်း သေချာသဖြင့် နီကိုလာလည်း ယူကီအိုကိုပါခေါ်လျက် နောက်ဖေး ပေါက်မှ ပြေးထွက်လိုက်သွားလေသည်။



ထင်သည့်အတိုင်း ဆိုင်ဂိုအား ခပ်လှမ်းလှမ်းတွင် မြင်ရလေသည်။ သူသည် အနောက်စူးစူးဘက်သို့ ခပ်သုတ်သုတ်လျှောက်သွားနေလေသည်။

ထိုအချိန်၌ ကောင်းကင်မှလရောင်သည် ထိန်ထိန်သာလျက်ရှိသဖြင့် နီကိုလာသည် ဆိုင်ဂိုအား ကောင်းစွာ မြင်နေရလေသည်။

တစ်ချိန်တွင် ဆိုင်ဂိုသည် သူ၏နောက်မှ တစ်စုံတစ်ယောက် လိုက်လာလေသလောဟု လှည့်ကြည့်သဖြင့် နီကိုလာနှင့် ယူကီအိုတို့သည် မှောင်ရိပ်တစ်ခုထဲသို့ လျင်မြန်စွာ ဝင်လိုက်ရသည်။

ထို့နောက် ဆိုင်ဂိုသည် မှောင်နေသော လမ်းကြားတစ်ခုထဲသို့ ဝင်သွားလေသည်။

နီကိုလာတို့လည်း နောက်မှ လိုက်သွားကြသည်။

ဆိုင်ဂိုသည် ထိုလမ်းကြားထဲရှိ အိမ်တစ်အိမ်အနီးတွင် ပျောက်သွား သဖြင့် ထိုအိမ်တွင်းသို့ ဝင်သွားခြင်းဖြစ်ရမည်ဟု နီကိုလာက တွက်လိုက်မိ သည်။ ထို့ကြောင့် ယူကီအိုအား လက်ဆွဲခေါ်၍ ထိုအိမ်အနီးသို့ ချဉ်းကပ်သွား လေသည်။

ထိုအိမ်၏ တံခါးဝအပေါ်နားတွင် အမှတ်အသားတံဆိပ်တစ်ခုကို သတိပြုမိလေသည်။ အမှတ်အသားမှာ စက်ဝိုင်းသဏ္ဌာန်ရှိပြီး စက်ဝိုင်း အတွင်း၌ 'စိန်' ရတနာကိုးလုံးစီ၍ ထားလေသည်။

နီကိုလာသည် ထိုအမှတ်အသားတံဆိပ်ကို မြင်သည်နှင့်ချက်ချင်း အဓိပ္ပာယ်ကို သိလေသည်။ ယင်းအမှတ်အသားတံဆိပ်အရ ဤအိမ်သည် 'ရီယူ' ခေါ် သိုင်းအတတ်ပညာသင်ကျောင်း တစ်ကျောင်းဖြစ်ကြောင်း ထင်ရှား လေသည်။

တစ်ချိန်တည်းမှာပင် မိမိတို့သည် ဤအဆောက်အအုံအတွင်းသို့ မဝင်သင့်ဟု ဆုံးဖြတ်မိသဖြင့် နီကိုလာသည် ယူကီအိုအားခေါ်၍ လမ်းမသို့ ပြန်ထွက်ခဲ့လေသည်။

ဟိုတယ်သို့ အပြန်လမ်းတွင် နီကိုလာသည် လေးနက်စွာ စဉ်းစား နေမိလေသည်။

သူသည် ဆိုင်ဂိုအား စိတ်ဆိုးပြီး ခြေရာခံလိုက်ခဲ့ခြင်း၊ ထို့နောက် သိုင်းသင်တန်းကျောင်း အမှတ်အသားတံဆိပ်ကို မြင်လိုက်ရခြင်းတို့က မိမိ၏ အနာဂတ်ကံကြမ္မာနှင့် တိုက်ရိုက်ပတ်သက် ဆက်စပ်နေသည်ဟု နီကိုလာက သုံးသပ်စဉ်းစားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



✦ ✦ ✦

ဟိုတယ်သို့ ပြန်ရောက်သောအခါ နီကိုလာက ယူကီအိုအား သူမ၏ အခန်းသို့ သွားခိုင်းလေသည်။

ယူကီအိုက ချက်ချင်းမသွားသေးဘဲ

'ရှင်က ကျွန်မကို အကျိုးအကြောင်း ပြောမပြဘူးလားရှင့်'

ဟု မေးလေသည်။

'နောက်တော့ သိရမှာပေါ့ကွာ။ ကဲ… မင်းရေမိုးချိုးချည်ပါဦး။ ငါလဲ ခဏနားဦးမယ်'

'ရှင်တစ်ယောက်တည်း အပြင်ဘက် ပြန်ထွက်မသွားနဲ့ဦးနော်'

'စိတ်ချပါ။ ငါက မင်းအခန်းနဲ့ကပ်လျက် အခန်းမှာရှိနေမှာပါ'

ဤသို့ပြော၍ နီကိုလာသည် သူ၏အခန်းတွင်းသို့ ဝင်လိုက်ပြီးနောက် တစ်ယောက်တည်း စဉ်းစားနေလေသည်။

ဆိုင်ဂိုသည် ဤမျှ ခရီးဝေးသော အရပ်သို့လာ၍ 'စိန်ကိုးလုံး'တံဆိပ် အမှတ်အသားရှိသည့် သိုင်းသင်တန်းကျောင်းသို့ ဘာကြောင့် လာရောက် လေ့လာသနည်းဟူသော အကြောင်းကို သူ ရိပ်စားမိပြီ ဖြစ်သည်။

မိမိတို့ သိုင်းဆရာကြီး ကန်ဆတ်ဆူ ပြောခဲ့သည့် စကားကိုလည်း ပြန်သတိရမိသည်။

ဆိုင်ဂိုက ဤအရပ်သို့ လာခြင်းမှာ ကင်ဂျူဆူခေါ် နင်းဂျားအတတ်ကို လေ့လာသင်ကြားရန် လာရောက်ခြင်းဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။

နင်းဂျားတို့သည် ရက်ရက်စက်စက် တိုက်ခိုက်ရာ၌ ဘာကိုမှ စာနာထောက်ထားခြင်း မရှိဟု သိုင်းဆရာကြီး ကန်ဆတ်ဆူက နီကိုလာအား ပြောပြခဲ့ဖူးသည်။

စိန်ကိုးလုံးနှင့် စက်ဝိုင်းအမှတ်အသားသည် နင်းဂျားအတတ်သင်ကြား ပေးသော သိုင်းသင်တန်းကျောင်း၏ အမှတ်အသားဖြစ်ကြောင်းကိုလည်း နီကိုလာက သိထားပြီးဖြစ်ပေသည်။

ဤသို့စဉ်းစားနေချိန်တွင် တစ်ဘက်ခန်း၌ ယူကီအိုက ရေချိုးနေလေသည်။

နီကိုလာက ဆက်ပြီး စဉ်းစားနေလေသည်။



သိုင်းဆရာကြီး ကန်ဆတ်ဆူသည် နီကိုလာအား နင်းဂျားအကြောင်း နှင့် ပတ်သက်၍ သူသိသလောက် အားလုံးမပြောဘဲ ထိန်ချန်ထားသည်ဟု ယူဆမိလေသည်။

ဥပမာ…

ဆိုင်ဂိုသည် ဘာကြောင့် ဤအရပ်သို့ နင်းဂျားအတတ်သင်ကျောင်း သို့ လာရောက်လေ့လာ သင်ကြားခဲ့သည်ကို ဆရာကြီး ကန်ဆတ်ဆူ သိမည်ဟု နီကိုလာက ထင်မိသည်။

သို့သော်

ကန်ဆတ်ဆူက ဖွင့်၍မပြောခဲ့ချေ။

တစ်ခု သေချာသည်။

မိမိနှင့် ဆိုင်ဂိုတို့သည် မည်သို့မှ ဆက်ဆံပေါင်းသင်း၍ မရနိုင်သော ရန်သူများ ဖြစ်နေပြီဟူ၍ပင် ဖြစ်သည်။

ဤသို့ စဉ်းစားရင်း နီကိုလာသည် ကျောချမ်းသလို ဖြစ်လာမိသည်။

တုန်လှုပ်ချောက်ချားလာမိသည်။

သူ ရှေ့အဖို့ ပြုလုပ်ရမည့်တာဝန်ကား ကျောချမ်းစရာပင် ဖြစ်နေလေ သည်။

နီကိုလာသည် အတန်ကြာအောင် စဉ်းစားနေပြီးနောက် ဟင်းခန်း သက်ပြင်းချကာ ကပ်လျက်ရှိသော ယူကီအို၏အခန်းဆီသို့ သွားလေသည်။

'ယူကီအို … ယူကီအို'

နီကိုလာက ခပ်တိုးတိုးခေါ်ရင်း တံခါးကို တွန်းဖွင့်လိုက်ပြီးနောက် ချက်ချင်း ခြေလှမ်းတန့်သွားပေါ့သည်။ ယူကီအို၏ အခန်းထဲတွင် အခြားလူ တစ်စုံတစ်ယောက် ရောက်ရှိနေပြီဟု သူ့စိတ်ထဲမှ အလိုလိုသိနေသဖြင့် ခြေလှမ်း တန့်သွားခြင်းပင် ဖြစ်သည်။

ယူကီအိုသည် ခုတင်ပေါ်တွင် ပက်လက်ဖြစ်ပြီး အဝတ်အစားမရှိဘဲ ဗလာကျင်းနေကာ အိပ်ပျော်နေသလို (သို့မဟုတ်) သတိမေ့နေသလို ငြိမ်သက် နေသည်။

သူမ၏ ဘေးမှ အိပ်ယာမှာလည်း တစ်စုံတစ်ယောက် ဝင်အိပ်ထား သလို လူတစ်ယောက်အိပ်ပြီး ထသွားပုံမျိုး ဖြစ်နေလေသည်။

'ဟဲလို… နီကိုလာ… ကြွပါ။ ခရီးဦးကြိုပြုပါတယ်'

ထိုအသံကြားလိုက်မှ နီကိုလာလည်း ချာခနဲ လှည့်ကြည့်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်တွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသူ ဆိုင်ဂိုကို မြင်ရသဖြင့် အလွန်အံ့အားသင့်သွားမိလေသည်။

'ဟင်… ဆိုင်ဂို၊ ဘယ်လိုလုပ်ပြီး ဒီအခန်းထဲရောက်နေသလဲ'

နီကိုလာက မေးလိုက်ရာ၊ ဆိုင်ဂိုသည် မခန့်လေးစားပြုံးလျက်

'နင်းဂျားတစ်ယောက်အဖို့ ဒီလိုအခန်းမျိုးထဲဝင်ဖို့ နည်းတွေအများကြီးပဲ ရှိပါတယ်'

ဟု ပြောလိုက်သည်။

နီကိုလာက မယုံနိုင်လောက်အောင် အံ့ဩပြီး ငေးနေမိစဉ် ဆိုင်ဂိုက ပင် ဆက်လက်၍

'ဒါပေမယ့် အခုတစ်ကြိမ်မှာတော့ ကျုပ်တို့ နင်းဂျားနည်းကို သုံးစရာတောင် မလိုပါဘူး။ ယူကီအိုကိုယ်တိုင်က ကျုပ်ကိုတံခါးဖွင့်ပေးတယ် ဟဲ…ဟဲ'

ဟု ပြောပြန်သည်။

နီကိုလာသည် ယူကီအိုအတွက် စိုးရိမ်မိသဖြင့် ရှေ့သို့တိုးသွားပြီး

'ယူကီအို … ယူကီအို'

ဟု ခေါ်ကြည့်လေသည်။

သို့သော်

ဆိုင်ဂိုက ပြုံး၍

'ခင်ဗျားခေါ်ပေမယ့် သူက ကြားမှာ မဟုတ်ဘူး။ ယူကီအိုဟာ အိပ်ပျော်နေတယ်။ အိပ်ပျော်တာမှ ဘယ်လိုမှ နှိုးလို့မရအောင် အိပ်ပျော်နေတယ်'

ဟု ပြောလေသည်။

နီကိုလာသည် ဒေါသထွက်လာလျက်

'ဟေ့လူ ယူကီအိုကို ရအောင် နှိုးလိုက်ပါ'

ဟု ပြောလိုက်သည်။

'လောလောဆယ်တော့ နှိုးလို့မဖြစ်သေးဘူးဗျ'

ပြောရင်း ဆိုင်ဂိုက မတ်တတ်ထလိုက်သည်။

သူသည် တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံတစ်ခု ဝတ်ထားပြီး ဦးခေါင်းမှ ဆံပင်ကိုလည်း ခပ်တိုတို (ကတုံးဆံထောက်ပုံမျိုး) ညှပ်ထားသည်ကို နီကိုလာက သတိပြုမိလေသည်။

'ကျုပ်က ခင်ဗျားကို လေ့လာနေတာ အခုတော့ ခင်ဗျားဟာ ကျုပ်ထင်တဲ့အတိုင်း ဟုတ်နေတာ သိရပြီ။ ကျုပ် အဖေကလဲ ခင်ဗျားကို ဒီအတိုင်းပဲ ထင်ခဲ့တယ်။ ခင်ဗျားက ဘယ်လိုလုပ်ပြီး ရိပ်မိသွားတယ်ဆိုတာတော့ ကျုပ်ဖြင့်စဉ်းစားလို့ မရဘူး'



'ခင်ဗျား ဘာတွေပြောနေတာလဲ။ အခု ခင်ဗျား ပြောလိုက်တာကို ကျုပ်က ဘာမှနားမလည်ဘူး'

နီကိုလာက ပြန်ပြောလိုက်ရာ ဆိုင်ဂိုသည် ဒေါသထွက်လာဟန်ဖြင့် ရှေ့သို့ တိုးလာပြီး နီကိုလာ၏ ရင်ဘတ်မှ ရှပ်အင်္ကျီကို ခပ်ကြမ်းကြမ်း ဆွဲဆုပ်ကိုင်လိုက်သည်။

'ဒီမယ်… ကျုပ်ဒီဟိုတယ်က ထွက်သွားတော့ ခင်ဗျားနောက်က လိုက်လာတာကို ကျုပ် မသိဘူး ထင်နေလား။ ကျုပ်က သိလျက်နဲ့ ခင်ဗျားလိုက်လာတာကို မသိချင်ဟန်ဆောင်နေခဲ့တယ်။ ခင်ဗျားဟာ… အရူးပဲ'

ဤတွင် နီကိုလာသည် လျင်မြန်စွာ ရန်းထွက်ပြီး ဆိုင်ဂိုအား မျက်နှာချင်းဆိုင်လိုက်သည်။

ထိုအချိန်၌ သူတို့နှစ်ဦးသည် ဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ထိုးသတ်ခါနီး ရင်ဆိုင်နေကြသော လက်ဝှေ့သမားနှစ်ဦးနှင့် တူနေလေသည်။

'ခင်ဗျားဟာ ဘာတွေ လျှောက်လုပ်နေတာလဲ'

နီကိုလာက မေးလိုက်ရာ ဆိုင်ဂိုက ချက်ချင်း ပြန်ဖြေလေသည်။

'ကျုပ်က ကျုပ်ဘဝကို ကယ်တင်ဖို့ လုပ်နေတာပဲ။ အခုဆိုရင် ကျုပ်က အဆင့်မြင့်အတန်းကို ရောက်နေပြီ။ ကျုပ်က ခင်ဗျားကို ဒီအရပ်လာဖို့ ဖိတ်ခေါ်လိုက်တာလဲ အကြောင်းရှိတယ်။ ခင်ဗျားတစ်ယောက်တည်း လာခဲ့ဖို့ ခေါ်လိုက်တာကို အခုတော့ခင်ဗျားက ကောင်မလေးကိုပါ ခေါ်လာခဲ့တယ်'

'ကျုပ်က သူ့ကို မေတ္တာရှိနေတယ်'

နီကိုလာက သူ၏ စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်သည်။

'တော်စမ်းပါဗျာ။ မေ့ပစ်လိုက်စမ်းပါ။ ကောင်မလေးဟာ ဘာမှ တန်ဖိုးမရှိတဲ့ အပျက်မတစ်ယောက်နဲ့ ဘာမှမထူးပါဘူး'

'ဟေ့လူ ခင်ဗျား ဒီလိုမပြောစမ်းနဲ့။ အခု ချက်ချင်းတိတ်လိုက်ပါ'

နီကိုလာက ဒေါသထွက်လျက် ပြောလိုက်သည်။

'ခင်ဗျားက အနောက်နိုင်ငံသားသွေးပါလို့သာ ဒီလိုပြောတာပါ။ ဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက ကျုပ်အနေနဲ့ ခင်ဗျားကို ကင်ဂျူဆု

www.burmeseclassic.com

www.burmeseclassic.com



အတတ်အကြောင်း ပြောမလို့ ဒီမြို့ကို ဖိတ်ခေါ်လိုက်တာ ဖြစ်တယ်'

'ဘာကြောင့် အနက်ရောင်ဝတ်စုံဝတ်တာလဲ'

'ဒီဝတ်စုံ ဝတ်သူတွေက ကူဂျီကူရီလို့ခေါ်တဲ့ အနက်ရောင်ကင်ဂျူဆု အတတ်ပညာတစ်မျိုးကို လေ့လာလိုက်စားသူတွေ ဖြစ်တယ်။ နင်းကျားတွေမှာ ဒီအတတ်ပညာ လေ့လာသူများကသာ အထက်မြက်ဆုံး တိုက်ရည်ခိုက်ရည်မှာ အထူးချွန်ဆုံးဖြစ်တယ်။ ဒီပညာတတ်ရင် ကမ္ဘာမှာ ဘယ်သူ့ကိုမှ ကြောက်စရာ မလိုဘူး။ ဒါကြောင့် ခင်ဗျားအနေနဲ့ ဒီပညာကို အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်'

ဆိုင်ဂိုက သူတို့ နင်းကျား အတတ်ပညာ အကြောင်းကို ချီးကျူး၍ ပြောလိုက်သည်။

'ကျုပ် စိတ်မဝင်စားဘူးဗျာ'

နီကိုလာက ဘုကျကျပြောပြီး ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။ ဆိုင်ဂိုကလည်း လျှပ်တပြက် လျင်မြန်လှသောအဟုန်ဖြင့် နီကိုလာအား ဝင်တိုက်ခိုက်လေသည်။

နှစ်ယောက်စလုံးက လက်ဝါးစောင်းကို ဓားလက်နက်သဖွယ် အသုံးပြုလျက် တိုက်ခိုက်နေကြရာ ဆိုင်ဂိုက လျင်မြန်သလောက် နီကိုလာကလည်း လျင်မြန်ဖျတ်လတ်စွာပင် ခုခံတိုက်ခိုက်လေသည်။

ဆိုင်ဂိုသည် ခွန်အားဗလ အထူးကောင်းပြီး နီကိုလာ၏ တိုက်ခိုက်ချက်များကို ကြံ့ကြံ့ခိုင်ခိုင်နိုင်ပုံမှာ အံ့သြဖွယ်ရာကောင်းနေပေသည်။ ထို့နောက် နီကိုလာအား အလဲထိုးရန် လက်ဝါးစောင်းဖြင့် ရင်ဘတ်ကို ချိန်ရွယ်ချက် ဝင်လာရာ နီကိုလာက ထိုအကွက်ကို မြင်သဖြင့် လျင်မြန်စွာ လူချင်းဝင်ပူး လိုက်သည်။

ဤတွင် နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်သို့ လဲကျသွားကြလေသည်။ သို့သော်... နီကိုလာက အောက်ဘက်ရောက်နေပြီး သူ၏လက်ဝဲဘက်လက်ကို ဆိုင်ဂိုက ညာဘက်ပခုံးဖြင့် တအားဖိထားလိုက်သဖြင့် နီကိုလာမှာ မလှုပ်ရှား နိုင်ဘဲ ဖြစ်နေလေတော့သည်။

ဆိုင်ဂိုသည် သူ လေ့ကျင့်ထားသော နင်းကျား အတတ်ပညာနည်းဖြင့် တိုက်ခိုက်နေခြင်းဖြစ်ရာ ယခု ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ နီကိုလာထက် သာနေ ပေသည်။



နီကိုလာသည် ဆိုင်ဂိုအား ဒူးဖြင့်တိုက်ရန် ကြိုးစားရင်း သူ၏ကိုယ်ကို လိမ့်၍ ရုန်းထွက်ကြည့်ပြန်သည်။ ထိုအကွက်ကို ဆိုင်ဂိုကလည်း မြင်သဖြင့် နီကိုလာ၏ ညာဘက်ပခုံးရိုးကို လက်ဝါးစောင်းဖြင့် တအားခုတ်လိုက်သည်။ တကယ်သာ ထိမှန်သွားပါက နီကိုလာသည် လုံးဝလှုပ်ရှားနိုင်တော့မည် မဟုတ်ချေ။ သို့သော် သူသည် ရုတ်တရက် ကိုယ်ကိုလိမ့်၍ ရှောင်လိုက်သဖြင့် သီသီကလေး လွဲချော်သွားလေသည်။

ထို့နောက် နှစ်ယောက်သား လူချင်းပူး၍ အကြိတ်အနယ် လုံးထွေး ကာ ယှဉ်ပြိုင်တိုက်ခိုက်နေကြပြန်သည်။

တစ်ချိန်တွင် နီကိုလာက ဒူးဖြင့် တအားမြှောက်တိုက်လိုက်ရာ ဆိုင်ဂို၏ ရင်ဘတ်ကိုထိသွားလေသည်။ ဤတွင် နီကိုလာသည် အခွင့်ကောင်း ယူ၍ အတင်းရုန်းထွက်လိုက်ရာ လူချင်းကွာသွားသဖြင့် လျင်မြန်စွာ မတ်တတ် ရပ်လိုက်သည်။

ဆိုင်ဂိုလည်း ချက်ချင်းပင် မတ်တတ်ရပ်၍ နီကိုလာအား ရင်ဆိုင်လေ သည်။

နီကိုလာသည် ဆိုင်ဂို၏ တိုက်ခိုက်ခြင်းကို စောင့်မနေတော့ဘဲ သူက အလျင်ဦးအောင် ဝင်တိုက်လေတော့သည်။ သို့ရာတွင် စောစောပိုင်းက ပင်ပန်းကြီးစွာ တိုက်ခဲ့ရသောကြောင့် သူသည် အတော်မောပန်းနေသဖြင့် သူ၏တိုက်ခိုက်မှုများသည် မထိခိုက်လှဘဲ ဖြစ်နေသည်။ ဆိုင်ဂိုကမူ အပြင်း အထန် ပြန်လည်တိုက်ခိုက်လေသည်။

နီကိုလာသည် မောပန်းလွန်းသဖြင့် ကောင်းစွာပင် ပြန်လည်ခုခံရန် မတတ်နိုင်တော့သလိုဖြစ်ရာမှ တစ်ကြိမ်တွင် ချက်ကောင်းထိသွားပြီး ကြမ်းပြင် ပေါ်သို့ လဲကျသွားတော့သည်။

ရုတ်တရက် ပြန်၍မထနိုင်ဘဲ လဲနေစဉ် ဆိုင်ဂိုသည် သူ၏အနီးတွင် ရပ်ပြီး လှောင်ပြောင်သရော်သလို ပြုံးဖြီးဖြီးနှင့် စောင့်ကြည့်နေလေသည်။

နီကိုလာသည် မတ်တတ်ထရန် ကြိုးစားကြည့်ပါသော်လည်း သူ၏ ခြေထောက်များက မခိုင်တော့သဖြင့် ပြန်ယိုင်လဲကျသွားလေသည်။ သူသည် ဆက်လက်လှုပ်ရှားနိုင်စွမ်း မရှိတော့ချေ။

သတိမမေ့သော်လည်း နီကိုလာမှာ လေဖြတ်အကြောသေနေသူ တစ်ယောက်ကဲ့သို့ မလှုပ်ရှားနိုင်သလို အခြေအနေမျိုး ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဂိုသည် မခန့်လေးစားပြုံးလျက် ခုတင်ပေါ်တွင် မလှုပ်မယှက် ပက်လက်ဖြစ်နေသူ ယူကီအိုအား အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်သည်။

'ကျုပ်ပြောတယ် မဟုတ်လားဗျ။ ယူကီအိုက မိန်မပျက်သာသာ ပါပဲလို့။ နောက်ပြီး သူနဲ့ကျုပ်နဲ့ ရည်ငံနေတာကိုကော ပြောမပြဘူးလား'

ပြောရင်းနှင့် ဆိုင်ဂိုသည် ယူကီအိုရှိရာ ခုတင်ဆီသို့ ချဉ်းကပ်သွားလေသည်။ သူသည် ယူကီအို၏ ခန္ဓာကိုယ်ကို ခပ်ကြမ်းကြမ်း ကိုင်တွယ်ပွေ့ဖက်ထားလိုက်ရာ နီကိုလာသည် ခန္ဓာကိုယ် မလှုပ်ရှားနိုင်သဖြင့် အောင့်သက်သက် ဒေါသထွက်လျက်နှင့်ပင် ကြည့်နေရလေသည်။ ယူကီအိုကလည်း မည်သို့မှ ရုန်းကန်ငြင်းဆန်ခြင်းမပြုဘဲ နေပုံကလည်း ရင်နာဖွယ်ရာ ကောင်းနေပေသည်။

✦✦✦

ဗိုလ်မှူးကြီး (နီကိုလာ၏ဖခင်)သည် ကိုယ်တိုင်မော်တော်ကားမောင်းလျက် အိမ်သို့ပြန်လာရာ အတော်ပင်နောက်ကျနေပြီး ကောင်းကင်မှ လရောင်မှုန်းဝါးဝါးကိုပင် မြင်နေရပြီ ဖြစ်သည်။

ဗိုလ်မှူးကြီးသည် ကားပေါ်မှ ချက်ချင်း မဆင်းသေးဘဲ ဆေးတံထိုင်သောက်ရင်း စဉ်းစားနေလေသည်။

သူသည် ကားပေါ်မှ အိမ်ရှိရာသို့ပ လှမ်းကြည့်ရင်း သူ၏ချစ်ဇနီးချီယွန်အကြောင်း စဉ်းစားမိပြန်သည်။ ဗိုလ်မှူးကြီးသည် ဇနီးချီယွန်အား အလွန်ချစ်မြတ်နိုးလေသည်။

ဇနီးသည်ချီယွန်အား ချစ်မြတ်နိုးသလောက် မိမိအနေဖြင့် သူမအပေါ် တာဝန်မကျေပွန်ပါတကားဟုလည်း သူ့ကိုယ်သူ ဝေဖန်မိသည်။ သားငယ် နီကိုလာနှင့် ပတ်သက်၍လည်း သူသည်တာဝန်မကျေပွန်သေးဟု သုံးသပ်မိသည်။

ဗိုလ်မှူးကြီးသည် လုပ်သင့်လုပ်ထိုက်သည်ကို လုပ်လိုက်ပြီဖြစ်လင့်ကစား သူ၏တာဝန်ဝတ္တရား မကျေပွန်သေးဟု ဝေဖန်သုံးသပ်မိလေသည်။

ဗိုလ်မှူးကြီးသည် ယခင်ကဆိုလျှင် ချစ်ဇနီး ချီယွန်အား မည်သည့်



အခါကမှ လိမ်ညာပြောလေ့ မရှိ။ သူကိုယ်တိုင်က လိမ်ပြောချင်စိတ်မရှိ။ အမြဲတမ်း မှန်ရာကိုသာ ပြောလေ့ရှိသည်။ သို့သော် ယခုတော့ အခြေအနေအရ လိမ်မပြော၍ မဖြစ်သောကြောင့် စိတ်ထဲ မကောင်းဖြစ်မိလေသည်။

ဗိုလ်မှူးကြီးသည် မော်တော်ကားပေါ်မှဆင်း၍ အိမ်ပေါ်သို့ တက်သွားလေသည်။

အိမ်တွင်း၌ကား ဘာသံမှမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

အိမ်တွင်း၌ အနွေးဓာတ်ရရှိရန် ပြုလုပ်ထားသော မီးဖိုရှိရာသို့ လျှောက်သွားပြီး မီးမွေးလိုက်သည်။ ထို့နောက် သူသည်မီးဖိုနားတွင်ထိုင်၍ စဉ်းစားနေပြန်လေသည်။

ထိုနေ့က သူသည် အရေးပါသော ပုဂ္ဂိုလ်ကြီးများနှင့် တွေ့ဆုံခဲ့ရပုံကိုလည်း ပြန်လည်သတိရနေမိသည်။

ထိုအချိန်က ဂျပန်ဝန်ကြီးချုပ်ဖြစ်နေသူ 'ယိုရှီဒါ'နှင့် တွေ့ဆုံပြီး ကိုရီးယားစစ်ပွဲအကြောင်း ဆွေးနွေးခဲ့ရသည်။ ထို့ပြင် အမေရိကန်နိုင်ငံခြားဝန်ကြီး ဒါးလ်ဂတ်စ်၊ ကာကွယ်ရေးဝန်ကြီး ဂျွန်ဆင်၊ အမေရိကန် ဗိုလ်ချုပ်ကြီး 'ဘရက်ဒလေ'တို့နှင့်လည်း ဗိုလ်မှူးကြီးသည် တွေ့ဆုံဆွေးနွေးခဲ့ရသည်။ အမေရိကန်ဝန်ကြီးများ အနေဖြင့် တိုကျိုမြို့သို့ ရောက်ရှိနေကြခြင်း အကြောင်းမှာ ဂျပန်ပြည်ရှိ အမေရိကန် စစ်သည်များအား ကိုရီးယားစစ်မျက်နှာသို့ ပို့လွှတ်ရန် အစီအစဉ်များ ပြုလုပ်ရန်ရှိသောကြောင့်ပင် ဖြစ်သည်။

ယင်းကိစ္စကို ဆွေးနွေးကြရာတွင် ဗိုလ်မှူးကြီးက သူ၏သဘောထားကို ဆွေးနွေးတင်ပြခဲ့သည်။ ဂျပန်ပြည်ရှိ အမေရိကန် စစ်သည်များ ကိုရီးယားသို့ လွှတ်လိုက်လျှင် ဂျပန်နိုင်ငံ၏ ငြိမ်ဝပ်ပိပြားရေးဥပဒေ စိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ လိုလာမည်ဖြစ်သောကြောင့် ဂျပန်အမျိုးသား ရဲတပ်ဖွဲ့အား လူအင်အား (၇၅၀၀၀)အထိ တိုးချဲ့အင်အားဖြည့်တင်းရန် ဗိုလ်မှူးကြီးက အကြံပြုတင်ပြလိုက်သည်။

အကျေအလည် ဆွေးနွေးကြသည့် အစည်းအဝေး ပြီးဆုံးသွားသောအခါ ဂျပန်ဝန်ကြီးချုပ် ယိုရှီဒါသည် ဗိုလ်မှူးကြီးနှင့် ပြောစရာရှိပါသည်ဟုဆိုကာ တစ်ယောက်တည်း ချန်နေရစ်ခိုင်းလေသည်။

ဂျပန်ပြည်ဘက်က လိုက်ပြီး ပြောဆို အကြံပြုတဲ့အတွက် ဗိုလ်မှူးကြီးကို ကျုပ်က အထူးကျေးဇူးတင်ပါတယ်။ ခက်တာက အမေရိကန်တွေက

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် တို့ ဂျပန်လူမျိုးတွေရဲ့ စိတ်ဓာတ်နဲ့ အတွေးအခေါ်ကို နားမလည်ကြသေးဘူး'

ဝန်ကြီးချုပ်က စတင်၍ ပြောလေသည်။

'အခု နားမလည်သလို အမေရိကန်တွေဟာ ဂျပန်လူမျိုးတွေ အကြောင်းနောင်ကိုလည်း နားလည်မယ်မထင်ဘူး။ သူတို့ ဂျပန်ပြည်ကို စစ်ပြီးချိန်က စရောက်ခဲ့ပေမယ့် အခုအချိန်အထိ နားမလည်နိုင်တာကိုသာ ကြည့်ပေတော့'

ဗိုလ်မှူးကြီးက ပြန်ပြောလိုက်ရာ ဝန်ကြီးချုပ်ယိုရှီဒါသည် ပြုံးလိုက်သည်။

'တစ်ချိန်က ကျုပ်တို့ ဂျပန်တွေကလဲ အမေရိကန်တွေအပေါ် နားမလည်ခဲ့ကြဘူး မဟုတ်ပါလား… ဗိုလ်မှူးကြီး'

'ဒါပေမယ့် ဂျပန်လူမျိုးတွေက တခြားယဉ်ကျေးမှုတစ်ခုကို နားလည်သဘောပေါက် လေ့လာနိုင်တဲ့နေရာမှာ ပိုပြီးသာပါတယ်'

'ဒါလဲမှန်ပါတယ်။ ဘာပဲဖြစ်ဖြစ်လေ ကျုပ်က ဗိုလ်မှူးကြီးကို အထူးကျေးဇူးတင်ပါတယ်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ 'ဒါးလ်ဂတ်စ်'နဲ့ ဆွေးနွေးပြောဆိုရတာက မလွယ်ကူလှဘူး။ သူ့သဘောထား က ဂျပန်ပြည်ပါ ကိုရီးယားစစ်ပွဲမှာ ပါဝင်ပတ်သက်လာအောင် လုပ်ချင်ပုံ ရတယ်။ ကျုပ်တို့အနေနဲ့က လုံးဝမပတ်သက်ချင်ဘူး။ ကိုရီးယားစစ်မြေပြင်ကို ဂျပန်လူမျိုးစစ်သည်တွေ မလွှတ်ချင်ဘူး။ အခုတော့ တော်သေးတာပေါ့။ ဗိုလ်မှူးကြီးက ကြားဝင်ပြီး အကြံပေးလိုက်တာနဲ့ အဆင်ပြေသွားတယ်'

ယင်းသို့ ဝန်ကြီးချုပ်နှင့် အပြန်အလှန် ပြောခဲ့ပုံများကို ပြန်လည် စဉ်းစားနေမိသည်။

ထို့နောက် ဗိုလ်မှူးကြီးသည် သူ၏ နိုင်လွန်ဂျာကင် အင်္ကျီအိတ်ထဲမှ ကြိုးတစ်ချောင်းကိုထုတ်ယူ၍ မီးဖိုထဲပစ်ထည့်လိုက်ရာ ကြိုးသည် မီးလောင်ပြာကျသွားလေသည်။

နီကိုလာသည် တစ်ယောက်တည်း မီးရထားဖြင့် တိုကျိုမြို့သို့ ပြန်လာရင်း ဖြစ်ပျက်ခဲ့ပုံများကို ပြန်စဉ်းစားကာ စိတ်ထဲမှ ဒေါသလည်းထွက် ရင်လည်းနာနေမိလေသည်။

နီကိုလာက မလှုပ်ရှားနိုင်ဘဲ ကြမ်းပြင်ပေါ် လဲကျနေချိန်မှာပင် ယူကီအိုသည်



မိမိအား လုံးဝဂရုမစိုက်ဘဲ သူ၏အဝတ်အစား ပစ္စည်းများကိုသာ သိမ်းဆည်း၍ နေပုံ၊ ထို့နောက် ဆိုင်ဂိုက ယူကီအိုအား ပိုင်စိုးပိုင်နင်း လက်မောင်း တစ်ဘက်ကို ချိတ်လျက် အခန်းထဲမှ ထွက်သွားပုံစသည်တို့ကို ပြန်လည် မြင်ယောင်နေမိလေသည်။

နီကိုလာ သတိရနေမှန်းသိသဖြင့် ဆိုင်ဂိုသည် အခန်းမှမထွက်မီ လှည့်၍

'တစ်ခု သတိပေးခဲ့မယ်။ ကျုပ်နောက်ကို လိုက်မယ်တော့ မကြံပါနဲ့။ နောက်တစ်ကြိမ် လူချင်းတွေ့ရင် ကျုပ်က ခင်ဗျားကို အသေသတ်ပစ်မယ်'

ဟုပင် ပြောသွားသေးသည်။

တစ်နာရီကျော်ကျော်ကြာမှ နီကိုလာသည် လှုပ်ရှားနိုင်လာသဖြင့် ထပြီး ရေချိုးခန်းထဲဝင်၍ ကိုယ်လက်သန့်စင်လိုက်လေသည်။

ထို့နောက် သူ၏အဝတ်အစားပစ္စည်းများကို သိမ်းဆည်း၍ အောက်ထပ်သို့ ဆင်းလာပြီး လက်ဖက်ရည်မှာသောက်လေသည်။

စိတ်ကူးတစ်မျိုးရပြန်သဖြင့် သူသည်အနီးဆုံး ရဲစခန်းသို့သွား၍ သူ၏ နာမည်၊ လိပ်စာအပြည့်အစုံကို ပြောပြကာ ဆိုင်ဂိုနှင့် ရင်ဆိုင်ခဲ့ရပုံကို တိုင်ကြားလိုက်လေသည်။

တာဝန်ကျ ရဲကြပ်ကြီးသည် နီကိုလာ၏ တိုင်ကြားချက်ကို စိတ်ရှည် လက်ရှည် နားထောင်ပြီး ရေးမှတ်ထားလေသည်။ နီကိုလာက ကုန်လှောင်ရုံ တစ်ခုတွင် နင်ဂျူဆူခေါ် နင်းဂျားအတတ်သင်ကျောင်း လုပ်ထားသည့် အမှတ်အသားတံဆိပ်ပါ တွေ့ခဲ့ရကြောင်း ပြောသောအခါ ရဲကြပ်ကြီးသည် အလွန် အံ့အားသင့်လျက် ယုံကြည်ပုံမရချေ။

'သေချာရဲ့လား။ ကင်ဂျူဆူအတတ်သင်ကျောင်းဆိုတာ မဖြစ်နိုင်ဘူး။ မောင်ရင်မြင်ခဲ့တဲ့ အမှတ်အသားတံဆိပ်က တစ်ယောက်ယောက်က နောက်ပြောင် ရေးထားတာများလား'

'သေချာပါတယ်ဗျာ။ နောက်ပြောင်ရေးထားတာလဲ မဟုတ်ဘူး။ တကယ့်သင်တန်းကျောင်း လုပ်ထားပါတယ်'

'ဒီမယ်၊ အခုခေတ် ဂျပန်ပြည်မှာ နင်းဂျားဆိုတာ လုံးလုံး မရှိတော့ဘူးဗျ။ နင်းဂျားတွေ ဆိတ်သုဉ်းနေတာ နှစ်ပေါင်းတစ်ရာကျော်သွားပြီ ဖြစ်တယ်'

'ဒါနဲ့ ပတ်သက်လို့ ခိုင်လုံတဲ့ အထောက်အထား ရှိလို့လဲ။ ကျွန်တော်ဆိုလိုတာက ခင်ဗျားတို့က လူလွှတ်ပြီး အဲဒီ ကုန်လှောင်ရုံကို သွားစစ်

www.burmeseclassic.com

www.burmeseclassic.com



ဆေးကြည့်စေချင်ပါတယ်'

နီကိုလာက ထပ်၍ ပြောလိုက်တော့မှ ရဲကြပ်ကြီးလည်း ခေါင်းညိတ်ပြီး ကုန်လှောင်ရုံ၏ တည်နေရာလိပ်စာကို ရေးမှတ်လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်တို့ သွားစစ်ဆေးကြည့်ပါ့မယ်၊ အခုခင်ဗျား က ဟိုတယ်ကို ပြန်သွားပြီး ဟိုမှာပဲနေပါ၊ ကျုပ်က တယ်လီဖုန်း ဆက်လိုက်ပါ့မယ်'

ရဲကြပ်ကြီးက ပြောလိုက်သဖြင့် နီကိုလာလည်း ပြန်ထွက်ခဲ့လေသည်။

ဟိုတယ်သို့ ပြန်လာပြီး စောင့်နေရာ သုံးနာရီကျော်တော့မှ ရဲကြပ်ကြီးထံမှ တယ်လီဖုန်းလာလေသည်။

'ဟဲလို…မစ္စတာ နီကိုလာ'

'ဟုတ်ပါတယ်။ ကျွန်တော်ပါပဲ။ ခင်ဗျားတို့ ကုန်လှောင်ရုံကို သွားကြည့်ပြီးပလား'

'ကျုပ်ကိုယ်တိုင် သွားကြည့်ပါတယ်။ ရိုးရိုးကုန်လှောင်ရုံပဲ ဖြစ်နေတယ်။ နင်းဂျား အတတ်သင်ကျောင်း တံဆိပ်အမှတ်အသားဆိုလို့ ဘာမှ မတွေ့ဘူး'

'ဟင်… ဟုတ်လား'

နီကိုလာက အံ့အားသင့်စွာဖြင့် ရေရွတ်လိုက်မိသည်။

'ဟုတ်ပါတယ်။ ဒါ့ထက် မစ္စတာ နီကိုလာ ခင်ဗျား ရဲစခန်းမှာ လာတိုင်ကြားတာက ခင်ဗျားရဲ့ချစ်သူ မိန်ကလေးကို ဟိုလူက ခေါ်သွားတယ် ဆိုတာ တကယ်ကော ဟုတ်ရဲ့လားဗျ။ ခင်ဗျားတို့ လူငယ်အချင်းချင်း မသင့် မတင့်ဖြစ်လို့ ကောင်မလေးက စိတ်ကောက်ပြီး ထွက်သွားတာများလား'

ရဲကြပ်ကြီးက ဤသို့ ဆက်ပြောရာ နီကိုလာသည် စိတ်တိုလာပြီး စကားကို ဖြတ်လိုက်လေသည်။

စိတ်ထဲက မကျေမနပ်ဖြင့် ထိုညဘက်က နင်းဂျားအတတ်သင် ကျောင်းလုပ်ထားသော ကုန်လှောင်ရုံသို့ နောက်တစ်ခေါက် သွားကြည့်ပြန် လေသည်။

ကုန်လှောင်ရုံမှာ မည်သူမှမရှိဘဲ တိတ်ဆိတ်ခြောက်သွေ့နေလေ သည်။ နင်ဂျူဆူ အတတ်ပညာသင်ကျောင်း အထိမ်းအမှတ် စိန်ကိုးလုံးနှင့် စက်ဝိုင်း တံဆိပ်လည်း မရှိတော့သဖြင့် အံ့သြဖွယ်ရာ ဖြစ်နေတော့သည်။



နီကိုလာသည် မီးရထားပေါ် လိုက်ပါလာရင်း အထက်ပါဖြစ်ရပ် များကို ပြန်လည်သတိရနေမိလေသည်။

ယူကီအိုက မိမိအား တကယ်ချစ်မြတ်နိုးသယောင် ပြောဆိုဆက်ဆံ ခဲ့ပြီးခါမှ ဆိုင်ဂို၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပုံကလည်း စဉ်းစားဖွယ်ရာ ဖြစ်နေတော့သည်။ ဤအတိုင်းဆိုလျှင် ယူကီအို အလွန် ဟန်ဆောင်ကောင်းသော ရုပ်ရှင်မင်းသမီးတစ်ဦးနှင့် တူသည်ဟု ဆိုရပေမည်။

အပြင်ဘက်တွင်ကား စနိုးခေါ် မိုးပွင့်တွေ တဖွဲဖွဲကျနေသဖြင့် ပတ်ဝန်း ကျင် ရှုခင်းများသည် ဖြူဖွေးနေတော့သည်။ ဂျပန်ပြည်၏ ဆောင်းဥတု ရာသီ စတင်ဝင်ရောက်လာပြီဖြစ်သည်။

နီကိုလာသည် ရောက်တတ်ရာရာ လျှောက်စဉ်းစား၍ လိုက်ပါလာ ရင်း မီးရထားကြီးသည် တိုကျိုဘူတာသို့ ဆိုက်ရောက်လာလေသည်။

သူသည် ဘူတာမှအိမ်သို့ တိုက်ရိုက်မပြန်ဘဲ တက္ကစီကားတစ်စီး ငှား၍ သိုင်းဆရာကြီး ကန်ဆတ်ဆူ၏ သိုင်းပညာသင်တန်းကျောင်းသို့ သွားလေ သည်။

ကျောင်းသို့ ရောက်သောအခါ ဆရာကြီးကန်ဆတ်ဆူသည် နီကိုလာ အား ပျူငှာစွာ ခရီးဦးကြိုပြုပြီးနောက် လက်ဖက်ရည်ကြမ်းဖြင့် တည်ခင်း ဧည့်ခံလေသည်။

ထိုအချိန်၌ ကျောင်းတွင် မည်သူမှ မရှိတော့ဘဲ သူတို့နှစ်ယောက် တည်းသာ ရှိနေလေသည်။

'နီကိုလာ… မင်း အခု ခရီးသွားခဲ့တာဟာ အလွန်စိတ်မော လူမော ဖြစ်ခဲ့ရတယ် မဟုတ်လား။ မင်းရဲ့မျက်နှာကို အကဲခတ်ကြည့်တာနဲ့ သိသာ ထင်ရှားနေတယ်'

ကန်ဆတ်ဆူက ဤသို့ ပြောလိုက်သဖြင့် နီကိုလာလည်း မထူးတော့ ဟု ဆုံးဖြတ်ကာ ဖြစ်ပျက် ကြုံတွေ့ခဲ့ရပုံအားလုံးကို ပြောပြလိုက်လေသည်။

ထို့နောက် သူကပင် ဆက်၍

'ဆရာကြီးခင်ဗျား…'

ဟု စကားပြန်စပြီး တစ်စုံတစ်ခု မေးမည်ပြုရာ ကန်ဆတ်ဆူက လက်ကာပြ၍ ဟန့်တားလိုက်သည်။

'မင်းပြောချင်တာ အသာထားလိုက်ပါဦး။ လော[illegible]ဆယ် လက်ဖက် ရည်သောက်စမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ကန်ဆတ်ဆူက ဤသို့ ပြောလိုက်သည်ကို နီကိုလာသည် မကျေနပ်ဘဲ စိတ်တိုလာပုံရလေသည်။

'ကျွန်တော့်ကို လူတကာက ကလေးငယ်တစ်ယောက်လိုပဲ သဘောထားပြီး ဆက်ဆံနေကြတာ စိတ်ပျက်လာမိတယ်။ အခု ကျွန်တော်က ကလေးငယ်တစ်ယောက် မဟုတ်တော့ဘူးဗျ။ ရှေ့လျှောက် ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ အလွန်အရေးကြီးတဲ့အချိန်နဲ့ ရောက်နေပြီ'

'မင်း… အခု အိမ်ပြန်သွားရင် ကောင်းလိမ့်မယ် ထင်တယ်'

ကန်ဆတ်ဆူက တည်ငြိမ်အေးဆေးစွာဖြင့် ပြန်ပြောလိုက်သောအခါ နီကိုလာသည် မျက်နှာနီလာအောင် ဒေါသထွက်ကာ မတ်တတ်ထလိုက်သည်။

'ဆရာကြီးက ဘယ်လိုလဲ။ အခု ဖြစ်ပျက်ခဲ့တာတွေကို သဘောပေါက်ရဲ့လား။ ကျွန်တော် အခု ပြောပြတာတွေကိုကော နားထောင်ရဲ့လား'

'ဒီမယ်… နီကိုလာ မင်းပြောပြတဲ့ စကားတွေကို တစ်လုံးမကျန် ငါကြားပါတယ်။ ဘာတွေဖြစ်ခဲ့တယ်ဆိုတာလဲ သိတယ်။ အခုအတိုင်းဆိုရင် ငါစိုးရိမ်ပြီး သံသယဖြစ်ခဲ့တာဟာ တကယ်ဟုတ်မှန်နေပြီဆိုတာ သေချာတယ်။ ဒါပေမယ့် အခုနေအခါ ရှေ့ကိုလောကြီးပြီး ဆုံးဖြတ်လို့ မဖြစ်ဘူး။ မင်းကတော့ လူငယ်တစ်ယောက်အနေနဲ့ ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်ပြီး ဖြစ်ချင်ဖြစ်နေမယ်။ ငါ့သဘောကတော့ သေသေချာချာ ပြန်စဉ်းစားစေချင်တယ်။ ဒါကြောင့် မင်း အခု အိမ်ပြန်ပြီး လေးလေးနက်နက် အချိန်ယူပြီး စဉ်းစားပါဦးလို့ အကြံပေးရခြင်းဖြစ်တယ်'

'ကျွန်တော် သိချင်နေတဲ့ မေးခွန်းတချို့ကို ဆရာကြီးက အဖြေပေးစေချင်တယ်။ မှန်မှန်ပြောစမ်းပါ… ဆရာကြီး၊ အခု ကျွန်တော်က ဆိုင်ဂိုနဲ့ သွားရင်ဆိုင်ရတဲ့ ကိစ္စကို ဆရာကြီးကိုယ်တိုင်က ကြိုတင်သိလျက်နဲ့ တမင်အကွက်ဆင်လွှတ်လိုက်တာ မဟုတ်လား'

'ဒါတော့ မဟုတ်ပါဘူးကွာ။ စောစောက ငါဘာမှ မသိခဲ့ပါဘူး။ အခုတော့ ငါသိရပြီ။ စောစောက မသေချာဘဲ သံသယသာ ဖြစ်ခဲ့တာဟာ အခုတော့ သေသေချာချာ သိရပြီ။ ဒါပေမယ့် အခြေအနေက ဘာကိုမှ ရှေ့လောကြီးပြီး မလုပ်သင့်တဲ့ အခြေအနေမျိုး ဖြစ်နေတယ်'

'ဒါတော့ ဟုတ်ပါတယ်… ဆရာကြီး'

နီကိုလာက ဝန်ခံလိုက်တော့မှ ကန်ဆတ်ဆူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မတ်တတ်ထလိုက်သည်။



'ကောင်းပြီ နီကိုလာ။ စောစောက မင်းကို ငါက မပြောဘဲ ထိန်ချန်ထားတဲ့ ကိစ္စကို ပြောပြပါတော့မယ်။ မပြောဘဲနေခဲ့တာလဲ မင်းရဲ့အကျိုးအတွက် ဖြစ်တယ်'

'ဟင် ကျွန်တော် အကျိုးအတွက် မပြောဘဲ ထိန်ချန်တယ်ထားတယ်ဆိုတော့'

နီကိုလာ၏ စကားမဆုံးမီ ဆရာကြီး ကန်ဆတ်ဆူက လက်ဝါးကာပြ၍ ဟန့်တားပြီး သူကပင် ဆက်ပြောလေသည်။

'ငါပြောတာကိုသာ ဆုံးအောင်နားထောင်ပါဦး။ စောစောပိုင်းက ငါ့အနေနဲ့ ဆိုင်ဂိုနဲ့ ပတ်သက်ပြီး သံသယဖြစ်ခဲ့တာပဲ ရှိတယ်။ အခု မင်းပြန်လာတော့ မူလက သံသယဟာ တကယ်မှန်နေကြောင်း သေချာပြီဖြစ်တယ်။ ဒီမယ် မင်းဟာ ငါ့သင်တန်းကျောင်းက သင်တန်းသားတွေထဲမှာ အတော်ဆုံးတပည့်တစ်ယောက်ဖြစ်တယ်။ အခု မင်းဟာ ရင့်ကျက်လာပြီဖြစ်တယ်။ မင်းနဲ့ငါ လမ်းခွဲကြဖို့ အချိန်ရောက်လာပြီ။ ဒီတော့ မင်းဟာ ငါ့ဆီကနေပြီး ဘယ်ကို သွားမယ်ဆိုတာ လေးလေးနက်နက် စဉ်းစားရတော့မယ်၊ မင်းစိတ်ထဲမှာ အမြင်ကြည်ကြည်လင်လင်နဲ့ ပြတ်ပြတ်သားသား စဉ်းစားဖို့လဲလိုတယ်၊ အခု လောလောဆယ်တော့ မင်းစိတ်တွေက မကြည်လင်သေးဘူး'

နီကိုလာက ဆိတ်ဆိတ်နေ၍ နားထောင်နေရာ ကန်ဆတ်ဆူကပင် ဆက်ပြောလေသည်။

'ဒါကြောင့် မင်းက အချိန်ယူပြီး လေးလေးနက်နက် စဉ်းစားရလိမ့်မယ်၊ ရှေ့လောမကြီးပါနဲ့။ ရက်အတော်ကြာကြာ အချိန်ယူပြီး စဉ်းစားပါ။ အဲဒီလို စဉ်းစားပြီးတော့ မင်း စိတ်ထဲမှာ ကြည်လင်ပြတ်သားလာတဲ့အခါကျမှ ငါ့ဆီကို လာခဲ့ပါ။ ဒီတော့မှ မင်း မေးချင်တဲ့ မေးခွန်းတွေကို ငါက အဖြေပေးမယ်။ တို့နှစ်ယောက်ပေါင်းပြီး မင်းရဲ့ အနာဂတ်ကံကြမ္မာကို စဉ်းစားဆုံးဖြတ်ကြမယ်'

'ဒါပေမယ့် ဆရာကြီး လောလောဆယ် လျစ်လျူရှုထားလို့ မဖြစ်တာတစ်ခု ရှိနေပါတယ်'

နီကိုလာက ပြောလိုက်ရာ ကန်ဆတ်ဆူက

'ဘာများလဲကွယ့်'

ဟု ပြန်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အခု ကျွန်တော့မှာ ရန်သူရှိနေပြီ။ ကျွန်တော်က သူတို့ပိုင်နက်မြေထဲကို ဝင်သွားမိတယ်။ ဒါကို သူတို့က လုံးလုံး ကျေနပ်မှာ မဟုတ်ဘူး။ ဒီတော့ သူတို့က ကျွန်တော့်ကို ပြန်ကလဲ့စားချေဖို့ လာတဲ့အခါ ကျွန်တော်ကလဲ အဆင်သင့်ဖြစ်နေအောင် လုပ်ထားမှဖြစ်မယ်'

နီကိုလာက ဤသို့ ပြန်ပြောလိုက်သောအခါ ဆရာကြီး ကန်ဆတ်ဆူသည် ဘာမှမပြောဘဲ ပြင်ဘက်မှ မိုးပွင့်တွေကိုသာ ငေးကြည့်နေလေသည်။

သူ၏မျက်နှာမှာလည်း စိတ်မချမ်းသာသလိုဖြစ်ကာ ချက်ချင်း ပို၍ အိုမင်းလာသလို ထင်ရပေသည်။

❋ ❋ ❋

## ၁၀

နီကိုလာသည် အိမ်သို့ပြန်ရောက်ရောက်ချင်း မိခင်ကြီးချိယွန်ကို သတိရမိသဖြင့် . . .

'အမေကာ . . . ဘယ်မှာလဲ'

ဟု တံခါးဝတွင်ရပ်ရင်း မေးလိုက်သည်။

'သားရဲ့အမေက မင်းအန်တီအိမ်ကို သွားနေတယ်။ အိမ်ထဲကို ဝင်ခဲ့လေကွာ'

သူ၏ဖခင် ဗိုလ်မှူးကြီးက ပြောသဖြင့် နီကိုလာလည်း အိမ်တွင်းသို့ ဝင်လိုက်သည်။

အိမ်တွင်း၌ အခြေအနေက ခါတိုင်းလိုမဟုတ်ဘဲ တစ်မျိုးဖြစ်နေသည်ကို နီကိုလာက သတိပြုမိသဖြင့် ဖခင်ကြီးအား

'ဘာတွေ ဖြစ်ကုန်တာလဲ'

ဟု မေးလိုက်သည်။

'ဒီလိုကွယ့် သားရဲ့။ ဆာဆူဂိုင်နဲ့ ပတ်သက်တယ်။ မင်းက ကူမာမိုတိုမြို့မှာရှိတုန်း တို့က လှမ်းဆက်သွယ်ဖို့ ကြိုးစားသေးတယ်။ ဒါပေမယ့် မရခဲ့ဘူး။ ဒီနေ့ညနေဘက်ကျတော့ ဆိုင်ဂိုနဲ့ အဆက်အသွယ်ရတယ်။ ယူကီအိုက ဆိုင်ဂိုနဲ့ အတူနေလိုက်ဖို့ ဆုံးဖြတ်လိုက်ကြောင်း သိရတော့ အီတာမီခမျာ အလွန်အံ့သြသွားရှာတယ်'



ဗိုလ်မှူးကြီး၏ စကားကိုကြားလျှင် နီကိုလာသည် သူ၏အသည်းနှလုံးအား ဓားဖြင့် ထိုးနှက်ခြင်းခံရသလို ခံစားရမိလေသည်။ ရင်ထဲ၌နာကျည်းလာမိလေသည်။

ဗိုလ်မှူးကြီးက စကားဆက်ပြောလေသည်။

'ဆာဆူဂိုင်တစ်ယောက်ကတော့ အသတ်ခံရတယ်။ သား အိမ်ပြန်လာတဲ့ အချိန်မှာ မင်္ဂလာမရှိတဲ့ သတင်းပြောရတာလဲ မကောင်းပါဘူး။ ပြီးတော့ သားကိုကြည့်ရတာလဲ ခရီးသွားခဲ့ရာမှာ ပျော်ရွှင်ခဲ့ပုံ မရဘူး'

'ဘယ်လို အသတ်ခံရတာလဲ'

နီကိုလာက ပြန်မေးလိုက်သောအခါ ဗိုလ်မှူးကြီးသည် ချက်ချင်း ပြန်မဖြေဘဲ ခေတ္တစဉ်းစားပြီးမှ ပြန်ပြောလေတော့သည်။

'ရဲက ထင်တော့ ဖောက်ထွင်းလုယက်မှုဖြစ်ရင်း အသတ်ခံရတာ ထင်တယ်လို့ ပြောတာပဲ။ ဆာဆူဂိုင်က သူ့အိမ်ကို ဖောက်ထွင်းဝင်လာတဲ့ သူခိုးနဲ့ ပက်ပင်းတိုးရာက အသတ်ခံတယ်လို့ ယူဆရသတဲ့'

'အဲဒီအချိန်က သူ့အိမ်မှာ တခြားလူတွေ မရှိဘူးလား'

'ဘယ်သူမှ မရှိကြဘူးတဲ့။ အီတာမီကလဲ သူ့ညီမတစ်ယောက် အိမ်ကို သွားနေတယ်'

နီကိုလာသည် သူ၏အဝတ်အစားပစ္စည်းများကို အိမ်ခန်းတွင်းသို့ သယ်ယူသွားရင်း

'ဒီအိမ်ကြီးက တိတ်ဆိတ်ခြောက်ကပ်နေတာဟာ တစ်မျိုးကြီးပဲ'

ဟု မှတ်ချက်ချလိုက်သည်။

'ဟုတ်တယ်ကွယ့် အိမ်က အရင်ကနဲ့ အခြေအနေချင်း မတူတော့ဘူး'

နီကိုလာသည် သူ၏အဝတ်အစား သေတ္တာကိုဖွင့်၍ ပစ္စည်းများ ပြန်ထုတ်နေစဉ် တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် ဖခင်ကြီးအား လှမ်းမေးခွန်း ထုတ်လိုက်သည်။

'ဒါထက် ဒက်ဒီ နင်းဂျားအကြောင်း ဘာများ သိသလဲ'

'သိပ်များများတော့ မသိပါဘူး။ ဘာကြောင့် မေးတာလဲကွယ့်'

'သိုင်း သင်တန်းကျောင်းက ဆရာကြီး ကန်ဆတ်ဆူက နင်းဂျားအကြောင်း နည်းနည်းပါးပါး ပြောပြပါတယ်။ သက္ကရာဇ် ၁၅၄၃ ခုနှစ်က ပေါ်တူဂီလူမျိုးတွေက ပထမဆုံး ဂျပန်ပြည်ကို သေနတ်လက်နက်တွေ စတင်သယ်ဆောင်လာတုန်းက နင်းဂျားတွေက ချက်ချင်း သေနတ်လက်နက်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ခံအသုံးပြုခဲ့တယ်လို့ ဆိုတယ်။ သူတို့ရဲ့ 'ကင်ဂျူဆု' အတတ်ပညာကို သုံးပြီး သေနတ် လက်နက်တွေကို နင်းဂျားတိုက်ခိုက်နည်းတွေမှာ သုံးခဲ့တယ်လို့ပဲ။ ဒါကြောင့်လဲ ဟိုခေတ် ဂျပန်ပြည်က တခြားလူတန်းစားအုပ်စုတွေဟာ သေနတ်လက်နက်ကို မကိုင်တွယ်ဘဲ ရှောင်ခဲ့ကြတယ်။ အထူးသဖြင့် 'ဆာမူရိုင်း' သူရဲကောင်းတွေကဆိုရင် သေနတ်လက်နက်ကို လုံးဝမသုံးခဲ့တာ ဟာ 'မေဂျီ' ဘုရင် လက်ထက်အထိပဲလို့လဲ သိရပါတယ်'

နီကိုလာက ဤသို့ပြောသည်ကို ဖခင် ဗိုလ်မှူးကြီးသည် မည်သို့မှ ပြန်၍ဝေဖန်ပြောဆိုခြင်းမပြုဘဲ စကားကို တစ်မျိုးလှည့်၍

'နေပါဦးကွယ့်။ မင်းနဲ့ ယူကီအိုနဲ့က ဘာဖြစ်ကြတာလဲကွယ့်'

ဟု မေးလိုက်သည်။

နီကိုလာက ရုတ်တရက် ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်နေရာ ဗိုလ်မှူးကြီးကပင်

'ဘာလဲ မင်းက ပြောမပြချင်ဘူးလား။ ဒါမှမဟုတ်ရင် ပြောရမှာ ကြောက်လို့လား'

ဟု မေးလိုက်ပြန်သည်။

'ပြောရမှာ မကြောက်ပါဘူး။ ကျွန်တော်က ယူကီအိုအပေါ် ဒက်ဒီရဲ့ သဘောထားကို မသိလို့ပါ။ စောစောပိုင်းကတော့ ဒက်ဒီက ယူကီအိုကို သဘောကျပုံ မရခဲ့ဘူး။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်ဟာ ယူကီအိုကို ချစ်မြတ်နိုးမိပါတယ်။ သူကလဲ ကျွန်တော့်ကို ချစ်ပါတယ်လို့ ပြောခဲ့တယ်။ အခုတော့ သူဟာ ဆိုင်ဂိုနောက် ကောက်ကောက်ပါအောင် လိုက်သွားပြီဆိုတာကို ကျွန်တော် ဖြင့် နားမလည်နိုင်အောင် ဖြစ်မိပါတယ်'

ပြောရင်းနှင့် နီကိုလာသည် ဝမ်းနည်းလာသဖြင့် မျက်ရည်များပင် လည်လာလေသည်။

ဗိုလ်မှူးကြီးသည် သားဖြစ်သူ နီကိုလာကိုကြည့်ပြီး စိတ်မကောင်း ဖြစ်မိလေသည်။ ထို့ပြင် သူ၏စိတ်ထဲ၌ နီကိုလာအား အမှန်တရား အပြည့်အစုံကို ဖွင့်ပြောပြလိုက်ချင်စိတ် ဖြစ်ပေါ်နေမိသည်။

သို့သော် အခြေအနေအရ အမှန်ကို အပြည့်အစုံ ပြောပြ၍ မဖြစ်ချေ။ သူ့အနေဖြင့် အမှန်ကို ဖွင့်ပြောရန် ခက်နေသည်။ ဤသို့လျှင် ဗိုလ်မှူးကြီးသည် စိတ်လှုပ်ရှားမှုများ ခံစားနေရလေသည်။ သူ့ကိုယ်သူလည်း မကျေမနပ် ဖြစ်



မိသည်။ မချင့်မရဲ ဖြစ်နေမိသည်။

ထိုအခိုက် အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းတီးသံ ကြားရသဖြင့် သားအဖနှစ်ယောက်စလုံး ထသွားပြီး တံခါးကို ဖွင့်လိုက်ရာ လာသည့် ဧည့်သည်မှာ တိုကျိုမြို့တော် ရဲတပ်ဖွဲ့စုံထောက်ဌာနမှ စုံထောက်ရဲကြပ်ကြီး တစ်ဦး ဖြစ်နေလေသည်။

ထိုလူက ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနှင့် လူငယ်တစ်ဦးဖြစ်သည်။

စုံထောက်ရဲကြပ်ကြီးသည် ဗိုလ်မှူးကြီးအား ရိုသေစွာ အလေးပြုလိုက်ပြီးမှ စကားပြောလေသည်။

'ဗိုလ်မှူးကြီး ခင်ဗျား…။ မစ္စတာဆာဆူကိုင် အသတ်ခံရတဲ့အမှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရဲစုံထောက်ဌာနက နောက်ထပ် စစ်ဆေးတွေ့ရှိတာကို လာပြီး သတင်းပို့ပါတယ်'

'ကဲ… ဆိုစမ်းပါဦး။ ဘာများ နောက်ထပ်ထူးသေးသလဲ'

ဗိုလ်မှူးကြီးက ပြန်မေးလိုက်ပြီးနောက် ရဲကြပ်ကြီးက ဆက်ပြောလေသည်။

'မူလကတော့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဟာ အိမ်ဖောက်ထွင်း ခိုးယူဖို့ လာတဲ့ လူဆိုးက မစ္စတာဆာဆူကိုင်ကို သတ်သွားတယ်လို့ ယူဆခဲ့ပါတယ်။ အခု အလောင်းကို မှုခင်းဆရာဝန်က ခွဲစိတ်စစ်ဆေးကြည့်ပြီးတော့ အခြေအနေက တစ်မျိုးဖြစ်လာပါတယ်'

'ဘယ်လို ဖြစ်လာတာလဲ'

'သူခိုးတစ်ယောက်က သတ်သွားတာ မဟုတ်ဘူး ခင်ဗျ။ ဆာဆူကိုင်ကို နိုင်လွန်ကြိုးနဲ့ လည်ပင်းကို ညှစ်သတ်သွားတာ ဖြစ်ပါတယ်။ သတ်သူကလည်း သာမန်လူ မဟုတ်ဘူး။ ဒါမျိုးဘက်က ကျွမ်းကျင်တဲ့ ကြေးစားလူသတ်သမား တစ်ယောက်လို့ ယူဆရပါတယ်။ ကျွန်တော်တို့ ရဲမှူးကြီးကတော့ လက်ဝဲနိုင်ငံရေးအုပ်စု အယူသည်းသမားတစ်ယောက်ရဲ့ လက်ချက်လို့တောင် ထင်ပါတယ်'

'ဟုတ်လား။ ဒါဖြင့် နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်ခံခဲ့ရလို့ ဆိုလိုတာပေါ့'

'မှန်ပါတယ် ခင်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



‘ကောင်းပြီလေ။ အခုလိုလာပြောတာ ကျေးဇူးတင်ပါတယ်’

နောက်ပိုင်းတွင် ဆာဆူဂိုင်၏ ရှာပုံအခမ်းအနားအတွက် ပြင်ဆင်နေကြလေသည်။ ယင်းအခမ်းအနားကို ဆိုင်ဂိုလည်း တက်ရောက်နိုင်ရန် သူပြန်ရောက်သည်အထိ ရွှေ့ဆိုင်းထားခဲ့ကြသည်။

နီကိုလာအနေဖြင့်ကား ဆာဆူဂိုင် သေဆုံးသွားသည့်အတွက် ဝမ်းနည်းကြေကွဲခြင်း မဖြစ်မိချေ။

ဆိုင်ဂိုနှင့် အီတာမီတို့သည် မကြာမီ ပြန်ရောက်လာကြလေသည်။

သို့သော် ယူကီအိုကိုမူ လုံးလုံးမတွေ့ရသဖြင့် နီကိုလာသည် စိတ်ထဲမှ ဝမ်းနည်းနေမိသည်။

အရေးထဲ မိခင်ချီယွန်သည် ချက်ချင်း အိမ်ပြန်မလာဘဲ အီတာမီ၏ အိမ်တွင် ရက်သတ္တပတ်ကျော်ကျော် ဆက်နေလေသည်။

နီကိုလာသည် မိခင်ဖြစ်သူ ပြန်လာသောအခါ အကဲခတ်ကြည့်ရာ သူမသည် သိသိသာသာပို၍ အိုမင်းရင့်ရော်လာသည်ဟု ထင်မိလေသည်။ ထို့ပြင် ချီယွန်သည် တစ်စုံတစ်ခုကိုတွေးပြီး စိတ်မကောင်းဖြစ်ဟန်ရှိလျက် လုံးဝပြုံးရယ်ခြင်း မပြုသည်ကိုလည်း နီကိုလာက သတိပြုမိလေသည်။ သူမ၏ အမူအရာက ဆာဆူဂိုင်သေဆုံးရခြင်းမှာ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီး ၏ အပြစ်မကင်းသယောင် သဘောထားသည့်ဟန်မျိုး ဖြစ်နေသည်။

နီကိုလာကမူ သူ၏ဖခင် ဗိုလ်မှူးကြီးသည် တစ်ချိန်က ဆာဆူဂိုင်၏ အသက်ကို ကယ်ခဲ့ဖူးကြောင်း သိထားပေသည်။

အီတာမီသည် နေ့စဉ်လိုပင် နီကိုလာတို့၏အိမ်သို့လာ၍ နေ့လယ်စာစားလေ့ရှိသည်။ တစ်ခါတစ်ရံ သူမသည် ဆိုင်ဂိုကိုပါ ခေါ်လာတတ်လေသည်။

ထိုအတောအတွင်း နီကိုလာသည် တက္ကသိုလ်ကျောင်းသို့တက်၍ ပညာဆက်လက်သင်ကြားနေလေသည်။

သူ၏စိတ်ထဲတွင်မူ ယူကီအိုနှင့် ပျော်ရွှင်ကြည်နူးစွာ ချစ်တင်းနှီးနှော ခဲ့ရပုံများကို သတိရကာ လွမ်းဆွတ်အောက်မေ့သလို ဖြစ်နေတတ်လေသည်။

တစ်နေ့သ၌ နီကိုလာသည် တက္ကသိုလ်ကျောင်းမှ အိမ်သို့ ခပ်စောစော ပြန်လာခဲ့ရာ ဖခင်ဖြစ်သူ ဗိုလ်မှူးကြီးသည် အိမ်အပြင်ဘက်တွင် ကုလားထိုင် တစ်လုံးနှင့် ထိုင်နေသည်ကို တွေ့ရသဖြင့် နီကိုလာလည်း သူ၏ အနီးသို့သွား၍ ထိုင်လိုက်လေသည်။



ဗိုလ်မှူးကြီးကို ကြည့်ရသည်မှာ ပို၍ အိုမင်းရင့်ရော်လာသည်ဟု ထင်ရလေသည်။

‘ဟဲလို…ဒက်ဒီ… နေလို့ကောင်းပါရဲ့လား’

နီကိုလာက နှုတ်ဆက်လိုက်ရာ အဘိုးကြီးက ခေါင်းညိတ်ပြလေသည်။

‘နေကောင်းပါတယ် သားရယ်။ နည်းနည်းပင်ပန်းလာတာလောက်ပဲ ရှိပါတယ်။ ဒက်ဒီအတွက် ဘာမှ မပူပါနဲ့။ ဒါထက်သားကို ပြောရဦးမယ် မင်းရဲ့အမေက ဆာဆူဂိုင်သေရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စိတ်မကောင်းဖြစ်နေ တာဟာ အခုအထိ စိတ်ပြေပျောက်ပုံ မရသေးဘူး။ ဒါကြောင့် စိတ်ပြေလက် ပျောက်ရှိအောင် တခြား တစ်နေရာရာမှာ သွားအနားယူဖို့ ခေါ်သွားမယ်လို့ စိတ်ကူးတယ်။ အရေးထဲ မင်းရဲ့အန့်တီက သူ့နားမှာ တစ်ချိန်လုံး ကပ်နေ တယ်’

‘နောက်တော့ တဖြည်းဖြည်း ကောင်းသွားမှာပါ ဒက်ဒီ’

နီကိုလာက ပြောလိုက်လျှင် ဗိုလ်မှူးကြီးသည် သက်ပြင်းချလိုက်သည်။

‘ဒါတော့ မသိဘူး။ ကမ္ဘာကြီးဟာ သိသိသာသာပြောင်းလဲနေတာ တော့ အမှန်ပဲ။ ပြောင်းလဲပုံက အလွန် ရှုပ်ထွေးလို့ ဒက်ဒီဖြင့် ကောင်းကောင်း နားမလည်နိုင်ဘူး။ သားအနေနဲ့တော့ နားလည်ကောင်း နားလည်ပါလိမ့်မယ်။ အခြေအနေပြောင်းလဲလာပုံက အရင်တုန်းကနဲ့ လုံးဝမတူတော့ဘူး။ နောက် တစ်ခုက ဒက်ဒီအနေနဲ့ လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်နိုင်သေးတာကို စိတ်မကောင်း ဖြစ်မိတယ်’

‘ဒီလိုလဲ မဟုတ်ပါဘူး။ ဒက်ဒီအနေနဲ့ အများကြီး စွမ်းဆောင်နိုင် ခဲ့တာပဲ’

‘မဟုတ်ဘူးကွယ့်။ ဒက်ဒီရဲ့စိတ်ထဲမှာတော့ ဒီလိုမထင်ဘူး။ ဘဝ ခရီးတစ်လျှောက် ရေသာခို လိုက်နေခဲ့ပြီး ဘာမှ ပြောပလောက်အောင် မစွမ်းဆောင်နိုင်ခဲ့ဘူးလို့ ထင်မိတယ်။ ကြိုးစားသင့်သလောက် မကြိုးစားခဲ့ ဘူးလို့ပဲ ယူဆတယ်’

‘ဒီလိုမပြောပါနဲ့ ဒက်ဒီ… ဒက်ဒီက အများကြီး [illegible] ကြိုးစား ခဲ့ပါတယ်’

www.burmeseclassic.com

www.burmeseclassic.com



'အမှန်တော့ လုပ်သင့်တယ်ထင်တာတွေကို လုပ်ခဲ့တာပါပဲ။ တစ်ခုပဲရှိတာက ဒက်ဒီအနေနဲ့ အလုပ်ကိစ္စတွေကိုချည်း အာရုံစိုက်နေခဲ့ရလို့ မင်းတို့သားအမိနဲ့အတူ နေနိုင်တဲ့အချိန် အလွန်နည်းခဲ့တာကို စိတ်မကောင်းဘူး'

'ဒါလဲ ကိစ္စမရှိပါဘူး။' ဒက်ဒီ စိတ်မကောင်းမဖြစ်ပါနဲ့'

နီကိုလာ၏ ဖခင် ဗိုလ်မှူးကြီး၏ ကျန်းမာရေးအခြေအနေသည် အလွန်ဆိုးလာလေသည်။ အထူးကုဆရာဝန်ကြီးများက အစွမ်းကုန် ကြိုးစားကုသပါသော်လည်း သူ၏ရောဂါအခြေအနေက တစ်နေ့တစ်ခြား ပိုဆိုးလာလေသည်။ ရောဂါကျွမ်းလာပုံကလည်း အလွန်လျင်မြန်လှသည်။

နီကိုလာနှင့် နှစ်ယောက်ချင်း စကားပြောခဲ့ပြီး ဆယ်ရက်ခန့်အကြာတွင် ဗိုလ်မှူးကြီးသည် ညဘက်အိပ်ပျော်နေရင်း သေဆုံးသွားရှာလေသည်။

ဈာပနအခမ်းအနားက အလွန်ကြီးကျယ်စည်ကားလှပေသည်။ တိုကျိုမြို့ရှိ အမေရိကစစ်တပ်က အစစအရာရာ တာဝန်ယူစီစဉ်ပေးပြီး ခမ်းနားကြီးကျယ်စွာ ကူညီဖန်တီးပေးကြသည်။ အမေရိကန်သမ္မတ ဂျွန်ဆင်ကိုယ်တိုင် ဝမ်းနည်းကြောင်း သဝဏ်လွှာတစ်စောင် ပို့လိုက်သည့်ပြင် ဈာပနအခမ်းအနားသို့ တက်ရောက်ရန် သူ၏ အထူးကိုယ်စားလှယ်တစ်ဦးကိုလည်း စေလွှတ်လိုက်သေးသည်။

ဂျပန်အစိုးရ အနေဖြင့်လည်း စစ်ပြီးခေတ် ဂျပန်ပြည်ပြန်လည်ထူထောင်ရာ၌ ဗိုလ်မှူးကြီးက မည်မျှ ကူညီစွမ်းဆောင်ခဲ့သည်ကို အသိအမှတ်ပြုသဖြင့် ဂျပန်ဝန်ကြီးချုပ်ကိုယ်တိုင် ဈာပနအခမ်းအနားသို့ တက်ရောက် ပို့ဆောင်ခဲ့လေသည်။

ဂျပန်ပါလီမန်လွှတ်တော် (ဒိုင်းယက်)ကိုယ်စားလှယ် အတော်များများသည်လည်း တက်ရောက်ကြလေသည်။

ဂျပန်တွင် ခရစ်ယာန်ဘာသာထုံးစံအရ ဝတ်ပြုဆုတောင်းခြင်းကို ဂျပန်ပြည်ရှိ အမေရိကန်စစ်တပ်ကပင် စီစဉ်ပေးလေသည်။

✦ ✦ ✦

နောက် ရက်အနည်းငယ်ကြာသောအခါ နီကိုလာသည် သိုင်းဆရာကြီး ကန်ဆတ်ဆူနှင့် တွေ့ဆုံပြီး သူ၏နောင်ရေးအတွက် တိုင်ပင်ဆွေးနွေးလေသည်။

'မင်းအတွက် တစ်ခုတည်းသော အဖြေက 'တင်ရှင်ဒင်ရိုကာတိုရီ' ဆိုတဲ့ သိုင်းသင်တန်းကျောင်းပဲ ရှိတယ်ကွယ့်'



ဆရာကြီး ကန်ဆတ်ဆူက အကြံပေးလေသည်။

'ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်လည်း ဒီအတိုင်းပဲ ယူဆပါတယ်'

'ဟုတ်တယ်။ ဒီနည်းပဲ ရှိတော့တယ်'

'ဟိုရောက်သွားရင် ကျွန်တော် ဘယ်လိုဖြစ်လာမလဲ'

'ဒါတော့ ငါလဲ မပြောနိုင်ဘူးကွယ့်'

'ဟိုမှာ ကျွန်တော့်အတွက် ဘေးအန္တရာယ်ကင်းပါ့မလား'

'အဲဒီ မေးခွန်းကိုလည်း ငါမဖြေနိုင်ဘူး။ ဒါပေမယ့် တကယ့်အင်အားက မင်းရဲ့ကိုယ်တွင်းမှာရှိဖို့တော့ လိုအပ်တယ်'

'ကျွန်တော့်အဖေ ဈာပနကို ဆရာကြီးကိုယ်တိုင် တက်ရောက်တာကို အထူးကျေးဇူးတင်ပါတယ်'

'မင်းရဲ့ ဖခင်ကြီးက အလွန်လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ငါက သူ့ကို ကောင်းကောင်း သိခဲ့တယ်'

'ဟုတ်လား ဆရာကြီး။ ကျွန်တော်ကတော့ ကျွန်တော့်အဖေကို ကောင်းကောင်း နားမလည်မိခဲ့ဘူး'

'ကိုင်း ... ဒါတွေ အသာထားလိုက်ပါတော့ မင်း ဟိုကျောင်းကို သွားရင် အဆင်ပြေအောင်လို့ ငါကမင်းအတွက် မိတ်ဆက်စာတွေ အဆင်သင့်ရေးထားတယ်။ ငါတို့ကျောင်းမှာ မင်းကဂုဏ်ထူးအဆင့်နဲ့ အောင်မြင်ခဲ့ကြောင်း အောင်လက်မှတ်လဲ လုပ်ထားပြီးပြီ။ မင်းကို တစ်ခုမှာလိုက်ချင်တာက လောကမှာ ဘယ်အရာမဆို တစ်ခုနဲ့တစ်ခု ဆက်စပ်နေတဲ့ ကွင်းဆက်တွေ ရှိတယ်။ အဲဒီကွင်းဆက်တွေကို နားလည်သဘောပေါက်အောင် မင်းက ကြိုးစားလေ့လာရမယ်'

ပြောပြောဆိုဆို ကန်ဆတ်ဆူသည် နီကိုလာအား စာရွက်စာတမ်းများ ထုတ်ပေးလေသည်။

'ကဲ...နီကိုလာ မင်းကို နှုတ်ဆက်လိုက်ပါတယ်...။ ဆာယိုးနားရား'

'ဟုတ်ကဲ့... ဆာယိုးနားရား... ဆရာကြီး'

ဤသို့ ပြန်နှုတ်ဆက်ရင်း နီကိုလာသည် စိတ်ထိခိုက်ဝမ်းနည်းဟန်ဖြင့် မျက်ရည်များပင် ကျလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ သူသည် တကယ်ပင် ဝမ်းနည်းပြီး စိတ်အားငယ်နေမိလေသည်။

✦ ✦ ✦

ရာသီဥတုသာယာကြည်လင်နေသဖြင့် အပြာရောင် ကောင်းကင်တွင် တိမ်အနည်းငယ်သာ ရှိနေလေသည်။

နီကိုလာသည် ရာသီဥတုသာယာမှု အရသာကို မခံစားနိုင်ဘဲ လေးနက်စွာ စဉ်းစားနေမိလေသည်။ သူသည် သိုင်းသင်တန်းကျောင်းသစ်ရှိရာ တိုကျိုမြို့သို့ သွားရမည်ဖြစ်ရာ မိခင်ကြီးချီယွန်အား သူ ခရီးထွက်မည့်အကြောင်း ပြောရန် ဝန်လေးနေမိသည်။

အိမ်အတွင်း၌ကား ဘာသံမှမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေ သည်။ အထူးသဖြင့် ဖခင်ဗိုလ်မှူးကြီး မရှိတော့သဖြင့် အိမ်ကြီးမှာ ပို၍ ခြောက်ကပ်နေသည်ဟု ထင်ရပေသည်။

နီကိုလာသည် အိမ်ထဲသို့ဝင်ပြီး သူ၏မိဘများ၏ အိပ်ခန်းဆီသို့ လျှောက်သွားလေသည်။

တိတ်ဆိတ်ငြိမ်သက်နေသော်လည်း တံခါးဝမှ လှမ်းကြည့်လိုက်စဉ် အခန်းတွင်းရှိ ခန်းဆီးတစ်ခု၏နောက်တွင် လူရိပ်လိုလို မြင်မိလေသည်။

နီကိုလာသည် တံခါးဝတွင်ရပ်၍ သေချာစွာကြည့်လိုက်ရာ အခန်း၏ အလယ်ဗဟိုတွင် 'တာတာမိ' ခေါ် မြက်ဖျာတစ်ချပ်ခင်းထားပြီး မိခင်ချီယွန်က တံခါးဝကို ကျောပေးကာ ဒူးတုပ်ထိုင်နေသည်ကို မြင်ရလေသည်။ သူမသည် အခမ်းအနားများ၌ ဝတ်ဆင်ရသည့် 'ကီမိုနို' ဝတ်စုံကို ဝတ်ဆင်ထားကြောင်းကိုလည်း သတိပြုမိလေသည်။

စောစောက ခန်းဆီးနောက်မှ လူရိပ်လိုလို မြင်ခဲ့သည်မှာ အခြားမဟုတ်။ အီတာမီဖြစ်နေသည်။ သူမသည်လည်း ကီမိုနိုဝတ်စုံ ဝတ်ဆင်ထားပြီး ချီယွန်၏ လက်ယာဘက် မလှမ်းမကမ်းတွင် ထိုင်နေလေသည်။

နီကိုလာသည် မိခင်ကြီး ချီယွန်နှင့် အီတာမီတို့၏ အပြုအမူကို နားမလည်ဟန်ဖြင့် ငေးကြည်နေမိစဉ်မှာပင် ချီယွန်၏လက်ယာဘက်လက် သည် လျှပ်တပြက် လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

စောစောက ဒူးတုပ်ထိုင်နေပုံက ဘုရားရှိခိုး ဆုတောင်းနေသလို ဟန်မျိုး



ဖြစ်နေရာ ယခုတော့ ချီယွန်၏ ပြုမူပုံအမှန်ကို သိရပါလေပြီ။

သူမ၏ လက်ယာဘက်လက်တွင် ဓားမြှောင်တစ်လက်ကိုင်ထားပြီး နီကိုလာက အံ့အားသင့်နေမိစဉ်မှာပင် ချီယွန်သည် ဓားမြှောင်ဖြင့် သူမ၏ဝမ်းဗိုက် လက်ဝဲဘက်နားဆီသို့ တအားထိုးစိုက်ချလိုက်သည်။

သူမသည် ဂျပန်လူမျိုးတို့၏ ရှေးအစဉ်အလာ ထုံးစံအရ သူ့ကိုယ်သူ အဆုံးစီရင်လိုက်ခြင်းပင် ဖြစ်သည်။

နီကိုလာသည် အံ့အားသင့် တုန်လှုပ်လွန်းသဖြင့် အိပ်မက်မက်နေရော့သလားဟုပင် ထင်မိလေသည်။

ချီယွန်၏ ခန္ဓာကိုယ် ငြိမ်သက်သွားစဉ် ဘေးမှ အသင့်စောင့်နေသူ အီတာမီကလည်း ထိုင်ရာမှ ထလာလေသည်။ သူမ၏လက်တွင် 'ကာတားနား' ခေါ် ဂျပန်ဓားရှည်ကြီး တစ်လက် ကိုင်ထားလေသည်။

သူမသည် ဓားရှည်ကြီးကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ကာ တအားလွှဲမြှောက်လိုက်ပြီးနောက် ချီယွန်၏ လည်ပင်းတည့်တည့်သို့ချိန်လျက် ခုတ်ပိုင်းချလိုက်သည်။

မှတ်ချက် ။ ။ (ဂျပန်လူမျိုးတို့သည် မိမိကိုယ်ကို အဆုံးစီရင်သည့်အခါ ဝမ်းဗိုက်ကို ဓားမြှောင်ဖြင့် ထိုးစိုက်ပြီးချိန်တွင် ဘေးမှ ကူညီသူတစ်ဦးက ဓားရှည်ဖြင့်ခုတ်၍ အပြီးသတ် ပေးရသည့် ထုံးစံရှိပေသည်။)

ချီယွန်၏ဦးခေါင်းသည် ဓားချက်ကြောင့် တိကနဲပြတ်ထွက်သွားလေသသည်။ သွေးများလည်း တရဟော ယိုစီးထွက်လာလေသည်။

နီကိုလာမှာ အံ့အားသင့် တုန်လှုပ်လွန်းသဖြင့် မှင်တက်မိပြီး ငေးကြည့်နေမိရာမှ ရုတ်တရက် ပြန်သတိရလာဟန်ဖြင့် အခန်းတွင်းသို့ ပြေးဝင်သွားလေသည်။

အီတာမီကား တာဝန်ဝတ္တရားတစ်ခု ဆောင်ရွက်ပြီးစီးသွားသည့် ဟန်မျိုးဖြင့် မျက်နှာထား တည်ငြိမ်စွာပင် ရှိနေလေသည်။

'ဘာလဲ… ဘယ်လိုဖြစ်တာလဲ'

နီကိုလာက ထိုမျှသာပြောနိုင်တော့ရာ အီတာမီက တည်ငြိမ်လေးနက်သောအသံဖြင့် ခပ်အေးအေး ပြန်ပြောလေသည်။

'နီကိုလာ ဘယ်လိုမှ မအောက်မေ့နဲ့။ ဒါဟာ မင်းမိခင်ကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



တောင့်တချက် ဆန္ဒအတိုင်း လုပ်လိုက်တာပဲ။ အခုဆိုရင် မင်းရဲ့မိခင်ကြီးဟာ သူ့ရဲ့ ဂုဏ်သိက္ခာကို အလွန်မြင့်မြတ်စွာ ထိန်းသိမ်းသွားနိုင်ပြီဖြစ်တယ်။ သူက ရိုးရာဂုဏ်သိက္ခာကို အလွန်ရိုသေလေးစားသူဖြစ်တယ်'

ကြမ်းပြင်ပေါ်တွင်ကား ကာတားနား စားရှည်သည် သွေးများစွန်းပေလျှက် ကျနေလေသည်။

✻ ✻ ✻

---

၁၁

နယူးယောက်မြို့။

မျက်မှောက်ကာလ။

နွေဦးရာသီ။

ရဲစုံထောက် ခရိုကာသည် နီကိုလာနှင့် စကားပြောရင်း နင်းဂျား အကြောင်း ဆွေးနွေးနေလေသည်။

'ခင်ဗျား ပြောတာတွေက အဆန်းချည်းပါပဲလား'

'အဆန်းမဟုတ်ဘူး ကိုယ့်လူ၊ ကျုပ်က အမှန်အတိုင်းပြောနေတာ။ နင်းဂျားက လူတစ်ယောက်ကို သတ်တော့မယ်ဆိုရင် ကြိုတင်ကာကွယ်လို့လဲ မရနိုင်ဘူး'

နီကိုလာက သူသိထားသည့်အတိုင်း ပြောလိုက်သည်။

သူတို့နှစ်ဦးသည် အာမားအမည်ရှိ တရုတ်မကြီး၏အိမ်သို့ သွား၍ နင်းဂျားအား တွေ့လိုတွေ့ငြား ရှာဖွေကြည့်ရန် ပြင်ဆင်နေကြစဉ် ဆွေးနွေး နေကြခြင်း ဖြစ်သည်။

'ဒီမယ်…အိမ်ထဲကို ကျုပ်တစ်ယောက်တည်း ဝင်သွားချင်တယ်'

နီကိုလာကပင် ဆက်ပြောလိုက်သည်။

'ဟာဗျာ… ခင်ဗျားကလဲ။ ဒီမယ်… အခုကိစ္စက ကျုပ်တို့ ရဲတပ်ဖွဲ့ရဲ့ စစ်ဆင်ရေးတစ်ခု ဖြစ်တယ်ဆိုတာလည်း သတိထားပါဦး။ မှန်တာပြောရရင် ကျုပ်က တာဝန်ဝတ္တရားအရ သွားရမှာ ခင်ဗျားကို ခေါ်သွားတာတောင် ကျုပ်တို့ဌာနက အရေးယူလို့ရတယ်။ အရေးထဲ ခင်ဗျားက တစ်ယောက်တည်း



ဝင်ချင်တယ်လို့ ပြောနေပြန်တယ်။ ဒီတိုင်းဆိုရင် ရဲမင်းကြီးက ကျုပ်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး'

'ဒါဖြင့် ခင်ဗျားနဲ့ကျုပ် အတူတူဝင်ကြမယ်'

'ဒါလဲ မလွယ်ဘူးဗျ။ ခင်ဗျားကို အိမ်ရဲ့နောက်ဖေးပေါက်ကစောင့် တာဝန်ယူဖို့ တားပစ်ခဲ့ရမယ်ဆိုရင် ပြဿနာဖြစ်လာနိုင်တယ်'

'ဘာလဲ ခင်ဗျားတို့အိမ်ထဲဝင်ရင် တိုက်ပွဲဖြစ်မယ် ထင်လို့လား'

'တကယ်လို့ တရုတ်မကြီး အာမားရဲ့အိမ်ထဲမှာ နင်းဂျားကောင်ကို တွေ့ရင်တော့ ဘာမှဖြစ်စရာ မရှိပါဘူး။ ကျုပ်တို့ဘက်က ပိုင်ပါတယ်ဗျ'

✦ ✦ ✦

အာမား၏အိပ်ခန်းက အဆောက်အအုံတစ်ခု၏ အပေါ်ဆုံးထပ်တွင် ရှိလေရာ လှေကားမှ တက်သွားကြစဉ် နီကိုလာသည် အခြေအနေကို သဘော မကျသလို ဖြစ်မိလေသည်။

အဆောက်အအုံက ကြီးမားသလောက် အခန်းတွေက ရှုပ်ထွေးလှသည့်ပြင် ထွက်ပြေးစရာ လမ်းပေါက်တွေ အများကြီးရှိမည်မှာ သေချာပေသည်။ အကယ်၍ နင်းဂျားက ထိုအိမ်၏ အခန်းတစ်ခန်းတွင် ရှိနေသည် ဆိုပါက သူ့အနေဖြင့် အိမ်၏အနေအထားကို ကျွမ်းကျင်နေသောကြောင့် လျှင်မြန်လွယ်ကူ စွာပင် တိမ်းရှောင်ထွက်ပြေးသွားနိုင်ပေသည်။

'လူချင်းတွေ့တဲ့အခါ ပထမဆုံး စက္ကန့်ပိုင်းအတွင်း လက်ဦးမှ ဖြစ်မယ်။ ဒီလိုမှ မဟုတ်ရင် ဒီလူ့ကိုမိဖို့ မျှော်လင့်ချက်မရှိဘူး'

ပထမထပ်သို့အရောက်တွင် နီကိုလာက ပြောလိုက်ရာ လက်ဖ်တင်နှင့် ခရိုကာက-

'ဒါအတွက် မပူပါနဲ့ဗျ။ လူချင်းတွေ့ရဖို့သာ အာရုံးစိုက်စမ်းပါ'

ဟု ပြန်ပြောလိုက်သည်။

မကြာမီ သူတို့သည် အာမား၏ အိပ်ခန်းရှိရာ အပေါ်ထပ်သို့ ရောက်သွားကြလေသည်။

ခရိုကာသည် လက်တစ်ဘက်တွင် သူ၏ ပွိုင့် ၃၈ ခြောက်လုံးပြူး သေနတ်ကို အသင့်ကိုင်ထားပြီး လက်တစ်ဘက်တွင် အိမ်ပေါက်ဝ၌ ရှာဖွေ ဖမ်းဆီးခွင့် 'ဝရမ်း'စာရွက် ကိုင်ထားသည်။ ဝရမ်းစာရွက်ကိုမူသည် အလွယ်

www.burmeseclassic.com

www.burmeseclassic.com



တကူ မရရှိခဲ့ချေ။ တရုတ်အမျိုးသမီး အာမားသည် အစိုးရပိုင်း၌ ဩဇာရှိသူ အပေါင်းအသင်း မိတ်ဆွေများရှိသဖြင့် သူ၏အိမ်ပေါ် တက်ရှာခွင့် ဝရမ်းကို ခဲခဲယဉ်းယဉ်း ရယူခဲ့ရလေသည်။

အခန်းဝသို့ရောက်၍ တံခါးခေါက်လိုက်သောအခါ အရုပ်မြင့်မြင့် တရုတ်အမျိုးသမီးတစ်ဦးက တံခါးဖွင့်ပေးရာ ခရိုကာသည် အတွင်းသို့ လျှင်မြန်စွာ တိုးဝင်လိုက်သည်။ နီကိုလာလည်း ခရိုကာ၏နောက်မှ ကပ်လိုက်လာသည်။

ထိုအချိန်၌ နီကိုလာ၏စိတ်ထဲတွင် အတိတ်ကဖြစ်ရပ်များ သူသိခဲ့သော ဂျပန်နာမည်များကို သတိရ မြင်ယောင်နေမိလေသည်။

အထူးသဖြင့် 'ဟီဒေအိုရှီ'၊ 'ယိုဒိုဂီမီ'၊ 'မီဆူနာရီ'နာမည်များကို လည်းကောင်း ဂျပန်ပြည်မှ 'ဆာဆူကိုင်'၊ 'ယူကီအို'နှင့် 'ဆိုင်ဂို'တို့ကို လည်းကောင်း သတိရနေမိသည်။

အိမ်တွင်းခန်း၌ ရှိနေသူ အမေရိကန်အမျိုးသားတစ်ဦးသည် ထိတ်လန့်တကြားဖြစ်သွားကာ တရုတ်မိန်းကလေးတစ်ဦးအား ပွေ့ဖက်ထားရာမှ လွှတ်ချလိုက်ပြီး အတွင်းဘက်အခန်းတစ်ခန်းဆီသို့ ထွက်ပြေးသွားလေသည်။

တံခါးလာဖွင့်ပေးသူ တရုတ်အမျိုးသမီးမှာ 'လာခါ'ဆိုသူဖြစ်ပြီး သူမသည် အိမ်ရှင် အာမားကို လှမ်းခေါ်လိုက်သည်။

တရုတ်အမျိုးသမီးကြီး အာမားလည်း ချက်ချင်းလိုပင် ရောက်လာလေသည်။

'ရှင်တို့ ဘာလုပ်တာလဲ။ ဘာကြောင့် ကျွန်မရဲ့အိမ်ခန်းထဲကို ဝင်လာကြတာလဲ။ ကျွန်မမှာ မိတ်ဆွေအပေါင်းအသင်းတွေ ရှိနေတယ်ရှင့်'

အာမားက မကျေမနပ်ဖြစ်ဟန်ဖြင့် ပြောလေရာ နီကိုလာက 'မန်ဒါရင်'ခေါ် တရုတ်ဘာသာဖြင့် ပြန်ပြောလိုက်သည်။

'ခင်ဗျားနာမည် အားမားမဟုတ်လား…။ ကျုပ်တို့က ဒီအိမ်ကိုလာလေ့ရှိတဲ့ ဂျပန်လူမျိုးတစ်ယောက်ကို လိုချင်တယ်။ ဒီလူကိုရရင် တော်ပါပြီ။ တခြားဘာမှမလိုချင်ဘူး။ အခု သူကဘယ်မှာလဲ'

ထိုအခိုက် ရဲစုံထောက် ခရိုကာက တံခါးပိတ်ထားသော အခန်းတစ်ခန်းကို ခြေထောက်ဖြင့် ကန်ဖွင့်နေရာ အာမားက-

'ဟိုမှာ လုပ်ပါဦးရှင်။ သူက ကျွန်မအိမ်ခန်းတွေ ပျက်စီးအောင်လုပ်နေပြီ'



ဟု ပြောလိုက်သည်။

'ဒီမယ်… အာမား။ အဲဒီ ဂျပန်လူမျိုးက အလွန်ကြောက်စရာကောင်းတယ်။ သူဟာ ခင်ဗျားအိမ်က မိန်းကလေးတွေကို အန္တရာယ်ပြုနိုင်တယ်'

နီကိုလာက တရုတ်ဘာသာဖြင့်ပင် ဆက်ပြောလိုက်မှ အာမားသည် နားလည်သဘောပေါက်သွားပုံရလေသည်။

'ဒီလူ ဘယ်မှာရှိသလဲ'

နီကိုလာက ထပ်၍ မေးလိုက်လျှင် အာမားက-

'ဟောဟိုအခန်းမှာ ရှိတယ်။ ရှင်တို့ သူ့ကို ဖမ်းချင် ဖမ်းသွားပေတော့'

ဟု ပြောလိုက်သည်။

ထိုအချိန်၌ ခရိုကာသည် လျှင်မြန်သွက်လက်စွာ လှုပ်ရှားနေပြီဖြစ်သည်။ သူသည် အခန်းတံခါး၏သော့ကို ခြောက်လုံးပြူးသေနတ်ဖြင့် တစ်ချက်ပစ်လိုက်ပြီးနောက် တံခါးကို ပခုံးဖြင့်အတင်းတွန်းဖွင့်ကာ ပြေးဝင်သွားလေသည်။

နီကိုလာလည်း ပြေးလိုက်သွားလေသည်။

ထိုအခိုက် အခန်းတွင်းမှ ပြာလဲ့လဲ့အရောင်ရှိသော အလင်းရောင်တစ်ခုခင်းကနဲ ထွက်ပေါ်လာပြီး တစ်ခန်းလုံး ယမ်းနံ့တွေ ညှော်လာလေသည်။

နီကိုလာသည် အလင်းရောင်ကြောင့် လက်တစ်ဘက်ဖြင့် မျက်လုံးကို ကာထားလိုက်စဉ် အခန်း၏ပြတင်းပေါက်မှ ကျော်ထွက်သွားသူ လူ တစ်ယောက်၏ ခြေထောက်တစ်ဘက်ကို လှမ်းမြင်လိုက်ရသည်။

ခရိုကာလည်း အလင်းရောင်၏ဒဏ်ကို မခံနိုင်၍ မျက်လုံးများကို လက်ဖြင့် ကာထားလေသည်။

'ဘာဖြစ်တာလဲဗျ'

ခရိုကာက မေးလိုက်ရာ နီကိုလာက

'ကျုပ် ရုတ်တရက် ဘာမှ မမြင်နိုင်အောင် 'ဖလက်ရှ်ဗုံး' လို့ခေါ်တဲ့ အလင်းရောင်ဗုံးတစ်မျိုးကို ခွဲလိုက်တာပဲ။ ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမယ့် ခင်ဗျားဖမ်းချင်တဲ့လူက မရှိတော့ဘူး။ ပြတင်းပေါက်က ခုန်ဆင်းပြေးသွားပြီ'

ဟု ပြန်ပြောလိုက်သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့မှ ရဲသား 'တိုနီ'သည် လက်ဖ်တင်နင် ခရိုကာထံမှ ရေဒီယို ဖြင့် ညွှန်ကြားချက်အရ ရဲပိုင်ယာလက်ကားကို 'ပဲလ်'လမ်းအတိုင်း ခပ်မှန်မှန် မောင်းလာလေသည်။ သူနှင့်အတူ ရဲသား 'ဆင်ဒီ'ဆိုသူလည်း ကားပေါ်တွင် ပါလာလေသည်။ သူသည် ခန္ဓာကိုယ်ထွားကျိုင်းပြီး ဗလကောင်းသူ တစ်ဦး ဖြစ်လေသည်။

'ကဲ… တော်လောက်ပြီ။ ဒီမှာပဲ ရပ်လိုက်တော့'

ဆင်ဒီက ပြောလိုက်သဖြင့် တိုနီလည်း မော်တော်ကားကို ရပ်လိုက် ပြီး မီးလုံးများ ပိတ်ထားလိုက်သည်။

ဆင်ဒီက မော်တော်ကားပေါ်မှ ဆင်းလိုက်ချိန်တွင် တိုနီသည် အခြား ဝိုင်ယာလက် ကားတစ်စီးနှင့် ရေဒီယိုအဆက်အသွယ် လုပ်နေလေသည်။ ထို့နောက် ရေဒီယိုစက်ကို ပိတ်လိုက်ပြီး သူလည်း ကားပေါ်မှ ဆင်းလိုက်သည်။

သူတို့ နှစ်ဦးစလုံးသည် ခရိုကာ၏ ညွှန်ကြားချက်အရ အဆောက်အအုံ တစ်ခု၏ အပေါ်ထပ် ပြတင်းပေါက်များကို ဂရုစိုက် ကြည့်နေကြသည်။

ထိုအခိုက် ပြတင်းပေါက်တစ်ခုဆီမှ ပြာလဲ့လဲ့အလင်းရောင်တစ်ခု လင်းကနဲ ဖြစ်ပေါ်လာသည်ကို မြင်ရလေသည်။

တိုနီနှင့် ဆင်ဒီတို့သည် အိမ်ပေါ်၌ တစ်ခုခုဖြစ်နေပြီဟု တွက်မိသဖြင့် ခြောက်လုံးပြူးသေနတ်ကိုယ်စီ ထုတ်ကိုင်ကာ အသင့်စောင့်နေလိုက်ကြသည်။

'သတိနဲ့သာ ကြည့်နေပေတော့။ တရားခံက ပြတင်းပေါက်က ဆင်းပြေးပြီနဲ့ တူတယ်'

ဆင်ဒီက သတိပေးပြောဆိုလိုက်စဉ်မှာပင် အိမ်ပေါ်ထပ် ပြတင်းပေါက် အပြင်ဘက်တွင် လူတစ်ယောက်၏သဏ္ဌာန်ကို မြင်လိုက်လေသည်။

သို့သော် ထိုနေရာ၌ မှောင်နေသဖြင့် သဲကွဲစွာ မမြင်ရချေ။ ဆိုနီနှင့် ဆင်ဒီတို့သည် အထူးသတိထားကြည့်ရင်း အဆောက်အအုံအနီးသို့ ချဉ်းကပ် သွားကြလေသည်။

အဆောက်အအုံ၏ဘေးတွင် မီးလောင်လျှင် ဆင်းပြေးရန် ထားရှိသည့် လှေကားတစ်ခုရှိလေရာ တရားခံသည် ထိုလှေကားမှ ဆင်းပြေးလိမ့်မည်ဟု ယူဆရလေသည်။ သို့သော် အတန်ကြာသည့်တိုင်အောင် လှေကားမှ မည်သူမှ ဆင်းမလာသဖြင့် တိုနီက

'ဒီလူ ဘယ်ရောက်သွားပါလိမ့်'



ဟု ပြောလိုက်သည်။

'လှေကားက တဆင့် အိမ်ခေါင်မိုးပေါ် တက်သွားတာ ဖြစ်နိုင်တယ်။ ကျုပ်တော့ သွားတက်ကြည့်မယ်'

ပြောပြောဆိုဆို ဆင်ဒီသည် လှေကားမှ တက်သွားလေသည်။

ဒုတိယထပ်သို့ရောက်လျှင် ဆင်ဒီသည် ခေတ္တရပ်ပြီး လှည့်ပတ် ကြည့်ရာ လူသူအရိပ်အရောင် လုံးဝမတွေ့ရချေ။

'ဘယ်လိုလဲဗျ…။ တွေ့သလား'

မြေပြင်ပေါ်မှ တိုနီက လှမ်းမေးလိုက်သဖြင့် ဆင်ဒီသည် လက် တစ်ဘက်ဖြင့် ဘာမျှ မတွေ့သေးကြောင်း အချက်ပြန်ပြလိုက်သည်။ ထိုအခိုက် မှာပင် ပျားပိတုန်းသံလိုလို၊ ပိုးမွှားတိရစ္ဆာန်တစ်မျိုး၏ အသံလိုလိုတစ်မျိုးကို ကြားမိလေသည်။ တစ်ချိန်တည်းမှာပင် ဆင်ဒီသည် ပိုးမွှားတစ်ကောင်ကောင် အကိုက်ခံလိုက်ရသလို ရင်ဘတ်၌ လှစ်ခနဲ နှစ်ချက်သုံးချက် နာကျင်ခြင်း ဝေဒနာကို ခံစားလိုက်ရသည်။ ထိုအခိုက်မှာပင် မလှမ်းမကမ်း၌ လူ တစ်ယောက် ၏ အရိပ်လိုလို မြင်လိုက်ရသဖြင့် သူ၏ခြောက်လုံးပြူးသေနတ်ဖြင့် တစ်ချက် လှမ်း ပစ်လိုက်သည်။ သို့သော် ဆင်ဒီမှာ အသက်ရှူကျပ်သလို မူးဝေအော့အန် ချင်သလို ဖြစ်လာပြီး ခန္ဓာကိုယ်တစ်ခုလုံး အားမရှိသလို ဖြစ်လာကာ သူ၏လက်မှ သေနတ်လည်း လွတ်ကျသွားလေသည်။

သူ၏ ရှေ့တွင် အနက်ရောင်ဝတ်စုံဝတ်ထားသည်ဟု ထင်ရသော လူတစ်ယောက်၏ သဏ္ဌာန်ကို မြင်နေရပြီဖြစ်သော်လည်း ထိုအချိန်၌ ဆင်ဒီမှာ လှုပ်ရှားချင်စိတ် မရှိတော့ဘဲ အော့အန်ချင်နေလေသည်။

သူ၏ရှေ့မှလူ၏ မျက်လုံးက အနက်ရောင်ဖြစ်ပြီး မျက်လုံးအနေအထား သဏ္ဌာန်ကလည်း အရှေ့တိုင်းသားတစ်ဦး၏ အသွင်မျိုး ဖြစ်နေသည်ကို သတိပြု မိလေသည်။

ဆင်ဒီသည် အောက်တွင်ရှိသော သူ၏ အဖော်အား…

'တိုနီ'

ဟု လှမ်းခေါ်လိုက်သော်လည်း အသံကောင်းစွာ မထွက်ဘဲဖြစ်နေ ပြန်သည်။ ဤတွင် ဝတ်စုံနက်နှင့်လူသည် ဆင်ဒီအားတိုက်ခိုက်ရန် ချဉ်းကပ် လာလေသည်။

ပြန်၍ ခုခံကာကွယ်ရန် သူ၏ ခြောက်လုံးပြူးသေနတ်ဖြင့် ချိန်ရွယ်မည် ပြုလိုက်စဉ် လက်ထဲတွင် သေနတ်မရှိတော့ကြောင်း သတိပြုမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဒီ၏ ရင်ဘတ်တွင်လည်း မီးလောင်ခံရသကဲ့သို့ ပြင်းစွာပူလောင်သော ဝေဒနာတစ်မျိုး ခံစားနေရလေသည်။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဦးနှောက်က ထိန်းချုပ်စေခိုင်းနိုင်သည့် အခြေအနေမရှိတော့ချေ။

ခဏမျှကြာသော် ဆင်ဒီသည် သူ့ကိုယ်သူ ဘာဖြစ်မှန်းမသိဘဲ သတိမေ့သွားလေတော့သည်။

✦ ✦ ✦

မြေပြင်၌ ရပ်စောင့်နေသူ တိုနီသည် သူ၏ ဘေးနားသို့ လေးလံသော အရာဝတ္ထုတစ်ခု ကျလာသံကို ကြားလိုက်ရချိန်တွင် ရုတ်တရက် ဘာမှန်း မသိချေ။

သေချာစွာကြည့်လိုက်တော့မှ သူ၏ အဖော်ဖြစ်နေကြောင်း သိရပြီး အံ့အားသင့် တုန်လှုပ်သွားမိလေသည်။

'ဟင်… ဆင်ဒီ ဘာဖြစ်တာလဲ'

တိုနီက ပျာပျာသလဲ မေးလိုက်သော်လည်း ဆင်ဒီမှာ ပြန်စကားပြောနိုင်သည့်အခြေအနေ မရှိချေ။ တိုက်အပေါ်ထပ်မှ မြေပြင်သို့ ကျလာခြင်းဖြစ်၍ ဦးခေါင်း၏ လက်ဝဲဘက်သည် ကတ္တရာလမ်းနှင့် တအားဆောင့်ရိုက်ခြင်း ခံရသလို ဖြစ်နေသည်။

ထိုအခိုက် တိုနီသည် တစ်စုံတစ်ယောက်၏ လှုပ်ရှားသံလိုလို ကြားမိသဖြင့် နောက်သို့ လျင်မြန်စွာ ခြေနှစ်လှမ်းဆုတ်လိုက်သည်။ သေချာစွာ ကြည့်လိုက်သောအခါ တိုက်၏ ပထမအထပ်နေရာရှိ လှေကားပေါ်တွင် လူရိပ်လိုလို မြင်ရလေသည်။

တိုနီလည်း ရန်သူဟု ယူဆလျက် ခြောက်လုံးပြူးသေနတ်ဖြင့် တစ်ချက်လှမ်းပစ်လိုက်သည်။ သို့သော် မှောင်နေသဖြင့် သေချာစွာ ချိန်ပစ်ရခြင်း မဟုတ်လေရာ ကျည်ဆန်က သံကဲ့သို့အရာဝတ္ထုတစ်ခုကို ထိမှန်သံ ကြားလိုက်ရသည်။

သူ၏ သေနတ်ကျည်ဆန်သည် ပစ်မှတ်သို့မဟုတ် ရန်သူအား မထိမှန်ဘဲ လွဲချော်သွားကြောင်း ချက်ချင်း သိလိုက်သည်။

တိုနီသည် နောက်ထပ် ဆက်ပစ်လျှင် ကျည်ဆန်ဖြုန်းရာ ရောက်မည်ဟု တွက်လျက် လှေကားပေါ်သို့ သေချာစွာ ကြည့်လိုက်ပြန်သည်။ ရန်သူ၏ အရိပ်ကို မြင်ရသောအခါ သူသည် ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်ဖြင့်



သုံးချက်ဆင့်ပစ်လိုက်သည်

သို့သော် ရန်သူကို မထိမှန်သည့်ပြင် လှေကားပေါ်တွင်လည်း ဘာမှ မမြင်ရတော့ချေ။

လှေကားမှ မဆင်းဘဲ ဘယ်ပျောက်သွားလေသနည်းဟု အံ့ဩနေမိစဉ်မှာပင် ရန်သူသည် သူရပ်နေသောနေရာအနီးရှိ မြေပြင်ပေါ်သို့ ရောက်ရှိနေကြောင်း သိရလေတော့သည်။

ထိုလူသည် လှေကားကို အသုံးမပြုဘဲ အသံလုံးဝမကြားအောင် အောက်သို့ ခုန်ချလိုက်နိုင်ခြင်းသည် အလွန် အံ့ဩဖွယ် ကောင်းနေတော့သည်။

ယင်းသို့ အံ့ဩနေမိစဉ်မှာပင် ထိုလူက ရုတ်တရက် လျင်မြန်စွာ ခုန်ဝင်ကာ တိုနီအား တိုက်ခိုက်လေတော့သည်။

ရန်သူ၏လက်တွင် လက်ကိုင်တုတ်လိုလို တုတ်တစ်ချောင်းပါရှိပြီး တိုနီက အံ့အားသင့်လွန်း၍ ပြန်လည်ခုခံရန် မပြင်ဆင်နိုင်သေးမီ ရင်ဘတ်တည့်တည့်သို့ တုတ်ဖြင့် တအားထိုးလိုက်ခြင်း ခံရလေသည်။

တိုနီလည်း နောက်ပြန်လန် လဲကျသွားရာ ရန်သူ့လက်မှ တုတ်၏ထိပ်ဖျားမှ ဓားမြှောင်တစ်လက် ထွက်လာပြီး နှလုံးတည့်တည့်သို့ ထိုးစိုက်ဝင်သွားလေသည်။

တိုနီခမျာ ချက်ချင်းပင် အသက်ပျောက်သွားရှာလေတော့သည်။

✦ ✦ ✦

နီကိုလာသည် ရဲစုံထောက် ခရိုကာအားခေါ်၍ တရုတ်မကြီး အာမား၏ အိမ်ခန်းသို့ ဝင်သွားလေသည်။

သူတို့တွင် အိမ်တွင်းသို့ ဝင်ရောက်ရှာဖွေခွင့် ဝရမ်းလည်းပါလာသဖြင့် အာမားအား ဝရမ်းပြ၍ ဝင်ရောက်ရှာဖွေကြလေသည်။ သို့သော် သူတို့ရှာဖွေသည့် ဂျပန်လူမျိုးကို မတွေ့ရချေ။ ထိုဂျပန် ခေတ္တအသုံးပြုသွားသော အခန်းကိုသာ တွေ့ရလေသည်။

အဆောက်အအုံပြင်ဘက်မှ သေနတ်ပစ်သံများ ကြားရလျှင် သူတို့နှစ်ဦးသည် ပြန်ပြေးထွက်သွားကြပြန်သည်။ ခရိုကာက သူ၏သေနတ်ကို အသင့်ထုတ်ကိုင်၍ ပြေးလေသည်။

သေဆုံးသော ရဲသားနှစ်ဦး၏ အလောင်းများကို နီကိုလာက ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



မြင်မိလေသည်။ ရန်သူရှိနေမည်လောဟု သံသယဖြစ်မိသဖြင့် သူသည် ပတ်ဝန်းကျင်သို့ လှည့်ပတ် ရှာဖွေကြည့်လေသည်။

ခရိကာသည် ရဲသားနှစ်ဦး အသတ်ခံရသည့်အတွက် အထူးစိတ်ထိခိုက်နေပုံရလေသည်။ သူသည် ရဲမော်တော်ကားမှတဆင့် ရေဒီယိုတယ်လီဖုန်းဖြင့် ဌာနချုပ်သို့ အကြောင်းကြားလိုက်ပြီးနောက် နီကိုလာဘက်သို့ လှည့်၍

'ဒီလူနှစ်ယောက်ဟာ ကျုပ် အလွန်အားကိုးရတဲ့ လူကောင်း နှစ်ယောက် ဖြစ်တယ်။ ခင်ဗျားပြောတဲ့ နင်းဂျားအန္တရာယ်ကို ကျုပ် အခု သဘောပေါက်ပါပြီ'

ဟု ပြောလိုက်သည်။

'နင်းဂျားဟာ ဘယ်သူဆိုတာ ကျုပ်ရိပ်မိပြီ'

နီကိုလာက ပြန်ပြောလိုက်သည်။

'ဟုတ်လား··· ခင်ဗျား ဘယ်တုန်းက ရိပ်မိတာလဲ'

'တရုတ်မကြီး အာမားရဲ့ အိမ်ခန်းထဲမှာရှိနေတုန်း ကျုပ်စဉ်းစားမိတာပါ။ ခင်ဗျားကို ပြောပြမယ်'

ဤသို့ အစချီကာ နီကိုလာက သူစဉ်းစားပြီး ကောက်ချက်ချပုံကို အသေးစိတ် ပြောပြလိုက်ရာ ခရိကာမှာ အံ့အားသင့်သွားလေသည်။

'ဒီလိုဆိုရင် ဆိုင်ဂိုဟာ သူဌေးကြီး တွမ်ကင်ကို သတ်ဖို့လိုက်နေတာမဟုတ်ဘူးပေါ့။ ခင်ဗျားကို သတ်ချင်လို့ လိုက်နေတာလား'

'ဒီလိုလဲ မဟုတ်ဘူး။ သူဟာ တွမ်ကင်ကိုလည်းသတ်မှာပဲ။ ဒါပေမယ့် သူက အလုပ်ဝင်လုပ်ခဲ့တာဟာ အဓိကရည်ရွယ်ချက်က ကျုပ်ကိုသတ်ဖို့ဖြစ်တယ်'

နီကိုလာက ပြောနေစဉ် ရဲပိုင်ယာလက်ကားတစ်စီး၏ ဥသြဆွဲသံကို ကြားရလေသည်။

'ဒီတော့ ခင်ဗျားက မစိုးရိမ်ဘူးလား'

ခရိကာက ပြန်မေးလိုက်လျှင် နီကိုလာက ခေါင်းခါပြလေသည်။

'မစိုးရိမ်ပါဘူး။ ကျုပ်က ဒါမျိုးကို ကြိုမြင်လို့ အဆင့်သင့်ပြင်ထားပြီးပြီ'

'ဟုတ်လား'

'ဟုတ်တယ်။ ဒီမယ် ခရိကာ ကျုပ်ကလဲ နင်းဂျားတစ်ယောက်ဖြစ်တယ်ဗျ'



✦✦✦

နီကိုလာသည် သူဌေးကြီးတွမ်းကင်၏ ရုံးခန်းသို့ ရောက်နေလေ သည်။

တွမ်ကင်က တယ်လီဖုန်းစကားပြောနေစဉ် နီကိုလာသည်ထိုင်၍ စဉ်းစားနေလေသည်။ သူ့အား ဆိုင်ဂိုက ရက်ရက်စက်စက်သတ်ရန်အတွက် လိုက်နေပုံကို အသေးစိတ်ပြန်လည်စဉ်းစား သုံးသပ်နေခြင်း ဖြစ်သည်။ သို့သော် ဆိုင်ဂိုက သဲသဲမဲမဲ လိုက်နေသလို မိမိကလည်း ရင်ဆိုင်ရန် အဆင်သင့်ဖြစ်နေပေပြီ။

'မောင်ရင်က ဘယ်သွားနေတာလဲ'

သူဌေးကြီးတွမ်ကင်က တယ်လီဖုန်းစကားပြောပြီး၍ နီကိုလာအား လှမ်းမေးလိုက်သည်။ သူ၏မျက်နှာမှာ အလွန်စိတ်မော လူမော ဖြစ်နေပုံရလေသည်။

'တရုတ်တန်းရပ်ကွက်ကို သွားနေတာပါ'

'တရုတ်တန်းရပ်ကွက်ကို သွားတယ်လား။ ဟို ရဲစုံထောက် ခရိကာနဲ့ အတူတူသွားတာ မဟုတ်လား။ ကျုပ်က ဒီလူ့ကို သဘောမကျဘူး။ မောင်ရင်ကလဲ ဒီလူနဲ့ သိပ်ပြီးအရောတဝင်ပေါင်းဖို့ မကောင်းဘူး။ ကျုပ်ကတော့ ခရိကာခြေလှမ်းမှားတာကို မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်။ သူ ခြေလှမ်းမှားတာနဲ့ ကျုပ်က သူ့ကို အပြုတ်တိုက်မှာပဲ။ ဒီလူက ကျုပ်ဟာ ဒီဒီယွန်ဆိုတဲ့ အမျိုးသမီးကို သတ်လိုက်တယ်လို့ ထင်နေတယ်'

နီကိုလာက ရုတ်တရက် ဘာမျှပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။ စိတ်ထဲတွင်ကား သူဌေးကြီးတွမ်ကင်သည် သူ့သမီးအကြီး ဂယ်လ်ခါနှင့် ခရိကာတို့ ရင်းနှီးစွာ ဆက်ဆံနေကြောင်း မသိရှာသေးဟု တွေးမိလေသည်။

'ခရိကာဟာ ကျုပ်ကို အလကားသက်သက် စွပ်စွဲချင်နေတယ်'

တွမ်ကင်ကပင် ဆက်ပြောလိုက်သည်။

'ဒါတော့ သူက တာဝန်ဝတ္တရားဆောင်ရွက်နေတာပဲ'

'ဟာ··· ဘယ်ကလာ တာဝန်ဝတ္တရား ဆောင်ရွက်နေမှာလဲ။ တကယ်ဆိုရင် ဒီဒီယွန် လူသတ်မှုဟာ အားလုံးမေ့ပျောက်သလောက် ရှိနေပြီပဲ။ ကြော်··· ဒါထက် ဟိုနင်းဂျားပြဿနာ ဘယ်လိုလဲ'

'အခု ခင်ဗျားဆီကို လာတာဟာ အဲဒီကိစ္စအကြောင်း ပြောမလို့

www.burmeseclassic.com

www.burmeseclassic.com



လာတာပဲ။ နင်းဂျားနဲ့ပတ်သက်လို့ ကျုပ်တို့က နည်းပရိယာယ်တစ်မျိုး ပြောင်းရလိမ့်မယ်။ သူနဲ့ ရင်ဆိုင်တိုက်ရမယ့် စစ်မြေပြင်ကို သူမရောက်ခင် ကျုပ်တို့က ဦးအောင် ရောက်နှင့်နေမှ ဖြစ်မယ်'

'ဘာလဲ သူ့ကို စောင့်ဖမ်းဖို့ ပြောတာလား။ ဒါတော့ မောင်ရင်ကပဲ ကြည့်လုပ်ပေါ့။ ကျုပ်က မောင်ရင့်ကို အခကြေးငွေနဲ့ ငှားထားတာဟာ ဒါမျိုးလုပ် ဖို့ ငှားထားတာပဲ မဟုတ်လား'

'ခင်ဗျားပြောသလို မလွယ်လှဘူးဗျ'

'လွယ်တာမလွယ်တာတော့ ကျုပ်မသိဘူး။ အရေးကြီးတာက ဒီနင်းဂျားကို အပြီးအပိုင် ရှင်းပစ်လိုက်ဖို့ လိုတယ်'

'အခုကိစ္စမှာ ခင်ဗျားလဲ ပတ်သက်နေတယ်ဗျ'

'ဒါကို ကျုပ်သိပါတယ်။ နင်းဂျားဟာ ကျုပ်ကိုသတ်ဖို့ ဒီကိုလာတာပဲ'

'ခင်ဗျားကိုသာ သူက သတ်ဖို့လာတာ မဟုတ်ဘူး။ ကျုပ်ကိုပါ သတ်ဖို့ လာနေတာဖြစ်တယ်'

နီကိုလာက ဤသို့ပြောလိုက်ရာ သူဌေးကြီးတွမ်ကင်သည် အံ့အားသင့်သွားလေသည်။

'မောင်ရင်က ဘာပြောလိုက်တာလဲ'

'နင်းဂျားဟာ ကျုပ်ကိုပါသတ်ဖို့ လာတာလို့ပြောတာပါ။ သူနဲ့ ကျုပ်နဲ့ဟာ အတိတ်ကရန်စ တစ်ခုရှိခဲ့တယ်။ ဒါက ခင်ဗျားနဲ့တော့ ဘာမှ မဆိုင်ပါဘူး'

'ဩော်… ဒီလိုလား'

'ဟုတ်တယ်။ ဒါကြောင့် ကျုပ်က သူ့ကို အကွက်ဆင်ပြီးစောင့် ဖမ်းဖို့ စိတ်ကူးတယ်'

'ဒီလိုစောင့်ဖမ်းလို့ မလွယ်ဘူးထင်တယ်။ ကျုပ်ကြားဖူးတာက နင်းဂျားဆိုတာ အလွန်အကင်းပါးတယ်လို့ ကြားတယ်။ အန္တရာယ်ရှိမယ်ဆိုရင်လည်း ကြိုတင်ပြီး ရိပ်မိလိမ့်မယ်'

'ကျုပ်ကလဲ သူ့ကို စိန်ခေါ်တဲ့သဘောမျိုး ဖြစ်အောင်အကွက်ဆင်မှာပါ။ နင်းဂျားအနေနဲ့ စိန်ခေါ်တယ်လို့ထင်ရင် ဧကန်မုချလာမှာပဲ။ ဒါက သူတို့ရဲ့ အစဉ်အလာအရ တစ်ယောက်ယောက် စိန်ခေါ်ပြီဆိုရင် ဘယ်တော့မှ



နောက်မဆုတ်ဘဲ ဇွတ်တိုးလာတတ်တယ်။ ကျုပ်အနေနဲ့ သူ့ကို စိန်ခေါ်သလို ဖြစ်အောင်လုပ်ဖို့ အကြံရှိပါတယ်'

ဤသို့ပြောပြီးနောက် နီကိုလာသည် အခန်းတွင်းရှိ လျှို့ဝှက်အသံဖမ်း ကိရိယာကို ဖြုတ်ယူ၍ စားပွဲအံဆွဲထဲတွင် ထည့်ထားလိုက်သည်။ ယင်း အသံဖမ်းကိရိယာမှာ နင်းဂျားက သူဌေးကြီးတွမ်ကင်၏ ရုံးခန်းတွင်းမှ စကားပြောသံများကို နားထောင်နိုင်ရန် လျှို့ဝှက်တပ်ဆင်ထားသော ကိရိယာပင် ဖြစ်သည်။ ယခု ထိုကိရိယာကို ဖြုတ်လိုက်ခြင်းအားဖြင့် နင်းဂျားက ရိပ်မိသွားပြီး ဤရုံးခန်းသို့ လာရောက်ကြည့်ရှုလိမ့်မည်ဟု တွက်မိသည်။ ထိုအခါ နီကိုလာက အသင့်စောင့်နေမည် ဖြစ်သည်။

ထို့နောက် နီကိုလာသည် အခန်းတွင်းမှ ပြန်ထွက်မည်ပြုစဉ် သူဌေးကြီး တွမ်ကင်က တယ်လီဖုန်းဆက်နေရာမှ လှမ်း၍

'ဒါထက်… မောင်ရင်နဲ့ ကျုပ်သမီး ဂျပ်စတင်တို့ ပြဿနာဖြစ်တာကို ဘာကြောင့် ကျုပ်ကို မပြောတာလဲ'

ဟု မေးလိုက်သည်။

နီကိုလာသည် တံခါးဝဆီသို့ လျှောက်သွားနေရာမှ ခြေလှမ်းတန့်သွားလေသည်။ တွမ်ကင်သည် သူ့သမီး ဂျပ်စတင် သွားလာလှုပ်ရှားမှုများကို ခြေရာခံလိုက်ချောင်းနေခဲ့သည်ဟု ထင်ရပေသည်။

'ခင်ဗျားက ဂျပ်စတင်အကြောင်း ဘာများ သိလို့လဲ'

နီကိုလာက ပြန်မေးသည်။

'သူက အခု မြို့ထဲမှာ ရောက်နေတယ်ဆိုတာ သိတယ်။ သူဟာ ယောကျ်ားတစ်ယောက်နဲ့ တွဲနေတယ်။ ဒီလူက ဘယ်သူဆိုတာတော့ ကျုပ်မသိဘူး။ ကျုပ်သဘောတော့ ဂျပ်စတင်နဲ့ မောင်ရင်တို့ ပြေလည်စေချင် တယ်'

'အခု ဂျပ်စတင်က ဘယ်မှာရှိသလဲ'

'လေးဆယ့်ခြောက်လမ်းက ဝတ်စုံဆိုင်တစ်ဆိုင်မှာ ရှိနေတယ်'

တွမ်ကင်က ပြောလိုက်ပြီးနောက် နီကိုလာသည် အခန်းပြင်ဘက်သို့ ထွက်သွားလေသည်။

သူဌေးကြီးတွမ်ကင်သည် တစ်ယောက်တည်း ကျန်ခဲ့သောအခါ စောစောက နီကိုလာ စားပွဲအံဆွဲထဲ ထည့်သွားသော အသံဖမ်းကိရိယာကို ပြန်ထုတ်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ တွမ်ကင်သည် ကျည်ဆန်အပြည့်ထိုးထားသော 'ပစ္စတို' သေနတ်ကို ကုတ်အင်္ကျီအတွင်း၌ အသင့်ဆောင်ထားလေသည်။

✦ ✦ ✦

ကင်ဂျူဆူသိုင်းပညာဆရာ ဖူကာရှိဂီသည် နံနက်အရုဏ်တက်ချိန်တွင် အိပ်ရာမှ နိုးနေပြီဖြစ်သည်။

သူသည်း နိုးနိုးချင်းပင် နီကိုလာအကြောင်း စဉ်းစားမိလေသည်။

အရေးကြီးသည့်အချိန်သည် နီးကပ်လာပြီဟုလည်း တွေးမိလေသည်။ ဖူကာရှိဂီအနေဖြင့် နီကိုလာကို အားကျခြင်း မဖြစ်မိချေ။ အတိတ်က ဖြစ်ရပ်များကိုသာ ပြန်လည်သတိရနေမိလေသည်။

ထိုအချိန်၌ နီကိုလာသည်လည်း ကယောင်ချောက်ချား အိပ်မက်တွေမက်ရာမှ ရုတ်တရက် နိုးလာလေသသည်။

နိုးနိုးချင်း သူပထမဆုံး သတိရမိသည်ကား သိုင်းဆရာဖူကာရှိဂီပင် ဖြစ်သည်။ ဖူကာရှိဂီနှင့် သွားတွေ့ဆုံမှ ဖြစ်မည်ဟုလည်း စဉ်းစားမိလေသည်။

✦ ✦ ✦

ဆိုင်ဂိုသည် အိပ်ယာမှနိုးလာလာချင်း နီကိုလာကို သတိရမိလေသည်။ မိမိအဖို့ အရေးကြီးဆုံး တာဝန်မှာ နီကိုလာအား သတ်ရန်ပင်ဖြစ်သည်ဟုလည်း စဉ်းစားမိလေသည်။ သူ၏ဘဝတွင် အများဆုံး အနှောင့်အယှက်ပေးခဲ့သူသည် နီကိုလာပင်ဖြစ်သည်ဟု ဆိုင်ဂိုက တစ်ထစ်ချ ယုံကြည်သောကြောင့် ဖြစ်လေသည်။

သူသည် ရှေးအစဉ်အဆက်က ဂျပန်သူရဲကောင်း စစ်သည်တို့၏ စိတ်ဓာတ်မျိုးရှိသူ ဖြစ်သည်။ လူတစ်ယောက်အဖို့ သိက္ခာရှိရှိနှင့် မြင့်မြတ်စွာ သေဆုံးရန်မှာ နည်းနှစ်နည်းသာ ရှိသည်ဟု ယုံကြည်လေသည်။ တစ်နည်းက စစ်မြေပြင်တွင် တိုက်ခိုက်ရင်း သေဆုံးရခြင်းဖြစ်၍ နောက်တစ်နည်းက မိမိကိုယ်ကို သတ်သေခြင်းဖြစ်သည်။ ဤနည်းနှစ်မျိုးမှလွဲ၍ တခြားသေဆုံးနည်းဖြင့် သေခြင်းသည် လုံးဝသိက္ခာမရှိ။ အလွန် ရှက်ဖွယ်ကောင်းသည်ဟု ဆိုင်ဂိုက ယုံကြည်လေသည်။



ထို့ကြောင့် သူသည် နီကိုလာနှင့်တကွ သူဌေးကြီးတွမ်ကင်ကို အမြန်ဆုံးသတ်မှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

✦ ✦ ✦

သိုင်းဆရာကြီး ဖူကာရှိတာဂီ၏ သင်တန်းကျောင်းတွင် ထိုနေ့ညက သင်တန်းများ ပိတ်ထားသဖြင့် လူရှင်းနေလေသည်။

နီကိုလာသည် ထိုကျောင်းသို့ ဝင်သွားသွားချင်း ဂျပန်ပြည် တိုကျိုမြို့၌ သူ၏ မူလဆရာကြီး ကန်ဆတ်ဆူနှင့် နောက်ဆုံးအကြိမ် တွေ့ဆုံခဲ့ရပုံကို ပြန်သတိရမိလေသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာခဲ့သည့်နောက်ပိုင်း သူ၏ ဘဝအခြေအနေကို ပြန်လည်သုံးသပ် စဉ်းစားမိလေသည်။ အမေရိကန်သို့ သူရောက်လာခဲ့သည်မှာ အတော်ကြာသွားပြီ ဖြစ်သည်။ သူသည် အမေရိကန်သို့ မလာဘဲ ဂျပန်ပြည်မှာပင် ဆက်လက်နေပါက မည်သို့နေမည်နည်းဟုလည်း စဉ်းစားကြည့်မိသည်။ သူ့အနေဖြင့် အစိုးရ အမှုထမ်းဝင်လုပ်ပြီး အရာရှိတစ်ဦးအဖြစ် နေနိုင်ပေသည်။ အိမ်ထောင်ပြုပြီး ဂျပန်ပြည်တွင် အခြေတကျ နေထိုင်ကာ သားသမီးတွေပင် ရရှိနေလောက်ပြီ ဟုလည်း ထင်မိသည်။

တဖန် သူ၏ချစ်သူ ဂျပ်စတင်အကြောင်း တွေးမိပြန်သည်။ သူသည် ဂျပ်စတင်အမည်ရှိ မိန်းကလေးအား ဟာကယ်ပင် ချစ်မြတ်နိုးနေမိပြီပါတကား။

ဤသို့ တွေးတောနေစဉ် သိုင်းဆရာကြီး ဖူကာရှိတာဂီ လှက်လာပြီး

'ဘယ့်နှယ်လဲ··· နီကိုလာ။ မင်းရဲ့ဟိုပစ္စည်း ယူလာခဲ့သလား'

ဟု မေးလိုက်သည်။

'ဟုတ်ကဲ့ ယူလာခဲ့ပါတယ်။ တစ်နေ့ကျရင် ဒီပစ္စည်းကို ဆရာကြီးဆီ ယူလာခဲ့ရမှာပဲဆိုတာ ကျွန်တော်သိနေပါတယ်'

နီကိုလာက ပြန်ပြောလိုက်သည်။

'ဒါဖြင့် လာပါ။ ငါနဲ့ လိုက်ခဲ့'

ပြောပြောဆိုဆို ဖူကာရှိတာဂီသည် နီကိုလာအား အတွင်းအခန်းတစ်ခန်းသို့ ခေါ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းတွင်း၌ စားပွဲကုလားထိုင်မရှိဘဲ ဖျာများခင်းထားလေသည်။

ဆရာကြီး ဖူကာရှိဂီသည် ဖျာပေါ်တွင် တင်ပလ္လင်ခွေထိုင်လိုက်ပြီး နီကိုလာကိုလည်း သူ၏မျက်နှာချင်းဆိုင်ဘက်တွင် ထိုင်စေသည်။

'ကိုင်း… မင်း ယူလာတဲ့ပစ္စည်းကို တို့နှစ်ယောက်ကြားမှ ချလိုက် စမ်း'

ဖူကာရှိဂီက ပြောလိုက်လျှင် နီကိုလာသည် သူ ယူဆောင်လာခဲ့သော အထုပ်ကို ဖျာပေါ်တွင် ချပြီးနောက် ဖြေလိုက်သည်။

အတွင်းမှ ပစ္စည်းကား နဂါးရုပ်နှင့် ကျားရုပ်ပါရှိသော သေတ္တာ ဖြစ်လေသည်။ နီကိုလာငယ်စဉ်က သူ၏မိဘများအား အဘိုးကြီးပိုဆင်က အမြတ်တနိုးပေးလိုက်သော ရတနာသေတ္တာပင် ဖြစ်သည်။

'သေတ္တာကို ဖွင့်လိုက်ပါ'

ဖူကာရှိတာဂီက ပြောလိုက်သဖြင့် နီကိုလာသည် သေတ္တာအဖုံးကို ဖွင့်လိုက်သည်။

အတွင်း၌ကား အရည်အသွေး အလွန်ကောင်းလှသော 'မြ' ရတနာ ကိုးလုံးရှိနေပြီး အရောင်တဖျပ်ဖျပ် လက်နေသည်။

ဆရာကြီး ဖူကာရှိတာဂီသည် မြရတနာများကို အလွန်အံ့သြစွာ ငေးမော ကြည့်နေမိလေသည်။ ခဏကြာမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး

'ငါ့အနေနဲ့ ဒီလိုပစ္စည်းမျိုး တစ်သက်မှာ မြင်ဖူးလိမ့်မယ်လို့ မမျှော်လင့်ခဲ့မိဘူး။ အခုဆိုရင် ရတနာကိုးလုံးစလုံး အပြည့်အစုံ ရှိနေတာပဲ'

ဟု ပြောလိုက်သည်။

ဆရာကြီး ဖူကာရှိဂီသည် အသက်အရွယ်ကြီးရင့်သူ အဘိုးကြီးတစ်ဦး ဖြစ်နေပြီဖြစ်သည်။ ယခု သူသည် မိမိဘဝ ခရီးတစ်လျှောက် အတိတ်က အတွေ့အကြုံများကို ပြန်လည်စဉ်းစားမိဟန် တူလေသည်။

သူသည် နီကိုလာအား လှမ်းကြည့်လိုက်ပြီး စကားဆက်ပြောလေ သည်။

'ဂျပန်ပြည် ကျိုတိုမြို့မှာ မင်းငါ့ဆီကို လာတွေ့တာ နှစ်ပေါင်း အတော်ကြာသွားပြီကွယ့်။ ငါ မှတ်မိပါသေးတယ်။ အဲဒီတုန်းက ငါ့ရဲ့မိတ်ဆွေ ကြီး ဆရာကန်ဆတ်ဆူက မိတ်ဆက်ပေးလိုက်တဲ့စာသာ ပါမလာခဲ့ရင် ငါက မင်းကို လုံးဝလက်သင့်မခံဘဲ နှင်လွှတ်လိုက်မှာ သေချာတယ်။ တကယ်တော့ ဆရာ ကန်ဆတ်ဆူက ရေးပေးလိုက်တဲ့စာကို ဖတ်ပြီးတော့တောင်မှ ငါ့စိတ်ထဲ



မှာ ကောင်းကောင်း ဘဝင်မကျခဲ့ဘူး။ မင်းကို နင်ဂျူဆူခေါ်တဲ့ နင်းဂျားအတတ် ပညာ သင်ပေးတာဟာ မှန်ပါ့မလားလို့ သံသယဖြစ်ခဲ့မိတယ်။ ဘာကြောင့်လဲ ဆိုတော့ နင်းဂျားအတတ်ဟာ အတော်ဆန်းကြယ် နက်နဲလှပြီး သာမန်လူတွေ အနေနဲ့ မလေ့လာဘဲ ရှောင်လေ့ရှိတယ်။ မင်းရဲ့ဆရာကြီး ကန်ဆတ်ဆူ ကိုယ်တိုင်က နင်းဂျားမဟုတ်ဘူး။ နောက်တစ်ချက်က သူ့ဆီက စာယူလာတဲ့ မင်းရဲ့အင်္ဂါရုပ်က အနောက်တိုင်းသား အင်္ဂါရုပ်မျိုး ဖြစ်နေတယ်။ ဟိုအချိန်တုန်း က ငါဟာမင်းကို လက်မခံဘဲ ပြန်လွှတ်လိုက်ဖို့ စိတ်ကူးမိသေးတယ်။ ဒါပေမယ့် ဒီနေ့ အခြေအနေအရ မင်းကိုငါက ပြန်လွှတ်လိုက်ရင် မှားသွား မယ်ဆိုတာ အခုတော့ ငါသဘောပေါက်ပါပြီ။ ဟိုတုန်းကတော့ ငါက အကျိုးအကြောင်း အပြည့်အစုံမှ မသိသေးဘဲကိုး'

'ဟုတ်ကဲ့ ဆရာကြီး'

'ဘာပဲဖြစ်ဖြစ် မင်းဟာ ဂျပန်လူမျိုး အစစ်မဟုတ်လဲ အနောက်နိုင်ငံ သားသွေးပါတဲ့ ကပြားထဲက ဒီအတတ်ပညာကို ပထမဆုံး လေ့လာသင်ကြား ခဲ့ရတဲ့ လူတစ်ယောက်ဖြစ်တယ်။ ဒါပေမယ့် ငါသင်ကြားပေးခဲ့ရသမျှ တပည့် တွေထဲမှာ မင်းဟာ အတတ်ဆုံးတပည့်ဖြစ်တာကိုသိရတော့ ငါ့အနေနဲ့ ဝမ်းမြောက်ဂုဏ်ယူမိတယ်'

နီကိုလာက ဘာမှမပြောဘဲ ခေါင်းညိတ်၍ ဆက်နားထောင်နေလိုက် သည်။

'မင်းဟာ ငါ့ဆီကို လာခဲ့တာဟာ အကြောင်းတစ်ခုရှိလို့ လာခဲ့တာ ဖြစ်ရမယ်။ အခု အဲဒီအကြောင်းနဲ့ ပတ်သက်လို့ အချိန်ကျရောက်လာပြီမို့ ပြန်လာတာ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး။ အချိန်ကျရောက်လို့ လာခဲ့တာပါပဲ'

ဤသို့ အစချီကာ နီကိုလာသည် သူ၏မိတ်ဆွေ တယ်ရီတာနာကာ နှင့် ဗင်းဆင့်အီတိုတို့ အသတ်ခံခဲ့ရပုံအကြောင်းကို အသေးစိတ် ပြောပြလေ သည်။

ဆရာကြီး ဖူကာရှိတာဂီသည် နီကိုလာ၏ပြောပြချက်ကို ငြိမ်သက်စွာ နားထောင်နေပြီးနောက် ခေတ္တစဉ်းစားနေပြီးမှ နီကိုလာ၏မျက်နှာကို ငေးကြည့် လိုက်သည်။

'မင်းဟာ ငါ့ဆီလာပြီး လေ့ကျင့်သင့်ကြားမှု ယောင်ချိန်က သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



အခိဋ္ဌာန် ပြုခဲ့တယ် မဟုတ်လား။ နောက်ပိုင်းမှာတော့ မင်းက လုပ်သင့် လုပ်ထိုက်တာတွေ မလုပ်ခဲ့ဘူး။ ဒါကြောင့် အခုဆိုရင် မင်းရဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသုံးဦး အပါအဝင် လူတွေသေခဲ့ရတယ်'

'မှန်ပါတယ် ဆရာကြီး။ ကျွန်တော်ဟာ အမေရိကန်နိုင်ငံကို ရောက်လာပြီးတော့ တစ်မျိုးပြောင်းလဲလာသလို ဖြစ်ခဲ့ပါတယ်။ ကျွန်တော့် မိတ်ဆွေ ဗင်းဆင့်အီတိုအနေနဲ့ အမေရိကန်ရောက်လာပြီး စိတ်ဓာတ်ပြောင်းသွားသလို ကျွန်တော်လဲ ပြောင်းလဲခဲ့လား မပြောတတ်ဘူး။ ကျွန်တော်ဟာ အမေရိကန်ပြည်ကို လုံးဝမလာဘဲ နေခဲ့ရင် အကောင်းသားလို့ပဲ ထင်မိပါတယ်'

'ဒီလိုလဲ မဟုတ်ပါဘူး။ မင်းက ဘယ်မှာပဲနေနေ မင်းရဲ့ကံကြမ္မာက ဒီတိုင်း ဖြစ်လာမှာပဲ'

'ကျွန်တော်ရဲ့ဘဝက ဆိုင်ဂိုတို့ ယူကီအိုတို့နဲ့ တောက်လျှောက် ပတ်သက်နေပါတယ်'

'ဒီလိုရှိတယ် နီကိုလာ။ ကံကြမ္မာဖန်တီးလာတာကို လက်ခံရမယ် ဆိုပေမယ့် စိတ်ဓာတ်ကျဖို့ သိမ်ငယ်နေဖို့ မလိုဘူး။ မလွဲမသွေ ဖြစ်လာမယ့် အခြေအနေကိုတော့ ရင်ဆိုင်ရမယ်။ အဲဒီလို ရင်ဆိုင်ဖို့ စိတ်ထဲမှာ ဆုံးဖြတ်ထားလိုက်ပြီဆိုရင် မင်းရဲ့စိတ်ဟာ ကြည်လင်လာလိမ့်မယ်'

'ဟုတ်ကဲ့…ကျွန်တော် နားလည်ပါပြီ ဆရာကြီး'

နီကိုလာက ပြန်ပြောလိုက်လျှင် ဆရာကြီး ဖူကာရှိဂိသည် ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီးနောက် သူ၏ ဝတ်စုံအတွင်းမှ ဂျပန်ပြည်တွင်းဖြစ် စက္ကူကြမ်းတစ်ထပ်ကို ထုတ်ယူလိုက်သည်။ စက္ကူချပ်များမှာ နှစ်ရှည်လများ သိမ်းဆည်းထားဟန်ဖြင့် ဟောင်းနွမ်းနေပြီး သပ်ရပ်စွာ ခေါက်ထားလေသည်။

ဖူကာရှိတာဂိက ထိုစက္ကူချပ်များကို နီကိုလာအား လှမ်းပေးလိုက်သည်။

'ဒီစာတွေဟာ ဆရာကန်ဆတ်ဆူက ရေးပေးလိုက်တာပဲ။ အခု ငါက မင်းလက်ကို ပေးအပ်တာဟာ သူညွှန်ကြားခဲ့တဲ့အတိုင်း ပေးအပ်ရခြင်း ဖြစ်တယ်'

✦ ✦ ✦

ဒေါက်တာ ဒီယားဖို့သည် မော်တော်ကားတစ်စီးကို သင်္ကာမကင်း ဖြစ်မိလေသည်။



ကားက 'ဖို့ဒ်' အမျိုးအစား အနက်ရောင် 'ဆီဒင်' ကားဖြစ်ပြီး ကားမောင်းသူကို ကောင်းစွာမမြင်ရသော်လည်း ထိုကားသည် 'ဂျပ်စတင်' ၏ အနီရောင်ကားနောက်မှ လိုက်မောင်းသွားသည်ကို မြင်ရလေသည်။ ယင်းသို့ လိုက်သွားခြင်းကို သင်္ကာမကင်း ဖြစ်မိသဖြင့် ဒေါက်တာ ဒီယားဖို့သည် သူ၏ကားပေါ်သို့ လျင်မြန်စွာတက်၍ ထို အနက်ရောင် ဆီဒင်ကား နောက်မှ မသိမသာ လိုက်မောင်းသွားသည်။

ထို့ကြောင့် ရှေ့ဆုံးမှ ဂျပ်စတင်၏ကား၊ ထို့နောက် အနက်ရောင် ဆီဒင်ကား၊ တဖန် နောက်ဆုံးမှ ဒေါက်တာဒီယာဖို့၏ကားက မောင်းကာ မြို့ပြင်ဘက်သို့ ထွက်သွားလေသည်။

မိမိက နောက်မှလိုက်လာသည်ကို မရိပ်မိစေရန် ဒေါက်တာဒီယားဖို့က သူ၏ကားကို ခပ်ခွာခွာမောင်းသဖြင့် မြို့ပြင်တစ်နေရာတွင် ရှေ့မှကားများကို မျက်ခြည်ပြတ်သွားလေသည်။

သို့သော် ရောက်ရှိနေသည့် နေရာကိုတော့ သူသည်ကောင်းစွာ သိပေသည်။ ထိုနေရာမှာ မြို့ပြင်ဘက် ကမ်းစပ်အနီးရှိ သူဌေးကြီးတွမ်ကင်၏ အိမ်တစ်လုံးရှိသည့်နေရာ ဖြစ်သောကြောင့် ဂျပ်စတင်သည် ထိုအိမ်သို့ သွားခြင်း ဖြစ်ရမည်ဟု တွက်မိလေသည်။

ဂျပ်စတင်၏ နောက်မှ 'ဖို့ဒ်' ဆီဒင်ကားက ဘာကြောင့် ခြေရာခံ လိုက်နေရသနည်း။ မည်သူက လိုက်နေခြင်း ဖြစ်လေသနည်း။

ထိုမေးခွန်းများ၏ အဖြေကို စဉ်းစား၍ မရသော်လည်း ဒေါက်တာ ဒီယားဖို့သည် သူဌေးကြီး တွမ်ကင်၏ အိမ်ရှိရာဘက်သို့ ဆက်သွားလိုက်သော အခါ အနက်ရောင် 'ဆီဒင်' ကားရပ်ထားသည်ကို တွေ့ရလေသည်။

ထို့ကြောင့် သူသည် ကားပေါ်မှဆင်း၍ 'ဆီဒင်' ကားရှိရာသို့ လျှောက်သွားလေသည်။ အနီးသို့ ရောက်၍ သေချာစွာ ကြည့်လိုက်သောအခါ ကားအတွင်း၌ မည်သူမှ မရှိကြောင်း တွေ့ရှိရလေသည်။

ထိုအချိန်၌ ဒေါက်တာဒီယားဖို့သည် စိုးရိမ်ပူပန်စိတ်ကြောင့် ချွေးများ ပြန်နေလေသည်။

ကားအတွင်းသို့ ထပ်မံသေချာစွာ ကြည့်နေစဉ် သူ၏နောက်များဆီမှ အသံလိုလိုကြားရသဖြင့် လှည့်ကြည့်လိုက်သော်လည်း နောက်ကျသွားလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝီကနဲမြည်သောအသံနှင့်အတူ သူ၏ခြေထောက် ခြေကျင်းဝတ်ဆီသို့ သံချိန်းကြိုးတစ်ခု လာရောက်ရစ်ပတ်ပြီး တစ်စုံတစ်ယောက်က တအား လှမ်းဆွဲလိုက်သလို ဒေါက်တာဒီယားဖို့သည် မြေပြင်ပေါ်သို့ လဲကျသွားလေ သည်။

ပြန်ထမည်ပြုစဉ် သံကြိုးကို တစ်စုံတစ်ယောက်က ဆွဲလိုက်သဖြင့် တရွတ်တိုက်ပါသွားပြန်လေသည်။

တစ်ချိန်တည်းမှာပင် သူ၏လည်ပင်းဆီသို့ ဓားတစ်လက်က လာ ထောက်ထားလေသည်။

ဒေါက်တာ ဒီယားဖို့သည် ဓားကိုင်ထားသူကို ကြည့်လိုက်ရာ ရှေးဦးစွာ သတိပြုမိသောအရာကား ထို လူ၏မျက်လုံးများပင် ဖြစ်သည်။

မျက်လုံးများမှာ သာမန်လူတို့၏ မျက်လုံးနှင့်မတူဘဲ လူသေမျက်လုံး များနှင့် တူသည်ဟု ထင်ရပေသည်။

ဤလူကား သာမန်လူတစ်ယောက်မဟုတ်ဟု စဉ်းစားမိရာမှ နင်းဂျား ပင် ဖြစ်ရမည်ဟု ဆက်လက်တွေးမိလေသည်။ မိမိအနေဖြင့် အလွန် ကြောက်နေ သော နင်းဂျားက ယခုတော့ မိမိအား သတ်ရန်အသင့်ပြင်နေပြီဟု ထင်ရပေ သည်။

ဒေါက်တာ ဒီယားဖို့သည် တုန်လှုပ်ချောက်ချားလျက် လုံးဝမလှုပ်ရှား ဝံ့ဘဲ ရှိနေစဉ် ထိုလူက ခပ်တိုးတိုးမေးလေသည်။

'ခင်ဗျားက ကျုပ်နောက်ကို ဘာကြောင့် လိုက်ခဲ့တာလဲ'

ဤတွင် ဒေါက်တာ ဒီယားဖို့သည် အရဲစွန့်၍

'ခင်ဗျားကကော ဟိုမိန်ကလေးနောက်ကို ဘာကြောင့် လိုက်တာလဲ'

ဟု ပြန်မေးလိုက်သည်။

ထိုလူက ပြန်မဖြေဘဲ

'ခင်ဗျား ဘာကြောင့် ကျုပ်နောက်ကို လိုက်တာလဲ'

ဟု ထပ်မေးလိုက်ပြန်သည်။

ထိုအချိန်၌ ဒေါက်တာ ဒီယားဖို့၏ စိတ်ထဲတွင် ငါတော့ဧကန်မုချ သေရတော့မည်ပါတကားဟု တထစ်ချယူဆနေမိလေသည်။

သူသည် တုန်လှုပ်ချောက်ချားလွန်း၍ ကောင်းစွာအသက်ရှူ၍ မရသလိုလည်း ဖြစ်နေလေသည်။



သို့သော် ...

မည်သို့မှလည်း ပြန်လည်ခုခံနိုင်ခြင်း မရှိချေ။

သူက မြေပြင်ပေါ် ပက်လက်လဲကျနေစဉ် နင်းဂျားသည် ဒူး တစ် ဘက်ဖြင့် ရင်ဘတ်ပေါ် ဖိထားလိုက်သည်။

နင်းဂျား သို့မဟုတ် ဆိုင်ဂိုသည် ကြာရှည် အချိန်ဖြုန်းနေရန် မလို တော့ဟု ဆုံးဖြတ်လိုက်ဟန်ဖြင့် ဒေါက်တာ ဒီယားဖို့၏ လည်ပင်းဆီသို့ သူ၏ဓားကို တအား ထိုးစိုက်လိုက်လေသည်။

✦ ✦ ✦

နီကိုလာသည် ဆရာကြီး ဖူကာရီတာဂီရှေ့တွင်ပင် သူ၏လက်ဦးဆရာ ကန်ဆတ်ဆူ၏ စာကို ဖတ်ကြည့်လေသည်။

'မင်းရဲ့ ဖခင်ကြီးဟာ ဆာဆူဂိုင်ဆိုတဲ့လူကို မူလကတည်းက မယုံသင်္ကာ ဖြစ်ခဲ့တယ်။ မင်း ဖခင် ဗိုလ်မှူးကြီးအနေနဲ့ ဆာဆူဂိုင်ဟာ အလွန်အင်အားကြီးမားတဲ့ ဗိုင်ဘတ်ဆူအဖွဲ့က ခေါင်းဆောင်တစ်ဦး ဖြစ် ကြောင်း သိခဲ့တဲ့အပြင် အဲဒီဗိုင်ဘတ်ဆူ ဂျပန်အဖွဲ့အစည်းမှာ အထူးလျှို့ဝှက်တဲ့ အဖွဲ့အစည်းတွေ သူလျှိုတွေ ရှိခဲ့တယ်ဆိုတာပါ ရိပ်မိခဲ့တယ်။ ဒါနဲ့ ဗိုလ်မှူးကြီးဟာ ဆက်လက်စုံစမ်းထောက်လှမ်းကြည့်တော့ ဆာဆူဂိုင်ဟာ 'ဂင်ယိုရှာ'အဖွဲ့နဲ့ တိုက်ရိုက်ဆက်သွယ် ပတ်သက်နေကြောင်း သိခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်မှာ မင်းရဲ့ဖခင်ကြီးဟာ ဂျပန်ပြည်က 'ဂင်ယိုရှာ' အဖွဲ့အစည်းကို ချေမှုန်းပစ်ချင်တဲ့ ဆန္ဒရှိခဲ့တယ်။ သို့သော်လည်း သူတို့က အလွန်လျှို့ဝှက်တဲ့အတွက် ဘယ်သူဘယ်ဝါဆိုတာ သိဖို့ခက်နေတယ်။ ဒါကြောင့် မင်းရဲ့ ဖခင်ကြီးဟာ နည်းပရိယာယ်တစ်မျိုး သုံးခဲ့တယ်။ အဲဒီ အချိန်မှာ ဆာဆူဂိုင်ကို မဟာမိတ်တပ်ပေါင်းစု စစ်တရားခံအဖြစ် ရုံးတင် အရေးယူတော့ မယ့်ဆဲဆဲ ဖြစ်နေတော့ မင်း ဖခင်ကြီးက ဆာဆူဂိုင်ဘက်ဝင်ပြီး ရပ်တည်ကူညီခဲ့ တဲ့အတွက် ဆတ်ဆူဂိုင်ဟာ စစ်ခုံရုံးတင်ခြင်း မခံခဲ့ရဘဲလွတ်သွားတယ်။ မင်း ဖခင်ကြီးရဲ့ အကြံက ဆာဆူဂိုင်က လွတ်လပ်နေပြီး ဆက်လက်လှုပ်ရှားရင် သူ့ကိုအကဲခတ် စောင့်ကြည့်ခြင်းဖြင့် 'ဂင်ယိုရှာ'အဖွဲ့ ထိပ်သီးခေါင်းဆောင်တွေ ဖမ်းမိဖို့ သဲလွန်စ ရလာမှာပဲလို့ ယူဆတယ်။ ဗိုလ်မှူးကြီးရဲ့ အကြံက အလွန် ကောင်းပါတယ်။ သို့သော်လည်း ဆတ်ဆူဂိုင်က ရိပ်မိသွားတယ်။ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာက သူ့ကို မဟာမိတ် စစ်ခုံရုံးတင်မခံရအောင် မင်းဖခင်ဗိုလ်မှူးကြီးက ကူညီကယ်ဆယ် ထားလေတော့ ဆတ်ဆူဂိုင်ဟာ ဗိုလ်မှူးကြီးကို တုံ့ပြန်ရန်ပြုလို့ မဖြစ်ဘူး။ သူဟာ ရှေးရိုးရာဂျပန်လူမျိုးတို့ရဲ့ ခံယူချက် အပြည့်အဝရှိသူဖြစ်တဲ့အတွက် သူ့အနေနဲ့ ဗိုလ်မှူးကြီးဟာ သူ့ရန်သူမှန်းသိသော်လည်း လက်ဖျားနဲ့ မထိဖို့ စိတ်ကူးခဲ့တယ်။

'ဒီတော့ သူက တစ်မျိုးကြံစည်ခဲ့တယ်။ ဆာဆူဂိုင်က သူ့သား ဆိုင်ဂိုကို နင်းဂျားလို့ ခေါ်တဲ့ နင်းဂျား အတတ်သင်ကျောင်းကို စေလွှတ်ပြီး သင်ကြားစေခဲ့တယ်။ ရည်ရွယ်ချက်ကတော့ သူ့အနေနဲ့ လက်ဖျားနဲ့ထိလို့ မဖြစ်တဲ့ ဗိုလ်မှူးကြီးကို သူ့သား ဆိုင်ဂိုက တုံ့ပြန်စီရင်ဖို့ပဲ။ နင်းဂျား အတတ်ဟာ ဂျပန်ပြည်မှာ ကြောက်စရာအကောင်းဆုံး တိုက်ခိုက်သတ်ဖြတ်နည်းဆိုတာ မင်းလည်း အသိပဲ မဟုတ်လား။ ဒီအချိန်မှာ ဗိုလ်မှူးကြီးဟာ ဆတ်ဆူဂိုင်ကို တရားဥပဒေအရ အရေးယူလို့ မရတော့ဘူး။ ဒီတော့ မင်း ဖခင်ကြီးဟာ ဂျပန်လူမျိုးတို့ရဲ့ စိတ်ဓာတ်အတွေးအခေါ်ကို ကျင့်သုံးလိုက်တယ်။ သူကိုယ်တိုင် ဆာဆူဂိုင်ကို သတ်ပစ်လိုက်တယ်'

ဤတွင် နီကိုလာသည် အလွန်အံ့အားသင့် တုန်လှုပ်သွားမိလေသည်။ သူ၏ မိခင်ကြီး ချိုယွန်က သူ့ကိုယ်သူ (ဆေပုကူ)လုပ်၍ သတ်သေသွားခဲ့သည်မှာလည်း ထိုကိစ္စကြောင့်ပင် ဖြစ်တန်ရာသည်ဟု တွေးမိလေသည်။

'နီကိုလာ··· စာကို ဆက်ဖတ်ပါဦး။ မင်း မသိသေးတာတွေ အများကြီး ရှိသေးတယ်'

ဆရာကြီး ဖူကာရှိတာဂီက သတိပေးသလို ပြောလိုက်သဖြင့် နီကိုလာသည် ကန်ဆတ်ဆူ၏စာကို ဆက်ဖတ်လေသည်။

'မင်းရဲ့ ဖခင်ကြီးဟာ အလွန်ထူးချွန်တဲ့ စစ်သူကြီးကောင်းတစ်ဦးဖြစ်တာ အမှန်ပဲ။ သူက ဆာဆူဂိုင်ကို သတ်ခဲ့တာကို ဘယ်သူမှ မရိပ်မိကြဘူး။ သံသယလည်း မဖြစ်ခဲ့ကြဘူး။ သို့သော်လည်း ဆာဆူဂိုင်ရဲ့သား ဆိုင်ဂိုဟာ ကင်ဂျူဆူလို့ခေါ်တဲ့ နင်းဂျားအတတ်ပညာကို လေ့လာခဲ့ပြီးဖြစ်တဲ့အတွက် သူ့အဖေ ဆာဆူဂိုင်သေရပုံကို စဉ်းစားပြီး ရိပ်မိလာတယ်။ ဒါကြောင့် ဆိုင်ဂိုက တုံ့ပြန်ကလဲ့စားချေဖို့ ကျိတ်ပြီးကြံစည်ခဲ့တယ်။ 'ယိုဂင်'ဆိုတဲ့ ဓာတုဗေဒ ပညာအကြောင်း မင်းအခုလောက်ဆိုရင် သိပြီးထင်ပါတယ်။ လူတစ်ယောက်ကို ဓာတုဗေဒနည်းနဲ့ အဆိပ်ခတ်ပြီးသတ်တဲ့ နည်းတွေ အမျိုးမျိုးရှိတယ်။



အဆိပ်ကလဲ ရုတ်တရက် မသေစေဘဲ တဖြည်းဖြည်းမှ သေတဲ့အတွက် ဘယ်သူကမှ အဆိပ်သင့်သေတာလို့ မထင်ရဘူး။ အဲဒီနည်းနဲ့ မင်းဖခင်ကြီး သေဆုံးခဲ့ရတယ်လို့ ငါထင်တယ်။ ရှင်းရှင်းကတော့ ဆိုင်ဂိုက မင်းရဲ့ဖခင်ကြီးကို အဆိပ်ခပ်ပြီး သတ်ပစ်လိုက်တာပဲ'

နီကိုလာသည် စာဖတ်ရင်း စိတ်ထိခိုက် ဝမ်းနည်းလာပြီး မျက်ရည်များ ကျလာလေသည်။ သို့သော် စာက မဆုံးသေးသဖြင့် ဆက်ဖတ်လေသည်။

'ဒီနေရာမှာ ငါက တောင်းပန်ချင်တယ်။ ငါဟာ နင်းဂျားတစ်ဦး မဟုတ်ပါဘူး။ ဒါပေမယ့် မင်းရဲ့ဖခင်ကြီး သေဆုံးရတာဟာ ငါအနေနဲ့ တာဝန်ရှိတယ်လို့ ယူဆမိတယ်။ သူဟာ ငါ့အပေါ် အလွန်ကောင်းခဲ့တဲ့ မိတ်ဆွေကြီး တစ်ဦးဖြစ်တယ်။ မင်းဖခင်ကြီး သေဆုံးခဲ့ရတဲ့အတွက် ပြန်ပြီး ကလဲ့စားချေဖို့ တာဝန်ရှိတယ်လို့လည်း ယူဆမိတယ်။ ဒါအတွက် ငါကိုယ်တိုင် လက်တွေ့ ဆောင်ရွက်ဖို့ အခြေအနေမရှိတော့ မင်းကိုပဲ အားကိုးမိတယ်။ ဒါကြောင့် မင်းကိုဒီကျောင်းမှာ ပညာသင်ဖို့ လွှတ်လိုက်ရခြင်း ဖြစ်တယ်။ အခု ဒီစာကို မင်းဖတ်နေချိန်မှာ ငါ့ရဲ့မိတ်ဆွေပြီး 'ဖူကာရှိဂီ'ဟာ မင်းအနားမှာ ရှိနေလိမ့်မယ်။ ဒါပေယ့် ငါကတော့ သေဆုံးနေပြီဖြစ်လိမ့်မယ်။ ဒီကျောင်းမှာ မင်းအတတ်ပညာလေ့လာသင်ကြားဖို့ သင်တန်းကြေးငွေကိုလည်း အပြည့်အဝ ပေးထားပြီးဖြစ်တယ်။ ဒါတွေအားလုံးကို ငါမသေခင်မှာ စီစဉ်ခဲ့တာပဲ။ မင်းက ငါအခုလို စီစဉ်ဆောင်ရွက်ခဲ့တာကို ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်'

စာကို ဆုံးအောင်ဖတ်ကြည့်ပြီးနောက် နီကိုလာသည် မိခင်၊ ဖခင် နှစ်ဦးစလုံးကို သတိရပြီး မျက်ရည်ဖြိုင်ဖြိုင် ကျနေလေသည်။

ဆရာကြီး ဖူကာရှိတာဂီကတော့ ဘာမျှမပြောဘဲ ငြိမ်သက်စွာပင် ထိုင်နေလေသည်။

---

## ၁၂

သူဌေးကြီးတွမ်ကင်၏ သီးသန့်အိမ်တစ်လုံးသည် ပင်လယ်ကမ်းစပ် အနီးတွင် တည်ရှိလေရာ ဂျပ်စတင်သည် ထိုအိမ်ကြီးသို့ ရောက်ရှိနေလေသည်။

သူမသည် တစ်ယောက်တည်း စဉ်းစားနေလေသည်။ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အစ်ဖြစ်သူ ဂယ်လ်ခါကို သတိရနေမိလေသည်။ ဂယ်လ်ခါကတော့ ထိန်းရန်အလွန်ခက်သော အမျိုးသမီးတစ်ဦး ဖြစ်နေလေပြီတကား

ဂျပ်စတင်သည် ခုတင်ပေါ်တွင် ပက်လက်လှဲရင်း မျက်စိမှိတ်ကာ လေးလေးနက်နက် စဉ်းစားနေလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေ၍ အနှောင့်အယှက် ကင်းစွာဖြင့် စဉ်းစားနိုင်သည်ကိုပင် သူမအနေဖြင့် သဘောကျနေမိလေသည်။

ဂျပ်စတင်သည် ရောက်တတ်ရာရာ စဉ်းစားနေရင်း သူမ၏ဘဝ ရှေ့ရေး ကံကြမ္မာမည်သို့ ဖန်တီးလာမည်နည်းဟုလည်း တွေးနေမိလေသည်။

မျက်လုံးမှိတ်ထားသဖြင့် အိပ်နေသည်ဟု ထင်ရသော်လည်း စင်စစ် သူမသည် အိပ်ပျော်နေခြင်း မဟုတ်။ မျက်စိမှိတ်၍ စဉ်းစားနေခြင်းသာ ဖြစ်လေသည်။

ထိုအချိန်မှာပင်

ဆိုင်ဂိုသည် ထိုအိမ်သို့ရောက်ရှိလာပြီး ဂျပ်စတင်တစ်ယောက်တည်း ရှိနေသည်ကို တွေ့ရလေသည်။

ဆိုင်ဂိုသည် ဂျပ်စတင်အနီးသို့ ချဉ်းကပ်လာပြီး သူတတ်ကျွမ်းသော စိတ်ညို့အတတ်ပညာဖြင့် စိတ်ကို ညို့လိုက်သည်။

ဆိုင်ဂို ယခုလာခြင်းကား နင်းဂျားအဖြစ် လာရောက်ခြင်းပင်တည်း။

✦ ✦ ✦

ဆရာကြီး ဖူကာရှိတာဂီသည် အတန်ကြာကြာ ဆိတ်ဆိတ်နေရာမှ နီကိုလာက စာရွက်များကို ပြန်ခေါက်သိမ်းလိုက်ပြီး စကားပြောလေသည်။

'မင်းရဲ့ဆရာ ကန်ဆတ်ဆူက မင်းကို ဒီအကြောင်းတွေ အခုမှ အသိပေးတာဟာ အကြောင်းရှိတယ်။ တကယ်လို့ အဖြစ်မှန်ကို ခပ်စောစော သိရင် မင်းဟာ ရှေ့ အလောတကြီးနဲ့ ဆိုင်ဂိုကို လိုက်ရှာပြီး ရင်ဆိုင်ဖို့ ကြိုးစား မှာဖြစ်တယ်။ အဲဒီတုန်းက မင်းဟာ အတတ်ပညာမှာ အဆင်သင့်မဖြစ်သေး တော့ ဆိုင်ဂိုက မင်းကို အလွယ်နဲ့ အနိုင်ယူပြီး သုတ်သင်လိုက်မှာ သေချာတယ်'

ဖူကာရှိတာဂီက ဤသို့ပြောလိုက်လျှင် နီကိုလာက

'ဒါဖြင့် အခုကော ဘယ်လိုလဲ ဆရာကြီး'

ဟု ပြန်မေးလိုက်သည်။



'အခုလဲပဲ… မင်းဟာ အတတ်ပညာ ပြည့်စုံနေပေမယ့် လူချင်းရင်ဆိုင် တဲ့အခါ ဆိုင်ဂိုက မင်းကို နိုင်အောင် ယှဉ်ပြိုင်နိုင်သေးတယ်လို့ ငါထင်တယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ကင်ဂျူဆူအတတ်ပညာအပြင် နောက်ထပ် တခြားပညာတွေကိုပါ လေ့လာထားတယ်လို့ သိရတယ်။ အထူးသဖြင့် တရုတ်ပြည်မြောက်ပိုင်း မွန်ဂိုလီးယားပြည်နယ်က လျှို့ဝှက်ဆန်းကြယ်တဲ့ သမထပညာတွေကို သူ လေ့လာထားတယ်။ အဲဒီ အတတ်က လျှို့ဝှက်ဆန်း ကြယ်လွန်းလို့ မျက်လှည့်ပညာလို့တောင် ထင်ရတယ်'

'ကျွန်တော် လေ့လာခဲ့တဲ့ နင်ဂျူဆူအတတ်ဟာလဲ မျက်လှည့် ပညာသဘော ဆန်းကျယ်တာတွေ ပါဝင်တာပဲ မဟုတ်လား'

'ဒီလိုမဟုတ်ဘူး။ ကင်ဂျူဆူ အတတ်ပညာရဲ့ ဆန်းကြယ်မှုတွေက မျက်လှည့်သဘောလို့ ထင်ရလောက်အောင် စိတ်တန်ခိုးနဲ့ ဖန်တီးတာသာ ဖြစ်တယ်။ တကယ့်မျက်လှည့်ပညာလို မဟုတ်ဘူး'

ဖူကာရှိတာဂီက ဤသို့ ပြောလိုက်သောအခါ နီကိုလာသည ဆရာကြီး နှင့် ပြန်လည်ငြင်းခုန်နေခြင်းငှား မသင့်ဟု ဆုံးဖြတ်လိုက်ပြီး ဆက်လက် မပြောဘဲ နေလိုက်သည်။

ထို့နောက်

နှစ်ယောက်သား ညစာအတူ စားကြလေသည်။ စားသောက်နေချိန် တွင် နီကိုလာသည် စကားမပြောဘဲ ဆိတ်ဆိတ်နေ၍သာ စားနေလေသည်။

စားသောက်ပြီးသောအခါ ဆရာပြီးဖူကာရှိတာဂီသည် နီကိုလာအား မြရတနာများပါသော သေတ္တာငယ်အကြောင်းကို ထပ်မံ၍ ပြောလေသည်။

'ဒီမယ် နီကိုလာ။ ဒီရတနာသေတ္တာဟာ မင်းအတွက် 'ကိုကိုရိ' အစစ်ဖြစ်တယ်'

မှတ်ချက် ။ ။ ('ကိုကိုရိ' ဟူသော ဂျပန်စကားမှာ အဓိပ္ပာယ် အလွန် လေးနက် ကျယ်ဝန်းလှပေသည်။ စိတ်ဓာတ်ခိုင်မာခြင်း၊ သူရသတ္တိရှိခြင်း၊ အရာရာတွင် မတွန့်မဆုတ် ပြတ်ပြတ် သားသား လုပ်ကိုင်ရန် ဆုံးဖြတ်ချက် ပြင်းထန်ခြင်း စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုး ရှိသည်။ လူတစ်ယောက် ၏ စိတ်ဓာတ်၊ အရည်အသွေးနှင့် သက်ဆိုင်သော ဝေါဟာရပင် ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



နီကိုလာက ဆိတ်ဆိတ်နေ၍ နားထောင်နေစဉ် ဆရာကြီး ဖူကာရှီတာဂီက ဆက်ပြောလေသည်။

'ဒီသေတ္တာထဲက မြရတနာတွေဟာ မင်းအတွက်ဖြစ်တယ်။ ဒါကို မင်းရဲ့မိခင်ကြီးက မင်းအတွက် အထူးရည်ရွယ်ပြီး ထားပစ်ခဲ့တယ်။ ရတနာတွေ့ရဲ့အဓိပ္ပာယ်ကို မင်းနားလည်လိမ့်မယ်လို့လဲ မင်းမိခင်ကြီးက မျှော်လင့်ခဲ့တယ်။ သေတ္တာထဲမှာ မြရတနာကိုးလုံး ပါတယ်မဟုတ်လား။ 'ကိုး'ဆိုတဲ့ ဂဏန်းအရေအတွက်ဟာ အဓိပ္ပာယ်အလွန်လေးနက်တယ်။ ကိုးဂဏန်းဟာ မျက်လှည့်ပညာလိုပဲ ထူးဆန်းတဲ့ အစွမ်းသတ္တိရှိတယ်။ ဒါကိုမင်းက လေးလေးနက်နက် စိတ်အာရုံစူးစိုက်ပြီး ဆင်ခြင်နှလုံးသွင်းရမယ်။ မြရတနာကိုးလုံးရဲ့ အဓိပ္ပာယ်က ရန်သူရဲ့ 'ကူဂျီကီရီ' အတတ်ပညာ ကိုးမျိုးကို နှိမ်နင်းရမယ့် သဘောပဲဖြစ်တယ်။ အဲဒါကို မင်းက အာရုံစိုက်ပြီး စဉ်းစားပေတော့'

✦ ✦ ✦

ဆိုင်ဂိုသည် အရဏ်မတက်မီ တစ်နာရီခန့်ကြို၍ အိပ်ရာမှနိုးလာလေသည်။

သူသည် ရက်သတ္တတစ်ပတ်ခန့် ကောင်းစွာ အိပ်မပျော်ဖြစ်ခဲ့ရာမှ ယခု ပထမအကြိမ် နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ခြင်း ဖြစ်သည်။

သူ့အဖို့ ယနေ့သည် အရေးကြီးဆုံးနေ့ပင် ဖြစ်သည်။ သူလုပ်ရမည့် အလုပ်ကို ယနေ့အပြီးသတ်လုပ်ရန် စိတ်ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ထို့ကြောင့် သူသည် စောစောစီးစီး အိပ်ရာမှထ၍ လမ်းပေါ်သို့ ထွက်ခဲ့လေသည်။

ရှေးဦးစွာ သူသည် ကုန်စုံဆိုင် (စတိုးဆိုင်) တစ်ဆိုင်သို့သွား၍ ကျောပိုးအိတ်တစ်လုံး ဝယ်ယူလိုက်သည်။ ကျောပိုးအိတ်က 'ကင်းဗတ်'ခေါ် ဒိုးကာဖျင်ဖြင့် ပြုလုပ်ထားပြီး အလွန်ခိုင်ခန့် တောင့်တင်းလေသည်။

ထို့နောက်

သူသည် မြေအောက်မီးရထားစီး၍ (၄၇)လမ်း ဘူတာရောက်လျှင် ဆင်းပြီး 'ဘရော့ဒ်ဝေး'လမ်းသို့ ဆက်လျှောက်သွားလေသည်။

ထိုလမ်းတွင် တည်ရှိသော ရုပ်ရှင်ပြဇာတ်ပညာသည်များအတွက် အဝတ်အစား ပစ္စည်းများရောင်းသည့် ဆိုင်တစ်ဆိုင်သို့ဝင်၍ လိုအပ်သော



ပစ္စည်းများကို ဝယ်ယူလိုက်သည်။

ဝယ်ယူသည့်ပစ္စည်းများအနက် အညိုရောင်ကုတ်အင်္ကျီ၊ ဘောင်းဘီ ဝတ်စုံတစ်စုံလည်း ပါဝင်လေသည်။

ဆိုင်ဂိုအနေဖြင့် သူယနေ့ပြုလုပ်ရမည့် အလုပ်လုပ်ရာတွင် ဝတ်စားဆင်ယင်မှုက အရေးကြီးသဖြင့် လိုအပ်သော အဝတ်အစားများကို ဝယ်ယူခြင်း ဖြစ်လေသည်။

ဘရော့ဒ်ဝေးလမ်းမှတဆင့် ဆိုင်ဂိုသည် တရုတ်တန်းရပ်ကွက်သို့ သွား၍ ဝါးဖြင့်ပြုလုပ်ထားသော လက်ကိုင်တုတ်တစ်ချောင်း ဝယ်ယူလိုက်သည်။

ထို့နောက်

သူနှင့် အရပ်အမောင်း လုံးပုံပန်းသဏ္ဌာန်ချင်းတူသော လူတစ်ယောက်ကို သွားရှာလေသည်။

အင်္ဂါရပ်ချင်း တူရန်မလို၊ ကိုယ်လုံးကိုယ်ဟန်တူသောလူကို ရှာခြင်းဖြစ်သည်။

ယင်းကိစ္စအတွက် ဆိုင်ဂိုသည် နယူးယောက်မြို့သို့ ရောက်စကပင် ကြိုတင်လေ့လာခဲ့ပြီး ဖြစ်လေသည်။

✦ ✦ ✦

ရဲစုံထောက် လက်ဖ်တင်နင် ခရိုကာသည် ရဲဖန်ရဲခါ ဒုစရိုက်လောကမှ သတင်းများ ရယူရာတွင် 'မက်တီ' အမည်ရှိ အီတလီလူမျိုးတစ်ဦးအား အသုံးပြုလေ့ရှိလေသည်။

မက်တီသည် မြေအောက်ဒုစရိုက်လောက၌ ကျင်လည်နေသူဖြစ်၍ 'မာဖီယား' ကဲ့သို့ ဒုစရိုက်ဂိုဏ်းများနှင့် ဆက်သွယ်ဝင်ထွက်လေ့ ရှိသူဖြစ်သည်။

သူသည် ရံဖန်ရံခါ ရဲစုံထောက် ခရိုကာအား မြေအောက်ဒုစရိုက်လောကမှ လျှို့ဝှက်သတင်းများပေး၍ ငွေတောင်းယူလေ့ရှိသည်။

တနည်းအားဖြင့်

ခရိုကာသည် ဒုစရိုက်နှိမ်နင်းရန်အတွက် ဒုစရိုက်လောကမှ လူတစ်ယောက်ကို အသုံးချနိုင်ရန် ဆက်သွယ်ပေါင်းသင်းထားခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု

မက်တီဆိုသူက မိမိထံသို့ တယ်လီဖုန်းဆက်ကြောင်း ရဲစခန်းမှ သတင်းရသောအခါ ခရိုကာသည် မက်တီအနေဖြင့် သတင်းတစ်စုံတစ်ရာ ပေးရန် ရှိနေပြီဟုယူဆလျက် မက်တီနှင့် ဆက်သွယ်နေကျ တယ်လီဖုန်း နံပါတ်သို့ ဆက်လိုက်လေသည်။

'ဟော့… မက်တီ၊ မောင်ရင် ကျုပ်ဆီ တယ်လီဖုန်းဆက်တယ်ဆို။ ဘာများ သတင်းထူးလို့လဲ'

'သတင်းထူးလို့ ဆက်တာပေါ့ဗျ'

'ဟုတ်လား… ဒါဖြင့် အဲဒီသတင်းကို ပြောစမ်း'

'ဟာ ဒီလိုနဲ့ ဘယ်ရမလဲ ဆရာ သတင်းအတွက် တန်ရာ တန်ကြေးရမှ ဖြစ်မှာပေါ့'

'ကျုပ်က ခါတိုင်းလည်း တန်ရာတန်ကြေး ပေးခဲ့တာပဲ မဟုတ်လား'

'ဒီတစ်ခါ သတင်းက သိပ်ပြီး အရေးပါတာမို့ ခါတိုင်းနှုန်းမျိုးနဲ့ မရနိုင်ဘူး'

'ဘယ်လို သတင်းမျိုးမို့လဲ'

'နေပါဦးလေဆရာ။ သတင်းပေးခနှုန်းကို အရင်ပြောပါရစေဦး'

'မောင်ရင်က ဘယ်လိုနှုန်းလိုချင်လို့လဲ'

'ခါတိုင်းပေးနေကျငွေထက် သုံးဆ ပိုပေးရမယ်'

'ဟာကွာ… မောင်ရင်ကလဲ မလွန်ဘူးလား'

'မလွန်ပါလူး ဆရာရဲ့။ သတင်းက သိပ် တန်ဖိုးရှိပါတယ်။ နောက်ပြီး ဒီလို ဆရာ့ကို သတင်းပေးရတာ ကျွန်တော့်အသက်အန္တရာယ်လဲ ရှိပါတယ်'

မက်တီက ဤသို့ပြောလိုက်ရာ ခရိုကာမှာ မတတ်သာတော့ပဲ

'ကောင်းပြီ။ မောင်ရင်တောင်းသလို ပေးပါ့မယ်'

ဟု ပြောလိုက်ရသည်။

'ဈေးနှုန်းကို သုံးဆပေးရမယ်နော်'

'အေးပါကွာ သုံးဆပေးပါ့မယ်။ အရေးကြီးတာ သတင်းပေးရင် လူနာမည်တို့၊ နေရပ်လိပ်စာတို့ အတိအကျပေးရလိမ့်မယ်'

'ဒါဖြင့် အိုကေ'

ပြောပြောဆိုဆို မက်တီသည်



ခရိုကာအား လူတစ်ယောက်၏ နာမည်နှင့် လိပ်စာကို ပြောလေသည်။

ထိုလူမှာ

'လိုဂင်' ဆိုသူဖြစ်ပြီး နေရပ်လိပ်စာက 'ဖလော်ရီဒါ' ပြည်နယ် တစ်နေရာတွင် ဖြစ်လေသည်။

ခရိုကာလည်း လူနာမည်နှင့် လိပ်စာကို မှတ်ထားလိုက်ပြီးနောက်

'ဒါက ဟုတ်ပြီ။ ကျုပ် မောင်ရင့်ကို စုံစမ်းခိုင်းထားတဲ့ နောက်ကိစ္စ တစ်ခု ရှိသေးတယ် မဟုတ်လား။ အဲဒါနဲ့ ပတ်သက်ပြီး အမြန်ဆုံး သတင်းရ အောင် လုပ်ပါ'

ဟု ဆက်ပြောလိုက်သည်။

'ဒါလောက်ပဲ အရေးကြီးနေလို့လားဗျ'

'ဟုတ်တယ်… သိပ်အရေးကြီးတယ်။ ဒါကြောင့် မောင်ရင်က သတင်း အမြန်ဆုံးရအောင် စုံစမ်းပေးစမ်းပါ'

ထိုမျှနှင့်ပင် ခရိုကာသည် စကားဖြတ်လိုက်လေသည်။

မက်တီထံမှ သတင်းရလိုက်သော လိုဂင်ဆိုသူမှာ ရဲစုံထောက် ခရိုကာအနေဖြင့် အလိုရှိနေသူတစ်ဦးပင် ဖြစ်လေသည်။ လိုဂင်သည် သူဌေးကြီး ဟွမ်ကင်နှင့် ပတ်သက်ဆက်သွယ်နေသူတစ်ဦး ဖြစ်မည်ဟုလည်း တွက်ထားပြီး ဖြစ်လေသည်။

ထို့ကြောင့်…

ခရိုကာသည် လိုဂင်ရှိရာ ဖလော်ရီဒါပြည်နယ်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ခရိုကာသည် မော်တော်ကား မောင်းလာရင်း လမ်းတစ်နေရာတွင် နီကိုလာနှင့် ဆုံသဖြင့် ကားကိုရပ်ပြီး ဆင်းစကားပြောလေသည်။

နီကိုလာက စတင်၍

'ကျုပ် မနေ့ကပဲ ဂျပ်စတင်နဲ့ တွေ့တယ်။ သူ့ကို လောလောဆယ် မြို့ထဲမှာမနေဘဲ မြို့ပြင်ကအိမ်မှာ သွားနေဖို့ပြောလိုက်တယ်'

ဟု ပြောလေသည်။

'အဲဒါ ကောင်းတယ်ဗျ။ ကျုပ်ကလည်း ဂျပ်စတင်ရဲ့ အစ်မ 'ဂယ်လ်ဒါ'ကို သူ့အိမ်ခန်းမှာမနေဘဲ တစ်နေရာရာမှာ ခဏသွားရှောင်နေဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တယ်'

သူတို့ ရပ်စကားပြောနေသောနေရာမှာ သူဌေးကြီးတွမ်ကင်၏ ရုံးအဆောက်အအုံနှင့် မလှမ်းမကမ်းတွင်ဖြစ်ရာ ခရိုကာက အဆောက်အအုံ အပေါ်ထပ်သို့ မော်ကြည့်လိုက်လေသည်။

'အဘိုးကြီးက အပေါ်မှာ ရှိနေသလားဗျ'

'ရှိတယ်။ ကျုပ်ကတော့ သူနဲ့ အပြတ်ဆွေးနွေးပြီးပြီ'

'ဘာအကြောင်းတွေ ဆွေးနွေးတာလဲ။ သူ့နောက်လိုက်နေတဲ့ ဆိုင်ဂိုကို ရှင်းပေးဖို့ ပြဿနာလား။ ကဲ... လာဗျာ... ကျုပ်တို့ အပေါ်ထပ်ကို တက်ကြ ရအောင်'

'ခင်ဗျားရဲ့ လူတွေကကော'

'သူတို့ လာပါလိမ့်မယ်။ အားလုံး စီစဉ်ထားပြီးပြီ။ ကျုပ်တို့ လူတွေက စက်သေနတ်၊ မျက်ရည်ယိုဗုံး၊ အဝေးကြည့်မှန်ပြောင်းပါတဲ့ ရိုင်ဖယ် သေနတ်တွေ အပြည့်အစုံပါလာလိမ့်မယ်။ ဒီတစ်ခါတော့ ကျုပ်တို့က အားလုံး အဆင်သင့် ဖြစ်နေပြီ'

ခရိုကာက ပြောလိုက်ပြီးနောက် နှစ်ယောက်သား ဓာတ်လှေကား ရှိရာသို့ လျှောက်သွားကြလေသည်။

ဓာတ်လှေကားဖြင့် အပေါ်ထပ်သို့ တက်သွားကြပြီးနောက် နီကိုလာက

'ဒီမယ် သူဌေးကြီးတွမ်ကင်ကိုတော့ ကျုပ်တာဝန်ထားပါ။ ခင်ဗျား လုံးဝဝင်မပါဘဲ အသာနေလိုက်ပါ'

ဟု ပြောလိုက်သည်။

'ဒါဖြင့်လည်း ကောင်းပြီလေ'

'နောက်တစ်ခုက တွမ်ကင်ရဲ့ ရုံးခန်းရှိတဲ့ အပေါ်ထပ်မှာ ခင်ဗျားတို့ လူတွေ တစ်ယောက်မှ မရှိပါစေနဲ့။ ရုံးခန်းပတ်ဝန်းကျင်မှာ လူရှင်းနေစေ ချင်တယ်။ ဒါမှ ရန်သူလာရင် ဒီမှာရဲ့အစောင့်အရှောက် လုံးဝ မရှိဘူးလို့ ထင်လိမ့်မယ်။ ကျုပ်က ရန်သူနဲ့ တစ်ယောက်ချင်း ရင်ဆိုင်ချင်တယ်'

'ကျုပ်လူတွေကိုတော့ အောက်မှာပဲ စောင့်ခိုင်းပါ့မယ်။ ဒါပေမယ့် အခြေအနေအရ လိုအပ်ရင် ကျုပ်က ခင်ဗျားရှိရာကို လာမှာပဲ'

'မလိုအပ်ဘဲနဲ့တော့ ခင်ဗျား မလာစေချင်ဘူး'

'ခင်ဗျားက အဆင့်သင့် ရှိနေပြီလား'



ခရိုကာက မေးလိုက်လျှင် နီကိုလာက အသင့်ယူဆောင်လာသော သူ၏ ကာတားနားစေးရှည်ကို လက်ဖြင့် ပုတ်ပြလိုက်သည်။

'ကျုပ်အဖို့ ဒါရှိရင် တခြားဘာမှ မလိုဘူး'

ပြောပြောဆိုဆို နီကိုလာသည် တွမ်ကင်၏ ရုံးခန်းတံခါးကို တွန်းဖွင့်၍ ဝင်လိုက်သည်။

ထိုအချိန်၌

သူဌေးကြီး တွမ်ကင်သည် သူ၏စားပွဲတွင် ထိုင်နေကာ တစ်စုံတစ်ခု မကျေမနပ်ဟန်ဖြင့် မျက်မှောင်ကြုတ်နေလေသည်။ နီကိုလာကိုမြင်လျှင် သူသည် မော်ကြည့်လိုက်သည်။

'အရေးထဲမှာ အမှိုက်သရိုက်ရှင်းတဲ့ အလုပ်သမားတွေက သပိတ် မှောက်နေသတဲ့။ ဒီအတိုင်းဆိုရင် အညစ်အကြေးတွေစုပုံပြီး စိတ်ပျက်စရာ ဖြစ်နေတော့မှာပဲ'

✦✦✦

နယူးယောက်မြို့၏ 'ပတ်အဲဗင်းနယူး' လမ်း တစ်နေရာတွင် အဘိုးကြီး တစ်ဦး ရပ်နေလေသည်။

လက်တစ်ဘက်က လက်ကိုင်တုတ်တစ်ချောင်း ကိုင်ထားပြီး ကျန်လက်တစ်ဘက်တွင် ကင်းဗတ် ကျောပိုးအိတ်တစ်လုံး ကိုင်ထားလေသည်။

သူသည် ခေတ္တရပ်နေပြီးနောက် 'လိတ်ဆင်တန်' လမ်းဘက်သို့ လျှောက်သွားလေသည်။

ထိုလမ်း တစ်နေရာတွင် အမှိုက်သရိုက်များ စုပုံထားသည့်နေရာရှိပြီး ထိုအမှိုက်ပုံ၏ ဘေးနားတွင် မှောင်ရိပ် ဖြစ်နေလေသည်။

အဘိုးကြီးသည် ထိုမှောင်ရိပ်အတွင်းသို့ ဝင်လိုက်သည်။ ထိုအချိန်၌ လူသူအလျဉ်းမရှိသဖြင့် သူ့အား မည်သူမှ မမြင်နိုင်ချေ။

သူသည် မှောင်ရိပ်သို့ဝင်၍ အသာငြိမ်ပြီး စောင့်ကြည့်နေလိုက်သည်။

ပတ်ဝန်းကျင်တွင် လူသူ အရိပ်အရောင် မတွေ့ရတော့မှ စိတ်ရှုပ်ဖြင့် သူသည် ကျောပိုးအိတ်တွင်းမှ အဝတ်အစားများကို ထုတ်ယူပြီး လဲလှယ်လိုက် သည်။

လက်ကိုင်တုတ်ကို အမှိုက်ပုံတွင်းသို့ ပစ်ထည့်လိုက်သည်။ သူ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပုံပန်းသဏ္ဌာန်ကိုလည်း တစ်မျိုးတစ်ဖုံဖြစ်အောင် ပြုပြင်ပြောင်းလဲ
လိုက်သည်။

ရုပ်ပြောင်းရုပ်လွဲနည်းဖြင့် ရုပ်ဖျက်လိုက်ခြင်းပင် ဖြစ်လေသည်။

ခဏမျှ ကြာသောအခါ အဘိုးကြီး၏ အသွင်သဏ္ဌာန် ပျောက်သွား
ပြီး လူရွယ်လူလတ်တစ်ယောက် ဖြစ်လာကာ အသွင်သဏ္ဌာန်အားဖြင့်လည်း
အမေရိကန်စီးပွားရေးလောကမှ ကုန်သည်ကြီးတစ်ဦးဟန်မျိုး ဖြစ်လာလေ သည်။

မှောင်ရိပ်ထဲမှ သူ ပြန်ထွက်လာသောအခါ လမ်းလျှောက်ပုံသည်
စောစောကလို အဘိုးကြီးဟန်မျိုး မဟုတ်တော့ဘဲ ခြေလှမ်းသွက်လက်လာ
လေသည်။

အမှန်က ထိုလူသည် စောစောက အဘိုးကြီးတစ်ယောက်အသွင်
ရုပ်ဖျက်လာခဲ့ခြင်းဖြစ်ပြီး ယခုတဖန် လူရွယ်လူလတ်တစ်ယောက်အဖြစ်
တစ်မျိုးပြောင်းလဲ ရုပ်ဖျက်လိုက်ပြန်ခြင်း ဖြစ်ပေသည်။

ထိုလူသည် သူဌေးကြီးတွမ်ကင်၏ ရုံးခန်းရှိရာ အဆောက်အအုံဆီသို့
ဦးတည်လျှောက်လာလေသည်။

လမ်းလျှောက်လာရင်း သူ၏မျက်လုံးများက အငြိမ်မနေဘဲ ပတ်ဝန်း
ကျင်ကို ဂရုစိုက် အကဲခတ်ကြည့်နေလေသည်။

သူဌေးကြီးတွမ်ကင်အား ကာကွယ်စောင့်ရှောက်ရန်အတွက် နယူး
ယောက်မြို့ ရဲတပ်ဖွဲ့ဝင်အင်အား မည်မျှ ချထားသည်ကို အကဲခတ်ကြည့်ခြင်း
ဖြစ်လေသည်။

ထိုလူသည် အထူးသတိထားကြည့်သဖြင့် အဆောက်အအုံအနီးတွင်
ရဲတပ်ဖွဲ့ဝင် ခြောက်ဦးထက်မနည်းရှိနေကြောင်း သတိပြုမိလေသည်။

ထို့ပြင် အနီးရှိ တိုက်ခေါင်မိုးများပေါ်၌ ရိုင်ဖယ်သေနတ်ပြောင်းများ
ကိုလည်း မြင်မိလေသည်။

ရဲတပ်ဖွဲ့ဝင်များက မိမိအား ပစ်ခတ်ရန်အသင့်စောင့်နေကြကြောင်း
ထင်ရှားနေပေသည်။

ထိုလူသည် ချောင်ကျကျတစ်နေရာသို့ ဆက်လျှောက်သွားပြီးနောက်
သူဝတ်ဆင်ထားသော အညိုရောင်ဝတ်စုံကို ချွတ်ပစ်ကာ အဝတ်အစားတစ်မျိုး
လဲဝတ်လိုက်ပြန်သည်။

ထိုအချိန်၌ သူသည် လက်ပတ်နာရီကို ကြည့်လိုက်သည်။ သူ



ကြိုတင်တွက်ချက်ထားသည့်အတိုင်းဆိုလျှင် စက္ကန့်သုံးဆယ်မျှသာ လိုပေတော့
သည်။

ထို့ကြောင့်

သူသည် အဆင်သင့် ပြင်ဆင်ထားလိုက်သည်။

စက္ကန့်သုံးဆယ်ကြာသောအခါ စောစောက သူကြိုတင်ပြီး တင်ဆင်
ထားခဲ့သော အချိန်ကိုက်ဗုံးတစ်လုံးသည် အဆောက်အအုံ၏ မြောက်ဘက်၌
ရပ်ထားသည့် မော်တော်ကား တစ်စီး၏အောက်မှ ပြင်းထန်စွာ ပေါက်ကွဲသွား
လေသည်။

မော်တော်ကား ထိခိုက်ပျက်စီးသွားချိန်တွင် မီးခိုးလုံးကြီးများ
တက်လာလေသည်။

အခြေအနေက ရုတ်ရုတ်သဲသဲနှင့် ရှုပ်ထွေးလျက်ရှိစဉ် ထိုလူသည်
အဆောက်အအုံ၏ တောင်ဘက်တံခါးပေါက်ဆီသို့ လျင်မြန်စွာ ပြေးသွားလေ
သည်။

လျင်မြန်လွန်းသဖြင့် သူ၏ လှုပ်ရှားမှုကို မည်သူမှ မမြင်လိုက်ကြချေ။

ဆိုင်ဂိုသည် အဆောက်အအုံတစ်နေရာတွင် ဝပ်၍ နေရာယူထား
လိုက်သည်။

ထိုနေရာက ချောင်ကျပြီး လုံခြုံသဖြင့် မည်သူမှ သူ့ကို မမြင်နိုင်
ချေ။

သူသည် လှမ်းကြည့်လိုက်သောအခါ ရိုင်ဖယ်သေနတ်ကိုင် ရဲတပ်ဖွဲ့
ဝင်တစ်ဦးကို မြင်ရလေသည်။

'ဆနိုင်ပါ'ခေါ် လက်ဖြောင့်သေနတ်သမားတစ်ဦး ဖြစ်ကြောင်း
ထင်ရှားလေသည်။

ထိုသေနတ်သမားကတော့ ဆိုင်ဂိုကို မမြင်ဘဲ ဘေးပတ်ဝန်းကျင်
သို့သာ လှည့်ပတ်ကြည့်နေလေသည်။

ဆိုင်ဂိုသည် အသင့်ယူဆောင်လာသော ခပ်ကွေးကွေးပစ္စည်းနှစ်ခုကို
ဆက်၍ တပ်ဆင်လိုက်ရာ လေးလက်နက်တစ်ခု ဖြစ်လာလေသည်။

ထို့နောက် သံမဏိထိပ်ဖျားတပ်ဆင်ထားသည့် မြားတစ်စင်းကို
ထုတ်ယူလိုက်သည်။

ထိုမြားကို လေးဖြင့်တင်၍ သေချာစွာ ချိန်ပြီးမှ ပစ်လွှတ်လိုက်ရာ
သံမဏိမြားသည် ရဲတပ်ဖွဲ့ဝင် သေနတ်သမား၏ လည်ပင်းတည့်တည့်သို့

www.burmeseclassic.com

www.burmeseclassic.com



ထိုးစိုက်ဝင်သွားပြီး ရဲတပ်ဖွဲ့ဝင်လည်း ရိုင်ဖယ်သေနတ်ကို လွှတ်ချကာ လဲကျ ငြိမ်သက်သွားတော့သည်။

ထိုအချိန်မှာပင် စက်သေနတ်ကိုင် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ဆိုင်ဂို ပုန်းအောင်းနေသော နေရာအနီးသို့ ရောက်ရှိလာလေသည်။

သို့သော်…

သူသည် ဆိုင်ဂိုအား မမြင်ဘဲ ပတ်ဝန်းကျင်သို့သာ လှည့်ပတ်ကြည့် နေပြီးနောက် 'ခေါက်ကီတော်ကီ' (ရေဒီယိုစက်ငယ်)ဖြင့် ဆက်သွယ်သတင်းပို့ ရန် ဟန်ပြင်လေသည်။

ဤတွင် ဆိုင်ဂိုသည် အခွင့်ကောင်းယူ၍ ပုန်နေရာမှ လွှားကနဲ ခုန်ထွက်လိုက်သည်။

ဆိုင်ဂို၏ လက်တွင်ကား သံမဏိကိရိယာတစ်ခု တပ်ဆင်ထားသည်။

ထိုကိရိယာမှာ တိရစ္ဆာန်လက်သည်းကဲ့သို့ ချွန်ထက်သော အသွား ကြီးများ တပ်ဆင်ထားသည်။

ကျား၊ ခြင်္သေ့စသော သားရဲတိရစ္ဆာန်ကြီးများ၏ လက်သည်းနှင့် လည်း တူလေသည်။

ဆိုင်ဂိုသည် လွှားကနဲ ခုန်အုပ်လျက် ရဲတပ်ဖွဲ့ဝင်၏ လည်ပင်းကို ယင်းသံမဏိကိရိယာဖြင့် တအားကုတ်ဆွဲကာ တိုက်ခိုက်လေသည်။

ရဲတပ်ဖွဲ့ဝင်မှာ အငိုက်မိသွားသဖြင့် ဘာမှန်းညာမှန်းမသိလိုက်မီမှာပင် လည်ပင်းမှသွေးများ တရဟော ယိုစီးထွက်ကျလာပြီး လဲကျ အသက်ပျောက် သွားရှာလေသည်။

ဆိုင်ဂိုသည် သဘောကျသွားဟန်ဖြင့် ပြုံးလိုက်ပြီးနောက် မှောင်ရိပ် တွင်းသို့ ပြန်ဝင်နေလိုက်သည်။

ခေတ္တ စောင့်ကြည့်နေပြီးမှ သူသည် အဆောက်အအုံ၏ အခြားတစ် နေရာသို့ ဆက်သွားလေသည်။

မကြာမီ အရပ်ဝတ် အရပ်စားနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရလေ သည်။

ဆိုင်ဂိုသည် ထိုလူမမြင်အောင် နောက်မှအသာ ခြေဖျားထောက် ချဉ်းကပ်သွားပြီး အသင့်ပါလာသော နိုင်လွန်ကြိုးတစ်ချောင်းဖြင့် လည်ပင်းကို စွပ်၍ ဆွဲညှစ်သတ်ရန် ကြံစည်လေသည်။



သို့သော် …

ရဲတပ်ဖွဲ့ဝင်မှာ ဗလကောင်းသလောက် လျင်မြန်ဖျတ်လတ်သူ ဖြစ်ပြီး ချာကနဲလှည့်ကာ ဆိုင်ဂိုအား အတင်းဝင် လူချင်းပူးသတ်လေတော့သည်။

ဆိုင်ဂိုသည် မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်းခံရ၍ ရုတ်တရက် အံ့အား သင့်သွားမိလေသည်။

ရဲတပ်ဖွဲ့ဝင်သည် အထူး ခွန်အားရှိသူဖြစ်၍ ဆိုင်ဂိုအား အတင်းဖမ်း ချုပ်ပြီး ကြမ်းပြင်ပေါ်သို့ လှဲချလိုက်သည်။ တစ်ချိန်တည်းမှာပင် ဒူးတစ်ဘက် ဖြင့် ဆိုင်ဂို၏ ရင်ဘတ်ကို တအားဖိထားလိုက်သည်။

ဆိုင်ဂိုသည် ခေတ္တမျှ အကြံရခက်နေရာမှ ညာဘက်လက်ဝါးစောင်း ကို ကာရာတေးသိုင်း တိုက်ခိုက်နည်းဖြင့် ရဲတပ်ဖွဲ့ဝင်၏ ခန္ဓာကိုယ်နံဘေးဆီသို့ တအားပစ်ထိုးလိုက်သည်။

သည်တော့မှ ရဲတပ်ဖွဲ့ဝင်သည် ပြင်းထန်စွာ နာကျင်လျက် နောက်ပြန် လန် လဲကျသွားရာ ဆိုင်ဂိုက ထိုလူ၏ လည်ပင်းကို နိုင်လွန်ကြိုးကွင်းဖြင့် လျင်မြန်စွာစွပ်ပြီး တအားတုပ်ဆွဲလိုက်သည်။

ရဲတပ်ဖွဲ့ဝင်ကြီးသည် ခေတ္တမျှသာ လူးလွန့်ရုန်းကန်ပြီးနောက် ငြိမ်သက်သွားတော့သည်။

ထိုအခိုက်…

ဒိုင်းခနဲ သေနတ်သံတချက် ကြားလိုက်ရပြီး ကျည်ဆန်က ဆိုင်ဂို၏ လက်ယာဘက် နားထင်နားမှ ရှပ်မှန်သွားလျက် သွေးများ ယိုစီးကျလာ လေသည်။

ဆိုင်ဂိုသည် သူ့ကိုယ်သူ ဝေဖန်အပြစ်တင်မိလေသည်။ သူသည် မူးယစ် ထုံထိုင်းစေတတ်သော ဆေးဝါးအသုံးပြုခဲ့၍သာ ယခုလိုခံရခြင်း ဖြစ် သည်ဟု သုံးသပ်မိသည်။ သူလေ့လာသင်ကြားခဲ့သော ကျောင်းမှ ဆရာများက မူးယစ် ထုံထိုင်းစေတတ်သော ဆေးများသည် လူတယောက်အား တိုက်ခိုက်ရာ တွင် လေးကန်နှေးကွေးစေသဖြင့် အန္တရာယ်ရှိကြောင်း သတိပေးခဲ့သည် ကိုလည်း ပြန်သတိရမိလေသည်။

ဆိုင်ဂိုသည် မှောင်ရိပ်တစ်ခုတွင် ခေတ္တဝင်၍ အနားယူယင်း စဉ်းစား နေလေသည်။

ထိုအချိန်၌ ကွယ်လွန်သူ ဖခင်ကြီး ဆာဆူဂိုင်ကိုလည်း သတိရမိလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု …

သူသည် ဖခင်ကြီး၏ အလိုဆန္ဒကို ဖြည့်စွမ်းသည့်အနေဖြင့် ကြံ့စည်ပြုမူနေခြင်းဖြစ်ရာ ဆုံးခန်းတိုင်ရောက်အောင် ပြုလုပ်နိုင်မှသာ ဖခင်ကြီးအား ကျေးဇူးတုံ့ပြန်ရာ ရောက်မည်ဟုလည်း တွေးမိလေသည်။

ဤတွင် …

ဆိုင်ဂိုသည် ခေတ္တ စိတ်ဓာတ်ကျသလိုဖြစ်ရာမှ ချက်ချင်း စိတ်ဓာတ်ပြန်တက်လာလေသည်။

ထို့ကြောင့် …

ပုန်းနေရာမှထွက်၍ ဆက်လျှောက်လာရာ စက်သေနတ်ကိုင် ရဲတစ်ဦးနှင့် ပက်ပင်းတိုးပြန်လေသည်။

သူတို့နှစ်ဦးသည် တစ်ပြိုင်တည်း တယောက်ကိုတစ်ယောက် မြင်ကြလေရာ၊ ရဲတပ်ဖွဲ့ဝင်က စက်သေနတ်ကို မြှောက်ချိန်၍ ဆိုင်ဂိုအား ပစ်ရန် ခလုတ်ကိုဆွဲဖို့ ကြိုးစားလေသည်။

သို့သော်…

ထိုလူသည် ဆိုင်ဂို၏ မျက်လုံးများကို မြင်လိုက်သည်တွင် အံ့အားသင့်တုန်လှုပ်ဟန်ဖြင့် စက္ကန့်၏ အစိတ်အပိုင်းမျှ ခေတ္တဆိုင်းနေမိလေသည်။

ဤတွင် ဆိုင်ဂိုက လျှပ်တပြက် လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

သူသည် အသင့်ပါလာသော အနက်ရောင်သစ်သားတုတ်ကို တချောင်းဖြင့် ရဲတပ်ဖွဲ့ဝင်အား လွှဲရိုက်လိုက်သည်။ ထိုတုတ်မှာ လေးလက်မအသွားရှိသော သံမဏိသံချွန်ကြီးများ တပ်ဆင်ထားလေရာ ဆိုင်ဂိုက ရဲတပ်ဖွဲ့ဝင်၏ မျက်နှာတည့်တည့်ကို တအားလွှဲရိုက်လိုက်သဖြင့် သံချွန်ကြီးများက မျက်နှာကို ထိုးဖောက်လျက် ဦးနှောက်ထိအောင် စူးဝင်သွားလေသည်။

ရဲတပ်ဖွဲ့ဝင်သည် လဲကျကာ ငြိမ်သက်သွားလေတော့သည်။

ဆိုင်ဂိုလည်း လျင်မြန်စွာ ဆက်လက် ပြေးသွားလေသည်။ ထိုအချိန်၌ သူသည် 'ဟာရာဂေဟီ' ခေါ် အတတ်ပညာဖြင့် ရန်သူအား ခုခံကာကွယ်ရန် အသင့်ပြင်ထားလိုက်သည်။ ယခုသူသည် အဆောက်အအုံ၏ အပေါ်ထပ်သို့ တက်ရမည်ဖြစ်လေသည်။

ဆိုင်ဂိုသည် အဆောက်အအုံ အပေါ်ထပ်သို့ တက်ရန်လျှောက်ထွက်လာစဉ် သေနတ်သံနှစ်ချက် ဆင့်၍ ကြားလိုက်ရသည်။



ကျည်ဆန်များက သူ၏ ဘေးနားမှ ကပ်၍ ဖြတ်ကျော်သွားပြီး သူလှုပ်ရှားနေ၍သာ မထိမှန်ပဲ လွဲချော်သွားခြင်း ဖြစ်လေသည်။

ဆိုင်ဂိုသည် အထူးသတိထားလျက် လက်ဝဲဘက်သို့က တိမ်းရှောင်ရင်း သေချာစွာကြည့်လိုက်ရာ၊ ရဲတပ်ဖွဲ့ဝင် (ဆနိုင်ပါ) လက်ဖြောင့်သေနတ်သမားကို လှမ်းမြင်ရလေသည်။ ထိုလူသည် ဆိုင်ဂိုရှိနေသော နေရာမှ အောက်ထပ် ဝရန်တာတွင် ရှိနေလေသည်။

ထိုအခိုက် …

သေနတ်သမားကလည်း ဆိုင်ဂိုကို မြင်ပြီး ရိုင်ဖယ်သေနတ်ဖြင့် ထပ်မံ၍ ပစ်ခတ်လေရာ ကျည်ဆန်တတောင့်သည် ဆိုင်ဂို၏ ခြေသလုံးတစ်ဖက်ကိုရှပ်ပြီး ထိမှန်သွားလေသည်။

ပြင်းထန်စွာနာကျင်သွားသော်လည်း ဆိုင်ဂိုသည် ဂရုမစိုက်ဘဲ ရှောင်ပြေးမည့်အစား ရန်သူနှင့် ထိပ်တိုက် ရင်ဆိုင်ခြင်းသည်သာလျှင် အကောင်းဆုံးဟု ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် …

သူသည် အပေါ်ထပ်မှနေ၍ ရိုင်ဖယ်သမားရှိရာ အောက်ထပ်သို့ ဒိုင်ပင်ထိုး၍ ဆင်းလိုက်လေသည်။

ရဲတပ်ဖွဲ့ဝင် သေနတ်သမားသည် သူရှိရာတည့်တည့်သို့ ဆိုင်ဂိုက ဒိုင်ဗင်ထိုးဆင်းလာသည်ကို မြင်လျှင် အလွန်အံ့အားသင့်သွားမိလေသည်။

မိမိထံသို့ ရန်သူက တည့်တည့်ကြီး ထိုးဆင်းလာခြင်းကို အံ့ဩတုန်လှုပ်မိလျက် ရိုင်ဖယ်သေနတ်ကို သူ၏ ခန္ဓာကိုယ်ရှေ့မှ ကာကွယ်ထားလိုက်သည်။ သို့သော် ဆိုင်ဂိုက သူ၏ကိုယ်ပေါ်သို့ အရှိန်ပြင်းစွာဖြင့် တည့်တည့်ကြီး ကျရောက်လာသောကြောင့် နှစ်ယောက်သား လုံးထွေးလဲကျသွားလေသည်။

ဆိုင်ဂိုကသတိရှိသူဖြစ်၍ ချက်ချင်းပြန်ထပြီး ရဲတပ်ဖွဲ့ဝင်၏ နံဘေးဆီသို့ လက်ဝါးစောင်းဖြင့် တအားခုတ်ချလိုက်သည်။ ဂျပန်သိုင်းပညာနည်းဖြင့် တိုက်ခိုက်ခြင်းဖြစ်၍ သေနတ်သမား၏ နံရိုးများကျိုးကုန်လေသည်။

တချိန်တည်းမှာပင် ဆိုင်ဂိုသည် ထိုလူ၏မျက်နှာကိုခြေဖျားဖြင့် တအားပစ်ကန်လိုက်ပြန်သည်။

နှာခေါင်းတည့်တည့်ကို ထိမှန်ပြီး နှာရိုးကျိုးကာ သွေးများတရဟော စီးကျယင်း သေနတ်သမား လဲကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဂိုလည်း အပေါ်ထပ်သို့တက်သည့် လှေကားဆီသို့ လျှင်မြန်စွာ ပြေးတက်သွားလေသည်။

ထိုအချိန်၌ သူသည် လက်တဘက်ဖြင့် 'ကာတားနား' ခေါ် ဂျပန်ဓားရှည်ကို အသင့် ဆုပ်ကိုင်ထားလေသည်။

'ရဲတပ်ဖွဲ့ဝင်တွေက နင်းဂျားကောင်ကို ထိမှန်အောင် ပစ်လိုက်နိုင်ပြီ ထင်တယ်'

သူဌေးကြီး တွမ်ကင်သည် သေနတ်သံများ ကြားရသဖြင့် သူ၏ ရုံးခန်းတွင် ရှိနေသူ နီကိုလာအား လှမ်းပြောလိုက်သည်။

ဤသို့ ပြောလိုက်သော်လည်း တွမ်ကင်သည် တုန်လှုပ်ချောက်ချားနေသဖြင့် ချွေးများ ပြန်လျက်ရှိလေသည်။

နီကိုလာကမူ ရုံးခန်း၏ တံခါးဝနားတွင် လုံးဝမလှုပ်ရှားပဲ ငြိမ်သက်စွာ ရပ်နေလေသည်။

'မောင်ရင် ဘယ်လိုသဘောရသလဲ'

သူဌေးကြီး တွမ်ကင်က နီကိုလာအား ထပ်၍ မေးလိုက်ပြန်သည်။

အမှန်တော့ သူသည် စိတ်တုန်လှုပ်ချောက်ချားခြင်း ပြေပျောက်စေရန် စကားစပ်ပြောနေခြင်းဖြစ်သည်။ သူ၏ စိတ်ထဲတွင်ကား ရဲစုံထောက် ခရိုကာက လက်နက်ကိုင်ရဲတွေ အတော်များများ အစောင့်ချထားသည့်တိုင်အောင် ရန်သူ နင်းဂျားကို နိုင်ပါမည်လောဟု သံသယ ဖြစ်နေလေသည်။

ယခု …

သူ၏ ရုံးခန်းထဲတွင် နေရခြင်းသည်ပင်လျှင် လုံခြုံစိတ်ချရပါ၏လော ဟု သံသယဖြစ်မိပြန်သဖြင့် ကုတ်အင်္ကျီအတွင်း ဆောင်ထားသော သေနတ်ကို လက်တဘက်ဖြင့် စမ်းကြည့်လိုက်မိလေသည်။

သူ၏ စိတ်က ဆောက်တည်ရာမရသလိုလည်း ဖြစ်နေ၍ ထိုင်ရာမှ ထပြီး အခန်းထဲတွင် စကြံလျှောက်နေပြန်လေသည်။

'ဒီမယ် … ခင်ဗျားငြိမ်ငြိမ်ထိုင်နေပြီး ကျုပ်ပြောသလိုလုပ်ယင်ကောင်းမယ်'

နီကိုလာက ပြောလိုက်ရာ တွမ်ကင်သည် ရုတ်တရက် နားမလည် ဟန်ဖြင့် …

'မောင်ရင် ဘာပြောတာလဲ'



ဟု ပြန်မေးလိုက်သည်။

'ခင်ဗျား ငြိမ်ငြိမ်ထိုင်နေစမ်းပါ၊ ဟိုလူက မကြာခင် လာတော့မယ်'

'ဘယ်သူ့ကို ဆိုလိုတာလဲ'

'ဆိုင်ဂိုဆိုတဲ့ နင်းဂျားကို ပြောတာပါ'

နီကိုလာက လေသံခပ်အေးအေးဖြင့် ပြန်ပြောလိုက်သည်။

'ဟင် … ဟုတ်လား၊ စောစောက အောက်မှာ သေနတ်သံတွေ ကြားလိုက်ရတယ်၊ ရဲတွေက ဒီလူကို မိသွားပြီမဟုတ်လား'

'ကျုပ်တော့ မမိသေးဘူးလို့ ထင်တယ်'

'ဒါဖြင့် သူက ဒီကိုလာယင် မောင်ရင်က ဘာလုပ်မလဲ'

'ခင်ဗျား ငြိမ်ငြိမ်သာထိုင်နေပါ၊ ခင်ဗျားကို ပြတင်းပေါက်နားမှာ မနေစေချင်ဘူး'

'မောင်ရင် ဘယ်လိုအကြံအစည်ရှိတယ်ဆိုတာ ကျုပ်သိချင်တယ်၊ အခု အခြေအနေမှာ ကျုပ်ရဲ့ အသက်အန္တရာယ်ရှိနေတယ် မဟုတ်လား'

'ဒီမယ် … ခင်ဗျားက ငြိမ်ငြိမ်ကလေးထိုင်ပြီး တိတ်တိတ်နေယင် ကောင်းမယ်၊ ခင်ဗျားက အခုလို အသံကျယ်ကျယ်နဲ့ အော်ပြောနေယင် ခင်ဗျား ဒီမှာ ရှိနေတာကို ရန်သူက ချက်ချင်းသိသွားလိမ့်မယ်'

နီကိုလာက ခပ်တည်တည်ပြောလိုက်တော့မှ တွမ်ကင်သည် စိတ်ပျက် ဟန်ဖြင့် ကုလားထိုင်တွင် ထိုင်ချလိုက်လေသည်။

နီကိုလာသည် ရုံးခန်း၏ အနေအထားကို လှည့်ပတ် အကဲခတ်ကြည့် လိုက်သည်။

ရုံးခန်းနှင့်ဆက်လျက် အိမ်သာခန်းတခန်းရှိရာ ထိုအိမ်သာသို့ သွားသည့် စင်္ကြံတခုရှိလေသည်။

အကယ်၍ ဆိုင်ဂို(သို့မဟုတ်) နင်းဂျားသည် ဤရုံးခန်းသို့လာလျှင် ရှေ့ဘက် တံခါးမကြီးမှ လာမည်မဟုတ်ဟု တွက်မိလေသည်။

နောက်ဘက်မှလာ၍ တိုက်ခိုက်လိမ့်မည်ဟုထင်သည်။

ထိုအချိန်၌ ဆိုင်ဂိုသည် အပေါ်ထပ်သို့ တက်လာနေပြီဖြစ်ကြောင်း ကိုကား နီကိုလာက မသိပါချေ။

ရုံးခန်းတခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အသံဆို၍ သူဌေးကြီး တွမ်ကင်၏ အသက်ပြင်းပြင်းရှူသံကို သာလျှင် ကြားနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် .. ခင်ဗျားကညာဘက်ကို မသိမသာရွှေ့နေလိုက်ပါ၊ ကုလားထိုင်ကိုပါဆွဲရွှေ့ပြီးထိုင်နေစမ်းပါ၊ ဟုတ်ပြီ… အဲဒီ အတိုင်း ငြိမ်ငြိမ်ကလေး ထိုင်နေလိုက်ပါ'

နီကိုလာက ခပ်တိုးတိုး ပြောလိုက်သည်။

✦ ✦ ✦

ဆိုင်ဂိုသည် အဆောက်အအုံ ပတ်ဝန်းကျင်သို့ အကဲခတ်ကြည့်ရာ လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်တွေ နေရာတကာတွင် ရှိနေကြောင်း သတိပြုမိလေသည်။

ဤအတိုင်းဆိုလျှင် သူသည် အပေါ်ဆုံးထပ်ရှိ တွမ်ကင်၏ရုံးခန်းသို့ လှေကားမှတက်၍ မဖြစ်နိုင်ချေ။

ထို့ကြောင့်…

သူသည် နည်းတမျိုးဖြင့် တက်ရန်ဆုံးဖြတ်လိုက်လေသည်။ ဤသည်မှာလည်း သူကြိုတင် ပြင်ဆင်ထားသည့်နည်းပင် ဖြစ်လေသည်။

ပြတင်းပေါက်တခုမှ အပြင်ဘက်သို့ထွက်၍ အသင့်ယူဆောင်လာသော နိုင်လွန်ကြိုးတချောင်းကို အပေါ်ထပ်သို့ လွှဲပစ်တင်လိုက်သည်။

ထိုကြိုး၏ ထိပ်ဖျားတွင် သံချိတ်တခု တပ်ဆင်ထားရာ၊ သံချိတ်က အပေါ်ထပ်ပြတင်းပေါက်ဘောင်တွင် ချိတ်မိသွားလေသည်။

ကြိုးက တင်းသွားသောအခါ ဆိုင်ဂိုသည် ထိုကြိုးကို အားပြု၍ တိုက်နံရံအတိုင်း အပေါ်သို့ တက်သွားလေသည်။

ဤကား နင်းဂျား အတတ်ပညာတစ်ခုပင် ဖြစ်သည်။

ရှေးခေတ် ဂျပန်ပြည်၌ နင်းဂျားတို့ သည် ရန်သူ၏ ရဲတိုက်ကြီးများပေါ်သို့ တက်သည့်အခါ ယခုကဲ့သို့ အဆောက်အအုံနံရံမှ တွယ်တက်နိုင်အောင် ထွင်ထားသည့်နည်းပင် ဖြစ်လေသည်။

ထိုနေရာ၌ မှောင်ရိပ်ကျနေသဖြင့် ဆိုင်ဂို၏ လှုပ်ရှားမှုကို မည်သူကမှ မမြင်ရချေ။

အဆောက်အအုံ၏ အပေါ်ဆုံးထပ်တွင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။

ယင်းသို့ အပေါ်ထပ်တွင် လူရှင်းပြီး တိတ်ဆိတ်နေအောင်နီကိုလာ



ကိုယ်တိုင်က စီစဉ်ဖန်တီးထားခြင်း ဖြစ်လေသည်။သူသည် ရဲစုံထောက် ခရိုကာနှင့် ညှိနှိုင်းစီစဉ်ခဲ့စဉ် လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်တစ်ယောက်မှ အပေါ်ဆုံးထပ်တွင် အစောင့်ချမထားရန် တောင်းဆိုခဲ့လေသည်။

ရန်သူ နင်းဂျားလာလျှင် အခြားလူများ မရှိစေချင်ဘဲ သူတယောက်တည်းနှင့်သာ ရင်ဆိုင်ချင်၍ ဤသို့ စီစဉ်ခြင်း ဖြစ်လေသည်။

ယခု …. သူဌေးကြီး တွမ်ကင်အား ညွှန်ကြားချက်ပေးလေသည်။

'ကျုပ်ပြောတာကို ခင်ဗျားသေသေချာချာ နားထောင်စမ်းပါ၊ ဟိုလူရောက်လာရင် ခင်ဗျားက သူ့ကို လုံးဝမျက်နှာချင်းမဆိုင်ပါနဲ့၊ အဲဒါ ·အရေးကြီးတယ်၊ သူ့ကိုမကြည့်ပါနဲ့…'

ဤသို့ နီကိုလာက ပြောလိုက်ခြင်းမှာ ဆိုင်ဂိုက သူဌေးကြီး တွမ်ကင်အား နင်းဂျားတို့၏ ကူဂျီကီရီ အတတ်ဖြင့် တိုက်ခိုက်မည်စိုးသောကြောင့် ဖြစ်လေသည်။

'ကောင်းပြီ… ကျုပ် လိုက်နာပါ့မယ်'

တွမ်ကင်က အသံတုန်တုန်ယင်ယင်နှင့် ပြန်ပြောလိုက်လေသည်။

တဖန် သူကပင် ဆက်လက်၍ …

'မောင်ရင်က ဘာလုပ်မှာလဲ'

ဟု မေးလိုက်ပြန်သည်။

'ကျုပ် ဘာလုပ်မယ်ဆိုတာ ခင်ဗျား စဉ်းစားဖို့ မလိုဘူး၊ ကျုပ်ပြောတဲ့အတိုင်းသာ လိုက်နာပါ၊ ခင်ဗျားက ကျုပ်စကားကို နားမထောင်ယင် ခင်ဗျားအမြန်ဆုံးသေမှာပဲ'

နီကိုလာက ပြောလိုက်ရာ သူဌေးကြီး တွမ်ကင်သည် ကျောချမ်းသွားမိလေသည်။

သူသည် နင်းဂျားအား အကြီးအကျယ် ကြောက်ရွံ့နေပြီဖြစ်သည်။

သူဌေးကြီးတွမ်ကင် ဤသို့ တုန်လှုပ်ချောက်ချားနေသည်ကို နီကိုလာက အကဲခတ်မိသဖြင့် စကားတမျိုးလှည့်ပြောရန် ဆုံးဖြတ်လျက် …

'ခင်ဗျားရဲ့ သမီးကတော့ အလွန် ရည်မွန်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ'

ဟု ပြောလိုက်သည်။

'ဘယ်သူ့ကို ပြောတာလဲ၊ ဂျပ်စတင်ကို ဆိုလိုတာလား၊ မောင်ရင်က

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အထင်ကြီးနေပုံရတယ်၊ ကျုပ်ကတော့ တယ်ပြီး သဘောမကျဘူး'

'ခင်ဗျားက တော်တော်ခွစာကျတာပဲကိုး'

'ဒါတော့ ကိုယ့်သဘောထားနဲ့ကိုယ်ပေါ့၊ မောင်ရင်က ဂျပ်စတင်ကို သိခဲ့တာ ဘာမှမကြာသေးဘူး၊ ကျုပ်က သူ့ အပေါ်သည်းခံခဲ့ရတာ ကြာလှပြီ၊ ဘာပဲဖြစ်ဖြစ်လေ … မောင်ရင်ကတော့ သူ့အတွက် ကောင်းပါတယ်၊ ဒါကြောင့် ကျုပ်က သူဘယ်မှာရှိနေတယ်ဆိုတာ … မောင်ရင့်ကို ပြောခဲ့တယ် မဟုတ် လား'

'ခင်ဗျားက ဂျပ်စတင်အပေါ် နားလည်မှုရှိပုံ မရဘူး၊ သူဟာ မိန်းကလေးတစ်ယောက် ဖြစ်ပေမယ့်‥ စိတ်ဓာတ်က ယောက်ျားတွေထက် သာတယ်ဗျ'

'ဂျပ်စတင်က နောက်ပိုင်းမှ ပြောင်းလဲလာတာ ဖြစ်နိုင်တယ်၊ ကျုပ်က သူနဲ့ နောက်ပိုင်းမှာတယ်ပြီး မနီးစပ်ခဲ့ဘူး၊ ကျုပ်စိတ်ထဲမှာ သူ့ကို ကလေးငယ် တစ်ယောက်လိုပဲ သဘောထားတယ်၊ ကျုပ်သမီးအကြီး ဂယ်လ်ခါကတော့ တကယ့်ပြဿနာပါပဲ'

သူဌေးကြီး တွမ်ကင် ပြောလိုက်ပြီးနောက် စကားပြတ်သွားကာ နှစ် ယောက်သား ဆိတ်ဆိတ်နေကြပန်လေသည်။

ရုံးခန်းတစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

နီကိုလာ၏ စိတ်ထဲတွင်ကား …

နင်းဂျား(သို့မဟုတ်) ဆိုင်ဂို လာရောက်ချိန် နီးကပ်လာပြီဟု ထင်မိလေသည်။

ထို့ကြောင့်…

သူကိုယ်တိုင် လေ့လာသင်ကြားခဲ့သော နင်းဂျားအတတ်ပညာကို စိတ်အာရုံစူးစိုက်ကာ အသင့်ဖြစ်အောင် ပြင်ဆင်လေသည်။

မကြာမီ…

နင်းဂျားနည်းဖြင့် အပြတ်အသတ် တိုက်ခိုက်ရတော့မည် ဖြစ်ပေသည်။

ခဏမျှအကြာတွင်…

ဆိုင်ဂိုသည် အပေါ်ဆုံးထပ်သို့ရောက်ရှိပြီး ပြတင်းပေါက်မှ ပေါ့ပါးစွာ ခုန်ဝင်လိုက်ရာ၊ ထိုအသံကို နီကိုလာက သဲ့သဲ့မျှကြားလိုက်ရလေသည်။

ဤတွင်…



သူ၏ ကာတားနားခေါ် ဂျပန်ဓားရှည်ကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်သည်။

ဆိုင်ဂိုရောက်လာလျှင် ကာတားနား ဓားရှည်ကို လက်နက်အဖြစ် အသုံးပြုကာ နင်းဂျားနည်းဖြင့် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ခြင်းပင် ဖြစ်သည်။

ယခု အရေးကိစ္စတွင် ရဲစုံထောက် လက်ဖ်တင်နင် ခရိုကာအနေဖြင့် ဝင်ရောက်စွတ်ဖက်ခြင်း မပြုပါစေနှင့် ဟုလည်း နီကိုလာက မျှော်လင့်မိသည်။

သူကိုယ်တိုင်က ခရိုကာအား ကြိုတင် သတိပေးထားခဲ့ပြီးဖြစ်သည်။

ယခုပြဿနာမှာ မိမိ(နီကိုလာ)နှင့်ဆိုင်ဂိုတို့ နှစ်ယောက်ချင်း ရင်ဆိုင် ဖြေရှင်းရမည့် ပြဿနာ ဖြစ်ကြောင်းကိုလည်း ရှင်းလင်းပြောပြခဲ့ပြီး ဖြစ်ပေသည်။

နီကိုလာသည် ဤသို့ ဆင်ခြင်စဉ်းစားနေစဉ်မှာပင် အပြင်ဘက်မှ လှုပ်ရှားသံလိုလို ကြားလိုက်ရသည်။

အသံမကျယ်လှပဲ သဲ့သဲ့မျှသာ ဖြစ်လင့်ကစား နီကိုလာကတော့ ကောင်းစွာ ကြားလိုက်ရလေသည်။

ဤကား…

'ဟာရာဂေအီ'ခေါ် နည်းဗျူဟာအရ လှုပ်ရှားချဉ်းကပ်လာခြင်း ဖြစ်ကြောင်းကိုလည်း ချက်ချင်းရိပ်မိလေသည်။

ထိုအချိန်၌…

နီကိုလာသည် အနက်ရောင် ပိုးရှပ်အင်္ကျီနှင့် ချည်ဘောင်းဘီတို့ဖြင့် အလွန်ပေါ့ပါးစွာ ဝတ်စားထားပေသည်။ သူသည် ကာတားနား ဓားရှည်ကို လက်နှစ်ဘက်စလုံးဖြင့် ဆုပ်ကိုင်လိုက်သည်။

ကိုယ်ဟန်အနေအထားကိုလည်း ရှေးဟောင်းသိုင်းဆရာကြီး မူဆာရှိ၏ နည်းတခုဖြစ်သော 'ဟတ်ပိုဘီရာကီ' တိုက်ခိုက်နည်းအရ အသင့်ပြင်သည့် အနေအထားမျိုးဖြင့် ရပ်နေလိုက်သည်။

ယင်းသို့ ကိုယ်ဟန်အနေအထားဖြင့် ရပ်နေလိုက်ချိန်တွင် နီကိုလာသည် စိတ်ဓာတ် တက်လာလေသည်။ စိုးရိမ်တုန်လှုပ်ခြင်း မရှိပဲ စိတ်တည်ငြိမ် အေးဆေး စွာဖြင့် ရန်သူအား တိုက်ခိုက်ရန် အသင့်ဖြစ်နေပေပြီ။

အပြင်ဘက် တနေရာတွင် လှုရိပ်လိုလို မြင်လိုက်ရသဖြင့် ဆိုင်ဂို

www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်) နင်းဂျားသည် အပေါ်ထပ်စင်္ကြံသို့ ရောက်ရှိလာပြီဟု နီကိုလာက ရိပ်မိလေသည်။

ထို့ကြောင့် . . .

သူသည် ကာတားနား ဓားရှည်ကို ကိုင်မြှောက်လျှက်ပြေးသွားလေသည်။

သူဌေးကြီး တွမ်ကင်သည် တုန်လှုပ် ချောက်ချားလျက် ထိုင်ရာမှ ထလိုက်သည်။

ထိုအချိန်မှာပင် . . .

ဆိုင်ဂိုသည် အခန်းတွင်းသို့ ပြေးဝင်လာလေသည်။

သူသည် သူဌေးကြီး တွမ်ကင်ရှိရာသို့ တည့်တည့်ကြီး ပြေးဝင်လာခြင်း ဖြစ်သည်။

တွမ်ကင်မှာ တုန်လှုပ် ချောက်ချားလွန်းနေသဖြင့် သူ၏ သေနတ်ကို ဆွဲထုန်ခုခံရန်ပင် သတိမရပဲ ငါတော့သေရတော့မှာပါကလားဟုသာ စဉ်းစားမိလေသည်။

'သူ ဒီရောက်လာနေပြီ'

ဟုသာ နီကိုလာရှိရာဘက်သို့ လှမ်းပြောလိုက်သည်။

ဆိုင်ဂိုသည် တွမ်ကင်၏ ရှေ့တည့်တည့်သို့ ရောက်နေပြီဖြစ်သည်။

လက်တဘက်ကိုလည်း တိုက်ခိုက်ရန် မြှောက်ထား လိုက်လေသည်။

သူဌေးကြီး တွမ်ကင်သည် အံ့အားသင့် တုန်လှုပ်လျက် ငေးငိုင်နေစဉ် တစုံတယောက်က တအား တွန်းဖယ်လိုက်သလို ဆိုင်ဂိုသည် ပြတင်းပေါက်ဘက်ဆီသို့ ယိုင်လဲသွားလေသည်။

တွန်းလိုက်သူကာ နီကိုလာပင်ဖြစ်ပြီး ကာတားနား ဓားရှည်ကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ရင်း ပြေးလာလေသည်။

ဆိုင်ဂိုသည် လျှင်မြန်စွာ ပြန်ထယင်း သေးငယ်သော အရာဝတ္ထုတခုကို နီကိုလာ၏ရှေ့သို့ လှမ်းပစ်လိုက်သည်။

ထိုအရာဝတ္ထုကား အထူးစီမံပြုလုပ်ထားသော လက်ပစ်ဗုံးငယ်တခု ဖြစ်ရာ ကြမ်းပြင်ပေါ်သို့ ကျရောက်သည်နှင့် ပေါက်ကွဲသွားလေသည်။

ဗုံးပေါက်ကွဲမှုအရှိန်ကြောင့် ကြမ်းပြင်ပေါ်ခင်းထားသော ကော်ဇော စုတ်ပြတ် ပျက်စီးသွားသည့်အပြင် အနီးရှိ စားပွဲ၏ ရှေ့ပိုင်းသည်လည်း ပျက်စီးသွားသည်။



ယင်းအရှိန်ကြောင့်ပင် နီကိုလာ၏ လက်မှ ကာတားနား ဓားရှည် လွတ်ကျ သွားလေသည်။

ဤတွင် ဆိုင်ဂိုသည် နီကိုလာအား တိုက်ခိုက်ရန် ပြေးဝင်လာလေသည်။

နီကိုလာသည် ခုခံကာကွယ်ရန် နည်းလမ်းကို စဉ်းစားလေသည်။

ယခုအခြေအနေမှာ လေ့လာသင်ကြားခဲ့ရသော သင်တန်းများ၌ ပို့ချသင်ကြားထားသော အခြေအနေမျိုးမဟုတ်သဖြင့် မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ စဉ်းစားဆုံးဖြတ်ရမည် ဖြစ်ပေသည်။

ထို့ကြောင့် . . .

သူသည် ချက်ချင်းဆုံးဖြတ်၍ လျှင်မြန်စွာ လှုပ်ရှားလိုက်သည်။

သူ၏ ကိုယ်ကို ဘေးသို့ စောင်းလိုက်ပြီး ဆိုင်ဂို၏ လက်ကို ခြေဖျားဖြင့် တအားပစ်ကန်လိုက်သည်။

ဆိုင်ဂိုသည် သူ၏ ကာတားနား ဓားရှည်ကို ဆွဲကိုင်ထုတ်မည်ပြုစဉ် နီကိုလာ၏ ခြေဖျားက လက်ချောင်းများကို ထိမှန်ပြီး ဓားရှည်လွတ်ကျသွားလေသည်။

ဆိုင်ဂို၏လက်တဘက်တွင် သံမဏိလက်သည်း ကိရိယာတပ်ဆင်ထားရာ ထိုလက်ဖြင့် နီကိုလာအား တိုက်ခိုက်ရန် ကြိုးစားလေသည်။

နီကိုလာကလည်း လက်ဝါးစောင်းဖြင့် ဆိုင်ဂို၏ ခန္ဓာကိုယ်ကို တိုက်ခိုက်လေသည်။

ထိုအချိန်၌ လူချင်းပူး၍ ယှဉ်ပြိုင်သတ်ပုတ်နေကြပြီဖြစ်ရာ၊ ဆိုင်ဂိုသည် နီကိုလာ၏ တိုက်ခိုက်ပုံကြောင့် အံ့အားသင့်မိလေသည်။

ယခု နီကိုလာတိုက်ခိုက်နေပုံက သာမန်တိုက်ခိုက်နည်းမျိုးမဟုတ်သဖြင့် အံ့သြမိခြင်း ဖြစ်လေသည်။

နီကိုလာ၏ တုံ့ပြန်တိုက်ခိုက်နေပုံမှာ နင်းဂျားတို့၏ တိုက်နည်းဖြစ်သော ကင်ဂျူဆူအတတ်ပညာအရ တိုက်ခိုက်နည်းမျိုးဖြစ်နေပေသည်။

နင်းဂျားတဦးက အခြား နင်းဂျားတဦးအား ယှဉ်ပြိုင်တိုက်ခိုက်[illegible]ခြင်း ဖြစ်နေလေပြီ။

ထို့ကြောင့် . . . .

ဆိုင်ဂိုက အလွန်အံ့အားသင့်မိခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဆိုင်ဂိုသည် နီကိုလာအား အသေသတ်ရန် 'ဟတ်ကိုက်' ခေါ်နည်းဖြင့် တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။ ထိုနည်းဖြင့် တိုက်လျှင် နီကိုလာ မုချသေဆုံးမည် ဖြစ်ပေသည်။

ထိုအခိုက် သေနတ်ကျည်ဆန်တတောင့်သည် ဆိုင်ဂို၏ဦးခေါင်းနားမှ ကပ်၍ ဝီကနဲ ဖြတ်ကျော်သွားလေသည်။မိမိအား ချောင်းမြောင်း ပစ်ခတ်သူ သေနတ်သမားတဦး ရှိနေကြောင်း ဆိုင်ဂိုက ချက်ချင်းရိပ်မိလိုက်သည်။

သို့သော် ....

ထိုလူ မည်သည့်နေရာတွင် ရှိနေကြောင်းကို မသိရချေ။ ယခု သူ၏ လတ်တလောပြဿနာမှာ နီကိုလာနှင့် ယှဉ်ပြိုင်သတ်ပုတ်ရန်ပင်ဖြစ်ရာ၊ နီကိုလာက လူချင်းပူး၍ သတ်သဖြင့် ခက်နေလေသည်။

ဆိုင်ဂိုသည် ရှိသမျှခွန်အားကို ဖျစ်ညှစ်ထုတ်၍ သူ့အားပူးကပ်နေသူ နီကိုလာထံမှ အတင်းရုန်းကန်ထွက်လိုက်သည်။

ထို့နောက်...

သူ၏ ကာဟားနား ဓားရှည်ကျနေရာသို့ ပြေးသွားလေသည်။

နီကိုလာကလည်း လျင်မြန်စွာ လှုပ်ရှားလျက် ဆိုင်ဂို၏ ခြေကျင်းဝတ် နေရာသို့ လက်ဖြင့် ဖမ်းဆွဲလိုက်ရာ၊ နှစ်ယောက်စလုံးအတူ လုံးထွေး လဲကျသွားလေသည်။

ဆိုင်ဂို၏ လက်တဘက်က ကာတားနား ဓားရှည်ကို ဖမ်းဆုပ် ကိုင်မိလေသည်။

ထိုအခိုက်...

နောက်ထပ် သေနတ်ကျည်ဆန်တတောင့်က ဆိုင်ဂို၏အနားမှ ကပ်၍ ဖြတ်ထွက်သွားပြန်လေသည်။

ဆိုင်ဂိုသည် မမြင်ရသော သေနတ်သမားအား စိတ်ထဲမှ ရေရွတ်ကျိန်ဆဲမိလေသည်။

နီကိုလာသည် ဓားရှည်ကိုင်ထားသော ဆိုင်ဂို၏ လက်ကို ဖမ်းချုပ်ရန် အနီးသို့ ကပ်ဝင်သွားလေသည်။

တစ်ချိန်တည်းမှာပင် ငြိမ်သက်စွာ မတ်တပ်မရပ်နိုင်အောင် လူချင်း အတင်းဝင်လိုက်သည်။

ဆိုင်ဂိုသည် နီကိုလာအား တိုက်ခိုက်ရသည်မှာ ထင်သလောက်



မလွယ်ကူသဖြင့် အကြံရကျပ်ကာ ချွေးပြန်လာလေသည်။ နီကိုလာအနေဖြင့် မိမိကဲ့သို့ နင်းဂျားနည်းဖြင့် တိုက်ခိုက်နိုင်လိမ့်မည်ဟု တထစ်ချတွက်ခဲ့မိရာ၊ ယခုတော့ နီကိုလာကိုယ်တိုင်က နင်းဂျားနည်းဖြင့် ကျွမ်းကျင်စွာ တိုက်ခိုက်နေသောကြောင့် ဆိုင်ဂိုသည် အကြံအိုက်နေခြင်းဖြစ်လေသည်။

ထို့ကြောင့်...

နီကိုလာအား တိုက်ခိုက်ရာတွင် အထူးသတိထား၍ တကွက်မှ မမှားအောင်တိုက်မှ ဖြစ်မည်ဟု တွေးမိလေသည်။

ဆိုင်ဂိုသည် နီကိုလာ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းယင်းပြန်လည် ခုခံနေစဉ် သူဌေးကြီးတွမ်ကင်ရှိရာ နေရာဘက်သို့ တချက်လှမ်းကြည့်လိုက်သည်။

ဤသည်ကို နီကိုလာကလည်း မြင်၍ ဆိုင်ဂို၏ အကြံကို ချက်ချင်း ရိပ်မိလေသည်။

ထို့ကြောင့်...

သူသည် ဆိုင်ဂိုအား သူ၏ ခန္ဓာကိုယ်တစ်ခုလုံးဖြင့် ပစ်တိုက်လှဲရန် လျင်မြန်စွာ ခုန်အုပ်လိုက်သည်။

ဆိုင်ဂိုကလည်း ထိုအချိန်၌ သူဌေးကြီးတွမ်ကင်အား ပူးသတ်ရန် ရှေ့သို့ ခုန်ဝင်လိုက်သည်။

နီကိုလာသည် လှုပ်ရှားနေရင်းက သူဌေးကြီး တွမ်ကင်အား ဘေးသို့ တိမ်းရှောင်စေလိုသဖြင့် သူထိုင်နေသည့် ကုလားထိုင်ကြီးကို ခြေတစ်ဘက်ဖြင့် ပစ်ကန်လှဲချပစ်လိုက်သည်။

ထိုအချိန်တွင် သေနတ်သံလိုလို တချက်ကြားလိုက်ရပြီး တစ်ဆက်တည်းမှာပင် ကျယ်လောင်စွာ ပေါက်ကွဲသံတခု ကြားလိုက်ရလေရာ နီကိုလာသည် အန္တရာယ်ကို ကာကွယ်သည့်အနေဖြင့် ကြမ်းပြင်ပေါ် ဝမ်းလျားထိုး ဝပ်ချလိုက်လေသည်။

✦ ✦ ✦

ပေါက်ကွဲမှုအရှိန်ကြောင့် အခန်းတွင်းရှိ ပရိဘောဂများ ပျ[illegible]ကျိုးပဲ့ ကုန်လျက် မီးခိုးလုံးများဖြစ်ပေါ်ကာ ရုတ်တရက် ဘာကိုမျှ သဲကွဲ[illegible] မမြင်ရချေ။

နီကိုလာသည် ဝပ်နေရာမှ ပြန်ထထိုင်လိုက်မည်[illegible] သူ၏အနီး၌

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးတွမ်ကင်လည်း ရှိနေသည်ကို သတိပြုမိလေသည်။

'ဘာဖြစ်သွားတာလဲ'

သူဌေးကြီး တွမ်ကင်ကမေးယင်း မတ်တတ်ထမည်ပြုရာ နီကိုလာ အတင်းပြန်ထိုင်ခိုင်းလိုက်သည်။

'ခင်ဗျား… အသာကလေး ငြိမ်ငြိမ်နေစမ်းပါ'

ဤသို့ ပြောလိုက်စဉ်မှာပင် နီကိုလာသည် ရဲစုံထောက်ခရိုကာကို လှမ်းမြင်လိုက်ရလေသည်။

'ဒီမယ်… တွမ်ကင် ဘာမှမဖြစ်ဘူး မဟုတ်လား၊ အိုကေရဲ့လား'

ခရိုကာက မေးလိုက်လျှင် နီကိုလာကလည်း …

'ဘာမှမဖြစ်ပါဘူး၊ အိုကေ…ပါပဲ'

ဟု ပြန်ပြောလိုက်သည်။

ဆိုင်ဂို ထွက်ပြေးလွတ်မြောက်သွားသဖြင့် နီကိုလာသည် အလွန် မကျေမချမ်း ဖြစ်မိလေသည်။

ယခု…

ခရိုကာရောက်လာချိန်တွင် ဆိုင်ဂို၏ အရိပ်အရောင် လုံးဝမတွေ့ရ တော့ချေ။

သို့သော်…

နီကိုလာသည် ဆိုင်ဂိုနှင့် ရင်ဆိုင်ရစဉ်ကအဖြစ်ကို ပြန်တွေးကြည့်သော အခါ ဆိုင်ဂို၏ မျက်လုံးအမူအရာမှာ အလွန်အံ့အားသင့်သည့်ဟန် ဖြစ်ခဲ့ကြောင်း ကိုတော့ကောင်းစွာ ရိပ်မိခဲ့ပေသည်။

နီကိုလာကိုယ်တိုင်က နင်းဂျားတစ်ဦးအဖြစ် နင်ဂျူဆူအတတ်ပညာ နည်းဖြင့် တိုက်ခိုက်နေသည်ကို မြင်ပြီး ဆိုင်ဂိုသည် အကြီးအကျယ် အံ့အားသင့် သွားကြောင်း ထင်ရှားပေသည်။

သို့ဖြင့်လင့်ကစား…

ဆိုင်ဂိုသည် မုံးဖောက်ခွဲ၍ ထွက်ပြေးလွတ်မြောက်သွားခြင်းမှာ မိမိ အနေဖြင့် ညံ့ရာကျသွားသည်ဟု နီကိုလာက သူ့ကိုယ်သူ ပြန်လည်ဝေဖန် သုံးသပ်မိလေသည်။

ထိုအခိုက်…

ရဲစုံထောက်ခရိုကာသည် ပြတင်းပေါက်တခုဘက်ဆီသို့ ညွှန်ပြလိုက်



သည်။ ပြတင်းပေါက်မှာ လုံးဝပျက်စီးနေလေသည်။

'နေဦးဗျို့… ဒီလူက ပြတင်းပေါက်က ခုန်ဆင်းပြေးတယ်နဲ့ တူတယ်၊ ဒီလိုဆိုယင် သူဟာ အောက်ရောက်ယင် သေနေမှာပဲ'

ပြောပြောဆိုဆို ခရိုကာသည် သူနှင့်အတူ ပါလာသော ရဲကြပ်ကြီး တစ်ဦးအား အောက်သို့ ဆင်းကြည့်ရန် အမိန့်ပေးလိုက်သည်။

နီကိုလာလည်း ပြတင်းပေါက်ရှိရာသို့လာပြီး ငုံ့ကြည့်လေသည်။

'ဒီကကြည့်လို့တော့ ဘာမှမမြင်ရဘူးဗျ'

နီကိုလာက ဤသို့ပြောလိုက်သော်လည်း ခရိုကာကမူ ဆိုင်ဂိုသည် မြေပြင်ပေါ်သို့ကျပြီး သေဆုံးနေပြီဟု ယုံကြည်လေသည်။

သူသည် အပေါ်မှငုံ့ကြည့်နေစဉ် မြေပြင်၌ ရဲတပ်ဖွဲ့ဝင်များက လူတယောက်၏ အလောင်းကို တွေ့ရှိဟန်ဖြင့် ဝိုင်းအုံနေသည်ကိုလည်း လှမ်းမြင် လာလေသည်။

သူဌေးကြီးတွမ်ကင်သည် နီကိုလာ၏အနီးသို့ ချဉ်းကပ်လာလေသည်။

'မောင်ရင်က ကျုပ်ရဲ့အသက်ကို ကယ်လိုက်တာပဲ၊ ကျုပ်က မောင့်ရင့် ကို အထူးကျေးဇူးတင်ပါတယ်'

ဤသို့ပြောလိုက်သော်လည်း နီကိုလာကမကြားသလို ဘာမျှမပြောဘဲ နေလေသည်။

တွမ်ကင်၏ စိတ်ထဲတွင်ကားနီကိုလာက မိမိအသက်ကို ကယ်လိုက် ခြင်းကြောင့် ကျေးဇူးတင်ရသည်ကို သဘောမကျသလို ဖြစ်နေမိလေသည်။

တစ်နည်းအားဖြင့် သူသည် နီကိုလာလိုလူအပေါ် ကျေးဇူးတင်နေရ သည်ကို သဘောမကျခြင်းပင် ဖြစ်လေသည်။

❋ ❋ ❋

---

၁၃

သူတို့အားလုံး အောက်ထပ်မြေပြင်သို့ ဆင်းကြည့်ကြသောအခါ ရဲတပ်ဖွဲ့ဝင်များက လဲကျသေဆုံးနေသည့် အလောင်းကို အဝတ်အိတ်တခုတွင် ထည့်သွင်းထားလိုက်ကြပြီ ဖြစ်သည်။

ထိုနေရာ၌ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်လည်း ရောက်ရှိနေပြီးဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ရဲစုံထောက် ခရိုကာသည် ဆရာဝန်အား မေးမြန်းကြည့်ပြီးနောက် နီကိုလာဘက် လှည့်လိုက်သည်။

'ဒီလောက်အမြင့်ကကျတဲ့အတွက် အလောင်းက ရုပ်ပျက်ဆင်းပျက် ဖြစ်သွား တာပေါ့၊ ဆိုင်ဂိုရဲ့ ဦးခေါင်းက ဘာမှမကျန်တော့သလောက် ကြေမွ နေတယ်'

ခရိုကာက ပြောပြပြီးနောက် ဆရာဝန်က အလောင်းကိုသယ်ယူသွား ရန် ညွှန်ကြားလိုက်လေသည်။

ယခုအတိုင်းဆိုလျှင် ဆိုင်ဂို(သို့မဟုတ်)နင်းဂျားသည် တိုက်ပေါ်မှ လိမ့်ကျ သေဆုံးသွားပြီဟု ယူဆရသည်။

ရဲစုံထောက် ခရိုကာသည် နီကိုလာအား အခြေအနေကို ပြောပြ လေသည်။

'ကျုပ်တို့ ရဲတပ်ဖွဲ့ဝင်ထဲက လူလေးယောက်သေပြီး နှစ်ယောက် ပျောက်နေတယ်၊ ခင်ဗျားရဲ့လူ ဆိုင်ဂိုဟာ လူသတ်တဲ့နေရာမှာ တကယ်ရက်စက် တာ ပါပဲလား'

'ဒီလိုဖြစ်ရတာကို ကျုပ် ဝမ်းနည်းပါတယ်၊ ရဲတပ်ဖွဲ့ဝင်တွေသေရတာ ကို စိတ်မကောင်းပါဘူး'

နီကိုလာက ပြန်ပြောလိုက်သည်။

'ဒီမယ်…နီကိုလာ၊ ဆိုင်ဂိုက ဘာဖြစ်လို့ ဒီလို တိုက်ပေါ်က ခုန်ချ သေသွားတာလဲ'

'ဒါကတော့ … သူဟာ ရှေးခေတ် ဂျပန်စစ်သည် သူရဲကောင်းများရဲ့ စိတ်ဓာတ်အတိုင်း တိုက်ပွဲမှာ အရှုံးမခံဘဲ သတ်သေသွားတဲ့ သဘောဖြစ်ပါ လိမ့်မယ်၊ ဒါထက်… ဒီအလောင်းနားမှာ သူ့ရဲ့ ကာတားနားကို တွေ့သလား'

'ဘာကို ပြောတာလဲ'

'ဆိုင်ဂိုရဲ့'ကာတားနား'လို့ခေါ်တဲ့ ဓားရှည်ကို တွေ့သလား လို့မေးတာ ပါ'

'အခု လောလောဆယ်တော့ မတွေ့ဘူး၊ ဒါပေမယ့် တစ်နေရာရာမှာ ရှိပါလိမ့်မယ်'

ခရိုကာက ဤသို့ပြန်ပြောသည်ကို နီကိုလာသည် မကျေနပ်သော်လည်း ဘာမျှမပြောပဲ နေလိုက်သည်။



'ဟော… ဟိုမှာ သူဌေးကြီး တွမ်ကင်က ခင်ဗျားကို စောင့်နေတယ်'

ခရိုကာက ပြောယင်းညွှန်ပြသဖြင့် နီကိုလာလည်း လှည့်ကြည့်ရာ၊ သူဌေးကြီးတွမ်ကင်သည် နီကိုလာအား ခေါ်ရန် သူ၏ မော်တော်ကားဘေးနား တွင် ရပ်စောင့်နေသည်ကို တွေ့ရလေသည်။

ခရိုကာသည် နီကိုလာအား မော်တော်ကားဆီသို့ ခေါ်သွားယင်း အခြား အမှုတခုအကြောင်း ခပ်တိုးတိုး ပြောလိုက်လေသည်။

'ဒီမယ်… 'ဒီဒီယွန်'ဆိုတဲ့ အမျိုးသမီး အသတ်ခံရမှုနဲ့ ပတ်သက်လို့ ထူးခြားလာတယ်ဗျ၊ သူအသတ်ခံရတဲ့ညက အဲဒီအိမ်ခန်းမှာ တခြား အမျိုးသမီး တစ်ယောက်ရှိနေတယ်လို့ ကျုပ်ပြောခဲ့တယ်မဟုတ်လား ၊ အဲဒီအမျိုးသမီးက ဘယ်သူဆိုတာ အခု ကျုပ်သိပြီဗျ'

'သေချာရဲ့လားဗျ၊ ခင်ဗျားက မသေချာပဲနဲ့ ရမ်းမလုပ်နဲ့ဦး'

နီကိုလာကပြန်ပြောလိုက်သည်။

'သေချာပါတယ်၊ ကျုပ်အနေနဲ့ ဒီအမှုကို အပြတ်ရှင်းမှဖြစ်မယ်'

'ဟုတ်မှလဲလုပ်ပါ'

'ဟုတ်ပါတယ်… သေချာလို့ ကျုပ်က ပြောတာပါ၊ ဒါကြောင့် ကျုပ်က အဲဒီ အမှုကို အပြတ်ရှင်းဖို့ 'ဖလော်ရီဒါ' ပြည်နယ်ကို အမြန်သွားရ လိမ့်မယ်'

'ခင်ဗျား မသွားခင် ဂယ်လ်ခါကို ဝင်တွေ့ဦးမှာလား'

'တွေ့ဖို့အချိန်မရတော့ဘူးဗျ၊ တယ်လီဖုန်းပဲ ဆက်လိုက်မယ်၊ သူ့အနေနဲ့က ဘာမှ စိုးရိမ်ပူပန်စရာ မရှိတော့ဘူးလို့ ပြောချင်တယ်၊ ခင်ဗျားကလဲ ဂျပ်စတင်ကို သွားတွေ့ဖို့ ကောင်းတယ်၊ သူ့ခမျာ အလွန် စိုးရိမ်နေရှာမှာပဲ'

ခရိုကာက ပြောလိုက်ပြီးနောက် နီကိုလာသည် ဘာမျှပြန်မပြောဘဲ စကားဖြတ်၍ သူဌေးကြီး တွမ်ကင်၏ မော်တော်ကားပေါ်သို့ တက်လိုက် လေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



၁၄

ထိုအချိန်၌ ရဲတပ်ဖွဲ့ဝင်များသည် အလုပ်ရှုပ်နေကြဆဲပင် ရှိကြသေးသည်။

နီကိုလာသည် မော်တော်ကားပေါ်မှ လှမ်းကြည့်လိုက်ရာ၊ ရဲစုံထောက် ခရိုကာနှင့် လူငယ်ရဲသားတစ်ဦး စကားပြောနေကြသည်ကို မြင်ရလေသည်။

ခရိုကာက မေးခွန်းတစ်ခု မေးသည်ကို လူငယ်ရဲသားက ခေါင်းခါပြီး အဆောက်အအုံ အတွင်းဘက်ဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်ကိုလည်း နီကိုလာက မြင်လိုက်ရသည်။

မော်တော်ကားပေါ်တွင် ရောက်နေနှင့်သော သူဌေးကြီးတွမ်ကင်သည် နီကိုလာအား ကျေးဇူးတင်စကား ပြောလေသည်။

'ကျုပ် မောင့်ရင့်ကို အထူးကျေးဇူးတင်ပါတယ်၊ နက်ဖြန်ကျယင် ကျုပ် ရုံးခန်းကိုလာပြီး ငွေထုတ်ဖို့ 'ချက်' လက်မှတ်တစ်စောင် လာယူပါ၊ ရသင့်တဲ့ အခကြေးငွေအပြင် အထူးဆုအဖြစ် နောက်ထပ်ငွေ ပိုပေးပါ့မယ်၊ မောင်ရင့်အနေနဲ့ အထူးဆုငွေ ရထိုက်ပါတယ်'

ထိုစကားကို နီကိုလာက မည်သို့မှပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်ရာ သူဌေးကြီးတွမ်ကင်ကပင်…

'ပြီးတော့… မောင်ရင် ကျုပ်ဆီမှာ ဆက်အလုပ်လုပ်ဖို့လည်း ပြောချင်သေးတယ်'

ဟု ဆက်ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်… ကျုပ်က ခင်ဗျားဆီမှာ ဆက်အလုပ်လုပ်ဖို့ စိတ်မဝင်စားတော့ဘူး'

နီကိုလာက ခပ်တည်တည် ပြန်ပြောလိုက်သည်။

'ဒီလိုလဲ အလောတကြီး မဆုံးဖြတ်လိုက်ပါနဲ့ဦး၊ သေသေချာချာ ပြန်စဉ်းစားစေချင်တယ်၊ မောင်ရင်က ထူးခြားတဲ့ အရည်အချင်းရှိသူ ဖြစ်တဲ့အတွက် ကျုပ်အနေနဲ့ မောင်ရင့်ကို ကောင်းကောင်း အသုံးချနိုင်တယ်၊ ဒီမယ်… မောင်ရင် ဂျပန်ပြည်ကို ပြန်မသွားချင်ဘူးလား'

တွမ်ကင်က ဤသို့ ပြောလိုက်သောအခါ နီကိုလာက‥

'ကျုပ်က ဂျပန်ပြည်ကို သွားချင်ရင် ခင်ဗျားရဲ့ အကူအညီမလိုပါဘူး'



ဟု ပြန်ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်လည်းသိပါတယ်၊ မောင်ရင်က ဂျပန်ပြည်ကို သွား ချင်ရင် အချိန်မရွေး လေယာဉ်ပေါ်တက်လိုက်သွားရင် ဖြစ်တာမှန်ပါတယ်၊ သို့သော်လဲ ကျုပ်နဲ့ အတူသွားမယ်ဆိုယင် မောင့်ရင့်အတွက် အနည်းဆုံး ဒေါ်လာငွေ နှစ်သိန်းခွဲလောက် ရမှာသေချာတယ်'

ထိုစကားကို နီကိုလာက မည်သို့မှပြန်မဖြေဘဲ ဆိတ်ဆိတ်နေလိုက်သည်။

'ဒီမယ် …. နီကိုလာ၊ ကျုပ်က တကယ်ပြောတာပါ၊ အခု ကျုပ်ကို သတ်ဖို့ လိုက်နေတဲ့ နင်းဂျား သေသွားပေမယ့် ကျုပ်မှာ တခြားပြဿနာတွေ ရှိနေသေးတယ်၊ ဒါကြောင့် ကျုပ်မှာ ကျွမ်းကျင်သူတဦးရဲ့ အကူအညီလိုနေတယ်'

'ဝမ်းနည်းပါတယ်၊ ကျုပ်အနေနဲ့ လက်မခံနိုင်ပါဘူး'

'ဘာပဲဖြစ်ဖြစ်လေ… ပြန်ပြီး စဉ်းစားပါဦး၊ အချိန်ရှိပါသေးတယ်'

သူဌေးကြီးတွမ်ကင်က ပြောနေစဉ် နီကိုလာသည် အပြင်ဘက်သို့ လှမ်းကြည့်လိုက်ရာ ရဲစုံထောက် ခရိုကာက သူ၏မော်တော်ကားပေါ်သို့ တက်နေသည်ကို မြင်ရလေသည်။

သူဌေးကြီးတွမ်ကင်သည် သူ၏ မော်တော်ကား မောင်းသူအား…

'ဟေ့… အခု (၃)လမ်းဘက်ကို အယင် မောင်းစမ်းကွာ၊ မစ္စတာ နီကိုလာကို လိုက်မပို့ခင် တခုခုစားကြမယ်'

ဟု အမိန့်ပေးလိုက်ရာ ယာဉ်မောင်းသူလည်း ကားကို စတင် မောင်းထွက်လေသည်။။

လမ်းတွင် တွမ်ကင်က စကားဆက်ပြောပြန်လေသည်။

'ဒါထက်… ကျုပ်သမီး ဂျပ်စတင်တယောက် ဘယ်လိုနေသလဲ'

'နေထိုင်ကောင်းပါတယ်'

'ဒီလိုကြားရတာ ဝမ်းသာပါတယ်၊ ဒီမယ်… နီကိုလာ၊ မောင်ရင်က ကျုပ်ကို သဘောမကျဘူးဆိုတာလဲ သိပါတယ်၊ ဒါပေမယ့် ကျုပ်အနေနဲ့ မောင်ရင့်ကို အကူအညီတောင်းချင်တယ်၊ အခု ကျုပ်သမီး ဂျပ်စတင်က ကျုပ်နဲ့ မနီးစပ်ပဲ လူချင်း အဆက်ပြတ်နေတာကို ကြာရှည် မဖြစ်စေချင်ဘူး၊ ကျုပ်တို့ သားအဖ ပြန်ပြီး နီးစပ်လာအောင် မောင်ရင်က ကူညီစေချင်တယ်'

'ဒါက ခင်ဗျားတို့နှစ်ယောက်ရဲ့ ပြဿနာပဲ၊ ခင်ဗျားတို့ အချင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းမှ ဖြစ်မှာပေါ့'

'မဟုတ်ဘူးလေ၊ အခု အခြေအနေမှာ မောင်ရင်က နှစ်ယောက်စလုံးနဲ့ ပတ်သက်နေပြီ မဟုတ်လား'

ထိုစကားကို နီကိုလာက မဖြေပဲ....

'ဒါထက် အခုတလော ခင်ဗျားရဲ့ ကိုယ်ရံတော်' ဖရင့် ' တယောက် မမြင်ပါလား၊ သူ ဘယ်ရောက်နေသလဲ'

ဟု ပြန်မေးလိုက်သည်။

ထိုအခိုက်....

မော်တော်ကား၏ ရှေ့ပိုင်းမှ အသံတခုကို ကျယ်လောင်စွာကြားလိုက်ရပြီး ကားမောင်းသူသည် တစုံတခုဖြင့် တိုက်ခိုက်ခြင်း ခံရသလို လက်နှစ်ဘက် မြှောက်လိုက်သည်။

* * *

## ၁၅

အမှန်က ဒရိုင်ဘာ၏ ခန္ဓာကိုယ်တွင်းသို့ သုံးလက်မခန့်ရှိသော သံမဏိ အသွားတခုက ထိုးစိုက် ဝင်သွားပြီဖြစ်ရာ သူသည် ကားကို ဆက်၍ မမောင်းနိုင် တော့ဘဲ ငြိမ်သက်သွားလေသည်။

မော်တော်ကားသည် ထိန်းမောင်းမည့်သူမရှိပဲ ဆက်လက်သွားနေ လေသည်။

နီကိုလာသည် သူ၏ ကာတားနား ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

သို့သော်...

မော်တော်ကားအတွင်း၌ဖြစ်၍ သူသည် လွတ်လပ်စွာ မလှုပ်ရှားနိုင်ဘဲ ဖြစ်နေလေသည်။

သူဌေးကြီး တွမ်ကင်သည် မော်တော်ကားတံခါးကို ဖွင့်ရန်ကြိုးစား သော်လည်း သူ၏ကားမှ တံခါးများဖွင့်ခြင်း ပိတ်ခြင်းကို ရှေ့ခန်းမှ ခလုတ်နှိပ်၍ ဖွင့်ပိတ်ရသဖြင့် ယခု ဖွင့်၍မရပဲဖြစ်နေလေသည်။

ယာဉ်မောင်း သူကလည်း ကား၏ရှေ့ခန်းတွင် သေဆုံးနေပြီဖြစ်ပြီး ရှေ့ခန်းနှင့် နောက်ခန်းကို အလွှန်ထူသော မှန်ကြီးကာထားသဖြင့် သူဌေးကြီး



တွမ်ကင်သည် မော်တော်ကားတံခါးကို ဖွင့်၍မရပဲ အကျပ်တွေ့ နေလေသည်။

ထိုအချိန်၌ မော်တော်ကားသည် ဓာတ်တိုင်တတိုင်နှင့် ဝင်တိုက်မိပြီး ရပ်သွားပြီဖြစ်သည်။

ကား၏ရှေ့ခန်းနှင့် နောက်ခန်း ကာထားသောမှန်ကို တစုံတယောက်က ထုရိုက်ခွဲနေသဖြင့် နီကိုလာကလည်း အတွင်းမှနေ၍ သူ၏ ခြေထောက် နှစ်ဘက်စလုံးဖြင့် တအားပစ်ဆောင့်ကန်လိုက်သည်။

ဤတွင် မှန်သည် ကွဲသွားလေရာ၊ နီကိုလာလည်း မော်တော်ကား၏ ရှေ့ခန်းသို့ လျင်မြန်စွာ လွှားကနဲ ခုန်ထွက်လိုက်လေသည်။

စောစောက တိုက်ပေါ်မှကျ၍ သေဆုံးနေသော ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် အလောင်းမှာ ဆိုင်ဂို၏ အလောင်းမဟုတ်ချေ။

ဆိုင်ဂိုက မုံးဖောက်ခွဲ၍ ရုတ်ရုတ်သဲသဲဖြစ်သွားစဉ် ရဲတပ်ဖွဲ့ ဝင်များအား လှည့်စား၍ အကွက်ဆင်လိုက်ခြင်းသာ ဖြစ်လေသည်။

သူသည် ကိုယ်လုံးကိုယ်ဟန်ချင်းတူသော လူတယောက်အားသတ်ပြီး မှ ပစ်ချလိုက်ခြင်းဖြစ်လေသည်။

ဆိုင်ဂို၏ စိတ်ထဲတွင်ကား နီကိုလာသည်လည်း သူကဲ့သို့ နင်းဂျားတဦးဖြစ်နေပါတကား ဟူသော အသိကြောင့် အံ့အားသင့် တုန်လှုပ်လျက် ရှိနေလေသည်။

သူ၏လက်တွင် ရေဒီယို စက်ငယ်တခုရှိရာ ၊ ထိုစက်ငယ်မှတဆင့် သူဌေးကြီး တွမ်ကင်၏ မော်တော်ကားအတွင်းမှ ပြောသည့် စကားများကို ကြားနေရလေသည်။

သူဌေးကြီးက ဒရိုင်ဘာအား (၃)လမ်းသို့ မောင်းခိုင်းကြောင်း သိရ သဖြင့်၊ ဆိုင်ဂိုသည် မော်တော်ကားလာမည့်လမ်းသို့ ကြိုသွား၍ စောင့်နေပြီး ကား၏ စက်ဖုံးပေါ်သို့ပေါ့ပါးဖျတ်လတ်စွာ ခုန်တက်လိုက်သည်။

ထို့နောက်...

သူ၏ ကားတားနား ဓားရှည်ဖြင့် ကား၏ရှေ့မှန်ကို ထိုးခွဲလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ၁၆

သူဌေးကြီး တွမ်ကင်၏ မော်တော်ကားရှေ့ပိုင်းတွင် နီကိုလာနှင့် ဆိုင်ဂိုတို့ ရင်ဆိုင်တွေ့ဆုံနေကြလေပြီ။

နီကိုလာက ဗျွားကနဲ ခုန်ဝင်လာခြင်းကြောင့် ဆိုင်ဂိုသည် ယိုင်လဲကျသွားလေသည်။

သို့သော် ....

သူသည် အထူးသတ်ထားလျက် နင်းဂျားတိုက်ခိုက်နည်း တမျိုးဖြစ်သော 'ကန်ဆက်ဆူဝါဇာနည်း' အရ သူ၏ လက်ဝဲဘက်တံတောင်ဆစ်ဖြင့် နီကိုလာအား တိုက်ခိုက်ရန် ကြိုးစားလေသည်။

နီကိုလာသည်လည်း နင်းဂျားအကတ်ပညာကို နားလည်ကျွမ်းကျင်နေပြီဖြစ်ရာ၊ ဆိုင်ဂို၏ တိုက်နည်းကို ချက်ချင်းရိပ်မိသဖြင့် တံတောင်ဆစ်နှင့် တိုက်ခိုက်ခြင်းကို တိမ်းရှောင်လိုက်ပြီး သူကိုယ်တိုင်က ထိုးစစ်သဘော တိုက်ခိုက်ရန် ကြိုးစားလေသည်။

ထိုအချိန်၌ ဆိုင်ဂိုသည် ဓားမြှောင်တိုတလက်ကို ထုတ်ယူ၍ ကိုင်ထားပြီး ဖြစ်နေသည်။

သို့သော်...

နီကိုလာက ဆိုင်ဂို၏ လက်ကောက်ဝတ်ကို ဖမ်းချုပ်ကိုင်လိုက်ပြီး လူချင်းပူးသတ်သဖြင့် နှစ်ယောက်သား လုံးထွေးသွားလေသည်။

နှစ်ယောက်စလုံးက ရှိသမျှခွန်အားကို ဖြစ်ညှစ်၍ တယောက်ကို တယောက် အနိုင်ရအောင် အစွမ်းကုန် ယှဉ်ပြိုင်သတ်ပုတ်နေကြပုံမှာ အလွန်ပြင်းထန်သော တိုက်ပွဲကြီးတခုသဖွယ် အကြိတ်အနယ်တိုက်ခိုက် နေကြခြင်း ဖြစ်လေသည်။

တိုက်ပုံတိုက်နည်းကလည်း နှစ်ဦးစလုံးက နင်းဂျားအဖြစ် တိုက်နေကြခြင်းဖြစ်သဖြင့် နင်းဂျားတို့၏ တိုက်ခိုက်နည်းများကို အသုံးပြု တိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

နီကိုလာသည် လူချင်းပူးသတ်နေရာမှ နည်းပရိယာယ်တစ်မျိုးပြောင်းကာ လူချင်းခွာ၍ တိုက်နည်းဖြင့် တိုက်ရန်ပြင်ဆင်လိုက်သည်။

ဤသည်ကို ဆိုင်ဂိုကလည်း ရိပ်မိသဖြင့် လက်ချောင်းသုံးချောင်းဖြင့်



လည်မျိုကို ထိုးသတ်သည့်နည်းကို အသုံးပြုကာ နီကိုလာအား တိုက်ခိုက်လေသည်။

နီကိုလာသည် အလစ်တွင် ခံရတော့မလို ဖြစ်သွားပြီးမှ ချက်ချင်းသတိရလျက် အချိန်မီ လျင်မြန်စွာ တိမ်းရှောင်လိုက်ရလေသည်။

ဆိုင်ဂို၏လက်တွင် 'တန်တို' ခေါ် ဓားမြှောင်တို ရှိနေသေးရာ၊ နီကိုလာက ဓားမြှောင်ကိုင်ထားသော လက်ကောက်ဝတ်ကို ဖမ်းညှစ်၍ အပေါ်ကို လှန်ချိုးရန် ကြိုးစားပြန်လေသည်။

သို့ရာတွင်...

ဆိုင်ဂိုသည် နင်းဂျားတိုက်နည်းတခုဖြစ်သော 'ကိုပို' အတတ်တွင် ပို၍ကျွမ်းကျင်သဖြင့် ၊ သူ၏လက်ယာဘက်ဒူးကို မြှောက်ပြီး တချိန်တည်းမှာပင် ညာဘက်လက်ဖြင့် နီကိုလာ၏ လက်ကို ခုတ်ချလိုက်သည်။

ဆိုင်ဂို၏လက်ကောက်ဝတ်ကို ဖမ်းချုပ်ထားသော နီကိုလာ၏ လက်သည် ခွန်အားလျော့ပြီး ပြုတ်ထွက်သွားစဉ်၊ ဆိုင်ဂို၏လက်မှ ဓားမြှောင်သည် နီကိုလာ၏ မျက်နှာတည့်တည့်သို့ ချိန်ရွယ်ပြီးသား ဖြစ်သွားလေသည်။

နီကိုလာလည်း ဓားမြှောင်ကိုင်ထားသော ဆိုင်ဂို၏လက်ကို လျင်မြန်စွာ ဘေးသို့ တွန်းဖယ်၍ တိမ်းရှောင်လိုက်နိုင်သောကြောင့် ဓားမြှောင်အသွားသည် သီသီကလေး လွဲချော်သွားလေသည်။

သူတို့နှစ်ဦးစလုံးသည် တစ်ဦးကိုတစ်ဦး အသေသတ်ရန်သာစိတ်ကို စူးစိုက်လျက် သဲသဲမဲမဲ တိုက်ခိုက်နေကြပြီ ဖြစ်သည်။ဆိုင်ဂိုက လူချင်းပြန်ပူး၍ သတ်ရန် ကြိုးစားသောအခါ နီကိုလာသည် နင်းဂျားတို့၏ သိုင်းကွက်နည်းတမျိုးဖြင့် ရုန်းထွက်ပြီး လူချင်း ပြန်ခွာလိုက်သည်။

ထိုအခါ...

ဆိုင်ဂိုသည် လျင်မြန်စွာလှုပ်ရှားလျက် မော်တော်ကား၏ စက်ဖုံးပေါ်မှ တဆင့် သူ၏ ကိုယ်ကို လှိမ့်ကာ လမ်းပေါ်သို့ ခုန်ဆင်းလိုက်လေသည်။

နီကိုလာလည်း ချက်ချင်းပင် ဆိုင်ဂိုနည်းတူ မော်တော်ကားပေါ်မှ လိုက်၍ ခုန်ဆင်းလိုက်သည်။

လမ်းပေါ်တွင် ဆိုင်ဂိုသည် အသင့်ရပ်စောင့်နေလေသည်။ သူသည် အနက်ရောင် အင်္ကျီနှင့်ဘောင်းဘီ ဝတ်ဆင်ထားပြီးသူ၏ ကာတားနား ဓားအိမ်ကို ဖယ်ရှားလွှင့်ပစ်ကာ၊ ဓားရှည်ကိုသာ ဆုပ်ကိုင်လျက် တိုက်ခိုက်ရန် အသင့်ပြင် ထားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် နီကိုလာအား စိန်ခေါ်ရန်မလို၊ ကေန်မှချလိုက်လာလိမ့်မည်ဟု တွက်ထားပြီးဖြစ်လေသည်။

နီကိုလားလည်း ဆိုင်ဂိုအားလှမ်းကြည့်နေစဉ် သူတို့အနီးသို့ မော်တော်ကားတစီး ထိုးဆိုက်လာပြီး ရဲစုံထောက်ခရိကာဆင်းလာသည်ကို မြင်ရလေသည်။

ဤတွင်…

နီကိုလာ၏ မျက်လုံးများက ဆိုင်ဂိုအား စိုက်ကြည့်လျက်နှင့်ပင်…

'ခရိကာ ခင်ဗျား ဘာမှဝင်မလုပ်ပါနဲ့၊ ကျုပ်တို့အချင်းချင်း ဖြေရှင်းကြမယ်၊ ခင်ဗျားက မစ္စတာတွမ်ကင်ကိုသာ ဂရုစိုက်ကြည့်ပါ၊ အခု သူဟာ မော်တော်ကားနောက်ပိုင်းမှာရှိတယ်'ဟု လှမ်းအော်ပြောလိုက်ပြီးမှ ဆိုင်ဂိုရှိရာသို့ ချဉ်းကပ်သွားလေသည်။

နီကိုလာနှင့် ဆိုင်ဂိုတို့သည် ကာတားနား ဓားရှည်ကိုယ်စီကိုင်လျက် နင်းဂျားများအဖြစ် ရင်ဆိုင်နေကြပြန်လေသည်။

❋ ❋ ❋

---

၁၇

နင်းဂျားတို့၏ လျှို့ဝှက် အတတ်ပညာ တခုမှာ ရန်သူ၏ လှုပ်ရှားမှုကို မျက်လုံးဖြင့် မြင်ရုံသာမက၊ ခန္ဓာကိုယ်တခုလုံးဖြင့် မြင်နိုင်သည့်သဘောမျိုး ရိပ်မိသိရှိနိုင်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့်…

ယခု နီကိုလာသည် ရန်သူဆိုင်ဂို၏ လှုပ်ရှားမှုကို ချက်ချင်း ရိပ်မိသိရှိကာ သူကလည်း စတင်လှုပ်ရှားလိုက်လေသည်။

သူသည် 'အီအိုင်အေ'ခေါ် ဓားသိုင်းနည်းဖြင့် သူ၏ ကာတားနားဓားရှည်ကို ကိုင်မြှောက်လျက် လျှင်မြန်သွက်လက်စွာ ခုခံလိုက်သောကြောင့် ဆိုင်ဂို၏ အတင်းဝင်ခုတ်သော ဓားချက်ကို ဘေးသို့ ဖယ်ရှားလိုက်နိုင်လေသည်။

ထို့နောက်…

နှစ်ယောက်သား အကြိတ်အနယ်ဓားချင်းယှဉ်ခုတ်နေကြလေတော့



နှစ်ဦးစလုံး၏ဓားချက်များသည် အလွန်ပြင်းထန်လှပေရာ သာမန်ဓားများဆိုလျှင် ကျိုးပဲ့ပျက်စီးသွားနိုင်ပေသည်။

သို့သော်…

ကာတားနားခေါ် ဂျပန်ဓားရှည်က အလွန် ကောင်းမွန်သော သံမဏိဖြင့် အထူးစီရင်ပြုလုပ်ထားသဖြင့် ထိခိုက်ပျက်စီးခြင်းမရှိဘဲ သူတို့၏ ဓားချက်ကို ခံနိုင်လေသည်။

ဆိုင်ဂို၏ မျက်လုံးများမှာ နီကိုလာအား အလွန်စက်ဆုပ် မုန်းတီးသည့်အသွင်ဆောင်နေပြီး၊ မဖြစ်မနေ အသေသတ်မည့်ဟန်မျိုး ဖြစ်နေလေသည်။

သူသည် ခွန်အားကို အပြည့်အဝသုံးလျက် အထူးလျှင်မြန်စွာ သွက်လက်စွာ တိုက်ခိုက်နေရာ၊ နီကိုလာပင်လျှင် ဆိုင်ဂို၏ခွန်အားနှင့် လျှင်မြန်မှုကို အံ့သြမိလေသည်။

ထို့ကြောင့် အထူးသတိထားလျက် ပြန်လည်တိုက်ခိုက်နေရလေသည်။

အမှန်က ဆိုင်ဂိုသည် မူးယစ်ထုံထိုင်းသည့် ဆေးတစ်မျိုးကို သောက်သုံး၍ သူ၏ မျက်လုံးများက တမျိုးဖြစ်နေလေသည်။ ထိုဆေးကို မှီဝဲထားခြင်းဖြင့် တိုက်ခိုက်ရာတွင် ပို၍လျှင်မြန်သွက်လက်လိမ့်မည်ဟု ယူဆပုံရလေသည်။

အကြိတ်အနယ် တိုက်ခိုက်ယင်း နီကိုလာ၏ လက်မောင်းများ ညောင်းညာလာလေသည်။ ဤသည်ကို ဆိုင်ဂိုက သတိပြုမိဟန်ဖြင့် သဘောကျပြီး သရော်သလိုပြုံးလိုက်သည်။

နီကိုလာသည် မသိမသာ နောက်သို့ဆုတ်၍ ဆက်လက်တိုက်ခိုက်လေသည်။

သူတို့တိုက်ခိုက်နေကြသော နေရာအနီးတွင် ကြေးရုပ်တခုနှင့် အထူးစီမံပြုလုပ်ထားသော ရေတံခွန်တခုရှိရာ၊ နီကိုလာသည် နောက်ဆုတ်ရင်း ထိုရေတံခွန်အနီးသို့ ရောက်ရှိသွားလေသည်။

ထို့ကြောင့်…

နီကိုလာ အနေဖြင့် အထူးသတိထားပြီး ဆက်လက်တိုက်ခိုက်နေရလေသည်။

ရေတံခွန်၏ ရေစပ်နားသို့ အရောက်တွင် နီကိုလာသည် လက်မောင်းတစ်ဖက်၌ နာကျင်ခြင်းပြင်းစွာ ခံစားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းမှ သွေးများ ယိုစီးကျလာသဖြင့် ဆိုင်ဂို၏ ဓားချက်သည် လက်မောင်းကို ရှပ်၍ ထိသွားကြောင်းထင်ရှားလေသည်။

ဆိုင်ဂို၏ တိုက်ခိုက်နည်းမှာ နင်းဂျား အတတ်ပညာတွင် အလွန်ခက်ခဲလှသော 'ကိုဘူဒေရာ' ခေါ် ဓားသိုင်းနည်းဖြစ်ကြောင်း နီကိုလာက ရိပ်မိလိုက်သည်။

ထို့ကြောင့် …

သူသည် အထူးသတိထားလျက် ပြန်လည် တိုက်ခိုက်လေသည်။

ယင်းသို့ တိုက်ခိုက်ယင်း နှစ်ယောက်စလုံး ရေထဲသို့ ရောက်သွားကြလေသည်။

ဤအချိန်၌ နီကိုလာသည် မောပန်းစပြုနေပြီ ဖြစ်သည့်အပြင်၊ ဓားရှည်ကိုင်ထားသော သူ၏ လက်ချောင်းများကလည်း ညောင်းညာလျက်ရှိနေပြီဖြစ်သည်။

သူသည် အားယူ၍ အသက်ရှူနေရလေသည်။

ထိုအတောအတွင်း ဆိုင်ဂိုက နင်းဂျား အတတ်ပညာ 'ကိုဘူဒေရာ' နည်းဖြင့် သဲသဲမဲမဲ ဆက်လက်တိုက်ခိုက်နေလေသည်။

နီကိုလာ၏ ခြေတဘက်သည် ရေအောက်မှ တစုံတခုနှင့် ခလုတ်တိုက်မိသဖြင့် ချော်လဲကျသွားလေသည်။

ဤတွင် ဆိုင်ဂိုက အခွင့်ကောင်းယူကာ နီကိုလာအားအတင်းဝင်တိုက်ခိုက်လေတော့သည်။

❁ ❁ ❁

---

## ၁၈

နီကိုလာ၏ သွေးများသည် ရေထဲတွင် နီရဲလျက် ရှိနေလေသည်။

သူ၏ စိတ်ထဲတွင်ကား ဆရာကြီး ဖူကာရှိတာဂီ၏ သင်ကြားပို့ချချက်များသည် ယခု တိုက်ပွဲအတွက် ပြည့်စုံလုံလောက်ခြင်းရှိပါ၏လောဟု သံသယဖြစ်နေမိလေသည်။

နီကိုလာသည် စိတ်ကို တင်း၍ ပြန်လည် တိုက်ခိုက်ယင်းရှေးခေတ်



ဂျပန်ပြည်မှ ဓားသိုင်းဆရာကြီး မူဆာရှိ၏ သင်ကြားချက်များကို ကြိုးစား၍ ပြန်လည်စဉ်းစားကြည့်လေသည်။

ဆရာကြီး မူဆာရှိသည် တပည့်များအား သင်ကြားရာ၌ ခန္ဓာကိုယ်ကို ကျောက်တုံး ကျောက်ခဲကဲ့သို့ မာကျော တောင့်တင်းနေအောင် စိတ်အာရုံစိုက်ထားရမည်ဟု သင်ကြားခဲ့လေသည်။

ဤသို့ စဉ်းစားမိလျှင် နီကိုလာသည် ချက်ချင်း စိတ်ဓာတ်ပြန်တက်လာလေသည်။

သူ၏ ခန္ဓာကိုယ်သည် ကျောက်တုံးကြီးတခုပမာ ကြံ့ခိုင်တောင့်တင်းသဖြင့် ဆိုင်ဂို၏ ဓားရှည်နှင့်တကွ မည်သည့်အရာ ဝတ္ထုက မတိုက်ခိုက်နိုင်ဟု ယုံကြည်လာ၏။

ကာတားနား(ဓားရှည်)နှင့် ဆိုင်ဂိုကား လျှင်မြန်ဖျတ်လက်လာသော နီကိုလာကို အံ့အားသင့်ကြည့်နေမိလေသည်။

ထိုအချိန်မှာပင် နီကိုလာ၏ ဓားချက်သည် ဆိုင်ဂို၏ လက်တဘက်ကို ခုတ်မိလေသည်။

ဤတွင် ဆိုင်ဂိုသည် အရက်မူးသမားတယောက်လို ယိမ်းယိုင်သွားလေသည်။

သူ၏ ခန္ဓာကိုယ်မှ အာရုံကြောများ ထုံထိုင်းလျက်၊ ကောင်းစွာပင် မတ်တပ်မရပ်နိုင်ပဲ ကာတားနား (ဓားရှည်)ကို လက်တဘက်ဖြင့် လက်ကိုင်တုတ်သဖွယ် အားပြု ထောက်ထားရလေသည်။

ဆိုင်ဂိုသည် နီကိုလာအား ပြန်လည် မတိုက်ခိုက်နိုင်တော့ပဲ သူမချသေရတော့မည်ဟု တထစ်ချတွက်မိလေသည်။

ထို့ကြောင့် … သူသည် နီကိုလာအား လှမ်းကြည့်ပြီး စကားပြောလေသည်။

'မင်း ငါ့ကို သတ်နိုင်ပါပြီ၊ ဒါပေမယ့် မင်းကို ပြောစရာရှိတယ်၊ ဒီအကြောင်း မင်းကို ပြောဖို့ ငါဟာ နှစ်ပေါင်းများစွာ စောင့်နေခဲ့တယ်၊ မင်းရှေ့နားကို တိုးလာခဲ့ပါ၊ ငါပြောပြမယ်…'

ဆိုင်ဂိုက ဤသို့ ပြောလိုက်ရာ၊ နီကိုလာလည်း ရှေ့သို့ ခြေလှမ်းတိုးလိုက်သည်။

'ဒီမယ် … ဆိုင်ဂို၊ မင်းဟာ စောစောပိုင်းက အသာစီးရနေတုန်းကျုပ်ကို အသေခုတ်သတ်ဖို့ ကောင်းတယ်၊ အခုတော့ မင်းဟာ 'ကိုဘူဒေရာ'

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နည်းကို ဆုံးခန်းတိုင်ရောက်အောင် အသုံးမချခဲ့တဲ့ အတွက် မင်းရှုံးရခြင်း ဖြစ်တယ်'

နီကိုလာက ပြောလိုက်သော်လည်း ဆိုင်ဂိုသည် ဂရုမစိုက်ပဲ သူပြောချင်သည့် စကားးကိုသာ ဆက်ပြေလေသည်။ သူသည် ပြင်းစွာ နာကျင်ခြင်းဝေဒနာကို ခံစားနေရသဖြင့် မျက်နှာမှာလည်း ရှုံ့မဲ့နေလေသည်။

'ရှေ့နားကို တိုးလာခဲ့ပါ… နီကိုလာ၊ မင်းပြောတာ ငါကောင်းကောင်းမကြားရဘူး'

ဤသို့ပြောယင်း ဆိုင်ဂိုသည် ပြင်းထန်စွာ နာကျင်ခြင်း ဝေဒနာကို ခံစားနေရဟန်ဖြင့် ရှုံ့မဲ့နေလေသည်။

သူသည် နင်းဂျားတဦးအဖြစ်တိုက်ခိုက်ခဲ့သော်လည်း သူကဲ့သို့ နင်းဂျားအတတ်ပညာနည်း တတ်ကျွမ်းနေသူ နီကိုလာနှင့် ယှဉ်ပြိုင်ရာတွင် သူအရေးနိမ့်ပြီဖြစ်ကြောင်း ရိပ်မိနေပြီး ဖြစ်လေသည်။

ထိုအချိန်၌ နီကိုလာသည်လည်း အလွန်ပင်ပန်းနွမ်းနယ်လျက်ရှိနေပြီဖြစ်သည်။

ဆိုင်ဂိုက နာကျင်လျက်နှင့်ပင် စကားဆက်ပြောပြန်လေသည်။

'မင်းက ငါ့ကို အနိုင်ရပြီလို့ ထင်နေတယ် မဟုတ်လား၊ တကယ်တော့ မင်းဟာ ငါ့ကို အနိုင်မရပါဘူး၊ မင်းကယူကီအိုတယောက်အသက်ရှင်နေသေးတယ်လို့… ထင်နေတယ်၊မဟုတ်လား၊ မဟုတ်ဘူး နီကိုလာ၊ အခု ယူကီအိုဟာ ဂျပန်ပြည်က 'ရှီမိုနိုဆေကီ' ရေလက်ကြား ပင်လယ်ရေအောက်ထဲမှာ ရောက်နေပြီ၊ အဲဒီမှာ ငါက သူ့ကို ပစ်ချထားလိုက်တယ်၊ ယူကီအိုဟာ မင်းကို တကယ်ချစ်မြတ်နိုးခဲ့တယ်၊ အဲဒီလို သူက မင်းကို ချစ်နေတာကို ငါက သည်းမခံနိုင်ဘူး၊ ဒါကြောင့် ငါက သူ့ကို သတ်ပစ်လိုက်ရတယ်၊ ယူကီအို ငါသတ်ခဲ့ရတာဟာ မင်းကြောင့် ဖြစ်တယ်'

'လူ့ဘဝဆိုတာ ဒီလိုပါပဲ'

ပြောပြောဆိုဆို နီကိုလာသည် အလွန်လျင်မြန်ဖျတ်လတ်စွာ လှုပ်ရှားလိုက်သည်။

✦ ✦ ✦



သူ၏ ကာတားနားခေါ် ဂျပန်ဓားရှည်ကို ဝင့်၍ ခုတ်လိုက်ရာ၊ ဆိုင်ဂိုလွင့်ထွက်သွားလေတော့သည်။

❋ ❋ ❋

---

၁၉

ရဲစုံထောက်ခရိုကာသည် အနီးသို့ ရောက်ရှိလာသောအခါ အလွန်အံ့အားသင့်နေလေသည်။

ယို့နောက်…

နှစ်ယောက်သား ဆေးရုံရေခဲတိုက်သို့ သွား၍ စောစောက တိုက်ပေါ်မှ ကျသေသော (ဆိုင်ဂိုဟု ထင့်ခဲ့ကြသည့်) လူသေ အလောင်းကို သွားကြည့်ကြလေသည်။

သေချာစွာ စစ်ဆေးကြည့်သောအခါ ထိုလူသည် တိုက်ပေါ်မှ မကျမီကပင် ဇက်ကျိုးသေဆုံးနေခဲ့ပြီး ဖြစ်ကြောင်း သိရှိရလေသည်။

'အံ့ဩစရာပါပဲ၊ ဆိုင်ဂိုဟာ ကျုပ်တို့ရဲ့တွေကို လှည့်စားချင်တာနဲ့ လူတစ်ယောက်ကို သက်သက်မဲ့ သတ်ပစ်လိုက်တာပါကလား'

ခရိုကာက တအံ့တဩပြောလိုက်ရာ၊ နီကိုလာက …

'ဒါကတော့ သူ့ရဲ့အကြံအစည် အောင်မြင်ရေးအတွက် နောက်ထပ် အကြံအစည်တခု ဖန်တီး လုပ်လိုက်တဲ့သဘောဖြစ်တယ်'

ဟု ပြန်ပြောလိုက်လေသည်။

✦ ✦ ✦

နီကိုလာသည် လေးနက်စွာ စဉ်းစားနေလေသည်။

အထူးသဖြင့် ဂျပန်ပြည်နှင့်တကွ သူ၏ဖခင် ဗိုလ်မှူးကြီး၊ မိခင်ချိုပွန်နှင့် ယူကီအို အမည်ရှိ ဂျပန်မိန်းကလေးအကြောင်းတို့ကို စဉ်းစားနေခြင်းဖြစ်သည်။

စင်စစ်အားဖြင့် …

ယူကီအိုသည် မိမိ(နီကိုလာ)အတွက် သူမ၏ အသက်ကို စွန့်လွှတ်'စတေး'သွားသည့် သဘောပင်ဖြစ်သည်။ ဤသို့ တွေးမိခြင်း ယူကီအိုအတွက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်မိလေသည်။

ထိုအခိုက်····

ဂျပ်စတင်သည် ခြေသံ မကြားအောင် လျှောက်လာပြီး နီကိုလာအား နောက်မှနေ၍ ယုယစွာ ပွေ့ဖက်လိုက်လေသည်။

'ရှင်··နေလို့ကောင်းရဲ့လားဟင်'

'နေကောင်းပါတယ်'

နီကိုလာက ပြန်ပြောယင်း ဂျပ်စတင်အား ဖက်ထားလိုက်သည်။

ဂျပ်စတင်က နီကိုလာ၏ပါးပြင်ကို ချစ်မြတ်နိုးစွာ နမ်းရှုပ်လိုက်သည်။

'ကျွန်မတော့ ဒေါက်တာဒီယားဖို့ကို အထူးသတိရနေမိတယ်ရှင့်'

'ဟုတ်ပါတယ်၊ ကျုပ်လဲ သတိရနေပါတယ်'

'နေပါဦးရှင့်၊ ဆိုင်ဂိုက ဘာကြောင့် ဒေါက်တာဒီယားဖို့ကိုသတ်လိုက်တာလဲ'

'အတိအကျတော့ မပြောတတ်ဘူး၊ ဆိုင်ဂိုက ဒေါက်တာဒီယားဖို့ကို မြင်တော့ မယုံသင်္ကာဖြစ်တာနဲ့ သတ်လိုက်တာဖြစ်နိုင်တယ်'

ထိုမှနှင့်ပင် စကားပြတ်သွားကြပြီး၊ နှစ်ယောက်သား ညစာအတူစားကြလေသည်။

စားသောက်ပြီးသောအခါ သူတို့သည် လမ်းလျှောက်ရင်း စကားဆက်ပြောနေကြလေသည်။

'ရှင်··· အခု ဂျပန်ပြည်ကို ပြန်သွားချင်သလား'

ဂျပ်စတင်က မေးလိုက်ရာ နီကိုလာသည် ပြုံးလိုက်၏။

'တနေတော့ မင်းနဲ့ငါတို့ နှစ်ယောက် အတူသွားကြတာပေါ့၊ ခရီးသွား ဧည့်သည်အဖြစ် သွားကြမယ်'

'ဒါပေမယ့်···ရှင်က ဂျပန်ပြည်ကို တိုးရစ် (ခရီးသွားဧည့်သည်)အဖြစ် ဟန်ဆောင်သွားလို့ ဘယ်ဖြစ်မလဲရှင့်'

'ဒါတော့ကြိုးစားကြည့်ရတာပေါ့'

'ကျွန်မဖြင့် အခုထိ သတိရနေမိသေးတယ်၊ ဟိုတုန်းက ကျွန်မ သိပ်ကြောက်နေတော့ရှင်က နင်းဂျား အကြောင်း ကျွန်မကို အမှန်အတိုင်း ပြောမပြခဲ့ဘူး၊ ဘာဖြစ်လို့လဲဟင်'

'ဟိုအချိန်က ပြောလိုက်ယင် မင်းအနေနဲ့ ပိုပြီး ကြောက်သွားမှာစိုးလို့



မပြောပဲနေခဲ့တာပါ၊ ဒါပေမယ့် အခုတော့ကြောက်စရာ ဘေးအန္တရာယ်တွေ ဘာမှမရှိတော့ပါဘူး၊ မင်းစိတ်ချမ်းသာစွာ နေနိုင်ပါပြီ'

❁ ❁ ❁

---

## ၂၀

ထို့နောက် အိမ်ထဲပြန်ဝင်၍ နီကိုလာက ခုတင်ပေါ်တွင် လဲလျောင်းရင်း စဉ်းစားနေစဉ် ဂျပ်စတင်သည်လည်း သူ၏ အနီးသို့ ရောက်လာပြီး ယုယစွာ ပွေ့ဖက်ထားလိုက်လေသည်။

နီကိုလာသည် ဂျပ်စတင်အား ပြန်ဖက်ထားလိုက်သော်လည်း သူ၏စိတ်ထဲတွင်ကား ဂျပန်မကလေး ယူကီအိုကိုသာ သတိရနေမိလေသည်။

သူသည် ယူကီအိုအပေါ် တကယ်ပင် လိုက်လှဲစွာ ချစ်မြတ်နိုးခဲ့သဖြင့်၊ ယခု ယူကီအိုသေဆုံးသွားရှာသည်ကို ဝမ်းနည်းစိတ်မကောင်း ဖြစ်မိလေသည်။

တချိန်တည်းမှာပင် သူတို့၏ မိသားစုအပေါ် ဩဇာလွှမ်းမိုးခဲ့သူ အဘိုးကြီး ပိုဆင်ကိုလည်း သတိရနေမိလေသည်။

✦ ✦ ✦

နံနက် အရုဏ်တက်ချိန်တွင် နီကိုလာက အိပ်ရာမှ နိုးလာသော်လည်း ဂျပ်စတင်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲပင် ရှိသေးသည်။

နီကိုလာသည် အိပ်ရာမှထ၍ မီးဖိုခန်းသို့သွားပြီး လက်ဖက်ရည်ကြမ်း တခွက် ထည့်၍ သောက်နေလေသည်။

လက်ဖက်ရည်သောက်ပြီးနောက် သူသည် အိမ်ရှေ့ခန်းသို့ ထွက်၍ တံခါးကိုဖွင့်လိုက်သည်။

ရာသီဥတု အထူး သာယာကြည်လင်သော နေ့ဖြစ်ပြီး ပင်လယ်ဘက်ဆီမှ တိုက်ခတ်လာသော လေကောင်းလေသန့်ကို နီကိုလာသည် အားရပါးရ ရှူရှိုက်နေမိလေသည်။

ဂျပ်စတင်သည် အိပ်ပျော်နေယင်း အိပ်မက် မက်နေလေသည်။

အိမ်မက်ထဲတွင် လူတယောက်က သူမအား ဟစ်အော် ခြိမ်းခြောက်နေသည်။

www.burmeseclassic.com



ထိုလူ၏ ပါးစပ်က မျက်နှာတစ်ခုလုံးနီးပါးကြီးမားပြီး အလွန်ကြောက်မက်ဖွယ် ကောင်းပေသည်။

ထိုလူက ဟစ်အော်ပြီး ဂျပ်စတင်အား တစ်စုံတခု အမိန့်ပေးနေလေသည်။

ဂျပ်စတင်သည် ကြောက်အား လန့်အားနှင့် ဟစ်အော် အကူအညီတောင်းရန် ကြိုးစားသော်လည်း ပါးစပ်က အသံမထွက်ပဲ ဖြစ်နေလေသည်။

အလွန် တုန်လှုပ်ချောက်ချားလျက် ဘာလုပ်ရမှန်း မသိအောင်ဖြစ်နေရာမှ ရုတ်တရက် လန့်နိုးလာလေသည်။

❁ ❁ ❁

---

## ၂၁

ဂျပ်စတင်က ဧည့်ခန်းသို့ ထွက်လာသောအခါ နီကိုလာသည် ဒူးထောက်ထိုင်နေပြီး မျက်လုံးများ မှိတ်ထားလိုက်လေသည်။

ထိုအချိန်၌....

ဂျပ်စတင်၏ မျက်နှာအမူအရာမှာ တစုံတယောက်၏ စိတ်ညို့ထားခြင်းကို ခံနေရသလိုဖြစ်နေကာ မျက်လုံးများကလည်း ကြောင်တောင်ကန်းနေသူတယောက်လို မျက်တောင်မခတ်ဘဲ ကြောက်နေလေသည်။

သူမသည် အခန်းနံရံတနေရာတွင် ချိတ်ဆွဲထားသော နီကိုလာ၏ ကာတားနား (ဓားရှည်)ကို လှမ်းကြည့်လိုက်လေသည်။

ခေတ္တ စိုက်ကြည့်နေပြီးနောက် သူမသည် ဓားရှိရာသို့ လျှောက်သွားပြီး ကာတားနားဓားရှည်ကို ဆွဲထုတ်လိုက်လေသည်။

နီကိုလာသည် မျက်စိမှိတ်လျက် တစ်စုံတစ်ခုကို အာရုံစိုက် ဝင်စားနေသဖြင့် ဂျပ်စတင်၏ လှုပ်ရှားမှုကို သတိမပြုမိချေ။

ဂျပ်စတင်သည် ဓားရှည်ကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်လျက် နီကိုလာ၏ အနီးသို့ ချဉ်းကပ်လာလေသည်။

ထို့နောက်....

နီကိုလာအား ခုတ်ရန် ဓားရှည်ကို ကိုင်မြှောက်လိုက်လေသည်။



ထိုအချိန်ကျမှ သူမသည် ရုတ်တရက် အိပ်ရာမှ နိုးလာသလို သတိရလေတော့သည်။

နီကိုလာအား ဓားရှည်ဖြင့် ခုတ်ပိုင်းနေခြင်းကိုလည်း ယခုမှ သတိရလာသည်။

သို့သော်...

လက်နှစ်ဘက်ဖြင့် ဓားရှည်ကို ကိုင်မြှောက်ကာ ခုတ်ချနေပြီဖြစ်၍ သူမသည် အချိန်မီ လက်ကို ပြန်ရုပ်ရန် နောက်ကျနေပြီဖြစ်လေသည်။

❁ ❁ ❁

---

## ၂၂

နီကိုလာသည် သူ၏နောက်သို့ ဂျပ်စတင် ရောက်ရှိလာခြင်းနှင့် ကာတားနားဓားရှည်ဖြင့် လွှဲခုတ်ခြင်းကို တပြိုင်နက် သိရှိလေသည်။

ရန်သူက ဓားဖြင့် တိုက်ခိုက်လျှင် မိမိက လက်နက်တစုံတရာမရှိပဲ ပြန်လည်တိုက်ခိုက်နည်းအတတ်ပညာကို နီကိုလာက တတ်ကျွမ်းနေသဖြင့် အလွန်လျင်မြန်ဖျတ်လတ်စွာ လှုပ်ရှားလိုက်သည်။

ဂျပ်စတင်၏ ဓားချက်ကို ကျင်လည်စွာ ရှောင်တိမ်းယင်း ချက်ချင်းမတ်တတ်ထ ကာ ပြန်လည်ခုခံရန် အသင့်ပြင်လိုက်သည်။

ထိုအခါ...

ဂျပ်စတင်က နောက်တဖန် ကာတားနားဓားရှည်ဖြင့် ခုတ်ရန်ချိန်ရွယ်လိုက်ပြန်သည်။

ဤတွင် နီကိုလာသည် ဂျပ်စတင်ဘာကြောင့် မိမိအားဓားဖြင့်တိုက်ခိုက်လေသနည်းဟူသော အချက်ကိုစဉ်းစားသဘောပေါက်မိလေသည်။

သူသည် လက်ဝဲဘက်ခြေတဘက်ကို ရှေ့သို့လှမ်း၍ ဒူးဆစ်မှကွေးလိုက်ယင်း ညာဘက်လက်ဖြင့် ဂျပ်စတင်၏လက်ကို ဖမ်းချုပ်ရန်ပြင်ဆင်လိုက်သည်။

သူ၏အကြံက ဓားရှည်ကိုင်ထားသော ဂျပ်စတင်၏ လက်ဘက်ဝတ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ရန်ပင် ဖြစ်သည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြုလိုက်ပါက ဂျပ်စတင်၏ လက်ကောက်ဝတ်မှ အရိုးများ ကြေမွသွားမည်ဟု စဉ်းစားမိသဖြင့်၊ လက်ဝါးစောင်းဖြင့် မခုတ်တော့ပဲ ဂျပ်စတင်၏ လက်ကောက်ဝတ်ကို ဖမ်းချုပ်ကိုင်လျက် လိမ်ချိုးလိုက်သည်။

ဂျပ်စတင်လည်း နာကျင်သဖြင့် ဟစ်အော်ငြီးငြူကာ ဓားရှည်ကို လွှတ်ချလိုက်ရတော့သည်။

သို့ဖြစ်လင့်ကစား ဂျပ်စတင်သည် အလျှော့မပေးသေးပဲ ဒူးတဘက်ဖြင့် နီကိုလာ၏ ဝမ်းဗိုက်ဆီသို့ ပစ်တိုက်ပြန်သည်။ တစ်ချိန်တည်းမှာပင် သူမသည် လက်သီးဖြင့် နီကိုလာအား ထိုးနေလေသည်။

နီကိုလာလည်း မတတ်သာပဲ ပြန်လည်ခုခံလေရာ၊ ဂျပ်စတင်၏ လည်ပင်းတနေရာသို့ သူ၏လက်ဖြင့် အကြောတခုကို ကိုင်မိလိုက်သည်။

သည်တော့မှ ဂျပ်စတင်သည် သတိမေ့ပြီး လဲကျသွားတော့သည်။

နီကိုလာသည် ဂျပ်စတင်၏ အပြုအမူကို ပြန်လည်စဉ်းစားသုံးသပ်ကြည့်လေသည်။

ဂျပ်စတင်က ဓားရှည်ကိုကိုင်ပြီး ခုတ်ပုံမှာ လက်ဝဲဘက်မှ လက်ယာဘက်သို့ လွှဲခုတ်ခြင်းဖြစ်သည်။

အမှန်က…

ဂျပ်စတင်သည် ညာသန်သူဖြစ်၍ လက်ယာဘက်မှ လက်ဝဲဘက်သို့ ခုတ်ရမည်ဖြစ်သည်။

ထို့ပြင်…

ဂျပ်စတင်လို မိန်းကလေးတစ်ဦးက ကာတားနားဓားရှည်ကို ကျင်လည်စွာ ကိုင်တွယ်တတ်ပုံကလည်း ထူးဆန်းလှသည်။

ထို့ကြောင့်…

မိမိ(နီကိုလာ)အား ကာတားနား ဓားရှည်ဖြင့် ခုတ်သတ်ရန် ကြိုးစားသူသည် ဂျပ်စတင် အစစ် မဟုတ်နိုင်ချေ။

သည်တော့မှ….

နီကိုလာသည် အဖြေမှန်ကို စဉ်းစားမိလေသည်။

နင်းဂျားတို့ အတတ်ပညာများအနက် 'ဆိုင်မင်ဂျူးဆု' ခေါ် လူတစ်ယောက်အား စိတ်ညှို့၍ စေခိုင်းသည့် အတတ်ပညာတခုရှိသည်။

ယခု…



ဂျပ်စတင်သည် ယင်းပညာနည်းဖြင့် စိတ်ညှို့ခြင်းခံရ၍ တိုက်ခိုက်ခြင်းဖြစ်ပေမည်။

ဤသို့…

စဉ်းစားမိသောအခါ နီကိုလာသည် ချွေးများ ပြန်လာလေသည်။

ဂျပ်စတင်သည် သတိမေ့နေရာမှ ပြန်လည်သတိရလာရာ၊ နီကိုလာက ပွေ့ဖက်ထားလိုက်သည်။

သူမသည် အလွန် တုန်လှုပ်ချောက်ချားဟန်ဖြင့် ဟစ်အော်လိုက်ပြီးနောက် နီကိုလာ၏ ရင်ခွင်ထဲသို့ တိုးဝင်၍ ထိတ်လန့်ကတကြား ဟစ်အော်လိုက်သည်။

ထို့နောက်…

နီကိုလာ၏ ရင်ခွင်ထဲမှာပင် အိပ်ပျော်သွားပြန်လေသည်။

နီကိုလာသည် ဂျပ်စတင်အား အပြစ်မမြင်ပဲ သနားကရုဏာ ဖြစ်မိလေသည်။

သူမအပေါ် ချစ်ခင်မြတ်နိုးသည့် စိတ်ကသာ လွှမ်းမိုးနေလေသည်။

ထို့ကြောင့်…

သူသည် ဂျပ်စတင်အား အထူးယုယစွာ ဂရုစိုက်ပြုစုလေသည်။

သူမမှာ စိတ်ညှို့ခြင်းခံခဲ့ရသော ဒဏ်ကြောင့် ချက်ချင်းသာမန် လူကောင်း တစ်ယောက်လို ဖြစ်မလာသေးပဲ လူမမာ တစ်ယောက်ကဲ့သို့ ကယောင်ချောက်ချားဖြစ်နေရာ၊ နီကိုလာကပင် ဂရုစိုက်ပြုစုရလေသည်။

သုံးရက်ခန့်ကြာတော့မှ ဂျပ်စတင်သည် နဂိုပုံမှန်အတိုင်း ပြန်ဖြစ်လာလေသည်။

တတိယမြောက်နေ့ နံနက်တွင် ဂျပ်စတင်သည် အိပ်ရာမှနိုးလာသောအခါ မျက်လုံးများက နဂိုပကတိအတိုင်း ပြန်ဖြစ်လာလေသည်။

သည်တော့မှ…

နီကိုလာလည်း စိတ်အေးသွားကာ သူမအား ယုယစွာ နမ်းရှုပ်လိုက်ရာ ဂျပ်စတင်လည်း သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။

'ကျွန်မ အခု နေကောင်းသွားပါပြီရှင့်'

ထို့နောက်…

ဂျပ်စတင်သည် သတင်းစာကို ကောက်ယူပြီး ဖတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဖတ်နေရာမှ တစုံတခုကို သတိပြုမိပြီး အလွန်အံ့အားသင့်သွားလေသည်။

'ဒီမယ်... ဟောဒီသတင်းကို ဖတ်ကြည့်ပါဦးရှင့်'

ပြောပြောဆိုဆို သူမ သတင်းစာကိုပြသဖြင့် နီကိုလာလည်း ယူကြည့်လိုက်ရာ ဖော်ပြပါသတင်းကို တွေ့ရလေသည်။

❁ ❁ ❁

---

## ၂၃

ရဲစုံထောက်တဦး မော်တော်ကားမှောက်၍ သေဆုံးခြင်း

ယမန်နေ့က ဖလော်ရီဒါပြည်နယ် 'ကီးဝက်စ်' အရပ်တနေရာတွင် ရဲစုံထောက် (လက်ဖ်တင်နင်) ခရိုကာဆိုသူသည် မော်တော်ကားမှောက်၍ သေဆုံးနေသည်ကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ရကြောင်း၊ထို ရဲအရာရှိသည် မော်တော်ကားကို အရှိန်ပြင်းစွာ မောင်းသွားယင်း လမ်းဘေးရှိ ချောက်ကမ်းပါးထဲသို့ အရှိန်လွန်ကျသွားဟန် တူကြောင်း၊ မော်တော်ကားတစီးလုံး မီးလောင်သွားကြောင်း၊ ရဲစုံထောက် ခရိုကာသည် ဖလော်ရီဒါပြည်နယ်သို့ အလုပ်တာဝန်ဖြင့် လာခြင်း မဟုတ်ဘဲ၊ အပမ်းဖြေ အနားယူရန် လာရောက်ခြင်း ဖြစ်ဟန်တူကြောင်း။

✦ ✦ ✦

ထိုသတင်းကိုဖတ်ပြီး နီကိုလာသည် ရင်ထဲမှ ပြင်းထန်စွာလှုပ်ရှားနေမိလေသည်။

ရဲစုံထောက် ခရိုကာ သေဆုံးခြင်းသည် မတော်တဆ မော်တော်ကားမှောက်၍ သေရခြင်းမဟုတ်ဟုလည်း တွက်မိလေသည်။

ခရိုကာက မိမိအား ပြောသွားသည့် စကားကိုလည်း ပြန်လည်သတိရမိလေသည်။

ဒီဒီယွန် အမည်ရှိ အမျိုးသမီး အသတ်ခံရမှုကို ခရိုကာက ဖွဲကောင်းကောင်းနှင့် လိုက်လံစုံစမ်း ထောက်လှမ်းရာမှ သဲလွန်စရပြီး ဖလော်ရီဒါပြည်နယ်သို့သွားမည်ဟု ပြောခဲ့သည်။ ယင်းအမှုတွင် သူဌေးကြီးတွမ်ကင်ပါဝင်ပတ်သက်နေသည်ဟု ခရိုကာက ယုံကြည်ခဲ့သည်။



ထိုအတောအတွင်း တွမ်ကင်၏ ကိုယ်ရံတော် (ဘော်ဒီဂတ်) ဖရင့်ဆိုသူက အပမ်းဖြေခရီး ထွက်သွားသည်ဟု ဆိုသည်။

ထို့ကြောင့်...

ယခု ခရိုကာသေဆုံးရခြင်းကို သူဌေးကြီးတွမ်ကင်၏ လူယုံဖရင့်ဆိုသူ ခရီးထွက်သွားခြင်းနှင့် ဆက်စပ် စဉ်းစားဖွယ်ရာ ဖြစ်နေပေသည်။

နီကိုလာသည် စဉ်းစားနေရာမှ အကြံတခုရသဖြင့် သူဌေးကြီး တွမ်ကင်ထံသို့ တယ်လီဖုန်း လှမ်းဆက်လိုက်သည်။

တဘက်မှ ပြန်ဖြေသူမှာ ဖရင့်ဆိုသူ ဖြစ်နေသည်။

'မစ္စတာတွမ်ကင်ရဲ့ရုံးက ပြောနေပါတယ်၊ ဘယ်သူပါလဲ'

'ဟဲလို ... ဖရင့်၊ ကျုပ်နီကိုလာ စကားပြောနေပါတယ်...၊ ခင်ဗျား အပမ်းဖြေ ခရီးထွက်သွားတာ တော်တော်ပျော်ခဲ့ရဲ့လား၊ ဒီမှာ ခင်ဗျားမရှိတုန်း ပြဿနာ အရှုပ်အထွေးကို ရှင်းလိုက်စဉ်က ခင်ဗျားမရှိတာ နာတာပဲ၊ ကျုပ်နောက်တော့ ပြောပြပါ့မယ်၊ အခု မစ္စတာတွမ်ကင်နဲ့ စကားပြောချင်တယ်'

နီကိုလာကပြောလိုက်လျှင် ဖရင့်က ခေတ္တစောင့်ရန်ပြောပြီး ချက်ချင်းလိုပင် သူဌေးကြီးတွမ်ကင်၏ အသံကို ကြားရလေသည်။

နီကိုလာကပင် စတင်၍ ပြောလေသည်။

'ဟဲလို ... မစ္စတာတွမ်ကင်၊ ခင်ဗျားက ကျုပ်ကို ခင်ဗျားဆီမှာ ဆက်အလုပ်လုပ်ဖို့ စကားကမ်းလှမ်းခဲ့တာကို ကျုပ်က ငြင်းပယ်ခဲ့တယ် မဟုတ်လား၊ အခု ကျုပ်က ပြန်စဉ်းစားကြည့်ပြီး စိတ်တစ်မျိုးပြောင်းလာတယ်ဗျ၊ ဟုတ်ကဲ့... ကျုပ် ပြန်စဉ်းစားကြည့်လိုက်တော့ တစ်မျိုးမြင်လာတယ်၊ အဲဒါ... ခင်ဗျားကို ပြောချင်လို့ပါပဲ၊ ခင်ဗျား အလိုရှိတဲ့ အချိန်ကိုသာ ပြောပါ'

တဘက်မှ ပြန်ပြောသည်ကို ခေတ္တနားထောင်ပြီးနောက် နီကိုလာကပင် ဆက်ပြောပြန်သည်။

'ဟုတ်ကဲ့... ကျုပ် အခုပဲ သတင်းစာဖတ်ရလို့ သိပြီးပါပြီ၊ ဒီလူက ကျုပ်နဲ့ ခင်မင်ရင်းနှီးလာတဲ့ မိတ်ဆွေဖြစ်တာ မှန်ပါတယ်၊ ဒါပေမယ့် ဘယ်တတ်နိုင်ပါ့မလဲ၊ ကျုပ်ဘယ်တော့လာရမလဲ၊ နောက်တစ်ပတ်ကြာရင် [illegible]၊ ဟုတ်ကဲ့... ကောင်းပါပြီ ... စိတ်ချပါ'

ဤသို့...

စကားဖြတ်လိုက်ပြီးနောက် နီကိုလာသည် စိတ်[illegible]ပါ၊ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးတွမ်ကင်၏ အပြုအမူကို ရိပ်မိ၍ စိတ်ကြည်လင် ပေါ့ပါးသွားခြင်းဖြစ်လေလည်း။

တွမ်ကင်သည် သူ၏ ကိုယ်ရံတော်'ဖရင့်'ဆိုသူအား လော်ရီဒါပြည်နယ်သို့ လျို့ဝှက်စွာ စေလွှတ်ခဲ့ကြောင်း ထင်ရှားပေသည်။

ရဲစုံထောက်ခရိုကာက လူသတ်မှု သဲလွန်စ ရသဖြင့် ဖလော်ရီဒါပြည်နယ်သို့ လိုက်သွားရာမှ (သတင်းစာအဆိုအရ)မော်တော်ကားမှောက်ပြီး သေဆုံးသွားသည်ဟု သိရသည်။

ခရိုကာ သေဆုံးရခြင်းသည် သွေးရိုးသားရိုး မတော်တဆ မော်တော်ကားမှောက်ခြင်း မဖြစ်နိုင်။

သူဌေးကြီးတွမ်ကင်၏ လူဖရင့်က ဖလော်ရီဒါပြည်နယ်သို့ သွားရောက်ခြင်း နှင့် ဆက်စပ်ကြည့်လျှင် လုပ်ကြံသတ်ဖြတ်မှု ဖြစ်ရပေမည်။

ဤတွင်…

နီကိုလာသည် ရှေးဟောင်း ဂျပန်အတွေးအခေါ် တစ်ခု၏ သင်ကြားချက်ကို စဉ်းစားဆင်ခြင်မိလေသည်။

မိမိ၏ ရန်သူအကြောင်း ကောင်းစွာသိလိုလျှင် ရှေးဦးစွာရန်သူနှင့် ခင်မင်ရင်းနှီးအောင် လုပ်ရမည်။

မိတ်ဆွေအဖြစ် ပေါင်းလိုက်ရမည်။

သို့မှသာ ရန်သူ့အကြောင်းကို ကောင်းစွာသိရှိပြီး သူ့အား သုတ်သင်ရှင်းလင်းရန် ကောင်းစွာ ကြံစည်နိုင်လိမ့်မည် ဖြစ်လေသည်။

နီကိုလာသည် အထက်ပါ သင်ကြားချက်ကို လေးနက်စွာ ဆင်ခြင်သုံးသပ် နေမိလေသတည်း။

*တက္ကသိုလ်နေဝင်း*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com